The

# Commerce Journal

# စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 32 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 24 , 2015




## ကောလာဟာလ ကြုံဂုတ်လနဲ့ အဖျားခတ်သွားတဲ့ ဘဏ်မုန်တိုင်း

| မယ်သီတာ |

၂၀

## စိန်တလုံးသရက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသည့်ကဏ္ဍာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ



၁၄

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဆန်စျေးနှုန်း တည်ငြိမ်ရေးအတွက် ဆန်အရောင်းဆိုင်များဖွင့်လှစ်

၁၅

ကယ်ဆယ်ရေးကို အကြောင်းပြု၍ အကောက်ခွန်မဲ့ပစ္စည်းများ တင်သွင်းလာသည်ကို စစ်ဆေးတွေ့ရှိ

၁၈

Jaguar Land Rover မြန်မာမှ အထူးလျှော့စျေးနှုန်းများ ပါဝင်သည့် 3 Year Peace of Mind အစီအစဉ်သစ်ဖြင့် ဝန်ဆောင်မှုစတင်

၂၆


C.P. Medicine စီ ပီ ဆေး ဝါး များ
选择CP药是您成功之路
အောင် မြင် မှု များ ရ ရှိ ဖို့ စီ ပီ ဆေး ကို သုံး ကြ စို့
ST VIT
ST Compound
BG
PVG Hexine
Available on every dealer shop, medicine shop and CP branches. စီပီ လက်ကားဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
HEAD OFFICE
Pyinmabin Factory,
Mingalardon Township, Yangon
Ph : 095121606,095162536,095133968
OFFICE (Mandalay)
Pa/28 No.902,78xTheik Pan street,
Near Mokeoo,Chanayetharzan Tsp,
Ph : 092052533, 092166146
OFFICE (Taunggyi)
West Myo Pat Street,
Yadanathiri Quarter,Taunggyi
Ph : 081 22759, 092029044
BRANCHES
Taungoo, Pyinmana,Pyay, Pathein,
Mawlamyine, Pyinoolwin, kyaukmae,
Lashio, Meiktila, Monywa, Myitkyina,Bamaw


နွေရာသီနဲ့မှားရတဲ့ မွှေးရနံ့
စွတ်စိုထိုင်းမှိုင်းမှုကြောင့် အဝတ်အစားတွေ
အောက်သိုးသိုးရနံ့ ထွက်တတ်တဲ့မိုးရာသီမှာ
" FUJI မွှန်ရှင်းဆပ်ပြာခရင်(မ်) " နဲ့ လျှော်ပြီး
အိမ်ထဲမှာလှန်းလိုက်တော့ ရနံ့လေးကမွှေးလွန်းလို့
ကျေးငှက်ကလေးတွေက နွေရာသီနဲ့မှားခဲ့ရပြီပေါ့။
FUJI ULTRA
FUJI ULTRA
အနံ့လေးက မွှေးနေတာပဲ

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဩဂုတ်လ ၁၈ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang ဦးဆောင်သည့် အဖွဲ့အား လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံမှာ သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် ရေဘေးနှင့် ကြုံတွေ့နေ ချိန်တွင် အဆွေတော်တို့ တရုတ်နိုင်ငံနှင့် တရုတ်ပြည်သူများမှ လှူဒါန်းမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား ရင်းနှီးချစ်ခင်သည့် ဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့နိုင်ငံမှ ဆန်တင်ပို့မှုအပြင် အရည်အသွေးပြည့်မီသော မွေးမြူရေးနှင့် ရေထွက်ပစ္စည်းများ၊ သစ်သီးဝလံများ တိုးမြှင့်တင်ပို့ရောင်းချနိုင်ရေး၊ နှစ်နိုင်ငံအကြား တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ နှစ်နိုင်ငံအကြီးအကဲများ ဆွေးနွေးထားသည့် ရွှေလီမှ ကျောက်ဖြူအထိ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးကလည်း မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသည့် သဘာဝရေဘေးအန္တရာယ်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသလို ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး အများဆုံး ရင်းနှီးမြှုပ်နှံနေသည့်နိုင်ငံလည်း ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ အဆိုပါအခြေအနေအား ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းများ၊ သစ်သီးဝလံများအား ပမာဏအကန့်အသတ်မရှိဝယ်ယူနေသည့်အပြင် သစ်သီးဝလံတင်ပို့မှုအတွက် အခွန်ကောက်ခံခြင်း မရှိသည့်အတွက် အဆိုပါကဏ္ဍများတွင် တိုးမြှင့်တင်ပို့နိုင်ရေး၊ မူဆယ်-ရွှေလီ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် ထူထောင်ရေး ကိစ္စရပ်များ၊ နယ်စပ်ဒေသများရှိ တရားမဝင်ကုန်သွယ်မှုများအား နှစ်နိုင်ငံ ပူးပေါင်းတားဆီးရေးကိုဆောင်ရွက်မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိသည့် စီးပွားရေးဖြစ်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တရုတ်ယွမ်ငွေအသုံးပြု၍ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးတက်အောင် ဆောင်ရွက်လိုကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်တိုးတက်မြှင့်တင်ရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျောက်ဖြူမှတစ်ဆင့် တတိယနိုင်ငံများမှ ကုန်စည်များအား တရုတ်နိုင်ငံသို့ တင်ပို့တင်သွင်းရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား ရေရှည်အကျိုး ဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုများအပေါ် အခွန်နှစ်ထပ်ကောက်ခံခြင်းစနစ် (Double Taxation System) ကို ဖယ်ရှားရေး သဘောတူညီချက်ကို ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးနှင့် နှစ်နိုင်ငံဘဏ်များအကြား ပိုမိုနီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ် ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည် စီးပွားရေးလုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင်ရန် Trade Training Institute ကို ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စတင်ဖွင့်လှစ်ကာ နိုင်ငံတကာ ကုန်သွယ်မှုနှင့်ပတ်သက်၍ စာတွေ့/ လက်တွေ့ ဘာသာရပ်များ ကျယ်ကျယ်ပြန့်ပြန့်သင်ကြား ပို့ချပေးလျက်ရှိပါသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံ သင်တန်းအမှတ်စဉ် (၇) ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာ ကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ မူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည် ဖြစ်ပါသည်။ အဆိုပါသင်တန်းတွင် စီးပွားရေးဆိုင်ရာဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေး ခရီးစဉ်များ စီစဉ်ပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။

သင်တန်းကို အမှတ် ၂၂၈-၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန (ရန်ကုန်တိုင်း ဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် ၃ ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) (နံနက် ၀၉း၃၀ နာရီမှ ၁၂း၃၀ နာရီထိ) ဖြင့် လေးလကြာ မြင့်မည်ဖြစ်ပါသည်။

သင်တန်းဝင်ခွင့် လျှောက်လွှာကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စတင်လက်ခံပြီး သင်တန်းဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းကြားပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.32 Monday August 24 2015

# ပြည်တွင်းဆန်ဈေးကွက် လကုန်ရက်ထိ ဈေးမတက်နိုင်ဘဲ အရောင်းအဝယ်လည်းခပ်အေးအေးဖြင့်သာ ဆက်သွားနိုင်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးကွက်မှာ ဩဂုတ်လ ၂၁ ရက်နေ့ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းလတ်စ တစ်အိတ်ကို ၃၉၀၀၀ ကျပ်၊ ထိပ်စ ၄၀၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းလတ်စ ၄၀၀၀၀ ကျပ်၊ ထိပ်စ ၄၁၅၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းလတ်စ ၃၇၅၀၀ ကျပ်၊ ထိပ်စ ၃၈၅၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်အတွင်း ဈေးပြန်ကျလာတာ တွေ့ရပါတယ်။

ဆန်ချောအဝင်ပုံမှန်ရှိနေပေမယ့် ဆန်ချောသမားနဲ့ လက်လီဆိုင်သမားတွေမှာ လက်ကျန်ဆန်များ နေပြီးအဝယ်လည်း အေးသွားလို့ ဈေးပြန်ကျရတာဖြစ်ကြောင်း၊ သို့သော်လည်း ဆန်ချောဖြစ်တဲ့ ရွှေဘိုပေါ်ဆန်းဈေးနှုန်းမှာ တစ်အိတ်ကို ၄၉၅၀၀ ကျပ်မှ ၅၁၅၀၀ ကျပ်ထိ ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်အတွင်း ဈေးဆက်တက်နေကြောင်း၊ ရွှေဘိုပေါ်ဆန်းက အဝင်လည်း ဆက်နည်းနေလို့ ဈေးဆက်တက်ရတာဖြစ်ကြောင်း၊ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထလတ်စ တစ်အိတ်ကို ၂၀၀၀၀ ကျပ်၊ ထိပ်စ ၂၂၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးပြန်ငြိမ်သွားပေမယ့် ဆန်ကြမ်းရှယ်စ အချို့ဈေးဆက်တက်တာတွေ့ရပါတယ်။

မိုးသုခ တစ်အိတ် ၂၃၀၀၀ ကျပ်မှ ၂၄၅၀၀ ကျပ်၊ မီးကောက် ၂၃၀၀၀ ကျပ်မှ ၂၄၅၀၀ ကျပ်၊ ဆင်းသွယ်လတ် ၂၃၅၀၀ ကျပ်မှ ၂၅၅၀၀ ကျပ်၊ နွေဆန်ရှယ် ၂၀၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်အတွင်းဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ် ၂၀၀ ကျပ်မှ ၁၀၀၀ ကျပ်အတွင်းဈေးအနည်းငယ် ဆက်တက်ခဲ့ကြောင်း၊ Export သမားနဲ့ ရေဘေးအလှူဆန်သမားတွေက အဝယ်ငြိမ်သွားလို့ ဆန်ကြမ်းအများစု ဈေးငြိမ်သွားပေမယ့် ရှယ်စတွေကို လက်လီဆိုင်သမားတွေက အဝယ်ရှိနေလို့ ဈေးအနည်းငယ် ဆက်တက်ရတာဖြစ်ကြောင်း၊ ဝါးတန်းဒိုင်သို့ ဆန်အဝင်ပုံမှန်ရှိနေပြီး အဝယ်အေးသွားကာ ရေဘေးအလှူဆန်သမားတွေလည်း အဝယ်ကျဲသွားတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် တစ်အိတ် ၁၀၈ ပေါင်ကို ၁၈၀၀၀ ကျပ်-၁၈၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး ရေဘေးအလှူအတွက်နဲ့ FOB သမားတွေပါ အဝယ်ငြိမ်သွားလို့ ဈေးပြန်ငြိမ်သွားရတာဖြစ်တယ်လို့ သိရှိရပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်ဆန်ဈေးကွက်မှာ ယခင်တစ်ပတ် ဆန်ဈေးနှုန်းများအတိုင်း ပြောင်းလဲမှုမရှိဘဲ ဧည့်မထ ၅ မှတ်ဆန်တစ်အိတ်ကို ၁၄၂-၁၄၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် မနောသုခ၊ မှော်ဘီ ၁၃၅-၁၃၈ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ ၁၂၅-၁၃၀ ယွမ်၊ ငစိန် ၅ မှတ် ၁၃၇-၁၃၉ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၂-၁၃၄ ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၆-၁၃၀ ယွမ်ရှိနေကြောင်း၊ မူဆယ်ဆန်စပါး ကုန်စည်ဒိုင်သို့ လာနေကျ တရုတ်ကုန်သည်များ လာရောက်ကြပြီး ရေဘေးကြောင့် ပြည်ပဆန်တင်ပို့မှု လိုင်စင်ပိတ်ထားလိုက်ပြီဖြစ်သော်လည်း ယခင်လိုင်စင်လက်ကျန်ဆန်အချို့အတွက် အရောင်းအဝယ်နှင့် အပို့ရှိနေသေးကြောင်း၊ မူဆယ်တွင် တရုတ်ယွမ်ငွေလဲနှုန်း ပြန်တက်နေကြောင်း၊ ယခုအခါ တရုတ်ပြည်တွင်းသို့ ဗီယက်နမ်ဆန်များ နယ်စပ်မှတစ်ဆင့် ဝင်ရောက်နေတယ်လို့ မူဆယ်ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်နေ့မှ ဩဂုတ်လ ၁၄ ရက်နေ့ထိ တန်ချိန် ၆၇၀၈၅၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၂ သန်းကျော်ဖိုးရှိနေကာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၄၅၈၁၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ ပြည်တွင်းဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် ရေဘေးကြောင့် ပြည်ပဆန်တင်ပို့မှု ရပ်နားထားခြင်း၊ ရေဘေးအလှူဆန်သမား အဝယ်ကျဲပါးလာနေခြင်း၊ စိုးရိမ်စိတ်ကြောင့် ပိုဝယ်ထားသည့် ဆန်အချို့ လက်ဝယ်ရှိနေကြခြင်းနှင့် လကုန်ရက်လည်းနီးလာခြင်းများကြောင့် လကုန်ရက်ထိ ဈေးမတက်နိုင်ဘဲ အရောင်းအဝယ်လည်း ခပ်အေးအေးဖြင့်သာ ဆက်သွားနိုင်တယ်လို့ ဆန်ဈေးကွက်မှ သုံးသပ်လျက်ရှိကြောင်း သိရှိရပါတယ်။

**သန်းအေး-ဆန်စပါး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၀-၈-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၅ | ၃၇၈ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၇ | ၃၇၀ | ▽ | ၃၄၀ | ၃၃၀ | ▽ | ၃၈၀ | ၃၆၀ | ▽ | ၃၄၀ | ၃၃၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၆ | ၃၅၉ | △ | ၃၂၅ | ၃၁၅ | ▽ | ၃၄၅ | ၃၄၀ | ▽ | ၃၁၀ | ၃၁၀ | □ |
| ပေါင်းဆန် | ၃၇၀ | ၃၆၅ | ▽ | - | - | - | ၃၇၀ | ၃၅၅ | ▽ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၀-၈-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၅ | ၄၈၅ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၆၀ | ၄၆၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၁-၈-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၈၇၆ | □ | ၂၂၀၀၀ | △ | ၈၀၉၆ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၀၆၀ | □ | ၂၃၀၀၀ | △ | ၈၃၂၃ | △ | ၃၈၀၀၀ | △ |
| ပဲခူး | ၄၈၅၀ | □ | ၂၀၀၀၀ | △ | ၇၅၀၀ | △ | ၃၃၀၀၀ | □ |
| ရွှေဘို | ၅၄၀၀ | △ | ၂၂၀၀၀ | □ | ၁၃၃၀၀ | △ | ၄၅၀၀၀ | △ |
| စစ်တွေ | - | - | ၂၇၀၀၀ | □ | ၇၈၀၀ | □ | ၄၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | △ | ၂၅၀၀၀ | △ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၈၀၀ | △ | ၂၀၀၀၀ | □ | - | - | ၃၇၅၀၀ | ▽ |
| မန္တလေး | ၅၀၀၀ | ▽ | ၂၃၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | △ | ၂၀၅၀၀ | △ | ၈၂၀၀ | △ | ၃၅၀၀၀ | △ |
| လှိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ဘားအံ | ၅၂၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | △ |
| တောင်ကြီး | - | - | ၂၄၀၀၀ | △ | - | - | ၅၁၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဩဂုတ်လ ဒုတိယပတ်မှာ လက်ကျန်ဆန်အနည်းငယ်သာ တင်ပို့မှုရှိ

ဩဂုတ် ဒုတိယပတ်မှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၇၉၆ သန်းဖိုးရှိ ငစိန်ဆန် ၁၄၃၃ တန်ကျော်နဲ့ ဧည့်မထဆန် တန် ၃၈၀ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ဆန်များကတော့ လိုင်စင်ရယူပြီးသားဆန်များသာ ဖြစ်ပါတယ်။ ယခုလက်ရှိမှာတော့ ပြည်တွင်းစားသုံးမှု ဖူလုံစေရန်၊ ပြည်ပတင်ပို့ဖို့ ခေတ္တရပ်ဆိုင်းထားပြီး၊ ပြည်တွင်းဆန်ဈေးနှုန်းမြင့်တက်မှု မရှိစေရန် ရေဘေးသင့်ဒေသများတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က လက်ကားဆန်အရောင်းဆိုင် ၁၉ ဆိုင် ဖွင့်လှစ်ရောင်းချပေးခဲ့ပါတယ်။

အဲဒီအရောင်းဆိုင်တွေကိုလည်း ဖွင့်လှစ်ချိန်မှ နှစ်လခန့်အကြာ နောက်ဆန်သစ်ပေါ်မယ့်အချိန်ထိ ဖွင့်လှစ်သွားမှာဖြစ်ကြောင်း အသင်းချုပ်ပိတ်ခိုင်းတဲ့ အချိန်ထိဆက်လက်ဖွင့်သွားမှာဖြစ်ကြောင်း လက်ကား ဆန်အရောင်းဆိုင်တစ်ဆိုင်မှ သိရှိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှလည်း ကန်ဒေါ်လာ သုည ဒသမ ၇၄၃ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၈၄၆ တန်ကျော်တင်ပို့ခဲ့ပြီး၊ ပေါင်းဆန် ၁၃၉၅ တန်ကို အီးယူနိုင်ငံများနဲ့ တရုတ်နိုင်ငံကိုလည်းကောင်း၊ ဧည့်မထဆန်တန် ၄၅၀ ကျော်ကို ပိုလန်နိုင်ငံကိုလည်းကောင်း တင်ပို့ပါတယ်။ ဆန်ကွဲတန်၇၅၀ ကျော် တန်ဖိုး ကန်ဒေါ်လာ ၁၉၉၈၇၅ ဖိုးကို အီးယူနိုင်ငံများနဲ့ တရုတ်နိုင်ငံကို အသီးသီးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၈ သန်းတင်ပို့နိုင်ခဲ့ပြီး၊ ယခုဘဏ္ဍာနှစ်တွင် တန်ချိန် ၂ သန်းကျော်တင်ပို့ရန် ခန့်မှန်းထားသော်လည်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်၍ လယ်ယာမြေများ ပျက်စီးခဲ့တဲ့အတွက် ပြည်တွင်းစားသုံးရန် ပိုလျှံမှုရှိသော်လည်း ပြည်ပဆန်တင်ပို့မှုမှာ လျော့ကျသွားနိုင်ကြောင်း ဆန်လုပ်ငန်းရှင်များက ပြောကြားပါတယ်။ ဩဂုတ် ၇ ရက်အထိ မိုးစပါး စုဆောင်းပြီးစီးမှုမှာ ၁၇၂၈၇၇ တင်းရှိပြီး မိုးစပါးဖြန့်ဖြူးပြီးစီးမှုမှာ တင်း ၆၁၀၀၀ ရှိပြီလို့ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ကမ္ဘာ့ဆန်အများဆုံးတင်ပို့သော နိုင်ငံနေရာသို့ ပြန်လည်ရရှိပြီဟု ထိုင်းအစိုးရက အခိုင်အမာ ယုံကြည်

ထိုင်းနိုင်ငံသည် ကမ္ဘာ့ဆန်အများဆုံး ထုတ်လုပ်တင်ပို့တဲ့ ဦးဆောင်နိုင်ငံနေရာကို ပြန်လည်ရရှိလာပြီဟု ထိုင်းအစိုးရက အခိုင်အမာယုံကြည်နေပြီဖြစ်ပါတယ်။ ထိုင်းပြည်ပဆန်တင်ပို့သူများအသင်း (The Thai Rice Exporters Association - TREA) ရဲ့ ထုတ်ပြန်ချက်အရ ၂၀၁၅ ခုနှစ် ပထမနှစ်ဝက်ခြောက်လတာ ကာလမှာ ဘတ် ၇၂ ဘီလီယံကျော် တန်ဖိုးရှိ ဆန်တန်ချိန် ၄ ဒသမ ၄၆ သန်းတင်ပို့နိုင်ခဲ့ပြီး ယှဉ်ပြိုင်ဖက်နိုင်ငံများကို ပမာဏအားဖြင့်ရော တန်ဖိုးအားဖြင့်ပါ ကျော်လွှားနိုင်ခဲ့တယ်လို့ သိရပါတယ်။

ကျန်တဲ့ ခြောက်လတာကာလမှာလည်း ပိုမိုတင်ပို့နိုင်မယ်လို့ မျှော်မှန်းထားကြောင်း၊ အကြောင်းမှာ မိုးခေါင်မှုနဲ့ ဘတ်ငွေဈေးကျဆင်းမှုကို ကျော်လွှားနိုင်ခဲ့တဲ့အတွက်လို့ သိရပါတယ်။ ထိုင်းနိုင်ငံဟာ ဆန်အပြင် အခြားပို့ကုန်အမယ်များဖြစ်တဲ့ လျှပ်စစ်ပစ္စည်းများ၊ ဘိလပ်မြေ၊ မော်တော်ယာဉ် အစိတ်အပိုင်းများနဲ့ ပီလောပီနံများ ပိုမိုတင်ပို့သွားနိုင်ခြေရှိတယ်လို့ မျှော်မှန်းထားပါတယ်။

**CMK**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၁-၈-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၄/၈ | ၂၁/၈ | ပြောင်းလဲမှု | ၁၄/၈ | ၂၁/၈ | ပြောင်းလဲမှု | ၁၄/၈ | ၂၁/၈ | ပြောင်းလဲမှု | ၁၄/၈ | ၂၁/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၂၇၃ | ၂၄၁၅ | ▲ | ၂၂၁၇ | ၂၅၅၀ | ▲ | ၂၃၅၀ | ၂၇၀၀ | ▲ | - | - | - |
| ၂ | ပဲစင်းငုံ | - | ၂၇၇၆ | - | ၂၃၃၃ | ၂၆၆၇ | ▲ | ၂၂၀၀ | - | - | - | - | - |
| ၃ | ပဲတီစိမ်း | ၁၉၆၅ | ၂၀၀၀ | ▲ | ၁၆၀၀ | ၁၃၅၁ | ▼ | ၁၉၄၇ | ၁၇၈၉ | ▼ | ၁၇၈၉ | ၁၆၈၅ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၈၅၀ | ၁၈၅၀ | ■ | - | - | - | - | - | - | ၁၅၂၆ | ၁၅၃၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၂၅၀ | ၁၂၃၀ | ▼ | ၁၁၆၇ | - | - | - | - | - | ၁၁၀၅ | ၁၁၀၅ | ■ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၉၂၀ | ▼ | ၁၀၆၇ | ၈၈၉ | ▼ | - | ၈၆၃ | - | ၉၄၇ | ၈၄၂ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၁-၈-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၃/၈ | ၂၀/၈ | ပြောင်းလဲမှု | ၁၃/၈ | ၂၀/၈ | ပြောင်းလဲမှု | ၁၃/၈ | ၂၀/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၀၈၀ | ၁၁၅၀ | ▲ | ၁၁၇၉ | ၁၃၀၃ | ▲ | ၁၀၄၇ | ၁၂၂၆ | ▲ |
| ၂ | ပဲစင်းငုံ | ၁၁၂၀ | ၁၃၂၀ | ▲ | ၁၃၀၂ | ၁၄၇၉ | ▲ | ၁၂၇၁ | ၁၄၄၁ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၈၉၃ | ၉၂၀ | ▲ | ၁၀၀၁ | ၁၀၇၃ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၀၉ | ၇၇၄ | ▲ | ၇၀၁ | ၇၂၈ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၈.၈.၁၅)ထိ | ယခုတစ်ပတ် (၁၅.၈.၁၅)ထိ | (၁.၄.၁၅) မှ (၁၅.၈.၁၅) ထိ |
| မတ်ပဲ | ၆၁၅၁ | ၁၀၃၇၈ | ၃၃၄၇၇၅ |
| ပဲတီစိမ်း | ၃၄၀၅ | ၃၉၁၅ | ၈၃၂၀၄ |
| ပဲစင်းငုံ | ၆၃၅၄ | ၅၀၉၄ | ၉၈၅၃၁ |
| ကုလားပဲ | ၃၁၆၅ | ၁၂၆၃ | ၂၂၇၀၇ |
| ပဲလွန်းဖြူ | ၉၅၃ | ၁၃၁ | ၁၀၂၄၉ |
| မြေထောက်ပဲ | ၄၄၂ | ၂၃၂ | ၁၀၃၁၄ |



## ဝယ်လိုအားများပြီး ရောင်းလိုအားနည်းနေတဲ့ စစ်ကိုင်းကုလားပဲဖြူလုံးကြီး (V2)

မုံရွာကုန်စည်ဒိုင်မှာ ဝယ်လိုအားများပြီး ရောင်းလိုအားနည်းနေတဲ့ သီးနှံကတော့ ကုလားပဲအုပ်စုဖြစ်တဲ့ ကုလားပဲဖြူလုံးကြီးနဲ့ ထိုင်ဝမ်ကုလားပဲများဖြစ်ပါတယ်။ တောင်သူလက်ကျန်၊ လှောင်လက်လက်ကျန်များ နည်းနေပြီး၊ ရန်ကုန် Export ဝယ်လက်ရှိ၍ ဝယ်လိုအားများသလောက် ရောင်းလိုအားနည်းနေပါတယ်။


မုံရွာကုန်စည်ဒိုင်မှာ ဩဂုတ်လတတိယပတ်အတွင်း တစ်ရက်ပျမ်းမျှ ကုလားပဲဖြူလုံးကြီး အိတ် ၅၀၀ ခန့်နဲ့ ထိုင်ဝမ်ကုလားပဲ အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ပါတယ်။ ကုလားပဲဖြူလုံးကြီး တစ်တင်းပေါက်ဈေးမှာ ဩဂုတ်လဆန်းတွင် ၂၅၅၀၀ ကျပ်မှ ဩဂုတ်လ ၁၉ ရက်မှာ ၂၉၀၀၀ ကျပ်သို့ ဈေးရှိခဲ့ပါတယ်။

**သန်းသန်းတင်- မုံရွာ**

## ဈေးငြိမ်နေတဲ့ ပြည်ပဲပုပ် ယခုတစ်ပတ်မှာ ဈေးမြင့်လာ

ပြည်ပဲဈေးကွက်အတွင်း အခြားပဲအားလုံးလိုလို ဈေးနှုန်းအတက်အကျ ပြောင်းလဲမှုရှိပေမဲ့ ဈေးငြိမ်ငြိမ်နဲ့သာ အရောင်းအဝယ်ဖြစ်နေတဲ့ ပဲပုပ်သီးနှံဟာ ယခုဩဂုတ်လ တတိယပတ်မှာ ဈေးမြင့်တက်လာ ခဲ့ပါတယ်။ တစ်တင်း ၁၆၅၀၀ ကျပ်နဲ့ ဈေးငြိမ်နေခဲ့ရာမှ ဈေးမြင့်တက်လာလို့ တစ်တင်း ၁၇၅၀၀ ကျပ်ဖြင့် ပဲပြားလုပ်ငန်းများမှ ဝယ်ယူနေကြပါတယ်။ တစ်ရက် ၁၀ အိတ်ကျော်ခန့်သာ ဒေသတွင်းအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**



## အရည်အသွေးကောင်း စစ်ကိုင်း မိုးကြိုပဲတီများ စတင်ထွက်ပေါ်

စစ်ကိုင်းတိုင်းဒေသကြီးမှာ ပဲတီစိမ်းသီးနှံကို ဆောင်း၊ မိုးကြို၊ မိုး အဖြစ် တစ်နှစ်ပတ်လုံးစိုက်ပျိုးကြပါတယ်။ စောစိုက်တဲ့ မိုးကြိုပဲတီစိမ်းသီးနှံများ စတင်ထွက်ပေါ်နေပြီဖြစ်လို့ ချောင်းဦးမြို့နယ်နှင့် ရေဦးမြို့နယ်များမှ အနည်းငယ် ဝင်ရောက်ရာ အရည်အသွေးကောင်းသဖြင့် တစ်တင်းပေါက်ဈေး ၃၄၀၀၀ ကျပ်ဖြင့် ဈေးဖွင့်ခဲ့ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။ တရုတ်ဝယ်လက်အဆွဲရှိလို့ မုံရွာကုန်စည်ဒိုင်မှာ ဩဂုတ်လ တတိယပတ်အတွင်း တစ်ရက်လျှင် ပဲတီစိမ်း တင်း (၇၀၀မှ ၁၂၀၀ကြား)အရောင်းအဝယ်ဖြစ်ပါတယ်။ ပဲတီစိမ်း တစ်တင်း အမြင့်ဈေးမှာ ဩဂုတ်လ ပထမပတ်တွင် ၄၁၀၀၀ ကျပ်၊ ဒုတိယပတ်တွင် ၃၉၀၀၀ ကျပ်၊ တတိယပတ်တွင် ၃၃၀၀၀ ကျပ် ဈေးရှိခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## မုံရွာကုန်စည်ဒိုင် ဩဂုတ်လလယ် ပဲဈေးကွက် စိမ်းကြီးအသစ်ဝင်

မုံရွာကုန်စည်ဒိုင် ဩဂုတ်လလယ် ပဲဈေးကွက်မှာ ငုံနီ၊ မတ်ပဲ၊ ကုလားပဲစတဲ့ Export ဈေးကွက်ဝင်ပဲတွေ လက်ကျန်နည်းလို့ အရောင်းအဝယ်ပါးနေပေမယ့် နယ်စုံက အသစ်ဝင်လာတဲ့ စိမ်းကြီးကတော့ အရောင်းအဝယ် အနည်းငယ်သွက်လာခဲ့တယ်လို့ဆိုပါတယ်။

ယခုတစ်ပတ်အတွင်း ချင်းတွင်းမြစ်ရေလျှံခြင်းနဲ့ ကင်းလွတ်ခဲ့တဲ့ ဒေသတွေမှာ စိုက်ပျိုးခဲ့ကြတဲ့ စိမ်းကြီးတွေ နယ်စုံကဒိုင်ကိုဝင်လာခဲ့ပြီး၊ တစ်တင်း ၃၃၀၀၀ ကျပ်ဈေးနဲ့ တစ်ရက်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ငုံနီနဲ့မတ်ပဲဈေးကွက်အတွင်း ဝယ်လိုအားမြင့်တက်နေခြင်းကြောင့် တစ်တင်း ၅၀၀၀၀ ကျပ် အသီးသီးအမြင့်ဆုံးပေါက်ဈေးဖြစ်ပေါ်ခဲ့ပေမယ့် ပဲလက်ကျန်အခြေအနေအရ ငုံနီမှာ တစ်ရက်အိတ် ၁၀၀ ခန့်နဲ့ မတ်ပဲမှာ တစ်ရက် အိတ် ၇၀ ခန့်သာ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။

ပြည်တွင်းလုပ်ငန်းသုံးပဲတွေဖြစ်ကြတဲ့ စွန်တာနီ၊ ပဲနီလုံးကြားနဲ့ ပဲပုပ်စေ့ဈေးတွေ အရောင်းအဝယ် အနည်းငယ်ပါးလို့ ကျဈေးအသီးသီးဖြစ်ပေါ်ခဲ့ရာ ယခုတစ်ပတ်မှာ စွန်တာနီ တစ်တင်း ၁၇၀၀၀ ကျပ်၊ ပဲနီလုံးကြား တစ်တင်း ၁၈၀၀၀ ကျပ်နဲ့ ပဲပုပ်စေ့တစ်တင်း ၁၇၅၀၀ ကျပ် အသီးသီး အနိမ့်ဆုံးဈေးဖြစ်ပေါ်ခဲ့တာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်က တစ်တင်း ၃၄၀၀၀ ကျပ်ထိ အမြင့်ဆုံးပေါက်ခဲ့တဲ့ ပဲကြီးဈေးမှာ ယခုတစ်ပတ်အတွင်း ကုန်းပဲကြီး တစ်တင်း ၃၃၀၀၀ ကျပ်နဲ့ ရေပဲကြီးတစ်တင်း ၂၈၅၀၀ ကျပ်အသီးသီး ဈေးအနည်းငယ်ကျသွားပြီး အရောင်းအဝယ်လည်း အနည်းငယ်အေးသွားတယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်စားတော်ပဲဈေးကွက် နှစ်စဉ်ဈေးကောင်းရ

ပြည်ပဲဈေးကွက်မှာ လက်ကျန်ပဲသာရှိပြီး လက်လီအရောင်းအဝယ်ဖြစ်တဲ့ ပဲထဲမှာ ဈေးအမြင့်ဆုံးရနေတဲ့ သီးနှံကတော့ စားတော်ပဲသီးနှံဖြစ်ခဲ့ပါတယ်။ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့လို့ လက်ကျန်ပဲများ ထုတ်ရောင်းချခဲ့ရပြီး တစ်တင်း ၃၅၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်မှစ၍ ဈေးမြင့်တက်ခဲ့ကာ ယခုတစ်ပတ်မှာလည်း ၎င်းဈေးအတိုင်း ဈေးအမြင့်နဲ့ လက်လီသမားများ ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

စားတော်ပဲသီးနှံဟာ နှစ်စဉ်ဈေးကောင်းရတဲ့ ပဲဖြစ်ခဲ့ပြီး ယခင်နှစ် ဩဂုတ်လအတွင်းမှာလည်း တစ်တင်း ၂၈၀၀၀ ကျပ်မှ ၃၅၀၀၀ ကျပ်ထိ ဈေးကောင်းရခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## အိန္ဒိယတွင် ဝယ်လိုအား မြင့်တက်မှုကြောင့် ပဲဈေးနှုန်းများ မြင့်တက်

ပဲမျိုးစုံထုတ်လုပ်ရာဒေသများမှ ရောင်းလိုအားနည်းပြီး၊ ဈေးကွက်မှာ ဝယ်လိုအားမြင့်မားလျက်ရှိနေတဲ့အတွက် ဩဂုတ်လ ၁၉ ရက်နေ့က ပဲမျိုးစုံလက်ကား ဈေးကွက်မှာ ကုလားပဲနဲ့ မတ်ပဲဈေးတွေ မြင့်တက်လျက်ရှိကြောင်း ပီတီအိုင်သတင်းမှာ ဖော်ပြထားပါတယ်။ လက်လီရောင်းတဲ့နေရာတွေမှာ ဝယ်လိုအား မြင့်မားနေတဲ့အတွက် ဈေးတွေဆက်တက်မယ့်အခြေအနေရှိကြောင်း ကုန်သည်တွေက ပြောပါတယ်။

အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ရူပီးတန်ဖိုး ကျဆင်းနေတဲ့အတွက် သွင်းကုန်ဈေးတွေမြင့်တက်ပြီး၊ အလားအလာက ပဲဈေးနှုန်း အတက်ဘက်ကို ဦးတည်ဖို့ အထောက်အကူပြုနေတယ်လို့ ဆိုပါတယ်။

မတ်ပဲက တစ်ကွမ်တယ်ကို ရူပီး ၈၄၀၀၀ က ၈၈၀၀၀ ကြားရှိရာမှ ၈၄၀၀၀ ကနေ ၉၀၀၀၀ အထိ မြင့်တက်နေတယ်လို့ ဆိုပါတယ်။ ကုလားပဲက တစ်ကွမ်တယ်ကို ရူပီး ၅၀၀ မြင့်တက်ပြီး ရူပီး ၉၄၀၀ မှ ၉၆၀၀ အထိ မြင့်တက်ခဲ့ပါတယ်။

# ဩဂုတ်လ တတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်၌ မတ်ပဲနှင့် ပဲကြီး ဈေးဆက်တက်ပေမယ့် ကုလားပဲဈေးငြိမ်ပြီး ပဲတီစိမ်းဈေးပြန်လျော့ခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ဩဂုတ်လ ဒုတိယပတ်မှစ၍ ပဲဈေးများအားလုံး မြင့်တက်လာခဲ့ရာ ယခုတစ်ပတ်မှာလည်း မတ်ပဲ၊ ပဲစင်းငုံ၊ ပဲကြီးဈေးများ မြင့်တက်ခဲ့ပြီး ပဲတီစိမ်းဈေးပြန်လျော့သွားကာ အခြားပဲများအားလုံးနီးပါးဈေးငြိမ်နေခဲ့ပါတယ်။

ရေကြီးပြီးစ လမ်းပန်းဆက်သွယ်ရေး သိပ်မကောင်းသေးတဲ့အတွက် မြို့နယ်တိုင်းမှ ပဲဝင်ရောက်မှုမရှိသလောက်ဖြစ်ခဲ့ပြီး လက်ကျန်ပဲများ ရှိခဲ့တဲ့အတွက် ပုံမှန်အရောင်းအဝယ်ဖြစ်လျက် ရှိခဲ့ကြပါတယ်။

မတ်ပဲသီးနှံမှာနေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရန်ကုန်ဝယ်လက်ဝယ်ယူတဲ့အခါမှာ အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်သလို ပဲဈေးနှုန်းမှာလည်း တစ်တင်း ၄၆၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်း ၃၀၀၀ ကျပ်ခန့်ပိုရခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပြည်ပဝယ်လက်ရှိသော ပဲများအနက် မတ်ပဲဈေးမှာ ဈေးပိုခဲ့ပေမယ့် ပဲစင်းငုံဈေးကိုတော့ မမီခဲ့ဘဲ ဒီတစ်ပတ်မှာ ဈေးလျော့နည်းခဲ့ပြီး နှစ်အလိုက် ဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများအရ ယခုနှစ်ဈေးဟာ အမြင့်ဆုံးရခဲ့တာ တွေ့ရပါတယ်။

ပြည်ပဝယ်လိုအားရှိတဲ့ ပဲများထဲမှ ပဲတီစိမ်းသီးနှံဟာ ယခုတစ်ပတ်ဈေး လျော့နည်းသွားခဲ့ပါတယ်။ တစ်တင်း ၃၁၀၀၀ ကျပ်နဲ့ ယခင်တစ်ပတ်ထက်ဈေးထပ်လျော့သွားခဲ့ကာ ပဲအဝင်မှာ တစ်ရက် အိတ် ၁၀၀ ခန့်သာ ဝင်ရောက်ပေမယ့် လက်ကျန်ပဲများရှိခဲ့လို့ မန္တလေး ဝယ်လိုအားရှိကာ နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အိတ် ၁၅၀ ကျော် တင်ပို့ရောင်းချခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ်က ပြည်ပဝယ်လိုအားရှိသော သီးနှံများရဲ့ ဈေးနှုန်းများအရ ဩဂုတ်လအတွင်း ပဲတီစိမ်းသီးနှံဈေးမှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများနှင့်ယှဉ်ရင် ဈေးပိုရခဲ့ပေမယ့် ယခုနှစ်မှာတော့ ၎င်းပဲများဈေးနှုန်းနှင့် ယခုကာလဖြစ်ပေါ်နေသော ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ရာ မတ်ပဲနှင့် ပဲစင်းငုံဈေးမှာ ဈေးသိသာစွာ ကောင်းခဲ့ပေမယ့် ပဲတီစိမ်း ဈေးနှုန်းက အနိမ့်ဆုံးဖြစ်နေခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ပဲအဝင် အနည်းငယ်သာရှိသလို လက်ကျန်လှောင်ပဲများလည်းရှိလို့ ပဲကြော်ဖို၊ ခွဲစက်သမားများမှ နေ့စဉ် ဝယ်ယူလျက်ရှိကာ အိတ် ၃၀၀ မှ ၄၀၀ ကျော်ထိ အရောင်းအဝယ်သွက်နေခဲ့ပေမယ့် ပဲဈေးနှုန်းကတော့ ယခင်တစ်ပတ်ကသာ ဈေးမြင့်ပေမယ့် ယခုတစ်ပတ်မှာတော့ တက်ဈေးအတိုင်း တစ်တင်း ၃၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်ပေမယ့် ယခုနှစ်မှာ ကုလားပဲသီးနှံဈေးက ဈေးကောင်းရနေတဲ့နှစ်ဖြစ်ပြီး ယခင်နှစ် ဩဂုတ်လဈေးထက်လည်း နှစ်ဆပိုရလာခဲ့ပါတယ်။ ယခင်နှစ် ဩဂုတ်လအတွင်း ကုလားပဲဈေးမှာ ၁၄၀၀၀ ကျပ်တစ်ပတ်လည်သာရရှိခဲ့တာ တွေ့ရပါတယ်။

ပဲကြီးသီးနှံဈေးမှာလည်း နှစ်စမှစ၍ ဈေးငြိမ်ငြိမ်နဲ့ အတက်အကျ သိပ်မဖြစ်ဘဲ အရောင်းအဝယ် ဖြစ်ခဲ့ပေမယ့် ရေကြီးပြီးစ ဩဂုတ်လ ဒုတိယပတ်မှစ၍ ပဲဈေးနှုန်းများမှာ အခြားပဲများကဲ့သို့ မြင့်တက်လာခဲ့ကာ (ရွှေကျွန်း) တစ်တင်း ၃၅၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၂၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် ယခုတစ်ပတ်မှာ ဈေးဆက်ပိုလာခဲ့ပါတယ်။ ပဲကြီးသီးနှံမှာ အခြားတိုင်းသို့ တင်ပို့ခြင်းသိပ်မရှိဘဲ ဒေသတွင်း ဝယ်လက်များဖြင့်သာ လုပ်ငန်းရှင်များမှ အဓိကဝယ်ယူတဲ့ပဲဖြစ်လို့ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိကာ တစ်ရက် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။



ဘိုကိတ်ပဲသီးနှံမှာလက်လီသာ အဝယ်ရှိပြီး တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုလာခဲ့ပါတယ်။ ထောပတ်ပဲသီးနှံမှာလည်း လက်ကျန်ပဲများသာ လက်လီသမားအချို့ ဝယ်ယူနေကြလို့ တစ်တင်း ၁၈၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့သော်လည်း ယခင်နှစ် ဩဂုတ်လဈေးမှာ တစ်တင်း ၁၆၀၀၀ ကျပ်ရရှိခဲ့ပြီး ဩဂုတ်လလယ်မှစ၍ ပဲလက်ကျန်ပြတ်သွားခဲ့တာကို လေ့လာသိရှိရပါတယ်။

ပြည်ပဲဈေးကွက်မှာတော့ ယခုနှစ်အတွင်း ထောပတ်ပဲသီးနှံဟာ ယခုဩဂုတ်လ တတိယပတ်အထိ ပဲလက်ကျန်များရှိသေးကာ ဈေးနှုန်းမှာလည်း ယခင်နှစ်ထက် ပိုလာခဲ့တာ တွေ့ရပါတယ်။ ပဲလွန်းဖြူသီးနှံကတော့ ယခင်နှစ် ဩဂုတ်လအတွင်း ပဲလက်ကျန်များရှိကာ တစ်တင်း ၁၆၅၀၀ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ကြပေမယ့် ယခုနှစ်မှာတော့ ဩဂုတ်လဆန်းမှစ၍ ပစ္စည်းလက်ကျန် ပြတ်သလောက်ဖြစ်သွားကာ ဈေးကွက်အတွင်းမှာလည်း အရောင်းအဝယ်မဖြစ်သလောက် ပါးသွားပြီဖြစ်ပါတယ်။

ယခုဩဂုတ်လ တတိယပတ်အတွင်း ပြည်ပဝယ်လိုအားရှိသော ပဲများအနက် ပဲစင်းငုံဈေးအမြင့်ဆုံးရခဲ့ကာ မတ်ပဲဈေးမှာလည်း ပဲဈေးဆက်မြင့်တက်ခဲ့ပြီး၊ ပဲတီစိမ်းဈေးကတော့ ယခုတစ်ပတ်မှာ လျော့နည်းသွားခဲ့ကာ ပြည်တွင်းဝယ်လက်များဖြစ်သော ပဲကြီးသီးနှံ၊ ဘိုကိတ်သီးနှံများမှာ ဈေးမြင့်ရလျက်ရှိပြီး ကုလားပဲဈေးနှင့် ထောပတ်ပဲဈေးမှာ ဈေးငြိမ်နေခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲနီပြားဈေးငြိမ်ပြီး လက်လီလက်ကားအဝယ်သွက်

ပြည်ပဲနီပြားသီးနှံဟာ ဈေးကွက်သို့ ပဲအဝင်မရှိသော်လည်း လက်ကျန်ပဲများ အသင့်အတင့်ရှိခဲ့တာကြောင့် ဒေသတွင်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ လက်လီရော လက်ကားပါ အဝယ်သွက်လို့ တစ်ရက်အိတ် ၁၀၀၊ ၁၅၀ ကျော် အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။

ဇူလိုင်လအတွင်းက တစ်တင်း ၂၀၀၀၀ ကျပ်အထိသာ ရရှိခဲ့ပြီး ဩဂုတ်လ ဒုတိယပတ်မှစ၍ ဈေးနှုန်းများ မြင့်လာကာ တစ်တင်း ၂၂၀၀၀ ကျပ်ရရှိခဲ့သလို ယခုတစ်ပတ်မှာလည်း ၎င်းဈေးအတိုင်း ဈေးငြိမ်နေပါတယ်။ ယခုနှစ်မှာ ပြည်ပဲနီပြား သီးနှံဟာ ပဲသစ်ပေါ်စတွင် တစ်တင်း ၂သောင်း ကျပ်ရရှိသော်လည်း ပဲအထွက်လှိုင်ချိန်မှစပြီး ဈေးနှုန်းတဖြည်းဖြည်းကျဆင်းလာကာ ယခုဩဂုတ်လတွင်မှ ပဲဈေးပြန်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ဟင်္သာတ မတ်ပဲနှင့်ပြောင်းဈေးကွက် ငါးနှစ်တာကာလအတွင်း အမြင့်ဆုံးဈေးရ

ဟင်္သာတကုန်စည်ဒိုင်ရဲ့ ၂၀၁၅ ခုနှစ် ဩဂုတ်လ တတိယပတ် မတ်ပဲဈေးမှာ အစောပိုင်းရက်များက တစ်တင်း ၄၈၀၀၀ ကျပ်ထိ မြင့်လာခဲ့ပေမဲ့ နောက်ဆုံးရက်မှာ ၄၇၅၀၀ ကျပ်ဖြစ်ခဲ့ပါတယ်။ ပြောင်းဈေးမှာလည်း အစောပိုင်းရက်များတွင် ၁၂၀၀၀ ကျပ်ဖြစ်ခဲ့ပြီး နောက်ဆုံးရက်မှာ ၁၁၇၀၀၀ ကျပ်ဖြစ်ခဲ့ပါတယ်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ငါးနှစ်တာကာလတွင်းမှာ တစ်ခါမှ မဖြစ်ဘူးတဲ့ဈေးကို ရောက်ရှိခဲ့ရခြင်းမှာ ဒီနှစ်က အိန္ဒိယမှာ ခါတိုင်းနှစ်တွေလို အရန်ထားတဲ့ပဲတွေ မရှိတော့လို့ ပဲလိုအပ်ချက်တွေရှိ နေတာက တစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအနေနဲ့ကလည်း မတ်ပဲထွက်ရှိမှုအထွက်နှုန်းဟာ ယခင်နှစ်များထက် ၃၅ ရာခိုင်နှုန်းလျော့ကျတာတွေကြောင့်ဖြစ်ကြောင်း ဟင်္သာတမတ်ပဲကုန်သည်တစ်ဦးက ပြောပါတယ်။

အဲဒါကြောင့် ဝယ်လိုအားများပြီး ရောင်းလိုအား နည်းတဲ့အတွက် ဈေးတက်ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ အစေ့ထုတ်ပြောင်းတွေ ဈေးမြောက်နေတာကတော့ ပြောင်းစိုက်တဲ့ အထက်ဘက် မကွေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ရေတွေကြီးတော့ ပြောင်းခင်းတွေ ပျက်စီးကြပါတယ်၊ အဲဒါကြောင့် လှောင်ထားတဲ့ ပြောင်းတွေဈေးတက်သွားခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

**ခင်ဆွေဦး-ပုသိမ်**



# မုံရွာကုလားပဲဈေးကွက် မျိုးအတွက်ချန်ပြီးမှ ဈေးကွက်ပို့

မုံရွာကုန်စည်ဒိုင် ဩဂုတ်လ လလယ်ပဲဈေးကွက်မှာ ကုလားပဲမျိုးစုံဝယ်လိုအားဆက်လက်ကောင်းခဲ့ကာ ဈေးအသီးသီးမာလျက်ရှိတာတွေ့ရပါတယ်။ ရောင်းသူဈေးကွက်ဖြစ်နေလို့ ကုလားပဲမျိုးစုံပေါက်ဈေးမှာ ယခုတစ်ပတ်အတွင်း နေ့စဉ်တက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။ ပဲကုန်သည်တွေရဲ့လက်ထဲ ပဲလက်ကျန်နည်းပါးလာတာနဲ့ အမျှ အမြင့်ဈေးရမှ ထုတ်ရောင်းကြတာမို့ V2 မှာ ၂၇၅၀၀ ကျပ်မှ ၂၉၅၀၀ ကျပ်နဲ့ 929 ကုလားပဲမှာ တစ်တင်း ၂၈၂၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်အထိ နေ့စဉ်တက်ဈေးဖြစ်ခဲ့ပါတယ်။

အရောင်းအဝယ်အားဖြင့် နယ်တောင်သူတွေ မျိုးအတွက်ချန်ပြီး ပိုလျှံတာထုတ်ရောင်းမှုရှိခဲ့လို့ တစ်ရက် အိတ် ၃၀၀ မှ ၄၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးကွက်ထဲမှာ ဝယ်လိုအားဆက်လက်ကောင်းမွန်နေတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ပြည်ပဲစင်းငုံဈေးနှုန်း ပဲဈေးကွက်မှာ စံချိန်တင်မြင့်

ပြည်ပဈေးကွက်မှာ ယခင်တစ်ပတ်မှစပြီး ပဲဈေးနှုန်းများ မြင့်တက်လာခဲ့ရာ ပြည်ပဝယ်လိုအားရှိသော သီးနှံများဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများ ဈေးပြိုင်မြင့်တက်လာခဲ့ကြပါတယ်။

ယခုတစ်ပတ်မှာ ပဲစင်းငုံ ဈေးဟာ ဈေးကွက်အတွင်းမှာ စံချိန်တင်ဈေးကောင်းရခဲ့လို့ တစ်တင်း ၅၂၀၀၀ ကျပ်အထိရရှိခဲ့ပြီး၊ နေ့စဉ် အရောင်းအဝယ်မဖြစ်ခဲ့ဘဲ၊ ရန်ကုန်ဝယ်လက်မှ ပြည်ပဝယ်လိုအားရှိတဲ့ရက်များမှာ လာရောက်ဝယ်ယူတဲ့အတွက် အိတ် ၃၀၀ မှ ၄၀၀ ကျော် လက်ကျန်ပဲများရှိသည့် လှောင်သမားများထံမှ ဝယ်ယူခဲ့ကြတယ်လို့သိရပါတယ်။

ပြည် ပဲစင်းငုံမှာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲများသာရှိခဲ့တဲ့အတွက် ပဲလက်ကျန်လည်းနည်းလာကာ ဈေးနှုန်းက မြင့်သထက်မြင့်လာတာ တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ချင်း

### ရာသီဥတုကောင်းမွန်လို့ အောင်ပန်းဈေးကွက်သို့ ချင်းအဝင်လှိုင်

ရာသီဥတုက အနည်းငယ်ပြန်ပြီး ကောင်းမွန်လာတာကြောင့် အောင်ပန်းဈေးကွက်မှာ သီးနှံတွေလည်း အဝင်လှိုင်လာပါတယ်။ ချင်းဥမလည်း ပုံမှန်အဝင်ရှိနေပါတယ်။ ဒီတစ်ပတ်မှာ ပြည်ပဝယ်လက်တွေ မရှိသေးပါဘူး။ စစ်တွေ၊ တောင်ကုတ်လမ်းကလည်း မကောင်းသေးတာကြောင့် ဝယ်လက်တွေကလည်း သိပ်ပြီး မဝယ်ကြသေးဘူးလို့ သိရပါတယ်။

ပြည်တွင်းသုံး ဝယ်လက်တွေသာ အဝယ်ရှိနေတာကြောင့် တစ်ပတ်အတွင်းမှာ ချင်းပိဿာချိန်ပေါင်း ၉၆၀၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ အရင်နှစ်တွေကတော့ ဒီလိုအချိန်မှာ ပြည်ပဝယ်လက်တွေရော ပြည်တွင်းသုံးတွေပါ အဝယ်ရှိနေလို့ ရောင်းအားကလည်း အတော် ကောင်းခဲ့ပါတယ်။ ဒီနှစ်ရာသီဥတုဆိုးရွားပြီး အဓိကဝယ်လက်တွေဖြစ်တဲ့ စစ်တွေ၊ တောင်ကုတ်၊ ပြည် ဝယ်လက်တွေ အဝယ်ရပ်သွားတာကြောင့် လက်ကျန်တွေလည်း ရှိနေသေးတယ်လို့ သိရပါတယ်။ ချင်းခြောက် ကိုတော့ ရန်ကုန်နဲ့ နေပြည်တော် ဝယ်လက်တွေက ဝယ်ယူနေပါတယ်။ တစ်ပတ်အတွင်းမှာ ချင်းခြောက်ပိဿာချိန် ၁၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းဥမက တစ်ပိဿာ ၆၅၀ ကျပ်မှ ၇၀၀ ကျပ်ဈေးရှိပြီး ချင်းခြောက်က တစ်ပိဿာ ၂၃၀၀ ကျပ်မှ ၂၄၀၀ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**



### စင်ကာပူသို့ ချင်း ၁၈ တန် တင်ပို့

ဩဂုတ်လ ၉ ရက်မှ ၁၅ ရက်သီတင်းပတ်အတွင်း ချင်းခြောက် ၁၈ ဒသမ ၀၄၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံကိုသာ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ချင်းတင်ပို့မှု ပျောက်ခဲ့ပြီး ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၁ ဒသမ ၄၈၃ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ချင်းဈေးကွက် ဈေးငြိမ်အရောင်းသွက်

ယခုတစ်ပတ် ပြည်ချင်းဥမဈေးမှာ တစ်ပိဿာ ၁၁၀၀ ကျပ်၊ ၁၂၀၀ ကျပ်နဲ့ ဈေးငြိမ်နေပြီး၊ ချင်းခားလှီးသမားများနဲ့ အရောင်းအဝယ်သွက်နေပါတယ်။ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းဥမ ပိဿာ ၃၀ ဝင် အိတ် ၁၅၀ ခန့် ပုံမှန်အဝင်ရှိပြီး၊ ဈေးကွက်မှာလည်း ချင်းခါးလှီးသမားများနဲ့ အရောင်းအဝယ်သွက်လျက်ရှိရာ နေ့စဉ်ပိဿာချိန် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပုံမှန်စီးဆင်းတင်ပို့မှုဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင် ပြည်နယ်ဘက်သို့ ယခုတစ်ပတ်အတွင်း ပိဿာချိန် ၄၀၀ ခန့် တင်ပို့ခဲ့ကြောင်းသိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ စစ်တွေကုန်သွယ်ရေးစခန်းတို့မှာ ချင်းဈေးများ မြင့်တက်

ဩဂုတ် ၁ ရက်မှ ၁၅ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၉၇၅၀ တန်ဖိုးရှိ ချင်းခြောက် ၁၇ တန်နဲ့ ကန်ဒေါ်လာ ၁၉၂၀ တန်ဖိုးရှိ ချင်းစို ၆ တန်ကို လည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၈၂၄၀ တန်ဖိုးရှိ ချင်းစို ၂၄ တန်ကိုလည်းကောင်း အသီးသီးတင်ပိုခဲ့ကြပါတယ်။

ယခုလမှာ မူဆယ်နယ်စပ်က ချင်းခြောက် တစ်တန်ကို (ငွေလဲနှုန်းအရ) ၂၂၂၂၅၀၀ ကျပ်၊ ချင်းစိုတစ်တန်ကို ၄၀၆၄၀၀ ကျပ်ဈေးပေါက်လျက်ရှိပြီး စစ်တွေမှာတော့ ချင်းစိုတစ်တန်ကို ၉၃၈၃၁၅ ကျပ် ခန့်ဈေးရှိပါတယ်။ဇူလိုင်လက မူဆယ်မှာ ချင်းခြောက်တစ်တန် ကျပ် ၁၉ သိန်းဝန်းကျင်နဲ့ ချင်းစို တစ်တန်ကျပ် ၄ သိန်းနီးပါးရှိခဲ့ပြီး စစ်တွေမှာ ချင်းစိုတစ်တန်ဈေး ကျပ် ၈ သိန်းကျော်ရှိခဲ့တဲ့အတွက် ယခုလမှာ မူဆယ်နဲ့ စစ်တွေရဲ့ ချင်းဈေးတွေမြင့်တက်လာခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## နနွင်း

### နနွင်းတက် ပိုမိုတင်ပို့

ဩဂုတ်လ ဒုတိယပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေဇုန်မှ ကန်ဒေါ်လာ ၅၄၂၃၈ တန်ဖိုးရှိ နနွင်းတက် ၇၁ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၅၃ တန်ခွဲနဲ့ စစ်တွေမှ တစ်တန်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ် နနွင်းတင်ပို့မှု ပိုမိုလာပါတယ်။ ရှမ်းနနွင်းက ပုံမှန်အရောင်းအဝယ်ရှိပြီး ဟိုပုံးနနွင်းကတော့ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်က ဝယ်လက်တွေ ဝယ်ယူကြတာလို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ အရည်အသွေးပေါ်မူတည်ပြီး နနွင်းဈေး ကွာခြားတယ်လို့ ပွဲရုံတွေက သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ရှမ်းနနွင်းဈေးကွက်မှာ ရောင်းအားကျနေ

ချင်းဥမတွေ ရောင်းအားနည်းသွားသလို ရှမ်းနနွင်းလည်း ရောင်းအားကျနေပါတယ်။ နှစ်စဉ် နနွင်းက ချင်းလို အရောင်းမသွက်ခဲ့သလို ဒီနှစ်လည်း ရောင်းအားနည်းနေပါတယ်။ တရုတ်နိုင်ငံကို ပို့ဖို့အတွက် မူဆယ်ဝယ်လက်တွေက အဝယ်ခဲ့ရှိပြီး ကျန်အိမ်နီးချင်းနိုင်ငံတွေကတော့ အဝယ်မရှိခဲ့ပါဘူး။ ပြည်တွင်းသုံးအတွက်သာ အဝယ်ရှိနေပြီး ပရဆေးဖော်ဖို့ရယ်၊ ဟင်းခတ်အမွှေးအကြိုင်အတွက်ရယ်သာ ဝယ်ယူမှုရှိနေလို့ သိပ်ပြီး များများစားစား ရောင်းရတာလည်းမရှိဘူးလို့ ဈေးကွက်က သိရှိရပါတယ်။ ဒီတစ်ပတ်မှာလည်း ပုံမှန်ဝယ်ယူနေကြဖြစ်တဲ့ ရန်ကုန်၊ နေပြည်တော်ကပဲ အဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်းမှာ နနွင်း ပိဿာချိန်ပေါင်း ၁၈၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာ ၁၅၀၀ ကျပ်မှ ၁၉၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးနနွင်းကတော့ အဝင်လည်းနည်းသွားပြီး အရောင်းကလည်း အေးနေပါတယ်။ တောင်သူတွေပွဲရုံတွေကလည်း ဝယ်ရင်းဈေးထက်လျှော့ပြီး ဝယ်ချင်တဲ့ ဝယ်လက်တွေကြောင့် မရောင်းချင်ကြလို့ အရောင်းအဝယ်ကလည်း မဖြစ်ပါဘူး။ ဒီတစ်ပတ် ဟိုပုံးနနွင်းက တစ်ပိဿာ ၈၅၀ ကျပ်ဈေးပေါက်တယ်လို့ သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## ကြက်သွန်

### ပြည်ကြက်သွန်နီဈေးအနည်းငယ်ကျလို့ ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုဩဂုတ်လ တတိယပတ်ရဲ့ ပြည်ကြက်သွန်နီဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ပြန်ဖြစ်နေပါတယ်။ ကြက်သွန်နီဈေးလည်း အနည်းငယ်ကျလာပါတယ်။ ဈေးကျလာတာနဲ့ ကြက်သွန်နီပွဲရုံများနဲ့ လက်လီသမားများ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ပွဲရုံဈေး တစ်ပိဿာ ကြီး ၁၀၅၀ ကျပ်၊ လတ် ၉၅၀ ကျပ်၊ သေး ၈၅၀ ကျပ်တို့ဖြစ်ပြီး လက်လီဈေးရောင်းဝယ်မှုကတော့ ကြီး ၁၄၀၀ ကျပ်၊ လတ် ၁၂၀၀ ကျပ်နဲ့ သေး ၁၀၀၀ ကျပ်ထိ ဈေးပြန်ကျလာပါတယ်။ ကြက်သွန်စိုက်တောင်သူများနဲ့ ပွဲစားများလည်း မနှစ်ကနဲ့စာရင် ဒီနှစ်ကြက်သွန်နီ ဈေးကောင်းရပါတယ်လို့ ပြောပါတယ်။ မနှစ်က ကြက်သွန်နီဈေးကွက် ဈေးပျက်သလိုရှိနေပြီး ယခုနှစ်မှာတော့ တောင်သူတွေ ဈေးရလို့ စိုက်ရကျိုးနပ်တယ်လို့ ဆိုပါတယ်။ မိုးအနည်းအများနဲ့ အရောင်းအဝယ်ပေါ်မူတည်ပြီး ကြက်သွန်နီဈေးကွက် မငြိမ်သက်တာ တွေ့ရပါတယ်။ တစ်ရက်ကို အိတ် ၁၂၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

### ကြက်သွန်နီတင်ပို့မှု တရုတ်နယ်စပ်မှာ မြင့်တက်ပြီး ထိုင်းနယ်စပ်မှာ ကျဆင်း

ဩဂုတ်လ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၈၃၉၉၄ တန်ဖိုးရှိ ကြက်သွန်နီ ၂၇၇ တန်ကျော်၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၀၇၅၁၀ တန်ဖိုးရှိ ကြက်သွန်နီတန်ချိန် ၅၇၃ တန်ခွဲနဲ့ တာချီလိတ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၁၈၁၅၉ တန်ဖိုးရှိ ကြက်သွန်နီ တန် ၅၀ ကို တင်ပို့မှုရှိခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၂၂၇ တန်ခွဲနဲ့ မြဝတီမှ ၇၇၃ တန်ခွဲတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နယ်စပ်မှ ကြက်သွန်နီတင်ပို့မှုပိုခဲ့ပြီး ထိုင်းနယ်စပ်မှ တင်ပို့မှုလျော့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှလည်းကန်ဒေါ်လာ ၂၈၂၀ တန်ဖိုးရှိတဲ့ ကြက်သွန်ဖြူ ၆ တန် တင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခုနှစ်အတွင်း တောင်သူများက အထွက်နှုန်း နည်းခဲ့တယ်ဆိုတဲ့ ကြက်သွန်နီဈေးမှာ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဈေးဆက်လက်မြင့်တက် လျက်ရှိကြောင်း၊ အမျိုးအစားကိုလိုက်ပြီး တစ်ပိဿာလျှင် ၁၀၀ ကျပ်မြင့်တက်ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၆၂ တန်ကျော်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် ၁ ရက်မှ ၁၄ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၄၇၄ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၆၂ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

ဩဂုတ် ၁ ရက်မှ ၇ ရက်အတွင်း ၁၅ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး ၈ ရက်မှ ၁၄ ရက်အတွင်း ၄၆ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် နှိုင်းယှဉ်ကြည့်ပါက ၃၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းက ဩဂုတ်လ ၁ ရက်မှ ၁၄ ရက်အတွင်း သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိခဲ့ဘူးလို့ သတင်းရရှိခဲ့ပါတယ်။

**ခင်မြနွယ်**

## မန်ကျည်း

### ဒီတစ်ပတ် မန်ကျည်း ဘင်္ဂလားဒေ့ရှ်ကိုသာ တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ်လ ၉ ရက်မှ ၁၅ ရက်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ မန်ကျည်း ၁၉၄ ဒသမ ၀၄ တန်ကိုတင်ပို့ခဲ့ပါတယ်။

ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသာ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မန်ကျည်းတင်ပို့မှုမှာ ၇၅ တန်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် ၁၁၉ တန်တင်ပို့မှုပိုခဲ့ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၄၈၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**






# အိန္ဒိယနိုင်ငံ အရှေ့မြောက်ပြည်နယ်များ၏ t ajc t ae

|သိန်းမြင့်ဝေ|

**နိဒါန်း**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပြည်နယ်များ (North Eastern Indian States) သို့မဟုတ် အရှေ့မြောက်ဒေသ (Northeast Region) ၏ အခြေအနေကို ယေဘုယျလေ့လာရာတွင် အိန္ဒိယနိုင်ငံ၌ ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် ထုတ်ဝေသော Government of India's Northeast Policy ဟူ သောစာတမ်းကို လေ့လာကောက်နှုတ် ဖော်ပြခြင်းဖြစ်ပါသည်။ အိန္ဒိယနိုင်ငံအရှေ့မြောက်ပြည်နယ်များ သို့မဟုတ် အရှေ့မြောက်ဒေသဆိုသည်မှာ အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင်တည်ရှိသော ပြည်နယ် ၈ ခုကို ရည်ညွှန်းပါသည်။ ပြည်နယ် ၈ ခု၏အမည်များမှာAssam, Arunachal Pradesh, Manipur, Meghalaya, Mizoram, Nagaland, Sikkim နှင့် Tripura ဟူ၍ ဖြစ်ကြပါသည်။

အရှေ့မြောက်ဒေသ၏ အကျယ်အဝန်းမှာ ၂၆၂၂၁၀ စတုရန်းကီလိုမီတာရှိပါသည်။ ၂၀၀၁ ခုနှစ် သန်း ခေါင်စာရင်းအရ စုစုပေါင်းလူဦးရေ ၃၈ ဒသမ ၅ သန်း ရှိပါသည်။ ဤဒေသ၏ လူဦးရေသည် အိန္ဒိယတစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၃ ရာခိုင်နှုန်း ခန့်ရှိပါသည်။ အဆိုပါပြည်နယ်များသည် ကြက်လည်တိုင် (Chicken neck) ဟူ၍ ခေါ်ဆိုသော ကျဉ်းမြောင်းလွန်းသည့် လမ်းကြောင်းကိုဖြတ်ပြီး အိန္ဒိယနိုင်ငံ၏ ပြည်မကြီးနှင့် ဆက်သွယ်ထားပါသည်။ ဤကျဉ်းမြောင်းလွန်းသည့် လမ်းကြောင်းသည် အရှေ့မြောက်ဒေသရှိနယ်စပ်ဒေသ၏ ၁ ရာခိုင်နှုန်းခန့်သာ ပါဝင်ပါသည်။ ထို့ကြောင့် အရှေ့မြောက်ဒေသသည် နိုင်ငံတကာ နယ်နိမိတ်များက ကီလိုမီတာထောင်ပေါင်းများစွာ ဝန်းရံထားသောဒေသ ဖြစ်ပါသည်။

အရှေ့မြောက်ဒေသတွင် ရှုပ်ထွေးသော ယဉ်ကျေးမှုနှင့်အတူ လူမျိုးစုပေါင်း ၂၀၀ ကျော် ရှိပါသည်။ ဘာသာစကားမျိုးစုံသုံးစွဲပြီး ထူးခြားသော လူမှုရေးနှင့် ယဉ်ကျေးမှုလက္ခဏာရပ်များလည်း ရှိပါသည်။ ဤအချက်များအပြင် ပထဝီဝင်အနေအထားနှင့် ဆက်သွယ်ချိတ်ဆက်မှု အခက်အခဲတို့ကြောင့် ဒေသဖွံ့ဖြိုးရေးနှင့် လုံခြုံရေးတို့အတွက် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရပါသည်။ အထူးသဖြင့် ဒေသတွင်းရှိ ပြည်နယ်အမျိုးမျိုးတွင်ရှိသော လူမျိုးစုအသီးသီး၏ ဒေသ ဆိုင်ရာရည်မှန်းချက်များနှင့် ဖော်ပြပါအချက်များ ပေါင်းစပ်လိုက်သောအခါ ပိုမိုရှုပ်ထွေးသော အခြေအနေကို ဖြစ်စေပါသည်။

အရှေ့မြောက်ဒေသ၏ စီးပွားရေးအခြေအနေကို လေ့လာရာတွင် အရှေ့မြောက်ဒေသသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ခန့်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ရှေ့တန်းကပါဝင်ခဲ့ကြောင်း သိရှိရပါသည်။ အကြောင်းမှာ အရှေ့မြောက်ဒေသအတွင်း ပင်လယ်ရေကြောင်းလမ်းများ၊ ပြည်တွင်းရေကြောင်းလမ်း၊ ကုန်းလမ်းနှင့် မီးရထားလမ်းတို့ကို အသုံးပြု၍ ကမ္ဘာ့ကုန်သွယ်ရေး (Global trade) ကို တိုးချဲ့ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် လွတ်လပ်ရေးရရှိသည့် ၁၉၄၇ ခုနှစ်မှစတင်၍ အရှေ့မြောက်ဒေသ၏ အခြေအနေမှာ ရုတ်တရက် ပြောင်းလဲသွားခဲ့ပါသည်။

**အရှေ့မြောက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**

အရှေ့မြောက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (Ministry of Development of North Eastern Region-DoNOR) ကို ၂၀၀၁ ခုနှစ် တွင် တည်ထောင်ခဲ့သော်လည်း ၂၀၀၄ ခုနှစ်ရောက်မှသာ လျှင် ဝန်ကြီးဌာနအဆင့်သို့ရောက်ရှိခဲ့ပါသည်။ ဗဟိုဝန်ကြီးဌာနများ၊ ဗဟိုဦးစီးဌာနများနှင့် အရှေ့မြောက်ဒေသရှိ ပြည်နယ်အစိုးရများကြား ဆက်သွယ်ဆောင်ရွက်ရန် အတွက်လည်းကောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက် မှု အတွက်လည်းကောင်း ရည်ရွယ်၍ ဝန်ကြီးဌာနကို တည်ထောင်ခြင်း ဖြစ်ပါသည်။ ဤတွင် အခြေခံအဆောက်အဦနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ကောင်းမွန်ရေးတို့ ပါဝင်ပါသည်။ ယေဘုယျအားဖြင့် DoNOR သည် အရှေ့မြောက်ဒေသအတွင်း ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ခြင်း အပြင်စောင့်ကြည့်ခြင်းတို့ကိုပါ ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

**အရှေ့မြောက်ဒေသကောင်စီ**

၁၉၇၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော အရှေ့မြောက်ဒေသကောင်စီ (North Eastern Council-NEC) သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် အရေးအကြီးဆုံးသော အဖွဲ့များအနက် တစ်ဖွဲ့အဖြစ်ပါဝင် ပါသည်။ NEC သည် အဓိကအားဖြင့် ဗဟိုအစိုးရ (Central Government) အတွက် အကြံပေးအဖွဲ့ (Advisory body) ဖြစ်ပါသည်။ အရှေ့မြောက်ဒေသ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာဆွေးနွေးအကြံပြုသည့် အဖွဲ့ဖြစ်ပါသည်။ ထို့ပြင် NEC သည် ဒေသအတွက် အဓိကကျသောဒေသဆိုင်ရာ စီမံကိန်းရေးဆွဲရေးအဖွဲ့ (Main regional planning body) အဖြစ်ဆောင်ရွက်ပါသည်။

ယနေ့အချိန်အခါတွင် NEC ၏ အဓိက တာဝန်များမှာ ဒေသဆိုင်ရာ စီမံကိန်း (Regional Plan) နှင့် ပတ်သက်ပြီး ဗဟိုအစိုးရသို့ အဆိုပြုချက်များ ရေးဆွဲတင်ပြခြင်း၊ မြေယာအသုံးပြုမှု ထိရောက်မှုရှိစေရန် မြေယာအသုံးပြုမှု စီမံကိန်းရေးဆွဲခြင်း၊ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများရေးဆွဲတင်ပြခြင်းတို့ ဖြစ်ကြပါသည်။ ထို့ပြင် Regional Plan အတွင်း စီမံကိန်းသစ်များ (New projects) ထည့်သွင်း အကောင်အထည်ဖော်ရေးအတွက် လိုအပ်သောစစ်တမ်းကောက်ယူ မှု၊ ထောက်ခံအကြံပြုမှုများ ပြုလုပ်ပြီး ဗဟိုအစိုးရသို့မဟုတ် ပြည်နယ် အစိုးရထံသို့တင်ပြပါသည်။

**အရှေ့မြောက်ဒေသဆိုင်ရာအစိုးရ၏ ပေါ်လစီများ**

အရှေ့မြောက်ဒေသတိုးတက်ရေးအတွက် အစိုးရ၏ ချဉ်းကပ်မှုနည်းလမ်းအပေါ် တွင်လည်းကောင်း၊ ပေါ်လစီချမှတ်မှုအပေါ် တွင်လည်းကောင်း အမြင်အမျိုးမျိုးရှိပါသည်။ တချို့က အရှေ့မြောက်ဒေသဆိုင်ရာ ပေါ်လစီများ မရှိကြောင်းဝေဖန်ပြောဆိုပါသည်။ တချို့က အစိုးရသည် အရှေ့မြောက်ဒေသ တိုးတက်ရေးအတွက် ဥပဒေများ ထုတ်ပြန်ဆောင်ရွက်သည်ဟု ထောက်ခံပြောဆိုပါသည်။ တချို့က အမျိုးသားလုံခြုံရေး (National security) ကို ဇောင်းပေးသည်ဟုသုံးသပ်ပါသည်။ အခြားသူများကအစိုးရသည် အကြမ်းဖက်မှု ကင်းရှင်းရေးကို ဦးစားပေးသည်ဟူ၍ ဆွေးနွေးပါသည်။

အရှေ့မြောက်ဒေသဆိုင်ရာအစိုးရ၏ ပေါ်လစီအားလုံးသည် လုံခြုံရေးကို အဓိကထားကြောင်း တွေ့ရှိရပါသည်။ အရှေ့မြောက်ဒေသ၏ ပြည်နယ်အချို့တွင် လူမျိုးစု ပဋိပက္ခများ၊ သောင်းကျန်းသူပြဿနာများသည် စီးပွားရေးတိုးတက်မှုမရှိခြင်း (Lack of development) ကြောင့်ဖြစ်သည်ဟူသော ယူဆချက်အရ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ အရှေ့မြောက်ဒေသ သည် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ (India's Foreign Policy) တွင် အရေးပါသောဒေသ ဖြစ်လာရမည် ဟူသည့် ယူဆချက်လည်း ရှိပါသည်။

အရှေ့မြောက်ဒေသသည် အိမ်နီးချင်းနိုင်ငံများနှင့် ကူးသန်းသွားလာရန် ခက်ခဲသော ကုန်းတွင်းပိတ်ဒေသ (Land-locked area) ဖြစ်ခြင်း၊ အိန္ဒိယပြည်မကြီးနှင့် ဆက်သွယ်သော အခြေခံအဆောက်အအုံအားနည်းခြင်းတို့က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်လျက်ရှိပါသည်။ အရှေ့တောင်အာရှနိုင်ငံများ (South East Asian Countries) ကို ဦးစားပေးသော လွတ်လပ်သော နိုင်ငံခြားရေးပေါ်လစီဖြစ်သည့် Look East Policy (LEP) ကို ပြောင်းလဲကျင့်သုံးသင့်ပါသည်။

LEP သည် အရှေ့မြောက်ဒေသတိုးတက်ရေးအတွက်သာ မဟုတ်ဘဲ အိန္ဒိယတစ်နိုင်ငံလုံး၏ အကျိုးစီးပွားအတွက် ဖြစ်ပါသည်။ အရှေ့မြောက်ဒေသကိုဖြတ်၍ ကုန်သွယ်မှုတိုးတက်စေရန် ဆောင်ရွက်ခြင်းသည် အိန္ဒိယတစ်နိုင်ငံလုံး၏ အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေနိုင်ကြောင်းလည်းထောက်ပြပြောဆိုကြပါသည်။ အရှေ့မြောက်ဒေသသည် အိန္ဒိယအစိုးရ၏ စီးပွားရေး (Economic) အရ ဖြစ်စေ၊ ပထဝီနိုင်ငံရေး (geo-political) အရဖြစ်စေ လွန်စွာအရေးပါသော ဒေသဖြစ်ပါသည်။ ဤဒေသကို လွတ်လပ်မှုလင်းမှုရှိအောင် ဆောင်ရွက်ခြင်းသည် အရှေ့မြောက်ဒေသတွင် ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများ၊ ပြဿနာများကို ဖြေရှင်းရာရောက်စေပါသည်။

**ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ**

၁၉၉၀ ပြည့်နှစ်အစောပိုင်းတွင် စီးပွားရေးလွတ်လပ်ခွင့်ပြုခြင်း (economic liberalization) ၏ အကျိုးဆက်အဖြစ် သဘာဝသယံဇာတနှင့် သတ္တုသယံဇာတများ ပေါကြွယ်ဝသည့် အရှေ့မြောက်ဒေသသို့ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ (International Financial Institutions-IFIs) အများ အပြားဝင်ရောက်လာခဲ့သည်။ IFI များသည် ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်း (Project) များစွာကို စတင်ဆောင်ရွက်ခဲ့သည်။ IFI များသည် အခြေခံအဆောက်အအုံနှင့် စွမ်းအင်ကဏ္ဍမှသည် စိုက်ပျိုးရေး နှင့် ခရီးသွားလုပ်ငန်းကဏ္ဍများအထိ ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်လျက် ရှိပါသည်။

United Progressive Alliance (UPA) အစိုးရသည် Common Minimum Programme ကို ၂၀၀၄ ခုနှစ် မေလတွင် စတင်ခဲ့သည်။ UPA အစိုးရသည် အရေးကြီးသော အမျိုးသားရေး ဦးစားပေးကိစ္စရပ်အဖြစ် အရှေ့မြောက်ဒေသတွင်ရှိသော အကြမ်းဖက်မှုနှင့် သောင်းကျန်းသူပြဿနာများကို တိုက်ဖျက်လျက်ရှိသည်။ အရှေ့မြောက်ဒေသရှိပြည်နယ်အားလုံး၏ အခြေခံအဆောက်အအုံ (Infrastructure) ကို မြှင့်တင်တိုးချဲ့ရန်အတွက် အထူးအကူအညီများ ပေးလျက်ရှိသည်။ အရှေ့မြောက်ဒေသအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Peace and development) တို့ကို အရေးကြီးသော လုပ်ငန်းစဉ်အဖြစ် ဗဟိုအစိုးရက ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ကုန်းတွင်းပိတ်ဖြစ်သော အရှေ့မြောက်ဒေသအတွက် Infrastructure နှင့် Connectivity တို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

**နိဂုံး**

အရှေ့မြောက်ဒေသအတွက် ပေါ်လစီများ ချမှတ်ရာတွင် အစိုးရ၏ ရပ်တည်မှုသဘောထားမှာ လုံခြုံရေး (security) ဖြစ်သည်။ အကြမ်းဖက်မှု၊ မတည်ငြိမ်မှုနှင့် သောင်းကျန်းသူပြဿနာများ ချုပ်ငြိမ်းလာသည်နှင့်အမျှ အရှေ့မြောက်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုပီပြင်လာမည်ဖြစ်သည်။ ဒုတိယအချက်မှာ ၁၉၉၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် Economic liberalization နှင့် Look East Policy တို့နှင့်အတူ FI နှင့် IFI များ ဤဒေသသို့ ဝင်ရောက်လာ ခြင်းဖြစ်သည်။ တတိယအချက်မှာ လက်ရှိပေါ်လစီအရ ငြိမ်းချမ်းမှု နှင့် တည်ငြိမ်မှု (Peace & stability) ကို ရရှိနေသော်လည်း စွမ်းဆောင်ရည် (Efficiency) အားနည်းနေခြင်းဖြစ်သည်။ အထူးသဖြင့် အောင်မြင်မှုအတွက်အရေးပါသော စီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ရန် လိုအပ်နေသည်။ စတုတ္ထအချက်မှာ IFI များ ဝင်ရောက်လာခြင်းက ရေရှည်ဖွံ့ဖြိုးတိုးတက် အကျိုးအမြတ်ရှိနိုင်သော အရှေ့မြောက်ဒေသအပေါ် ဆိုးကျိုး (Adverse effect) သက်ရောက်နိုင်သည်ကို ထည့်သွင်းစဉ်းစားရန် ဖြစ်ပါသည်။

# ခတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ခတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့

ဩဂုတ်လ ၉ ရက်မှ ၁၅ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၅၉၄၂၀၉၃ တန်ဖိုးရှိ ဒီဇယ် ၃၁၅ဒသမ ၈၉၄ တန် နဲ့ ကန်ဒေါ်လာ ၂၈၈၃၇၈၇၃ တန်ဖိုးရှိ ခတ်ဆီ ၄၂၁ ဒသမ ၉၈၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ် ပတ်မှာ ဒီဇယ်အဝင်မှာ ၄၉၆ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်၁၈၀ ကျော် အဝင်လျော့ခဲ့သလို ယခင်တစ်ပတ် ခတ်ဆီအဝင်မှာ ၃၄၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၇၅ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ခတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဩဂုတ် ၃ ရက်နေ့မှ ၇ ရက်နေ့အတွင်းရောင်းချနေတဲ့ ခတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်၊ တောင်ကြီးနဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခတ်ဆီရော ဒီဇယ်ပါဈေးငြိမ်နေတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၆၀ ကျပ်၊ အောက်တိန်း (92) ၇၀၀ကျပ်၊ အောက်တိန်း (95) ၈၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ်လ ၁၇ ရက်နေ့ ခတ်ဆီဝယ်ဈေး ၁၄၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၁၉ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဝန်းကျင်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဩဂုတ်လ ၁၇ရက်မှာ ဝယ်ဈေး ၁၂၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၁၉ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်လုံး ခတ်ဆီရော ဒီဇယ်ပါ အတက်အကျ ၂၀၀၀ ဝန်းကျင်နဲ့ ဈေးကစားခဲ့ တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ခတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ ခတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ခတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊အောက်တိန်း ၇၅၅ ကျပ်၊ ဒီဇယ် ၆၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၅၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ်လ ၁၇ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၃၁၀၀၀ ကျပ်၊ရောင်းဈေး ၁၃၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံးအတက်အကျ ၁၀၀၀ ကျပ်ဝန်းကျင်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ ဩဂုတ်လ ၁၇ရက်နေ့ ဝယ်ဈေး ၁၄၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်များတွင် ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ခတ်ဆီဈေးငြိမ်နေပေမယ့် ဒီဇယ်ဈေးကျလာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ တစ်ဂါလန်ဈေးက ဒီဇယ် ၃၁၀၀ ကျပ်၊ ခတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ခတ်ဆီဈေးငြိမ်နေပြီး ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခတ်ဆီတစ်ဂါလန် ၃၂၀၀ ကျပ်၊ ဒီဇယ်၃၃၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ ၃၃၀၀ ကျပ်၊ ဒီဇယ် ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊အောက်တိန်း၊ ဒီဇယ်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက ဆိုင်မှာရောင်းချနေတဲ့ဈေးများက ခတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၃၃၀ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၄၀၀ ကျပ်၊ အောက်တိန်း ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိ ရပါတယ်။

**သီတာဝင်း(DOT)**

| Energy NYMEX | 21-8-2015 | | |
|---|---|---|---|
| | Price | Change | Change % |
| WTI Crude Future (USD/bbl.) | 40.76 | -0.56 | -1.36 |
| Brent Crude Futr (USD/bbl) | 46.00 | -0.62 | -1.33 |
| Gasoline Rbob Fut (Cent/gal) | 152.50 | -0.96 | -0.63 |
| Natural Gas Futr (USD/MMBtu) | 2.74 | -0.02 | 0.69 |
| Heating Oil Futr (Cent/gal) | 148.67 | -0.89 | -0.60 |

# ယွမ်ငွေတန်ဖိုး ကျဆင်းလာမှုနှင့် ကောလာဟလ သတင်းများကြောင့် ပြည်တွင်းငွေလဲနှုန်းများမြင့်တက်

အိမ်နီးချင်းတရုတ်နိုင်ငံတွင် ယွမ် ငွေတန်ဖိုး ကျဆင်းလာမှုနှင့် ပြည်တွင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် ကောလာဟလသတင်းများကြောင့် ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်ရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပုဂ္ဂလိကဘဏ်များနှင့် ပြည်တွင်းရှိ ငွေလဲစင်တာများတွင် အမေရိကန်ဒေါ်လာများကို လဲလှယ်၍ရနေသော်လည်း လိုသလောက်ရောင်းချမပေးနိုင်ခြင်းနှင့် ယွမ်ငွေတန်ဖိုးကျဆင်းမှု၏ ဂယက်ကြောင့် ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်နေရခြင်းဖြစ်ကြောင်း ဈေးကွက်သုံးသပ်သူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် ပြည်တွင်းတွင် လက်ရှိကာလ၌ဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ် ရေဘေးကြောင့် သွင်းကုန်ပစ္စည်းများ အများအပြားတင်သွင်းနေခြင်းများကလည်း ပြည်တွင်းငွေလဲနှုန်းကို မြင့်တက်စေသည့် အကြောင်းရင်းပင်ဖြစ်ကြောင်း၊ မြန်မာ့နိုင်ငံရေးအခြေအနေများကလည်း ပြည်တွင်းငွေလဲနှုန်းကို မြင့်တက်စေခဲ့ကြောင်း ၎င်းကသုံးသပ်ပြောကြားခဲ့သည်။ ဗဟိုဘဏ်မှလည်း ၎င်း၏ ရည်ညွှန်းငွေလဲနှုန်းကို မြှင့်တင်ပေးလိုက်ခြင်းကြောင့်လည်း ပြည်တွင်းငွေလဲနှုန်းများကို မြင့်တက်စေသည်ဟု ၎င်းကဆိုသည်။

ဗဟိုဘဏ်သည် ၎င်း၏ ရည်ညွှန်းငွေလဲနှုန်းကို ဩဂုတ်လ ၁၇ရက်နေ့က ၁၂၆၆ ကျပ်ဟု ထုတ်ပြန်ခဲ့ပြီး ဩဂုတ်လ ၁၉ရက်နေ့တွင် ၁၂၇၅ ကျပ်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ဩဂုတ်လ ၂၀ ရက်တွင် ၁၂၈၃ကျပ်သို့လည်းကောင်း၊ ဩဂုတ်လ ၂၁ရက်နေ့တွင် ၁၂၈၅ ကျပ်သို့လည်းကောင်း တိုးမြှင့်သတ်မှတ်ခဲ့သည်။

ထိုကဲ့သို့ ဗဟိုဘဏ်မှ၎င်း၏ ရည်ညွှန်းငွေလဲနှုန်းများကို နေ့စဉ်မြှင့်တင်နေသဖြင့် ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်ရခြင်းဖြစ်သည်ဟုဆိုသည်။ ဩဂုတ်လ ၁၇ရက်နေ့က ပြင်ပငွေဈေးကွက်တွင် ရောင်းဈေး ၁၂၇၇ ကျပ်၊ ဝယ်ဈေး ၁၂၇၃ ကျပ်ရှိခဲ့ပြီး ဩဂုတ်လ ၁၉ရက်တွင် ရောင်းဈေး ၁၂၉၅ကျပ်၊ ဝယ်ဈေး ၁၂၈၈ကျပ်သို့ ဈေးမြင့်တက်ခဲ့သည်။

ဩဂုတ်လ ၂၀ရက်နေ့တွင် ရောင်းဈေး ၁၃၀၅ကျပ် ဝယ်ဈေး ၁၂၉၅ ကျပ်အထိ မြင့်တက်ခဲ့ပြီး ဩဂုတ်လ ၂၁ ရက်နေ့တွင် ရောင်း ဈေး၁၂၉၅ကျပ်၊ ဝယ်ဈေး ၁၂၈၅ကျပ်သို့ အနည်းငယ် ပြန်လည်ကျဆင်းသွားခဲ့သည်။ ဩဂုတ်လ ၂၂ ရက်နေ့တွင် ရောင်းဈေး ၁၂၉၄ကျပ်၊ ဝယ်ဈေး ၁၂၈၆ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။

**မယ်သီတာ**

# ဘဏ်များ၏ကောလာဟလကြောင့် ပြည်တွင်းရွှေဈေးမြင့်တက်

ပြည်တွင်းဘဏ်တချို့ ပိတ်သိမ်းမည်ဟူသည့် ကောလာဟလသတင်းကြောင့် ရွှေဝယ်ယူသည့်သူများ များပြားလာသဖြင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာခဲ့ကြောင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

အဆိုပါ ကောလာဟလကြောင့် ဘဏ်များမှ ငွေများထုတ်ယူကာ ရွှေများ ဝယ်ယူလာသည့်အတွက် ရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်ပြီး အမြင့်ဆုံးဈေး ကျပ် ၇၇၀၀၀၀ ကျော်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

"ပြည်သူတွေရဲ့ စိုးရိမ်မှုက မြင့်တက်လာခဲ့တဲ့အတွက် ဘဏ်ကငွေတွေကိုထုတ်ပြီး ရွှေကိုဝယ်ကြတယ်။ အဲဒီလိုဝယ်ကြတဲ့အခါကျတော့ ပြည်တွင်းငွေလဲနှုန်းတွေ မြင့်တက်နေလို့ ပြည်တွင်း ရွှေဈေးမြင့်တက်နေတဲ့အချိန်မှာ အခုလိုအဝယ်က ချက်ချင်းကြီးကိုမြင့်တက်သွားတော့ရွှေဈေးက နေ့ချင်း ညချင်းကို တက်သွားရတာ။ ပြည်သူတွေရဲ့ ကောလာဟလအပေါ် ယုံကြည်မှုကြောင့် ခုလို ဈေးတက်သွားရတာပါ" ဟု ရွှေဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးသည် ဩဂုတ်လ ၁၇ ရက်နေ့က ကျပ် ၇၅၈၀၀၀ဖြင့် ဈေးပိတ်ခဲ့သော်လည်း ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျပ် ၇၆၂၀၀၀သို့ မြင့်တက်ခဲ့သည်။ ထို့ပြင် ဩဂုတ်လ ၂၁ ရက်နေ့တွင် ပြည်တွင်းဘဏ်များ ပိတ်သိမ်းမည်ဟူသည့်သတင်းကြောင့် ရွှေဈေးကွက်အတွင်း အဝယ်လိုက်လာခဲ့ကာ ကျပ် ၇၇၇၀၀၀ အထိ ဈေးမြင့်တက်ခဲ့သည်။

ဩဂုတ်လ ၂၁ရက်နေ့ ဈေးစဖွင့်စဉ်ကပင် ကျပ် ၇၇၅၀၀၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး တစ်နေ့တာလုံး အရောင်းအဝယ်များကောင်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ သို့သော် ဗဟိုဘဏ်၏ ကြေညာချက်ထုတ်ပြန်အပြီးတွင် အရောင်းအဝယ်အနည်းငယ် တန့်သွားခဲ့ပြီး ဈေးလည်း အနည်းငယ် ပြန်လည် ကျဆင်းသွားခဲ့ကာ ကျပ် ၇၇၄၀၀၀ သို့ ကျဆင်းသွားခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

August 21, 2015
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.37 |
| BDT | Bangladesh Taka | 77.44 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.40 |
| EUR | Euro | 0.89 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 65.84 |
| IDR | Indonesia Rupiahs | 13933.83 |
| JPY | Japan Yen | 122.98 |
| MYR | Malaysia | 4.16 |
| PKR | Pakistan Rupees | 101.92 |
| PHP | Philippines Pesos | 46.76 |
| RUB | Russia Rubles | 68.08 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1194.61 |
| LKR | Sri Lanka Rupe | 133.23 |
| THB | Thailand Baht | 35.69 |
| GBP | United Kingdom Pounds | 0.64 |
| VND | Vietnam Dong | 22727.27 |

*Source : xe.com*

## World Gold Price

August, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 17 | 1115 | 1115 | 1115 |
| 18 | 1116 | 1116 | 1117 |
| 19 | 1120 | 1119 | 1120 |
| 20 | 1136 | 1136 | 1136 |
| 21 | 1155 | 1158 | 1156 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 17-8- 2015 | 749.00 | 749.20 |
| 18-8- 2015 | 754.00 | 754.00 |
| 19-8- 2015 | 757.50 | 757.80 |
| 20-8- 2015 | 775.00 | 774.50 |
| 21-8- 2015 | 777.00 | 776.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ် ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 17 | 6 .39 | 35.38 | 78.09 | 65.30 |
| 18 | 6. 40 | 35.59 | 77.79 | 65.43 |
| 19 | 6 40 | 35.60 | 77.79 | 65.23 |
| 20 | 6 .39 | 35.64 | 77.75 | 65.71 |
| 21 | 6.40 | 35.69 | 77.44 | 65.84 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 17-August | 15.26 | 1854.72 | 1558.37 | 5185.38 | 994.00 |
| 18-August | 15.21 | 1825.60 | 1542.69 | 5136.54 | 994.00 |
| 19-August | 14.94 | 1807.68 | 1538.88 | 5119.97 | 993.00 |
| 20-August | 15.38 | 1812.83 | 1546.94 | 5100.48 | 1018.00 |
| 21-August | 15.48 | 1822.02 | 1561.73 | 5146.18 | 1030.000 |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် သုံးသောင်းတစ်ထောင်ကျော်ဝင်

ဩဂုတ်လ ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၂၆၄၀၇၄၇ တန်ဖိုးရှိ ဘိလပ်မြေ ၃၁၃၃၁ ဒသမ ၈၀ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူမှ ၇၃ တန်၊ တရုတ်နိုင်ငံမှ ၁၁၁ ဒသမ ၈ တန်၊ အိန္ဒိယမှ ၁၄၀၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၂၉၇၄၇ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့တံဆိပ်များမှာ စိန်၊ ဆင်နဲ့ အခြား တံဆိပ်များဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ တန်ချိန် ငါးသောင်းခုနစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် နှစ်သောင်းခြောက်ထောင်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ယခင်တစ်ပတ်ထက် ဘိလပ်မြေ အရောင်းအဝယ်အေးလာ

ဩဂုတ် ၉ရက်မှ ၁၅ ရက်သီတင်းပတ်မှာ ပြည်တွင်းကိုရေလမ်းမှ ဘိလပ်မြေ အဝင်မှာ ၃၁၃၃၀ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ ၅၇၉၅၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာဘိလပ်မြေတန် ၂၆၆၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာ ၁၅၇၉၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၇၄၃၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၆၄၀ တန်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ မိုးကာလ ဖြစ်တာကြောင့် အရောင်းထိုင်းတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၆၇၀၀ ကျပ်၊ အပါချီ ၅၈၀၀ကျပ်၊ မက်စ်(မြန်မာ) ၄၇၀၀ ကျပ်၊ ဆင်(မြန်မာ) ၅၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက မိုးများလာတာကြောင့်အသုံးနည်းပြီး အရောင်းအေးသလို ဈေးလည်း ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာစိန်(ယိုးဒယား)၇၂၀၀ ကျပ်၊ ခြင်္သေ့ ၅၀၀၀ ကျပ်၊ အပါချီ ၅၁၀၀ ကျပ်၊ ကျားခေါင်း ၄၉၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၉၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

မော်လမြိုင်ဈေးကွက်မှာ ဘိလပ်မြေက မိုးကာလမို့ အရောင်းအေးတယ်လို့ သိရပါတယ်။ ဒါကြောင့်လည်း ဈေးကငြိမ်တယ်။ နယ်အဆွဲတွေကလည်း မရှိသလောက်ကိုနည်းနေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၄၀၀ ကျပ်၊ စိန်(ထိုင်း) ၅၂၀၀ ကျပ်၊ ကြံ့ (မြိုင်ကလေး) ၅၀၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### နိုင်ငံစုံမှ မြေဆီ တန် ၅၉၀၀ ကျော်ဝင်

ဩဂုတ်လ ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၈၅၀၅၁၀ တန်ဖိုးရှိ မြေသြဇာ ၅၉၄၇ ဒသမ ၄၄ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၃၄၂၈ ဒသမ ၅ တန်၊ မလေးရှားမှ ၄၇ ဒသမ ၂၂ တန်၊ ထိုင်းနိုင်ငံမှ ၄၈၀ ဒသမ ၁၂ တန်၊ ဂျာမနီမှ တန်ချိန် ၁၀၀၀၊ ဂရိနိုင်ငံမှ ၉၉၁ ဒသမ ၆၀ တန်ကိုတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဂျာမနီနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ မြေဆီအမျိုးအစားများမှာ ကွန်ပေါင်း၊ နိုက်တြိုဂျင်၊ GYPSUM၊ FOLIAR စတဲ့ မြေဆီများဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် မြေဆီအဝင်မှာ တန်ချိန် ၃၆၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၂၃၃၃ အဝင်ပိုခဲ့တယ်လို့ သိရ ပါတယ်။

### မြေသြဇာ ဈေးကွက်အရောင်းအဝယ်လိုက်လာ

ဩဂုတ်လ ၉ ရက်မှ ၁၅ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၅၉၄၇ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၆၁၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၃၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၁၈၁၀၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၆၇၀၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၄၀၂ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး၊ မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးငြိမ်ပြီး မကွေးဈေးကွက်မှာ ဈေးအနည်းငယ်မြင့်ပြီး အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာ အရောင်းအဝယ်လိုက်တယ်လို့ သိရပါတယ်။ ချောင်းဆုံနယ်ဘက်မှ အဝယ်ဆင်းနေတာ ကြောင့် အရောင်းအဝယ်ကောင်းတယ်။ နယ်အဆွဲရှိနေတာကြောင့် ယခင် တစ်ပတ်ထက်ရောင်းအားကောင်းပေမယ့် ဈေးကတော့ ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၄၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည်(ထိုင်း) ၃၆၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၃၁၀၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊ တီ စူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာက အရောင်းအေးပေမယ့် ဈေးက မြင့်နေတယ်။ ဒီလိုမြင့်ရတာလည်း ကုမ္ပဏီဈေးမြင့်တာကြောင့်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ)၁၇၀၀၀ ကျပ်၊ ဆင်(၁၀း၁၀း၅) ၁၆၀၀၀ ကျပ်၊ အာမို(၁၀း၁၀း၅) ၁၆၅၀၀ ကျပ်၊အာမို ၁၅ ပတ်လည် ၃၇၀၀၀ ကျပ်၊အာမို(၁၆း၁၆း၈) ၃၄၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၅၁၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်)၂၃၄၀၀ ကျပ်၊ ယူရီးယား ၃၈၅၀၀ ကျပ်၊ တီစူပါ ၂၆၅၀၀ ကျပ်၊ ပိုတက် ၂၆၅၀၀ ကျပ်၊ တောင်သူမ ၁၅၉၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက အရောင်းအေးနေသလို ဒီတစ်ပတ်မှာလည်း ဈေးငြိမ်နေတယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၈၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၄၇၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၁၄၀၀ ကျပ်၊တီစူပါ ၁၆% (တရုတ်) ၁၂၀၀၀ ကျပ်၊တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၃၀၀ ကျပ်၊ တီစူပါ (၁၀း၁၀း၅) (တရုတ်)၁၆၀၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၀၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၆၇၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၈၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေသြဇာက အရောင်းသွက်သလို ဈေးလည်း နည်းနည်းတက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား (ရွှေတောင်) မြေသြဇာက ၁၂၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး) ၁၀၀၀ ကျပ်၊ တီစူပါ ၄၆% က ၃၀၀ ကျပ်၊ ကွန်ပေါင်း (၁၀း၁၀း၅) ၇၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ တီစူပါ ၁၂% က ပစ္စည်းပြတ်နေသေးတယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၅၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၂၄၃၀၀ ကျပ်၊ တီစူပါ (၄၆%-တရုတ်) ၂၁၂၀၀ ကျပ်၊ တီစူပါ( ၁၆%-တရုတ်) ၁၁၈၀၀ ကျပ်၊ ကွန်ပေါင်း (၁၀း၁၀း၅) ၁၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒွန်းနို့ဆီနဲ့ နို့မှုန့်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ် ဩဂုတ် ၉ ရက်မှ ၁၅ ရက်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ နို့ဆီ ၁၂ တန် တင်သွင်းခဲ့ပါတယ်။ ဒီသီတင်းပတ်မှာ နို့ဆီတန်ချိန် ၂၇၀ ကျော်ထိဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် အဝင်တော်တော်လေးလျော့နည်းခဲ့ပါတယ်။

ကန်ဒေါ်လာ ၉၂၁၁၂၀ တန်ဖိုးရှိ နို့မှုန့် ၁၈၄ ဒသမ ၆၅၀ တန်ဝင်လာခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ ၁၁ ဒသမ ၃၉ တန်၊ ဩစတြေးလျနိုင်ငံမှ ၂၄ ဒသမ ၄၆ တန်နဲ့ စင်ကာပူမှ ၁၄၈ ဒသမ ၈၀ တန် တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်အဝင်နဲ့ ယှဉ်ရင် တန်ချိန် ၃၀ နီးပါးအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၈/၈ မှ ၁၄/၈ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁/၈ မှ ၇/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၃၈.၅၀ | ၁၃၅၃.၀၀ | (-) | ၁၄.၅၀ |
| ၂။ | လွယ်ဂျယ် | ၂၈၆.၀၀ | ၅၅၀.၀၀ | (-) | ၂၆၄.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၂၈၉.၀၀ | ၁၉၆၅.၀၀ | (+) | ၃၂၄.၀၀ |
| ၅။ | တာချီလိတ် | ၂၀၀.၀၀ | ၈၆၅၃.၀၀ | (-) | ၈၄၅၃.၀၀ |
| ၆။ | မြဝတီ | ၂၂၀၉.၇၀ | ၇၉.၀၀ | (+) | ၂၁၃၀.၇၀ |
| ၇။ | ကော့သောင်း | ၉၃၇၀.၅၀ | ၂၇၁၀.၀၀ | (+) | ၆၆၆၀.၅၀ |
| ၈။ | မြိတ် | ၁၀၀.၀၀ | ၂၁၂၅.၀၀ | (-) | ၂၀၂၅.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၅၇၉၃.၇၀ | ၁၇၄၃၅.၀၀ | (-) | ၁၆၄၁.၃၀ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၈/၈ မှ ၁၄/၈ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁/၈ မှ ၇/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၄၃၃.၃၇၀ | ၁၅၁၁၄.၂၅၀ | (+) | ၁၃၁၉.၁၂၀ |
| ၂။ | လွယ်ဂျယ် | ၂၉၈.၈၀၀ | ၃၀၆.၀၀၀ | (-) | ၇.၂၀၀ |
| ၃။ | ချင်းရွှေဟော် | ၈၅၁.၇၅၀ | ၉၄၀.၀၀၀ | (-) | ၈၈.၂၅၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၃၀၇.၃၀၀ | ၃၄၀.၈၉၈ | (-) | ၃၃.၅၉၈ |
| ၆။ | ကော့သောင်း | ၂၁၂.၀၀၀ | - | (+) | ၂၁၂.၀၀၀ |
| ၇။ | မြိတ် | | - | | - |
| ၈။ | ရိဒ် | | - | | - |
| | စုစုပေါင်း | ၁၈၁၀၃.၂၂ | ၁၆၇၀၁.၁၄၈ | (+) | ၁၄၀၂.၀၇၂ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်းရောင်စုံတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးမှ ဩဂုတ်လ ဒုတိယပတ်တွင် ကန်ဒေါ်လာ ၁ ဒသမ ၅၀၂ သန်းတန်ဖိုးရှိ နှမ်းဖြူ ၉၃၉ တန်၊ နှမ်းနက် ၄၂ တန်နဲ့ နှမ်းညို ၂၉ တန်ကိုလည်းကောင်း၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ဝ၃၂ သန်းဖိုးရှိ နှမ်းဖြူ(အခွံချွတ်) ၁၈ တန် ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၄၂၉ တန်နဲ့ မူဆယ်မှ နှမ်းဖြူ(အခွံချွတ်)၈၄ တန်တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် နှမ်းတင်ပို့မှု လျော့ကျသွားတာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်ကနှမ်းဖြူတစ်တန်ကို ၁၇၇၂၅၇၄ ကျပ်ရှိရာမှာ ယခုတစ်ပတ်တွင် ၁၇၅၁၇၆၁ ကျပ်သို့လည်းကောင်း၊ နှမ်းနက်တစ်တန် ၂၀၆၉၆၀၄ ကျပ်မှ ၂၀၄၅၃၀၃ ကျပ်သို့လည်းကောင်း ဈေးပြန်လည် ကျဆင်းသွားခဲ့ပါတယ်။ မြန်မာနိုင်ငံဒေသအများအပြားတွင် ရေကြီးရေလျှံခြင်းများနဲ့ ကြုံတွေ့ခဲ့ရပေမယ့် နှမ်းစိုက်ဧကကို ယခင်နှစ်ကထက်ပိုမို စိုက်ပျိုးထားလို့ နှမ်းတင်ပို့မှုမကျနိုင်ကြောင်း နှမ်းကုန်သည်အသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ပြည်ဈေးကွက်အတွင်း နှမ်းဈေးပြန်မြင့်လာပြီး မြေပဲဆန်ဈေး အမြင့်မှာ တန့်နေ

ယခုတစ်ပတ်အတွင်း မြန်အောင်၊ ကြံခင်းနဲ့ နတ်တလင်းဘက်မှ တစ်ရက်ကို နှမ်းအိတ် ၁၀၀၀ ခန့် ဝင်ရောက်တာကြောင့် နှမ်းအဝင် အနည်းငယ်များလာပါတယ်။ အောင်လံ၊ မန္တလေး ဝယ်လက်များကလည်း အဝယ်လိုက်လို့ နှမ်းဈေးသွက်လာပါတယ်။ မြေပဲဆန်မှာလည်း အထွက်မရှိသေးဘဲ အဝင်နည်းပြီး အဝယ်များလို့ ဈေးမြင့်နေပါတယ်။ မြစ်ရေကြီးသွားတာကြောင့် နှမ်းခင်းများ၊ မြေပဲခင်းများ ပျက်စီးဆုံးရှုံးကြလို့ ယခုနှစ် မိုးနှမ်း ရာသီမှာ အထွက်နည်းမယ်လို့ ခန့်မှန်းကြပါတယ်။

ယခုအချိန်မှာ နှမ်းကို ဝယ်လက်အဝယ်လိုက်လို့ နှမ်းဈေးအနည်းငယ်မြင့်လာပြီး နှမ်းနီ တစ်တင်း ၃၃၃၀၀ ကျပ်၊ ရိုးရိုးနှမ်းနက် တစ်တင်း ၅၀၀၀၀ ကျပ်၊ စမုံနှမ်းနက် တစ်တင်း ၆၆၆၀၀ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာကို ၃၂၀၀ ကျပ်နှင့် လုံးဆန်ဈေးမှာ တစ်ပိဿာ ၃၅၀၀ ကျပ်ဖြင့် ဆီစက်များမှာ အဝယ်ရှိပေမယ့် အထွက်နည်းနေသေးလို့ တစ်ရက်ကို အိတ် ၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

### အခြားဆီဈေးနှုန်းများ ကျဆင်းမှုကြောင့် စားအုန်းဆီဈေးပါ လိုက်ပါကျဆင်း

မလေးရှားနိုင်ငံရဲ့ ပို့ကုန်ကိန်းဂဏန်းတွေ ယခုရက်သတ္တပတ်အကုန်မှာ ထုတ်ပြန်ကြေညာမှာဖြစ်လို့ ပို့ကုန်အခြေအနေကို မသိရသေးပါဘူး။ ဒါပေမယ့် ရေနံစိမ်းနဲ့ အခြားပြိုင်ဘက် စားသုံးဆီဈေးတွေ ကျဆင်းနေတဲ့အတွက် မလေးရှားစားအုန်းဆီရဲ့ ကြိုရောင်းကြိုဝယ် စာချုပ်ဈေးကလည်း ဩဂုတ် ၁၉ ရက်မှာ ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာဖော်ပြပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်မှာ နိုဝင်ဘာလအတွက် စာချုပ်တဲ့ စားအုန်းဆီရဲ့ အခြေခံစံထားဈေးနှုန်းက ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး၊ တစ်တန်ကို မလေးရှားရင်းဂစ် ၂၀၃၄ (အမေရိကန်ဒေါ်လာ ၄၉၅ ဒသမ ၈၆) နှုန်းရှိခဲ့ပါတယ်။ စောစောပိုင်း စားအုန်းဆီဈေးက တစ်တန်ကို ၂၀၂၄ ရင်းဂစ်အထိ ကျဆင်းခဲ့ရာမှ ဈေးပိတ်ချိန်မှာ ပြန်လည်မြင့်တက်လာပါတယ်။

ဩဂုတ်လ ၁၉ ရက်နေ့မှာ ရောင်းချရတဲ့ပမာဏက ၂၅ တန်ရှိအတွဲ ၄၃၆၇၃တွဲရှိခဲ့တဲ့အတွက် တစ်ရက် ပျမ်းမျှရောင်းရနှုန်းဖြစ်တဲ့ အတွဲ ၃၅၀၀၀ ထက် များစွာသာလွန်နေတာကို တွေ့ရပါတယ်။

“အခုအခြေအနေကတော့ ပဲပုပ်ဆီဈေးကွက်မှာ ဖြစ်နေတဲ့အတိုင်းပါပဲ။ ဩဂုတ်လ ၂၀ ရက်နေ့မှာ ဩဂုတ် ပထမ ၂၀ ရက်အတွက် ပို့ကုန်ကိန်းဂဏန်းတွေ ထုတ်ပြန်တော့မှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၅ ရက်က အခြေအနေအရဆိုရင်တော့ အလားအလာမကောင်းပါဘူး”လို့ ကွာလာလမ်ပူမှ နိုင်ငံခြားကုန်သည်တစ်ဦးက ပြောပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ စက်တင်ဘာ ပဲပုပ်ဆီ စာချုပ်ဈေးက အာရှဈေးကွက်မှာ သုည ဒသမ ဝ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်မှာ ပဲပုပ်ဆီ ကြိုရောင်းဈေးက သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

“ရေနံစိမ်းနဲ့ ဒါလီယံဈေးကွက်မှာ ပဲပုပ်ဆီဈေး ကျဆင်းမှုတွေက ဈေးနှုန်းအပေါ်မှာ အကျိုးသက်ရောက်မှု ရှိနိုင်ပါတယ်”လို့ အခြားစားအုန်းဆီကုန်သည်တစ်ဦးက ပြောပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ရောင်းလိုအားအလျှံပယ်မြင့်တက်မှု၊ အာရှနဲ့အမေရိကန်ပြည်ထောင်စုမှာ ဝယ်လိုအား ကျဆင်းမှုတို့ကြောင့် ရက်သတ္တပတ်ခြောက်ပတ်ခန့် ဈေးနှုန်း မတည်မငြိမ်ဖြစ်ခဲ့ပြီး စားအုန်းဆီဈေးက ဩဂုတ်လ ၁၉ ရက်မှာ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။

စားအုန်းဆီအနိမ့်ဆုံးဈေးက တစ်တန်ကို ၂၀၁၇ ရင်းဂစ်အောက်ကျသွားမယ်ဆိုရင်တော့ နောက်တစ်ကြိမ်ကျမယ့်နှုန်းက ၁၉၉၇ ရင်းဂစ်ထိ ရောက်သွားနိုင်ကြောင်း ရိုက်တာမှ ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုကပြောပါတယ်။

စားအုန်းဆီ ထိပ်တန်းဝယ်လက်ဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးအပေါ် စိုးရိမ်မှုတွေရှိနေတဲ့အတွက် ဖြစ်ပေါ် ရတဲ့ ဝယ်လိုအား အလားအလာ မရေရာမှုကလည်း စားအုန်းဆီကုန်သည်တို့အတွက် စိုးရိမ်စရာဖြစ်ခဲ့ပါတယ်။

**ဉာဏ်တင်**



### ပြည်တွင်းဆီဈေးနှုန်းများ (၂၁-၈-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၆၉၀၀ | ၇၀၀၀ | △ | ၄၅၀၀ | ၄၅၀၀ | □ | ၁၃၉၀ | ၁၃၇၀ | ▽ |
| မန္တလေး | ၅၀၀၀ | ၅၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၁၀ | ၁၄၇၀ | ▽ |
| ပဲခူး | ၃၃၀၀ | ၃၄၀၀ | △ | ၄၉၀၀ | ၄၉၀၀ | □ | ၁၄၈၀ | ၁၄၅၀ | ▽ |
| မကွေး | ၅၈၀၀ | ၆၀၀၀ | △ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၆၇၀၀ | ၆၆၀၀ | ▽ | ၃၉၅၀ | ၃၉၀၀ | ▽ | ၁၅၆၀ | ၁၅၅၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*

### စားအုန်းဆီဈေးနှုန်းများ (၁၇-၈-၂၀၁၅ မှ ၂၁-၈-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁၇-၈-၂၀၁၅ | ၅၈၅ |
| (၂) | ၁၈-၈-၂၀၁၅ | ၅၈၀ |
| (၃) | ၁၉-၈-၂၀၁၅ | ၅၈၀ |
| (၄) | ၂၀-၈-၂၀၁၅ | ၅၇၅ |
| (၅) | ၂၁-၈-၂၀၁၅ | ၅၇၀ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၁-၈-၂၀၁၅ US$/Ton

| အမျိုးအစား | ဩဂုတ်လဒုတိယပတ် | ဩဂုတ်လတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၃၄.၀၀ | ၅၁၂.၀၀ | ▽ |
| RBD P.Olein | ၅၅၉.၅၀ | ၅၂၉.၀၀ | ▽ |
| RBD P.Strarin | ၄၆၆.၅၀ | ၄၃၅.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၁- ၈ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၁၉၆.၈၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၂.၉၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၅.၉၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၁၀ |
| ဆီကန်သို လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၈.၆၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၂.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၂၆.၂၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၁-၈-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၅၇၀ ဒေါ်လာ၊ FOB ၅၄၅ ဒေါ်လာ နှင့် USD ဈေး ၁၂၈၅ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၂၁-၈-၂၀၁၅နေ့ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၈၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက် ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ယွမ်ငွေတန်ဖိုးလျှော့ချခဲ့ခြင်းကြောင့် စင်ကာပူငွေကြေးတန်ဖိုးများ လျှော့ကျ

၂၀၁၅ ခုနှစ် ဩဂုတ်လဒုတိယပတ်အတွင်းက တရုတ်နိုင်ငံသည် ၎င်း၏ယွမ်ငွေတန်ဖိုးကိုနှစ်ကြိမ်တိုင် လျှော့ချခဲ့ပြီးနောက် ရင်းနှီးမြှုပ်နှံသူများ၏ တုန့်ပြန်ချက်က စင်ကာပူဒေါ်လာငွေတန်ဖိုးကိုလည်း လျှော့ကျစေခဲ့ရာ စင်ကာပူဗဟိုဘဏ်မှ ဖော်ပြသည့် ဩဂုတ်လ ၁၂ ရက်နေ့ ငွေလဲနှုန်းအရ အမေရိကန်ဒေါ်လာ တစ်ယူနစ်လျှင် ၁ဒသမ ၄၁၁၉ စင်ကာပူဒေါ်လာနှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ယခုနှုန်းထားမှာ ငါးနှစ်တာအတွင်း အဆိုးဆုံးအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။

မိမိတို့အနေဖြင့် တရုတ်နိုင်ငံ၏ ငွေလဲနှုန်းမူဝါဒ ပြောင်းလဲမှုကိုလိုက်၍ နိုင်ငံခြားငွေ လဲလှယ်မှုဈေးကွက်၌ ကုန်သွယ်မှု အလေးတင်း စင်ကာပူဒေါ်လာငွေ၏တန်ဖိုးကို ပြောင်းလဲစေရာတွင် ငွေကြေးမူဝါဒကန့်သတ်ချက်ဘောင်အတွင်း၌သာ ခွင့်ပြုထားကြောင်း၊ စင်ကာပူ၏ ငွေလဲနှုန်းဗဟိုပြုငွေကြေးမူဝါဒ မူဘောင်အရမည်သည့် သီးခြားနှစ်နိုင်ငံငွေလဲနှုန်းအပေါ်ကိုမျှ အလေးပေးမှုမပြုဘဲ စင်ကာပူဒေါ်လာငွေတန်ဖိုးကို ကာလတိုအတွင်းဈေးကွက် ပြောင်းလဲမှုများနှင့်လိုက်လျောညီထွေစွာ ချိန်ညှိဆောင်ရွက်လျက်ရှိကြောင်း တစ်ဖက်တွင်လည်း ငွေကြေးတန်ဖိုးအလွန်အမင်း အတက်အကျပြောင်းလဲမှုမှ ကင်းဝေးစေရန်ထိန်းသိမ်းကြပ်မတ်လျက်ရှိကြောင်းဖြင့် စင်ကာပူဗဟိုဘဏ် (MAS) မှ ဩဂုတ်လ ၁၂ ရက်နေ့တွင် ပြောကြားပါသည်။

စင်ကာပူရှိဘဏ်နှင့်ငွေကြေးအဖွဲ့အစည်းများမှ လေ့လာဆန်းစစ်သူများက တရုတ်ယွမ်ငွေ တန်ဖိုးလျှော့ချမှုကြောင့် အမေရိကန်နိုင်ငံ၏ အတိုးနှုန်းများမြှင့်တင်မည့် အစီအစဉ်ကို နှောင့်နှေးစေနိုင်ဖွယ်ရာရှိကြောင်း၊ အခြားသောနိုင်ငံများမှ ငွေကြေးတန်ဖိုးများ လျှော့ချလုပ်ကိုင်လာမည်ကို စိုးရိမ်မှုများရှိနေသော်လည်း စင်ကာပူဗဟိုဘဏ်အနေဖြင့် လာမည့်အောက်တိုဘာတွင်ပြုလုပ်ရန်ရှိသော မူဝါဒဆိုင်ရာအစည်းအဝေးမတိုင်မီကာလအတွင်း လက်ရှိငွေကြေးမူဝါဒအတိုင်း ထိန်းသိမ်းဆောင်ရွက်ရန် မျှော်လင့်ရကြောင်းဖြင့် ပြောဆိုကြပါသည်။

စင်ကာပူဒေါ်လာငွေတန်ဖိုးသည် ယွမ်ငွေတန်ဖိုးလျှော့ချမှုနှင့်အတူ တစ်ဆက်တစ်စပ်တည်း ကျဆင်းခဲ့ခြင်းဖြစ်ရာ ယွမ်ငွေကြေးမှာ စင်ကာပူဗဟိုဘဏ်၏ ဖွင့်ဟပြောဆိုခြင်းမရှိသည့် ငွေကြေးစီမံခန့်ခွဲမှုအစုအစည်း (Currency Basket) ၌ ပါဝင်မည်ဟု ကုန်သည်များနှင့်လေ့လာသူများက ယူဆကြပါသည်။

ကုန်ထုတ်လုပ်မှုပမာဏလျော့နည်းခြင်း၊ စားသုံးသူဈေးနှုန်းများလအတန်ကြာ ကျဆင်းခြင်းတို့နှင့်အတူ စီးပွားရေးကျုံ့လာသည့် အခြေအနေတို့က စင်ကာပူဗဟိုဘဏ်၏အောက်တိုဘာလငွေကြေးမူဝါဒ သုံးသပ်မှု၌ တန်ဖိုးလျှော့ချသည့် မူဝါဒ (EasingPolicy) ကို ချမှတ်ဖွယ်ရှိလာ နိုင်သည်ဟူသော မှန်းဆချက်များကိုပြန်လည်ဖြစ်ပေါ်စေလျက်ရှိပါသည်။ စင်ကာပူနိုင်ငံအနေဖြင့် ငွေကြေးမူဝါဒနှင့်ပတ်သက်၍ ရှေ့လည်းမတိုးသာ နောက်လည်းမဆုတ်သာသည့်အနေအထား၌ရောက်ရှိနေကြောင်း ငွေလဲနှုန်းအပေါ် အခြေပြုသည့် ငွေကြေးမူဝါဒကိုလျှော့ပါးသက်သာစေခြင်းက ၎င်း၏ပို့ကုန်ဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းစေမည်ဖြစ်သော်လည်း အခြားတစ်ဖက်တွင် စီးပွားရေးတိုးတက်မှုနှေးကွေးသည့် အခြေအနေ၌ ငွေချေးငှားမှုစရိတ်စကများ ကြီးမြင့်ပြီး မတည်ငြိမ်မှုများကို ပြင်ပသို့စီးထွက်စေနိုင်ကြောင်းစသည်ဖြင့် ရိုက်တာသတင်းဌာနမှ ဖော်ပြပါသည်။

အာရှဒေသအတွင်း ဂျပန်ယန်းငွေ၊ တရုတ်ယွမ်ငွေနှင့်ဟောင်ကောင်ဒေါ်လာတို့နောက်တွင် စင်ကာပူဒေါ်လာသည် စတုတ္ထမြောက်ရောင်းဝယ်ဖောက်ကားမှုအများဆုံး ငွေကြေးတစ်ရပ်ဖြစ်ပါသည်။ ဩဂုတ်လ ၁၁ နှင့် ၁၂ ရက်နေ့များ၌ စင်ကာပူဒေါ်လာနှင့် အမေရိကန်ဒေါ်လာတို့ကို လဲလှယ်ရောင်းဝယ်ရန် ချုပ်ဆိုသည့် ထပ်ဆင့်သက်ရောက်စာချုပ်များ (Derivative contracts) ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ(စင်ကာပူဒေါ်လာ ၂၀ ဒသမ ၉ ဘီလီယံ)အထိ တစ်ဟုန်ထိုးမြင့်တက်ခဲ့ကြောင်း Bloomberg ၏ စာရင်းပြုစုချက်၌ တွေ့ရှိရပါသည်။ စင်ကာပူသတင်းဌာနများမှ ဖော်ပြချက်များအရ ယခုနှစ်ကုန် စင်ကာပူဒေါ်လာငွေတန်ဖိုး ခန့်မှန်းချက်များနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ ယွမ်ငွေတန်ဖိုးလျှော့ချခဲ့မှုနောက်ပိုင်း HSBC ဘဏ်လုပ်ငန်းစုသည် အမေရိကန်ဒေါ်လာ တစ်ယူနစ်လျှင် ၁ ဒသ မ ၃၇စင်ကာပူဒေါ်လာနှုန်း တွက်ဆထားရှိမှုကို ၁ ဒသမ ၄၃ သို့ ပြင်ဆင်ခဲ့ကြောင်း၊ အလားတူ Commerz bank လုပ်ငန်းစုမှလည်း နှစ်ကုန် စင်ကာပူဒေါ်လာငွေတန်ဖိုးခန့်မှန်းချက်ကို လက်ရှိခန့်မှန်းထားသည်မှ ပြင်ဆင်လျှော့ချသွားမည်ဟုပြောဆိုခဲ့ကြောင်း လေ့လာဆန်းစစ်သူများအနေဖြင့် တရုတ်ဗဟိုဘဏ်၏ ရှေ့ဆက်လုပ်ကိုင်မည့် အခြေအနေကို မျက်ခြေမပြတ်စောင့်ကြည့်လျက်ရှိကြောင်း သိရှိရပါသည်။

**နေအေးလွင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

# ကိုရီးယား၏ NEET အချိုးသည် အိုအီးစီဒီ ၃၄ နိုင်ငံတွင် တတိယ အဆင့်ရှိနေ

ပညာသင်ကြားခြင်း၊ အလုပ်လုပ်ခြင်းနှင့်သင်တန်းတက်ရောက်နေခြင်းတို့လုပ်ဆောင်နေခြင်းမရှိသည့် လူငယ်များ (Not in Education, Employment, or Training) အချိုးအစားသည် ကိုရီးယားသမ္မတနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၂၉ နှစ်ကြား လူငယ်များ၏ ၁၆ ရာခိုင်နှုန်းရှိနေကြောင်း စစ်တမ်းတစ် ရပ်ကဖော်ပြခဲ့သည်။ ယင်းအချိုးအစားသည် အိုအီးစီဒီနိုင်ငံများကြားတွင် တတိယအမြင့်ဆုံး အချိုးအစားဖြစ်နေသည်။ အိုအီးစီဒီ၏ ဩဂုတ်လ ၄ ရက် နေ့ထုတ်ပြန်ချက်အရ ကိုရီးယားသမ္မတ နိုင်ငံ၏ ၂၀၁၃ ခုနှစ်က NEET အချိုး အစား သည် ၁၅ ဒသမ ၆ ရာခိုင်နှုန်း ဖြစ်ခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ၏ NEET အချိုးသည် အိုအီးစီဒီ၏ ပျမ်းမျှအချိုး ၈ ဒသမ ၂ ရာခိုင်နှုန်းထက်များစွာမြင့် မားနေပြီး၊ ကိုရီးယား၏အထက်တွင် တူရကီ (၂၄ ဒသမ ၉ ရာခိုင်နှုန်း)၊ မက္ကဆီကို (၁၈ ဒသမ ၅ ရာခိုင်နှုန်း)တို့သာရှိတော့သည်။ အခြားအဖွဲ့ဝင် နိုင်ငံများ၏ NEET အချိုးများမှာ အီတလီသည် (၁၄ ဒသမ ၄ ရာခိုင်နှုန်း)၊ ဟန်ဂေရီသည် (၁၁ ဒသမ ၃ ရာခိုင်နှုန်း)၊ အမေရိကန်ပြည်ထောင်စု (၁၀ ဒသမ ၈ ရာခိုင်နှုန်း)၊ အစ္စရေး (၁၀ ဒသမ သုည ရာခိုင်နှုန်း)တို့ဖြစ်ကြသည်။ အဖွဲ့ဝင်နိုင်ငံအများစု၏ NEET အချိုးများသည် ၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေကြေး ပြဿနာနောက်ပိုင်း စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးသွားခြင်းကြောင့် အချိုးများ တက်လာခဲ့ကြသည်။

ယာယီအလုပ်သမားများနှင့် NEETs များ၏ အချိုးအစားတို့သည် ကိုရီးယားသမ္မတနိုင်ငံတွင် အခြားနိုင်ငံ များထက်စာလျှင် အနည်းငယ်မြင့်တက်နေကြောင်း၊ ကိုရီးယားအလုပ်အကိုင် ဈေးကွက်က ရင်ဆိုင်နေရသည့် အခက်အခဲများ တစ်ဖြေးဖြေးကျဆင်းလာနေသော်လည်း ၂၀၁၂ ခုနှစ်နောက်ပိုင်း ကိုရီးယားလူငယ်အလုပ်လက်မဲ့နှုန်းများ မြင့်တက်နေကြောင်း၊ အိုအီးစီဒီ၏ အစီရင်ခံစာထဲတွင် ဖော်ပြပါရှိပါသည်။ ကိုရီးယားဗဟိုစာရင်းအင်းဌာန၏ စာရင်းဇယားများအရ ယခုနှစ် ဇွန်လတွင် လူငယ်အလုပ်လက်မဲ့နှုန်းသည် ၁၀ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပြီး၊ ၂၀၁၂ ခုနှစ် အလားတူကာလထက် ၇ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ Hyundai Economic Research Institute ၏အဆိုအရ ယခုလက်ရှိ NEETs များ၏ ၄၂ ဒသမ ၉ ရာခိုင်နှုန်းခန့်သည် တစ်နှစ်ထက်ပို၍ အလုပ်လက်မဲ့ဖြစ်နေကြသူများဖြစ်သည်ဟု သိရှိရပါသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး အရေးတကြီး လိုအပ်ကြောင်း မဒမ်ပတ်ပြောကြား

နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောသဖွယ်ဖြစ်သည့် ငွေကြေးလုပ်ငန်းကဏ္ဍအား ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန်မှာ အရေးတကြီးလိုအပ်လျက်ရှိကြောင်း၊ ကမ္ဘာ့ငွေကြေးပြဿနာများ တစ်မျိုးထက်တစ်မျိုးမရိုးအောင် ပေါ်ထွန်းလာခဲ့သည့်အလျောက် ကမ္ဘာ့ငွေကြေးလုပ်ငန်းကဏ္ဍတွင် ငွေရေးကြေးရေးလုပ်ငန်းနည်းပညာ (fintech) သည်လည်း အပြောင်းအလဲများစွာဖြင့် တိုးတက်ပြောင်းလဲလျက်ရှိကြောင်း၊ ကိုရီးယား၏ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများသည် ယင်းအပြောင်းအလဲကို အမီမလိုက်နိုင်ပါက မျိုးတုံးပျောက်ကွယ်သွားမည်သာဖြစ်ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတမဒမ်ပတ်က ဩဂုတ်လ ၁၆ ရက်နေ့ ပုံမှန်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပထမဦးစွာ သမားရိုးကျ ဘဏ်လုပ်ငန်းဖြစ်သည့် အပေါင်ပစ္စည်းလိုအပ်ခြင်း၊ ပူးတွဲလက်မှတ်ရေးထိုးထောက်ခံမည့်သူလိုအပ်ခြင်းစသည့် ဘဏ်များက ကိုယ့်ကိုကိုယ်ကာကွယ်ထားသော အချက်များကို အစိုးရက ဖယ်ရှားသွားရန် ကြိုးစားမည်ဖြစ်ကြောင်း၊ ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်လာပြီဆိုပါက စွန့်ဦးတီထွင်စီးပွားရေး လုပ်ငန်းရှင်များအတွက် သင့်လျော်ကောင်းမွန်သည့် အရင်းအနှီးထုတ်ချေးနိုင်ရန်သာ ဘဏ်များက ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း သမ္မတကထပ်မံပြောကြားခဲ့သည်။

ကိုရီးယားငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင်Crowd funding (စုပေါင်းရန်ပုံငွေထူထောင်ခြင်း)၊ Internet-only bank (အင်တာနက်မှသာ ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်း) အမှုအကျင့်များကို ထူထောင်သွားမည်ဖြစ်သည်။ ကိုရီးယားစီးပွားရေး အရှိန်အဟုန်ဖြင့် ပြန်လည်တိုးတက်လာစေရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအပါအဝင် ဆေးပညာလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ပညာရေးကဏ္ဍများကိုပါ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သမ္မတမဒမ်ပတ်က ပြောကြားခဲ့ပါသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဆိုးလ်မြို့**

# နယ်သာလန်နိုင်ငံ၏စီးပွားရေး အပြည့်အဝနီးပါး ပြန်လည်နာလန်ထူ

၂၀၁၅ ခုနှစ် ပထမသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ဒုတိယသုံးလပတ်တွင် နယ်သာလန်နိုင်ငံ၏ စီးပွားရေးသည် သုည ဒသမ ၁ ရာခိုင်နှုန်းခန့် တိုးတက်လာသဖြင့် နယ်သာလန်နိုင်ငံ၏ စီးပွားရေးသည် အပြည့်အဝနီးပါး ပြန်လည်နာလန်ထူလာနေပြီဖြစ်ကြောင်း နယ်သာလန်စာရင်းအင်းရုံးက ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# အီးယူ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လျက်ရှိ

၂၀၁၅ ခုနှစ် ပထမသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ဒုတိယသုံးလပတ်တွင် အီးယူ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) သည် သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယူရိုဇုန်၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) သည် သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အီးယူစာရင်းအင်းရုံးက ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အဂတိလိုက်စားမှုဖြင့် တောင်ကိုရီးယားလွှတ်တော်အမတ်အား ဖမ်းဆီး

ကိုရီးယားသမ္မတနိုင်ငံ၏အတိုက်အခံပါတီ (the New Politics Alliance for Democracy-NPAD) မှ လွှတ်တော်အမတ် Park Ki-choon အား ဩဂုတ်လ ၁၄ ရက်နေ့က လာဘ်စားမှုဖြင့် ဖမ်းဆီးခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ Mr.Park အား ဖမ်းဆီးရန်အတွက် အမျိုးသားလွှတ်တော်တွင် ဩဂုတ်လ ၁၃ ရက်နေ့က မဲခွဲဆုံးဖြတ်ရာ ၁၈၇ မဲ၊ ၈၉ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

လွှတ်တော်အစည်းအဝေး အမှတ်စဉ် (၁၉) ခုမြောက်အတွင်း ဖမ်းဆီးခံရသော လွှတ်တော်အမတ်ဦးရေ ငါးဦးအထိရှိခဲ့သည်။ အခြားဖမ်းဆီးခံရသည့် လွှတ်တော်အမတ် လေးဦးတို့မှာ အာဏာရပါတီ (Saenuri Party)မှ Park Sang-eun နှင့် Cho Hyun-ryong အတိုက်အခံပါတီမှ Kim Jae-yun နှင့်ဖျက်သိမ်းလိုက်သည့် ပါတီ (Progressive party) မှ Lee Seok-ki တို့ဖြစ်ကြသည်။

တိုက်ခန်းရောင်းချသည့် အေဂျင်စီ၏ အကြီးအကဲဖြစ်သူ Kim မျိုးရိုးအမည်ရှိသည့် စီးပွားရေးသမား တစ်ဦးသည် ၎င်း၏လုပ်ငန်းအား နိုင်ငံရေးနည်းလမ်းအရ အကာအကွယ်ပေးရန် အလို့ငှာ Mr. Park အား ဝမ် ၃၅၈ သန်းတန်ဖိုးရှိသည့် ငွေသားနှင့်အဖိုးတန်ပစ္စည်းများ လာဘ်ထိုးခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ အဖိုးတန်ပစ္စည်းများတွင် တန်ဖိုးကြီး လက်ပတ်နာရီခုနစ်လုံး၊ တန်ဖိုးကြီး လက်ကိုင်အိတ်နှစ်လုံးနှင့် အနှိပ်ကုတင်တစ်လုံးတို့ ပါဝင်သည်။ အစောပိုင်း စစ်ဆေးချက်အရ Mr.Park သည် ငွေကြေး၊ နာရီများနှင့်လက်ကိုင်အိတ်များကို သူ၏လက်ထောက်မှ တစ်ဆင့် Kim အား ပြန်လည် ပေးအပ်ခိုင်းခဲ့သည်ဟုဆိုသည်။ သို့သော် အစိုးရရှေ့နေက စစ်ဆေးရာတွင် Mr. Park ၏ လက်ထောက်သည် အဆိုပါ ပစ္စည်းများပေါ်ရှိ Mr.Park ၏ လက် ဗွေရာများကို Kim အားဖျက်ဆီးခိုင်းခဲ့ ကြောင်းတွေ့ရှိခဲ့သည်ဟု အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

Mr.Park သည် ၂၀၁၃ ခုနှစ်ကတည်းက ကိုရီးယားတစ်နိုင်ငံလုံး၏ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍကို စောင့်ကြပ်ကြည့်ရှုနေသည့် လွှတ်တော်၏ မြေယာ၊ အခြေခံအဆောက်အအုံနှင့်သယ်ယူပို့ဆောင်ရေးကော်မတီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်နေခဲ့သဖြင့် Kim ၏ စီးပွားရေးလုပ်ငန်းအား အကူအညီပေးရန်အတွက် လာဘ်ထိုးခဲ့သည်ဟု တရားစီရင်ရေးဌာနက ယူဆခဲ့သည်။ စုံစမ်းစစ်ဆေးမှု စတင်ကတည်းက Mr. Park သည် Kim ထံမှ ငွေကြေးကို လက်ခံခဲ့ကြောင်း ဝန်ခံခဲ့သော်လည်း သူ၏လွှတ်တော်အမတ်ရာထူးကို သုံး၍ တရားစွဲ ဆိုမှုကို ငြင်းဆို ခဲ့ သည်။ သို့သော် အမျိုးသားလွှတ်တော်မှ မဲခွဲဆုံးဖြတ်ပြီးနောက် Mr.Park သည် အတိုက်အခံပါတီမှ နှုတ်ထွက်ခဲ့ရသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ကိုရီးယားသမ္မတနိုင်ငံ၏ နိုင်ငံခြား အရန်ငွေကြေးပမာဏ ဇူလိုင်လအတွင်းလျော့နည်း

ယခုနှစ် ဇူလိုင်လတွင် ကိုရီးယား သမ္မတနိုင်ငံ၏ အရန်နိုင်ငံခြားငွေ (foreign reserve) သည် ခြောက်လအတွင်း ပထမဆုံးအကြိမ် ပမာဏကျဆင်းသွားခဲ့သည်။ ကိုရီးယားဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ယခင်လက အရန်နိုင်ငံခြားငွေသည် အမေရိကန် ဒေါ်လာ ၃၇၀ ဒသမ ၈ ဘီလီယံရှိခဲ့ ပြီး၊ ဇူလိုင်လတွင်မူအမေရိကန်ဒေါ်လာ လေးဘီလီယံခန့် ကျဆင်းသွားသည်ဟု သိရှိရသည်။ ယင်းသို့ကျဆင်းရခြင်းမှာ အမေရိကန်ဒေါ်လာ အားကောင်းလာခြင်းကြောင့် ဒေါ်လာမဟုတ်သည့် အခြားငွေကြေးများဖြင့် လဲလှယ်ရာတွင် အခြားငွေကြေးတန်ဖိုးများ ကျဆင်းရခြင်းကြောင့်ဖြစ်သည်။

ဇူလိုင်လတွင် အမေရိကန် ဒေါ်လာနှင့်ယှဉ်လျှင် ဩစတြေးလျဒေါ်လာသည် ငါးရာခိုင်နှုန်းတန်ဖိုးကျ ဆင်း၍ ယူရိုငွေသည် ၂ ဒသမ ၅ ရာခိုင်နှုန်းတန်ဖိုးကျဆင်းပြီး၊ ပေါင်စတာလင်ငွေသည် တစ်ရာခိုင်နှုန်းခန့် တန်ဖိုးတက်ခဲ့သည်။ ယခုနှစ် ဇူလိုင်လ စာရင်းအရ ကိုရီးယားသမ္မတနိုင်ငံသည် အရန်နိုင်ငံခြားငွေ ထားရှိမှုပမာဏတွင် ကမ္ဘာတွင် ဆဋ္ဌမမြောက်အများဆုံးနိုင်ငံ ဖြစ်ပြီး၊ တရုတ်နိုင်ငံသည် ပထမအများဆုံး ၎င်းနောက်ဂျပန်နှင့်ဆော်ဒီ အာရေဗျနိုင်ငံတို့ဖြစ်ကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ယွမ်ငွေတန်ဖိုးလျှော့ချခြင်းကြောင့် ဘတ်ငွေတန်ဖိုးအားပျော့လာ

တရုတ်နိုင်ငံမှ ယွမ်ငွေကြေး တန်ဖိုးလျှော့ချလိုက်ခြင်းသည် ကမ္ဘာ့အနှံ့ရှိ ငွေကြေးများနှင့် ငွေကြေးဈေးကွက်များကို အံ့အားသင့် တုန်လှုပ်သွားစေခဲ့ပြီးနောက် ဘတ်ငွေတန်ဖိုးသည် ဩဂုတ်လ ၁၁ ရက်နေ့က ထိုးကျသွားခဲ့ပါသည်။ ဘတ်ငွေတန်ဖိုးသည် အမေရိကန်တစ်ဒေါ်လာလျှင် ၃၅ ဒသမ ၀၉ဘတ်မှ ၃၅ ဒသမ ၃၈ ဘတ်သို့ ကျဆင်းခဲ့ပါသည်။

သို့ရာတွင် ဘတ်ငွေတန်ဖိုး သုည ဒသမ ၇၉ ရာခိုင်နှုန်း ကျဆင်းခြင်းသည် အခြားသော အာရှငွေကြေး ကျဆင်းခြင်းများနှင့်နှိုင်းယှဉ် ပါက နည်းပါးသည်ဟု ဆိုနိုင်ပါသည်။ ယွမ်ငွေ တန်ဖိုးသည် ၁ ဒသမ ၈၆ ရာခိုင်နှုန်း ကျဆင်း၍ အမေရိကန်တစ်ဒေါ်လာ လျှင် ၆ ဒသမ ၃၂၅ ယွမ် ဖြစ်ခဲ့ပါသည်။ အဆိုပါနှုန်းသည် တရုတ်နိုင်ငံ ဗဟို ဘဏ်မှ ခွင့်ပြုထားသည့် ရည်ညွှန်းဈေးနှုန်း (Reference-price) ၆ ဒသမ ၂၂၉၈ သတ်မှတ်ချက်၏ နှစ်ရာခိုင်နှုန်း အတွင်းမှာပင်ရှိနေပါသည်။ စင်ကာပူဒေါ်လာသည် ၁ ဒသမ ၃၁ ရာခိုင်နှုန်း ထိုးကျသွားသကဲ့သို့ ကိုရီးယားဝမ်သည်လည်း ၁ ဒသမ ၃၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ထိုင်ဝမ်ဒေါ်လာ သည် ၁ ဒသမ ၂၇ ရာခိုင်နှုန်းကျဆင်း၍ ဩစတြေးလျဒေါ်လာသည် ၁ ဒသ မ ၁၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ပြည်ပတင်ပို့မှုသည် ဇူလိုင်လ၌ ငါးလဆက်တိုက် မြောက်အဖြစ် ကျဆင်းခဲ့ပြီးနောက် ရက်အနည်းငယ်အတွင်း တရုတ်နိုင်ငံ ဗဟိုဘဏ်မှ ၎င်း၏ ရည်ညွှန်းဈေးနှုန်းကို ၁ ဒသမ ၉ ရာခိုင်နှုန်းလျှော့ချခဲ့ ပါသည်။ တရုတ်နိုင်ငံ၏ အံ့ဩဖွယ်ကောင်းသော ဆောင်ရွက်မှု (ဆုံးဖြတ်ချက်) သည် အာရှစတော့ဈေးကွက်ကို ဆွဲချသွားခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တန်ဖိုးလျှော့နည်းသွားသော ယွမ်ငွေသည် ပြည်ပတင်ပို့မှု ဦးဆောင်သော နိုင်ငံများအား ခြိမ်းခြောက်လာလိမ့်မည်ဟု စိုးရိမ်ကြသောကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

ယွမ်ငွေတန်ဖိုးလျှော့ချခြင်းသည် ထိုင်းနိုင်ငံအပါအဝင် ပြည်ပတင်ပို့မှုအပေါ် မှီခိုနေသော နိုင်ငံများအတွက် အကျိုးရှိစေနိုင်ကြောင်း၊ တရုတ်နိုင်ငံ၏ ပြည်ပတင်ပို့မှု မြင့်တက်ခြင်းနှင့်အတူ ၎င်း၏ ကုန်ကြမ်းဝယ်လိုအား မြင့်တက်လာနိုင်ကြောင့် ဖြစ်ကြောင်း ဘဏ္ဍာရေးမူဝါဒဌာန ညွှန်ကြားရေးမှူးချုပ် Mr. Krisada ကပြောကြားခဲ့ပါသည်။ တရုတ်ယွမ်ငွေတန်ဖိုး အားပျော့သွားခြင်းသည် ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုအပေါ် ဆိုးကျိုးထက် ကောင်းကျိုး ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟုလည်း မျှော်လင့်ကြပါသည်။ တရုတ်နိုင်ငံ၏ ရော်ဘာ၊ ပီလောပီနံစသည့် လယ်ယာ ထွက်ကုန်ပစ္စည်းများ တင်သွင်းမှုမြင့်တက်အောင် လှုံ့ဆော်ပေးနိုင်သော ကြောင့် ဖြစ်ပါသည်။

ယခုနှစ်ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံသို့ ထိုင်းနိုင်ငံ၏ တင်ပို့မှုသည် ဘတ် ၁ ဒသမ ၀၆ ထရီလီယံရှိရာ ထိုင်းနိုင်ငံ၏ စုစုပေါင်း ပြည်ပတင်ပို့မှု ၏ ၁၄ ဒသမ ၈ ရာခိုင်နှုန်းခန့် ဖြစ်ပါ သည်။ ပြီးခဲ့သည့်နှစ်၌ တရုတ်နိုင်ငံသို့ ထိုင်းနိုင်ငံ၏ တင်ပို့မှုသည် ဘတ် ၂ ဒသမ ၀၆ ထရီလီယံရှိခဲ့ပြီး စုစုပေါင်း ပြည်ပတင်ပို့မှု၏ ၁၄ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ယွမ်ငွေတန်ဖိုးလျှော့ချခြင်းသည် ဒေသတွင်း ငွေကြေးတန်ဖိုးများ ကျဆင်းမှုကို အစပျိုးပေးခဲ့ကြောင်း၊ ငွေကြေးဈေးကွက်များအနေဖြင့် အာရှနိုင်ငံများသည် တရုတ်နိုင်ငံနှင့်ကုန် သွယ်မှုပမာဏများသည်ကို ထည့်သွင်း စဉ်းစားကြသောကြောင့် ဖြစ်ကြောင်း ထိုင်းနိုင်ငံဗဟိုဘဏ်လက်ထောက် ဥက္ကဋ္ဌ Ms. Chantavarn ကပြောကြားခဲ့ပါသည်။

ယွမ်ငွေအားပျော့ခြင်းသည် တရုတ်နိုင်ငံ၏ ပြည်ပတင်ပို့မှုအတွက် ယှဉ်ပြိုင်မှုစွမ်းအား ပိုမိုမြင့်တက်စေနိုင်ကြောင်း အထူးသဖြင့် ကား၊ မော်တော် ဆိုင်ကယ်၊ လျှပ်စစ်ပစ္စည်းများ တင်ပို့မှုတွင် ယှဉ်ပြိုင်မှုစွမ်းအား မြင့်တက်လာ နိုင်ကြောင်း ယွမ်ငွေတန်ဖိုးသာမက ဘတ်ငွေတန်ဖိုးလည်း အားပျော့နေခြင်းသည် ထိုင်းနိုင်ငံ၏ ရော်ဘာ၊ ပီလောပီနံ၊ စားသောက်ကုန်၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရန် လိုအပ်သော ကုန်ကြမ်းများ တင်ပို့မှုအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း သုံးသပ်ကြပါသည်။

ယွမ်ငွေတန်ဖိုး ထပ်မံကျဆင်းပါက တရုတ်နိုင်ငံသည် ပြည်ပခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဟု ယူဆရပါသည်။ သို့ဖြစ်ရာ ယွမ်ငွေတန်ဖိုးကျ ဆင်းခြင်းသည် တရုတ်နိုင်ငံအတွက် ပြည်ပတင်ပို့မှုမှသာမက ခရီးသွားလုပ်ငန်းမှပါ ဝင်ငွေ ပိုမိုရရှိစေမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံ အစိုးရအနေဖြင့် နိုင်ငံခြားငွေလဲလှယ်မှု၏ အကျိုးသက်ရောက်မှုကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဗဟိုဘဏ်သည် ပြည်ပသို့ တင်ပို့မှုနှင့်ပြည်ပမှ တင်သွင်းမှုတို့ကို သင့်လျော်သော အနေအထားတွင် ဟန်ချက်ညီနေစေရန် ထိုင်းဘတ်ငွေကြေးကို စီမံနိုင်စွမ်းရှိကြောင်း ဒုတိယ ဝန်ကြီးချုပ် Mr. Pridiyathorn ကပြော ကြားခဲ့ပါသည်။

ယွမ်ငွေတန်ဖိုး ကျဆင်းခြင်းသည် တရုတ်ကုန်စည် ဈေးနှုန်းများကို ပိုမိုဆွဲဆောင်မှုရှိစေ (သက်သာစေ) မည်ဖြစ်သောကြောင့် ထိုင်းနိုင်ငံအပါအဝင် အခြားသော အာဆီယံနိုင်ငံများသို့ တရုတ်နိုင်ငံ၏ တင်ပို့မှုသည် မြင့်တင်လာမည်ဟုလည်း ခန့်မှန်းထားကြပါသည်။ ထို့ပြင် ထိုင်းနိုင်ငံ ခရီးသွား လုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သော်လည်း အဆိုပါ အကျိုးသက် ရောက်မှုသည် ကာလတိုသာ ဖြစ်လာနိုင်ကြောင်း ထိုင်းခရီးသွားလုပ်ငန်း ကိုယ်စားလှယ်များအသင်း၏ အကြံပေးပုဂ္ဂိုလ် Mr. Sisdivachr ကသုံးသပ်ခဲ့ပါသည်။

ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး Ms.Kobkarn က ယွမ်ငွေတန်ဖိုးကျဆင်း ပြီးနောက်ပိုင်းတွင် တရုတ်ခရီးသွားများအား ဆွဲဆောင်နိုင်ရန် ဈေးနှုန်းများ တည်ငြိမ်မှုကို ထိန်းထားရန် ထိုင်းခရီးသွားလုပ်ငန်းရှင်များအား တိုက်တွန်းထားပါသည်။

ခရီးသွားလုပ်ငန်း ကိုယ်စားလှယ် များအနေဖြင့် ဖောက်သည်များကို ဆွဲဆောင်ရန် ဈေးနှုန်းလျှော့ချခြင်း ပြုလုပ်ပါက ၎င်းတို့၏ အမြတ်ရရှိနိုင်မှု လျော့နည်းသွားပြီး အခက်အခဲများ တွေ့ကြုံရနိုင်ကြောင်း တရုတ်ခရီးသွားဧည့်သည်များသည် ထိုင်းနိုင်ငံသို့ ယခင်အတိုင်း ဆက်လက် လာရောက်လည်ပတ်မည်ဟု ယုံကြည်ကြောင်းလည်း Ms.Kobkarn မှ ပြောကြားခဲ့ပါသည်။

အမေရိကန်ဗဟိုဘဏ်မှ လာ မည့်လတွင် အတိုးနှုန်းမြှင့်တင်မည့် လက္ခဏာရှိခြင်းကြောင့် ဘတ်ငွေတန်ဖိုးကို ကျဆင်းစေခဲ့ပြီးဖြစ်ပါသည်။ လက်ရှိ ဘတ်ငွေတန်ဖိုးသည် အနေအထား ပြောင်းပြန် (တန်ဖိုးကျဆင်းသည့် လမ်းကြောင်းသို့ ဦးတည်နေခြင်း) ဖြစ်နေပြီဖြစ်ကြောင်း သို့မဟုတ် rate reversal မှာ ရှိနေပြီဖြစ်ကြောင်း သုံးသပ်ကြပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး Mr. Sommai မှလည်း မူဝါဒအတိုးနှုန်းသို့မဟုတ်စံ အတိုးနှုန်း လျှော့ချခြင်းသည် ငွေစု ဆောင်းသူများအား ထိခိုက်စေနိုင်သည်ဟု ပြောကြား၍ ဘတ်ငွေတန်ဖိုးအား ပျော့စေရန် မူဝါဒအတိုးနှုန်း နောက်ထပ်လျှော့ချခြင်းကို သဘောမတူခဲ့ကြောင်း သိရှိရပါသည်။

ယွမ်ငွေတန်ဖိုး လျှော့ချခြင်းကြောင့် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုများသော နိုင်ငံများအပေါ် အကျိုးသက်ရောက်မှုရှိမည်မှာ သေချာပါသည်။ သို့ရာတွင် ကောင်းကျိုးသို့မဟုတ် ဆိုးကျိုးသက်ရောက်မည့်အချက်နှင့် အကျိုးသက်ရောက်မှုရှိမည့်အတိုင်းအတာမည်မျှရှိမည် ဆိုသောအချက်မှာ အဆိုပါနိုင်ငံ၏ အခြေ အနေအပေါ်တွင်သာ မူတည်ပါသည်။ တရုတ် နိုင်ငံသို့ တင်ပို့မှုကိုသာ အားထားရပ်တည်နေသော နိုင်ငံအတွက် ထိခိုက်မှုရှိနိုင်ခြေများပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# စိန်တလုံးသရက်

# စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူပိုင်ခွင့်ဆိုင်ရာ [illegible]

|သန်းသန်းတင် - မုံရွာ|



စိန်တလုံးသရက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲကျေးရွာ ဘုံစက်ဘုန်းတော်ကြီးကျောင်း၌ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံသစ်သီးဝလံ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ခိုင်လင်းတို့က ဆောင်ရွက်ပြီး၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှပညာရှင်များ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်များမှ မြန်မာနိုင်ငံသစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သရက် စိုက်ပျိုးထုတ်လုပ်သူ(သရက်ခြံပိုင်ရှင်)၁၀၀ကျော်အပါအဝင် စုစုပေါင်း ၁၇၂ ဦး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါတယ်။

ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ၏ လမ်းညွှန်မှုဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှကြီးမှူး၍ သရက်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ အရောင်းအဝယ်ပြုလုပ်သည့် လုပ်ငန်းရှင်များ ညီညွတ်မျှတစွာအကျိုးဖြစ်ထွန်းရေး၊ စစ်ကိုင်းစိန်တလုံးသရက်ဟူ၍ ပြည်တွင်း၊ ပြည်ပဈေးကွက် အခိုင်အမာရရှိရေးတို့အတွက် ရည်ရွယ်၍ ဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ပြီး ပညာရှင်များနှင့် Export လက်တွေ့လုပ်ကိုင်နေသည့် ကုမ္ပဏီလုပ်ငန်းရှင်များအား ဖိတ်ကြားပြီး ဒီပဲယင်းကွဲကျေးရွာရှိ သရက်စိုက်ပျိုးထုတ်လုပ်သူတောင်သူများအပါအဝင် စစ်ကိုင်းတိုင်းအတွင်းရှိ သစ်သီးဝလံ အသင်းဝင်များအား ယခုလက်တွေ့လုပ်ကိုင်နေသည့် လုပ်ငန်းအတွေ့အကြုံများ၊ ပြဿနာများ၊ စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြပြီး သရက်သီးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ရှေ့ဆက်လက်ဆောင် ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

## ဈေးကွက်တည်ငြိမ်ရန်အတွက် အရည်အသွေးကောင်းလျှင် ဈေးပိုရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသို့တင်ပို့ရာတွင် အာဆီယံ **GAP**လက်မှတ် (သို့မဟုတ်) **EU**(ဂလိုဘယ်) **GAP**လက်မှတ်ပေးနိုင်အောင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး သစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က တင်ပြဆွေးနွေးရာတွင် စစ်ကိုင်းတိုင်းအနေနဲ့ ထုပ်ပိုးမှုစနစ်အားနည်းခြင်း၊ ပို့ဆောင် ရာတွင် ကိုင်တွယ်မှုအားနည်း၍ မူလအရည်အသွေးပျက်စီးကာ တန်ဖိုးနိမ့်ကျခြင်း၊ ဈေးကွက်တည်ငြိမ်မှုမရှိခြင်း၊ ဝယ်သူဈေးကွက်ဖြစ်နေခြင်းတို့ တွေ့ကြုံနေရ၍ ထုပ်ပိုးမှုနည်းပညာနှင့် GAP သင်တန်းများဖွင့်လှစ်ပို့ချပေးပါရန် တင်ပြခြင်းအပေါ် မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ ဥက္ကဋ္ဌမှ GAP သင်တန်းဖွင့်လှစ်ပို့ချပေးနိုင်ပါကြောင်း၊ သင်တန်းနေရာနှင့်သင်တန်းသားများ စုဆောင်းပေးရန်၊ လိုချင်တဲ့ကဏ္ဍများ ဖြစ်သော အော်ဂဲနစ်၊ GAP၊ ကိုင်းကူးကိုင်းဆက်ပညာများကို ပြည်တွင်းဆရာများသာမက နိုင်ငံခြားဆရာများနှင့်လည်း ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ ဈေးကွက်တည်ငြိမ်ရန်အတွက် အရည်အသွေး ကောင်းလျှင် ဈေးပိုရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသို့တင်ပို့ရာတွင် အာဆီယံ GAPလက်မှတ် (သို့မဟုတ်) EU(ဂလိုဘယ်)GAPလက်မှတ်ပေးနိုင်အောင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ပြန်လည် ရှင်းလင်းပြောကြားခဲ့ ပါတယ်။

မန္တလေးတိုင်းဒေသကြီး သစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ(သဇင်နွယ်သရက်ခြံ)က သရက်သီးတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများ တင်ပြဆွေးနွေးရာတွင် တရုတ်ပြည်သို့သရက်သီးတင်ပို့ရာ၌ ဈေးနှုန်းမတည်ငြိမ်ခြင်းနှင့် သရက်သီးများ လေလွင့်ဆုံးရှုံးခြင်းများမဖြစ်အောင် Value Added လုပ်ငန်းများ လုပ်ကိုင်ရန်လိုကြောင်း၊ မြန်မာ့သရက်ကို ကမ္ဘာက သိအောင်လုပ်ဖို့လိုကြောင်း၊ Export Quality တက်အောင် အရည်အသွေးကောင်းရမည်၊ Certificate ရှိရမည်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဗဟိုသစ်သီးဝလံအသင်းတို့ရဲ့ အကူအညီဖြင့် နိုင်ငံခြားသို့သွားရောက်ပြသရန်လိုပါကြောင်း၊ အားလုံးပူးပေါင်းပါဝင်မှ စီးပွားတိုးတက်လာ မည်ဖြစ်ကြောင်း၊ သရက်သီးအခွံကို သဘာဝမြေဩဇာ လုပ်၊ အသားကို Value Added အမျိုးမျိုးပြုလုပ်၊ အစေ့ကိုပျိုးပင်အဖြစ်ပျိုးရောင်းပါက ၃၀၀ ကျပ်ရရှိကြောင်း၊ Value Added ကို မှတ်ပုံတင်ထားရန်နှင့် Value Added သင်တန်းတက်လိုပါက လာရောက်ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်းပြောကြားပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ခိုင်လင်းက စိန်တလုံးသရက် မူပိုင်ခွင့်ရရှိရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့ ပတ်သက်တဲ့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကဏ္ဍများကို ရှင်းလင်းပြော ကြားခဲ့ရာ ဈေးကွက်ယှဉ်ပြိုင်မှုကို လက်ဦးမှုရယူရန် မူပိုင်ခွင့်ကို ရယူထားရမည်ဖြစ်ကြောင်း၊ ဈေးကွက်တွင် ပြိုင်ဆိုင်မှုများရှိလာနိုင်သဖြင့် ပြိုင်ဖက်ကိုတရားသောနည်းဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုသည်မှာ အသိဉာဏ်ကိုအသုံးပြု၍ တီထွင်ဖန်တီးထုတ်လုပ်လိုက်သောအရာများအား ပိုင်ဆိုင်ခွင့်ကိုဆိုလိုကြောင်း၊ စက်မှုပစ္စည်းမူပိုင်ခွင့်တွင် တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်၊ ပထဝီဆိုင်ရာအညွှန်းဟူ၍ လေးမျိုးရှိကြောင်း၊ ဒီပဲယင်းကွဲသရက်နှင့်သက်ဆိုင်သော ပထဝီဆိုင်ရာအညွှန်း GI (Geographical Indication) အကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားပြီး ပထဝီဆိုင်ရာအညွှန်း GI လျှောက်ထားရန်အတွက် ဆောင်ရွက်ထားရမည့် လုပ်ငန်းစဉ်များကို ပြောကြားပါတယ်။ ဥရောပ (EU)ရဲ့ စီးပွားရေးသည် GI ဖြင့် တိုးတက်နေတာဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်သို့ တင်ပြထားပြီး ဥပဒေထွက်ပေါ်လာပါက မိမိတို့ဌာနမှ မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေး မည်ဖြစ်ကြောင်း၊ GI မှတ်ပုံ တင်ခြင်းသက်တမ်းသည် ၁၀ နှစ်ဖြစ်ပြီး၊ ၁၀ နှစ် တစ်ကြိမ် သက်တမ်းတိုးရမည်ဖြစ်ကြောင်း သက်တမ်းတိုးနေပါက မိမိတို့၏ သားစဉ်မြေးဆက် ဆက်လက်သုံးစွဲနိုင်ပါကြောင်း၊ ပထဝီဆိုင်ရာ အညွှန်း GI နှင့် ကုန်အမှတ်တံဆိပ် Trade Mark တို့ခြားနားခြင်း အကြောင်းကိုလည်း ဆက်လက်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါတယ်။

မြန်မာ့ရွှေသစ်သီးဝလံကုမ္ပဏီ ဒါရိုက်တာဒေါ်လဲ့လဲ့ဦးက သရက်သီးအရောင်းအဝယ်စနစ်များ ဖွံ့ဖြိုးတိုး တက်ရေးနှင့် ပြည်တွင်းပြည်ပဈေးကွက်အခြေအနေများရှင်းလင်းပြောကြားခဲ့ရာတွင် သီးနှံလေလွင့်ဆုံးရှုံးမှုများ လျှော့ချရေး၊ Food Safety နဲ့ သီးနှံအရည်အသွေးစံချိန်စံညွှန်းမြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းပေါ်ပေါက်ရေးနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက် ပေါ်ရောက်ရှိအောင် ထိုးဖောက်နိုင်ရေး တို့အတွက် Myanmar Golden Produce Co,Ltd. အနေဖြင့် ဆောင်ရွက်ခဲ့ရာ ပြည်တွင်းဈေးကွက်သာမက နိုင်ငံခြားဈေးကွက်ဖြစ်သော စင်္ကာပူနှင့် ဟောင်ကောင်သို့ အများဆုံး တင်ပို့ပြီး ကိုရီးယား၊ ဂျပန်၊ လက်ဘနွန်၊ ယူကရိန်း၊ ဒူဘိုင်းအထိ တင်ပို့ရောင်းချပါကြောင်း၊ စိန်တလုံး သရက်ဝယ်ယူရသည့် အချိန်သည် ၁၅ ရက်နဲ့ ၂၀ရက်အတွင်း ဝယ်ယူပြီး ဈေးကွက်သို့ မြန်မြန်ရောက်ရှိအောင် ပို့ရပါကြောင်း၊ ဒါကြောင့် အအေးခန်းတွေ ထားရှိရန် လိုအပ်ပါကြောင်း၊ ဝယ်လက်ကလိုချင်တဲ့ အမှာစာပုံစံအတိုင်း ထုပ်ပိုးပြင်ဆင်ရခြင်း၊ Value Added ပြုလုပ်၍ ပေးပို့ခြင်းများဖြင့် ရရှိတဲ့အခွင့်အလမ်းကိုအမိအရ ယူရပါကြောင်း၊ ဈေးကွက်ရရှိရေးကို တစိုက်မတ်မတ် ဆောင်ရွက်ရပါကြောင်း၊ စစ်ကိုင်းတိုင်းသည် ရေမြေကောင်းတဲ့အတွက်ထွက်ရှိတဲ့ သရက်သီးများသည် အရည်အသွေးကောင်း၊ အရသာကောင်းကြောင်း သရက် စိုက်တောင်သူများ အနေနဲ့ စိန်တလုံးသရက်သီးတစ်မျိုးတည်းကိုသာ စိုက်ပျိုးခြင်းမဟုတ်ဘဲ အခြားမျိုးများဖြစ်သော ရင်ကွဲ၊ မြသဘက်၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ အောင်ဒင်စသည် တို့ကိုလည်း တွဲဖက်စိုက်ပျိုးရန် ဆွေးနွေးပြောကြားခဲ့ပါတယ်။

သရက်မူပိုင်ခွင့်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များဖတ်ကြားသည့် စာတမ်းများအပေါ် သရက် စိုက်ပျိုးထုတ်လုပ်သူတောင်သူများက အပြန်အလှန်ဆွေးနွေးကာ ဆွေးနွေးဖော်ထုတ်ချက်ရလဒ်များကို သဘာပတိအဖွဲ့နှင့် ဆွေးနွေးပွဲတက်ရောက်သူအားလုံးတို့၏ သဘောတူညီချက်အရ ဆုံးဖြတ်ချက်(၉)ချက်ချမှတ်ပြီး သက်ဆိုင်သူများမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်ဆုံးဖြတ်ကာ စိန်တလုံးသရက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသည့်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိပါတယ်။

# မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဆန်စျေးနှုန်း တည်ငြိမ်ရေးအတွက် ဆန်အရောင်းဆိုင်များ ဖွင့်လှစ်

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှကြီးမှူး၍ ရေဘေးသင့်ပြည်သူများသို့ လူမှုရေးအသင်းအဖွဲ့များက စျေးနှုန်းသက်သာစွာဖြင့် ဝယ်ယူလှူဒါန်းနိုင်ရန် ရည်ရွယ်၍ ရန်ကုန်/မန္တလေးမြို့ကြီးများအပါအဝင်ခရိုင်မြို့ကြီးများတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဆန်လက်လီလက်ကားအရောင်းဆိုင် ၁၉ ဆိုင်ဖွင့်လှစ်၍ ပြည်သူများသို့ ဆန်များရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မန္တလေးဆန်စပါးကုန်စည်ဒိုင်တို့ ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများသို့ လှူဒါန်းနိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဆန်လက်လီလက်ကားအရောင်းဆိုင်ကို ဩဂုတ် ၁၀ ရက်နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄ လမ်းနှင့် ၃၅ လမ်းကြား ၈၆ လမ်းနှင့် ၈၇ လမ်းကြား အောင်နန်း အနောက်ရပ်ကွက်ဆန်စပါးကုန်စည်ဒိုင်တွင် ကျင်းပရာမန္တလေးမြို့ရှိဆန်ရောင်းဝယ်သူလုပ်ငန်းရှင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးချမ်းသာဦးက အရောင်းဆိုင်ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မန္တလေးဆန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်ကရေဘေးသင့်ပြည်သူများသို့ လှူဒါန်းနိုင်ရေးအတွက် တစ်နေရာတည်းတွင် စျေးနှုန်းမှန်ကန်စွာဖြင့် ဆန်မျိုးစုံရောင်းချပေးမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ဆန်အိတ်သုံးသောင်းကျော်အား မန္တလေးမြို့ရှိလူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများသို့ ဆန်စပါးအသင်းချုပ်မှ ရောင်းချပေးရာ ပေါ်ဆန်မွှေး အိုးဝင် ပိဿာ ၃၀ ပါတစ်အိတ် ကျပ် ၃၃၀၀၀၊ ဧရာမင်းအိုးဝင် ပိဿာ ၃၀ ဝင်တစ်အိတ် ကျပ် ၃၃၀၀၀၊ ဆင်သွယ် ရင်အိုးဝင် ၃၀ ဒသမ ၇၅ ပိဿာဝင်တစ် အိတ် ကျပ် ၂၂၅၀၀၊ ဧည့်မထ ၂၅ မှတ် ဆန်သန့် ၃၀ ပိဿာဝင်တစ်အိတ် ကျပ် ၂၄၀၀၀၊ ငစိန်တစ်အိတ် ကျပ် ၂၁၀၀၀၊ ၇၄၇ တစ်အိတ် ကျပ် ၂၁၅၀၀ ဖြင့် ရောင်းချပေးရာ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

# မြန်မာ-အမေရိကန် စီးပွားရေး ပူးပေါင်းဆောင် ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ ဆွေးနွေး

မြန်မာ-အမေရိကန်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ ဆွေးနွေးပွဲကို ဩဂုတ်လ ၁၇ ရက်က မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးဝန်ကြီးဌာန အာဆီယံဒေသဆိုင်ရာ အကြီးတန်းစီးပွားရေးအရာရှိ Mr.James Golsen ဦးဆောင်သော အမေရိကန် စီးပွားရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး စီးပွားရေးအရာရှိတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမေရိကန်ပြည်ထောင်စု အာဆီယံဒေသဆိုင်ရာ အကြီးတန်းစီးပွားရေးအရာရှိဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာအကူအညီပေးရေး၊ ဓာတုကင်းလွတ်သီးနှံများ အမေရိကန်စျေးကွက်တင်ပို့ ရောင်းချနိုင်ရေးနှင့် အထက်မြန်မာပြည်စျေးကွက် အခြေအနေများအား ဆွေးနွေးကြပြီးအပြန်အလှန် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။ **သီဟကိုကို (မန္တလေး)**

# မုံရွာကုန်စည်ဒိုင်တွင် မြန်မာနိုင်ငံ ဆန်ကုန်သည်အသင်းမှ ရေဘေးသင့် ပြည်သူများသို့ ဆန်များဖြန့်ဖြူး ရောင်းချပေးသလို ကုန်စည်ဒိုင်များမှလည်း လှူဒါန်းထောက်ပံ့

မုံရွာကုန်စည်ဒိုင်သို့ မြန်မာနိုင်ငံဆန်ကုန်သည်အသင်းမှ စျေးနှုန်းချိုသာတဲ့စျေးဖြင့် ဆန်များဖြန့်ဖြူးရောင်းချသွားရန် ဆန်များ တင်ပို့ပေးပို့လျက်ရှိကြောင်း သိရပါတယ်။ စျေးနှုန်းမှာ ဧည့်မထဆန် ၂၅ မှတ် (၁၀၈ ပေါင်ဝင်) တစ်အိတ် ကျပ် ၂၂၀၀၀ စျေးဖြင့် ရောင်းချပေးလျက်ရှိပြီး၊ ဩဂုတ်လ ၁၈ ရက်နေ့ထိ ဆန်အိတ် ၁၅၇၀ အိတ်ရောက်ရှိခဲ့ပြီး၊ ဆန်အိတ် ၁၂၅၃ ရောင်းချပြီးကြောင်းသိရပါတယ်။

ဆရာတော်နှစ်ပါး အပါအဝင် အလှူရှင် ၂၄ ဦးမှ အရာတော်၊ ဆားလင်းကြီး၊ ကနီ၊ မင်းကင်း၊ မုံရွာ၊ ကလေးဝမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများသို့ ဝယ်ယူလှူဒါန်းခဲ့ကြောင်း သိရှိရပါတယ်။

မုံရွာကုန်စည်ဒိုင်မှ ကုန်သည်၊ ပွဲစား၊ လုပ်ငန်းရှင်များကလည်း မုံရွာ၊ ဆားလင်းကြီး၊ ကနီမြို့နယ်တို့မှ ကျေးရွာပေါင်း ၂၉ ရွာ၊ အိမ်ထောင်စုပေါင်း ၂၆၃၁ အတွက် ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ငါးပိဘူး၊ ဖယောင်းတိုင်၊ ရေသန့်၊ ကော်ဖီမစ်စသည့် ပစ္စည်းများဖြင့် တစ်အိမ်ထောင်လျှင် ကျပ် ၄၅၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၆၃၁ စုအတွက် လှူဒါန်းထောက်ပံ့မှု စုစုပေါင်းကျပ် ၁၁၈ သိန်းကျော်ထောက်ပံ့ခဲ့ကြောင်း သိရပါတယ်။

**အောင်မင်း-တန့်ဆည်**

# စေတနာ၊ မေတ္တာနဲ့ ဘောဂဗေဒ သီအိုရီကို ရိုက်ချိုးလိုက်ပြီ

ကျွန်တော်နှင့် ကိုမင်းဇော်ဦးသည် ညီအကိုအရင်းမျှ ခင်မင်ရင်းနှီးကြပါသည်။ ကျွန်တော်တို့နှစ်ဦးသည် လုပ်ဖော် ကိုင်ဖက်များဖြစ်သည့်အလျောက် တစ်ဦးနှင့်တစ်ဦး ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် နေခဲ့ကြပါသည်။ ယခုလည်း တစ်မြို့စီ ရောက်နေပေမယ့် တစ်ကြိမ်တော့ တယ်လီဖုန်းကလေးနှင့် စကားပြောဖြစ်ကြပါသည်။

ဇူလိုင်လအတွင်း တစ်နိုင်ငံလုံး မိုးရေချိန်များစွာဖြင့် တစ်ပြိုင်နက်ရွာသွန်းခဲ့မှုကြောင့် မြန်မာနိုင်ငံ တစ်နံတစ်လျား ရေဘေးဒုက္ခများဖြင့် ရင်ဆိုင်နေကြရသည်။ အစိုးရအဖွဲ့၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များပါမကျန်၊ ပြည်သူအားလုံးက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြရသည်။ ကိုမင်းဇော်ဦး တစ်ယောက်လည်း ဗန်းမောက်မြို့နယ် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးပြည့်ဖြိုး (ငြိမ်း)နှင့် လက်ပွန်းတတီးနေခဲ့သူပီပီ ကောလင်းမြို့နယ် ရေဘေးသင့် လယ်သမားများ ထောက်ပံ့ရေးအတွက် မျိုးစပါးများ ဝယ်ယူရေးတွင် တာဝန်ပေးခြင်းခံရပါသည်။

ဇော် ဦးသန်းထွန်းရေ - ကူညီပါဦး။ ကျွန်တော် မျိုးစပါးဝယ်ယူရေးအတွက် အစည်းအဝေးရှိတယ်။ အခြေအနေက မြန်မာနိုင်ငံ ဆန်စပါးအသင်းက ဆုံးဖြတ်တဲ့ စပါးတစ်တင်းစျေးက ၆၅၀၀ ကျပ် ဖြစ်တယ်။ ဒါပေမယ့် လယ်သမားတွေက ၇၀၀၀ ကျပ် -၇၅၀၀ ကျပ်ရမှ ရောင်းမယ်လို့ ကြားနေတယ်။ အဲဒီလို စျေးတက်ရောင်းတဲ့ တောင်သူတွေကို အရေးယူလို့ ရ/မရ ဘယ်လို အရေးယူရမယ်ဆိုတာ အကြံပြုပါဦး။

ထွန်း သွားမလုပ်နဲ့ နွားပြုတ်သွားမယ်။ မင်းမှာ နွားရှိလား ။ နွားမရှိပေမယ့် ရှိတဲ့ ရာထူးလေးပြုတ်သွားမယ်။ ယခုနိုင်ငံတော်က ဦးတည်သွားနေတာက စျေးကွက် စီးပွားရေးလေ။ စျေးကွက် စီးပွားရေးဆိုတာ ကြိုက်ရောင်း၊ ကြိုက်ဝယ်လေ၊ ခင်ဗျား ကြိုက်ရင်ဝယ်၊ သူတို့လည်းကြိုက်မှရောင်းမှာ၊ ဘယ်ပုဒ်မနဲ့မှ အရေးယူလို့မရဘူး။

ဇော် ဒါဆို ဌာနဆိုင်ရာအနေနှင့် ဝင်စွက်လို့မရဘူးပေါ့။

ထွန်း ဟုတ်တယ်။မရဘူးဗျ။ ဒါပေမယ့် ကိုမင်းဇော်ဦး သိထားရမှာက ကျွန်တော်တို့မြန်မာလူမျိုးတွေ၊ အထူးသဖြင့် ဗုဒ္ဓဘာသာ ကိုးကွယ်သူတွေကိုး၊ မေတ္တာတရားတို့၊ စေတနာတို့၊ ကုသိုလ်တို့နဲ့ ယှဉ်ပြီးစည်းရုံးနိုင်ရင် အဆင်ပြေပါတယ်။

ဇော် ဒါဆို ကျွန်တော်တို့ ဘယ်လိုပြောရမလဲ။

ထွန်း အော် . . . ကိုမင်းဇော်ဦးရယ် - ခင်ဗျားတို့လှူမယ့် ပုဂ္ဂိုလ်တွေက လယ်သမားတွေမဟုတ်လား ။ ခင်ဗျား ပြောရမှာက ဦးကြီးတို့ ခင်ဗျား- ယခု ဦးကြီးတို့သိတဲ့အတိုင်း ဦးကြီးတို့နဲ့ဘဝတူ လယ်သမား တွေ ရေဘေးကြောင့် အတိဒုက္ခရောက် နေကြတယ်။ စား၊ဝတ်၊ နေရေး အခက်အခဲတွေနဲ့လည်း ရင်ဆိုင်နေကြရတယ်။ ဒါကြောင့် ကျွန်တော်တို့က တစ်ဖက်တစ်လမ်း ကူညီချင်တယ်။ လယ်တွေ ပြန်စိုက်နိုင်အောင် စပါးမျိုးတွေ သွားရောက်လှူမယ်လို့ ရည် ရွယ်ထားပါတယ်။ ဦးကြီးတို့ရဲ့ မျိုးစပါးတွေကို ရောင်းပေးစေချင်ပါတယ်။ ရောင်းတဲ့နေရာမှာ ဦးကြီးတို့ရဲ့ စပါးတွေဟာ ဒီ အချိန်မှာ ၇၀၀၀ ကျပ်ဆိုလည်း တန်ပါတယ်။ ၁၀၀၀၀ ကျပ်ဆိုလည်း တန်တာပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ကလည်း လှူနိုင်တဲ့ငွေကလေးနဲ့ စပါးမျိုးများများကို လှူချင်ပါတယ်။ ဒါကြောင့် ဦးကြီးတို့အနေနဲ့လည်း အများသဘောတူ ဆုံးဖြတ်ထားတဲ့ ၆၅၀၀ ကျပ်စျေးနဲ့ လှူလှူရောင်းရောင်းလေးနဲ့ပဲ လက်ခံပေးကြပါလို့ ညှိနှိုင်းကြည့်ပါလား။

ဇော် အင်း . . . သဘောပေါက်ပြီဗျို့။ အဲဒီအတိုင်းလုပ်ဖို့ပဲ ညှိနှိုင်းအကြံပြုလိုက်ပါမယ်။မျိုးစပါးဝယ်ယူရေးအဖွဲ့များလည်း တုံးမွန်၊ နောင်မဲလုံ၊ နားယော၊ အောင်သာကုန်း၊ လယ်နက်ကြီးစတဲ့ ဗန်းမောက်မြို့နယ်နဲ့ သယ်ယူရေးလွယ်ကူတဲ့ ကျေးရွာများသို့ သွားရောက်စည်းရုံး ဝယ်ယူကြပါတယ်။

x x x x x x x x x

ဇော် ဦးသန်းထွန်းရေ . . . အောင်မြင်တယ်ဗျို့၊ ဒီနေ့ စပါးတင်း ၃၀၀၀ တိတိ ဝယ်ယူရရှိပြီး မနက်ဖြန် ကောလင်းသွားပို့နိုင်ပြီ။ လှူဒါန်းလို့ရပြီ။

ထွန်း ဟုတ်လား . . . ဘောဂဗေဒမှာတော့ --- ရောင်းလိုအားနဲ့ ဝယ်လိုအားမျှခြေဟာ စျေးနှုန်းပဲ --ရောင်းလို အားနည်းပြီး ဝယ်လိုအားများနေရင်တော့ စျေးနှုန်းမြင့်ပြီပေါ့။ ဒါပေမယ့် စေတနာ၊ မေတ္တာနဲ့ ဘောဂဗေဒသီအိုရီကို ရိုက်ချိုးလိုက်ပြီပေါ့။

**သန်းထွန်း (ကသာ)**

**Commodity Exchange News**
Vol: 15, No.32 Monday August 24 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၄-၈-၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲ (RC) သိသာစွာဈေးမြင့်

ဘုရင့်နောင်ဈေးကွက်တွင် ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်ကဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၁၄၉၀၀၀၀ ကျပ် ဈေးဖြင့်ဈေးဖွင့်အဝယ်ရှိခဲ့ပြီး နောက်ပိုင်းရက်တွေမှာ ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါများလာတာကြောင့် ဈေးတရိပ်ရိပ်မြင့်လာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၅၀၀၀၀၀ ကျပ် ဈေးဖြင့် ထပ်မံမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပြီး ယခုလို ဈေးကောင်းရတဲ့အခါမှာတော့ အရောင်းပိုများလာတယ်လို့ ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီကိုတော့ အိန္ဒိယဘက်မှ ဈေးဖွင့်အဝယ်မရှိလို့ အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။



## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းသေးဈေးမြင့်လာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းသေးကို မျိုးအဖြစ် ပြန်လည်ဝယ်ယူမယ့်သူများက ဝယ်အားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၀၂၅ ကျပ် (တစ်တန်ကို ၁၂၄၀၀၈၀ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မြို့ခံပဲခွဲစက်များက ကုလားပဲဖြူလုံးကြီးကို တစ်ပိဿာ ၁၅၂၆ ကျပ် (တစ်တန်ကို ၉၃၄၅၀၀ ကျပ်) ဈေးဖြင့် ဝယ်လိုအားများ ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်အားပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို တရုတ်ဘက်မှ ဝယ် လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန် နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ် အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၅ ယွမ်မှ အမြင့်ဆုံး ၉၉ ယွမ် အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံဈေးစွာ


မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၅၀၀ ကျပ် (တစ်တန်ကို ၁၅၃၀၉၇၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ပဲစင်းငုံနီကို ဝယ်ရောင်းကုန်သည်ကြီးများက တစ်ပိဿာ ၂၂၆၀ ကျပ် (တစ်တန်ကို ၁၃၈၄၀၀၀ ကျပ်) ဈေးဖြင့် ဝယ်လိုအား အသင့်အတင့်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို တရုတ်တင်ပို့မည့်သူများက ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၆၇ ကျပ် (တစ်တန်ကို ၁၁၄၃၃၃၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များ ကဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၅၃၇ ကျပ် (တစ်တန်ကို ၉၄၁၂၄၃ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## မုံရွာဈေးကွက်မှာ မတ်ပဲနှင့် ကုလားပဲဖြူလုံးကြီးဈေးစွာလာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို မြို့ခံပဲခွဲစက်များက ဝယ် လိုအားဆက်တိုက်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၂၅၀၀ကျပ်(တစ်တန်ကို၁၅၃၀၉၇၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်လုပ်ငန်းရှင်များက ဝယ်လိုအား ပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၅၅၃ ကျပ် (တစ်တန်ကို ၉၅၁၀၄၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်များခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ ဝယ်သူဘက်မှ တစ်ပိဿာကို ၂၅၀၀ ကျပ် (တစ်တန်ကို ၁၅၃၀၉၇၅ ကျပ်)ဈေးဖြင့် ဝယ်ယူလိုသော်လည်း ရောင်းသူကုန်သည်ဘက်မှ ကြိုက်ဈေးမရလို့ အရောင်းနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းကို မန္တလေးဝယ်အား ပုံမှန်ရှိ၊ နှမ်းမျိုးစုံ ဈေးငြိမ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို တရုတ်တင်ပို့မယ့်မန္တလေးဝယ်လက်က တစ်ပိဿာ ၁၅၅၀ ကျပ် (တစ်တန်ကို ၉၄၉၂၀၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကို မန္တလေးနဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးငြိမ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် သိပ္ပံနှမ်းနက်တစ်ပိဿာ ၄၅၅၀ ကျပ်၊ နှမ်းနီတစ်ပိဿာ ၂၂၀၀ ကျပ်၊ နှမ်းနက်တစ်ပိဿာ ၂၅၅၀ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၆၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## မကွေးဈေးကွက်မှာ ကုလားပဲအရောင်းအဝယ်ပါး နှမ်းမျိုးစုံဈေးတန့်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက အဝယ်ပါးသလို ရောင်းသူဘက်မှလည်း အရောင်းအေးတာကြောင့် ပဲအရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ နှမ်းဖြူ(ထိပ်စ)နှင့် (ပုံမှန်စ) ကိုနှမ်းလှော်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးကတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ(ထိပ်စ) ၂၄၈၉ ကျပ်၊ နှမ်းဖြူ(ပုံမှန်စ) တစ်ပိဿာ ၂၃၇၈ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မြို့ခံဆီစက်လုပ်ငန်းရှင်များက နှမ်းနီ(ထိပ်စ) ကိုတစ်ပိဿာ ၂၂၆၀ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဈေးပေးအဝယ်ရှိ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားသွက်လာတာကြောင့် ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာကို ၂၄၂၅ ကျပ် (တစ်တန်ကို ၁၄၈၅၀၀၀ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် အစေ့ထုတ်ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာ ၆၀၀ ကျပ်ဈေးဖြင့် အိတ် ၈၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။



## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေးနှင့် အစာစပ်များပုံမှန် ဝယ်ယူ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်စီပီပြောင်းကို ရန်ကုန်-မန္တလေးနှင့် အစာစပ်လုပ်ငန်းရှင်များက တစ်ပိဿာ ၅၈၀ ကျပ် ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် လှောင်လက်ကုန်သည်တွေထံမှာတော့ပစ္စည်းလက်ကျန်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲပုပ်ကိုတော့ ရန်ကုန်နှင့် ဆက်စပ်သောကုန်သည်ကြီးများက တစ်ပိဿာကို ၁၀၃၀ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့်ဝယ်အားပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းလက်ကျန်နည်းပေမယ့် တရုတ်ဝယ်အား ပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် တရုတ်ဘက်ကတော့ တစ်ပိဿာ ၅၀၀ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ကုလားပဲဈေးမြင့် ပဲစင်းငုံနီ အရောင်းအဝယ်အေး

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားများတာကြောင့်ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၄၀၀ ကျပ် (တစ်တန်ကို ၁၄၆၉၇၃၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်) ကိုတော့ မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၁၅၂၅ ကျပ် (တစ်တန်ကို ၉၃၃၈၉၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## ရေစကြိုဈေးကွက်တွင် ကုလားပဲဈေးမြင့်လာ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၅၂၀ ကျပ် (တစ်တန်ကို ၉၃၀၈၃၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ပို့ကုန်အမယ်သစ် "ကြယ်ပဲ (သို့) စကြာပဲ"



ပို့ကုန်အမယ်သစ် ဖြစ်လာမယ့် ကြယ်ပဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ ကျေးရွာတော်တော်များများမှာ တောင်သူများစမ်းသပ်စိုက်ပျိုးနေတာကြောင် လားရှိုးမြို့နဲ့ ၁၆ မိုင်အကွာ နမ့်တွန်းကျေးရွာအုပ်စု၊ ဟောင်းလိမ်ကျေးရွာတို့ရှိ တောင်သူဦးထန်အောင်ရဲ့ အော်ဂဲနစ်စိုက်ခင်းကိုလေ့လာရာ စိုက်ပျိုးသူအနေဖြင့် ခြောက်ဧကခန့် စိုက်ပျိုးထားပြီး နာနတ်၊ နှစ်ရှည်ပင်၊ သစ်မွှေးနဲ့ နံ့သာနီပင်တွေပါ စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပါတယ်။ ကြယ်ပဲကို တောင်သူများ တိုးချဲ့စိုက်ပျိုးနေတာကြောင့် စိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်အခြေအနေနဲ့ စီးပွားရေးအကျိုးအမြတ်ရှိနိုင်မယ့် အခြေအနေတို့ကို မေးမြန်းဆွေးနွေးခဲ့ကြပါတယ်။

ကြယ်ပဲရဲ့ မူလစိုက်ပျိုးရာဒေသက တောင်အမေရိကတိုက်၊ ပီရူးနိုင်ငံ အမေဇုန်တောမှာ အလေ့ကျပေါက်တဲ့ နှစ်ရှည်ဆီထွက်သီးနှံ နွယ်ပင်တစ်မျိုးဖြစ်ပြီး၊ တစ်နှစ်ပတ်လုံး ခူးဆွတ်နိုင်ကာ ရေကြိုက်သောအပင်ဖြစ်သော်လည်း ရေဝပ်ခြင်း၊ မိုးများခြင်း၊ အအေးဓာတ်လွန်ကဲခြင်းကို မနှစ်သက်သော အပင်ဖြစ်ပါတယ်။ ပီရူးနိုင်ငံတွင် အလေ့ကျပေါက်သောကြယ်ပဲကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သောအဆင့်သို့ ရောက်ရှိနေပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မှာ ကုမ္ပဏီများမှတစ်ဆင့် ထိုင်းနိုင်ငံ (အစွရေး)မျိုးကို တင်သွင်းကာ တောင်သူများသို့ (၅ နှစ် မှ ၁၅ နှစ်) စာချုပ်ဖြင့် Organic သီးနှံအဖြစ် စိုက်ပျိုးစေပြီး ပြန်လည်ဝယ်ယူလျက်ရှိပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးရွာများမှာတော့ ဧက ၁၀၀ ကျော်ခန့် စမ်းသပ်စိုက်ပျိုးလျက် ရှိနေပြီဖြစ်ပါတယ်။ ကြယ်ပဲစိုက်ပျိုးရာမှာ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၅၅၀၀၊ မိုးရေချိန် လက်မ ၂၀၀ ကျော်နဲ့ နူန်းတင်မြေနုမကျန် စိုက်ပျိုးနိုင်တာကြောင့် မြန်မာနိုင်ငံတစ်ဝန်း စိုက်ပျိုးပါက တောင်သူများ အကျိုးစီးပွား ဖြစ်ထွန်းလာနိုင်ကာ အမယ်သစ်ဈေးကွက်ဝင် ဆေးဝါးထုတ်ကုန်တစ်မျိုးဖြစ်လာနိုင်ပါတယ်။ ကြယ်ပဲစိုက်ပျိုးရာမှာ စိုက်ပျိုးစနှစ်မှာ တစ်ဧက မျိုးတစ်ကီလို ၃၀၅၀၀၀ ကျပ်၊ ရေသွယ်ခြင်း၊ သစ်ဝါးနဲ့ သွပ်နန်းကြိုး စတာတွေနဲ့ ပေါင်းရှင်းလင်းခြင်းတို့အပါအဝင် တစ်ဧကကုန်ကျစရိတ် ၁၀-၁၅ သိန်းကြားရှိပါတယ်။ မြေဩဇာအဖြစ် EM ဘိုကာရှီကိုသုံးပြီး စိုက်ပျိုးခြင်းကြောင့် အပင်ဖြစ်ထွန်းစဉ် ၁၅ ရက်တစ်ကြိမ် မှိုဆေးသာ ပက်ဖျန်းပေးရပါတယ်။

နှစ်စဉ် မိုးဦးကျမှာ ပျိုးထောင်ကာ ၄၅ ရက်သားမှာ စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးနိုင်ပြီး တစ်ဧကလျှင် အပင် ၇၂၀ ခန့်အထိ ဝင်ဆံ့ပါတယ်။ ပူပြင်းခြောက်သွေ့တဲ့ နွေရာသီမှာ တစ်ရက် ရေတစ်ဂါလန်ခန့်လိုအပ်ပြီး ရေအလုံ အလောက် ရရှိရန်လိုအပ်မည်ဖြစ်ပါတယ်။ အပင်တစ်ပင်တွင် အစေ့ ၄-၈ စေ့အထိပါ၍ အသီးလုံးရေ ၁၀ လုံးကျော်သီးပြီး တစ်ကြိမ်လျှင် နှစ်ကီလို ခူးဆွတ်နိုင်ခြင်းကြောင့် တစ်ဧကလျှင် ကီလို ၁၂၀၀ မှ ၁၅၀၀ အထိထွက်ရှိနိုင်ကာ တစ်နှစ် နှစ်သီးမှ သုံးသီးအထိ ခူးဆွတ်နိုင်မှာ ဖြစ်ပါတယ်။

ကြယ်ပဲကို ထုတ်လုပ်သုံးစွဲရာမှာတော့ ဆေးဝါးအဖြစ် (Omega-3,6,9) တို့ကို အဓိကထုတ်လုပ်ကာ အစေ့အားကော်ဖီမှုန့်သဖွယ် ထုတ်လုပ်သောက်သုံးနိုင်ခြင်း၊ အရွက်အား ရေဖြင့်ပြုတ်၍လည်း သောက်သုံးနိုင်ခြင်းတို့ကြောင့် ဆေးဝါးထုတ်ကုန်တစ်မျိုးဖြစ်ပါတယ်။

ယခုအခါ ပြည်တွင်းကုမ္ပဏီများဖြစ်သောရှင်းသန့်ချမ်းသာ၊ Asia Time၊ ခန္ဓာရွှေပြည်စတဲ့ကုမ္ပဏီများက တောင်သူများထံ နှစ်ရှည်စာချုပ်ဖြင့် မျိုးဖြန့်ဖြူးကာ ကုန်ကြမ်းအဖြစ် ပြည်လည်ဝယ်ယူလျက်ရှိရာ ကြယ်ပဲအစေ့ တစ်ကီလိုလျှင် ၂၀၀၀ ကျပ်ရှိပြီး တရုတ်ပြည်တွင် တစ်ကီလိုလျှင် ၅၀၀၀ ကျပ်အထိရှိကြောင်း၊ တစ်ကြိမ်ခူးဆွတ်ပါက တစ်ဧက ဝင်ငွေ ၁၄ သိန်းမှ သိန်း ၃၀ အထိ ရရှိမှာဖြစ်လို့ အမြတ်ငွေ နှစ်စမှာ ၁၀ သိန်းကျော် ရရှိနိုင်ကြောင်း၊ ဈေးကွက်မှာလည်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံများသို့ ပြန်လည်တင်ပို့လျက် ကုန်ချောအဖြစ် ထုတ်လုပ်လျက်ရှိခြင်းကြောင့် တောင်သူများ နည်းစနစ်ကျကျတိုးချဲ့စိုက်ပျိုးမည်ဆိုပါက ပို့ကုန်အမယ်သစ်တစ်ခု ဖြစ်လာနိုင်ပြီး ဝင်ငွေတိုးတက်လာနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**လှစိုး-လားရှိုး**

# ကလေးရေဘေးအတွက် အလှူခံရရှိသမျှ ပစ္စည်းများ စဉ်ဆက်မပြတ်တင်ပို့နေ

၂၀၁၅ ခုနှစ်၊ ဇွန်၊ ဇူလိုင်လနဲ့ ဩဂုတ်လအတွင်းက မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်တိုင်းဒေသကြီး ၁၂ ခုအတွင်း ရေဘေးဖြစ်ပွားမှုတွင် စစ်ကိုင်းတိုင်းဒေသကြီးမှာ ရေဘေးသင့်လူဦးရေ ဒုတိယအများဆုံးဖြစ်ခဲ့ရာ စုစုပေါင်း လူဦးရေ ၃၉၈၀၈၃ ဦး ရှိတယ်လို့ သိရပါတယ်။ အထူးသဖြင့် ကလေးခရိုင်၊ တမူးခရိုင်နဲ့ ကသာခရိုင်တို့တွင် အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးဖြစ်ပွားခဲ့ရာဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်တဲ့ ထောက်ပံ့ကယ်ဆယ်ရေးပစ္စည်းများကို အစိုးရဌာနဆိုင်ရာများအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနဲ့ တစ်ဦးချင်း လှူဒါန်းမှုများအတွက် အဆင်ပြေစွာ လှူဒါန်းနိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားလျက်ရှိကြောင်း သိရပါတယ်။

အထူးသဖြင့် ကလေးခရိုင် ရေဘေးကယ်ဆယ်ရေးအလှူခံစခန်းကို ဆက်သွယ်ရေးကောင်းမွန်တဲ့ မုံရွာမြို့ မြို့တော်ခန်းမမှာ ဩဂုတ်လ ၂ ရက်နေ့မှစပြီး မြို့နယ်၊ ခရိုင်အဆင့် ကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါ မုံရွာမြို့တော်ခန်းမ အလှူခံစခန်းရဲ့ ဩဂုတ်လ ၂ ရက်နေ့မှ ၂၀ ရက်နေ့ထိ ရရှိမှုက ငွေသားအလှူငွေအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိရေဘေးသင့်ပြည်သူများအတွက် ကျပ် ၆၁ ဒသမ ဝ၈ သိန်း၊ ကလေးခရိုင် ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁၈၆ ဒသမ ၉၅၅ သိန်းနဲ့ ချင်းပြည်နယ် ဟားခါးရေဘေးသင့်ပြည်သူများအတွက် ၂၁ ဒသမ ၄၇ သိန်း၊ ကောလင်း၊ ကျွန်းလှ ရေဘေးသင့်ပြည်သူများ အတွက် ငွေကျပ် ၃ သိန်း၊ စုစုပေါင်း ငွေကျပ် ၂၇၂ ဒသမ ၅၁ သိန်း လက်ခံရရှိခဲ့တယ်လို့ သိရပါတယ်။

ထို့အတူ မုံရွာမြို့တော်ခန်းမမှ ရေဘေးအလှူခံစခန်းမှ လက်ခံရရှိတဲ့ ရိက္ခာမျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ကလေးမြို့သို့ မုံရွာဆိပ်ကမ်းမှတစ်ဆင့် ဩဂုတ်လ ၂၀ ရက်နေ့ထိ တင်ပို့လျက်ရှိရာ တစ်တင်းခွဲဝင်ဆန်အိတ် ၂၁၁၆ အိတ်၊ ၄ ပြည်၊ ၆ ပြည် ဝင်ဆံ့ အိတ် ၂၅၀၀ အိတ်၊ စားဆီ ၁၄၄၇ ပိဿာခန့် ရေသန့်ကတ် ၆၀၀၀ ကတ်၊ အဝတ်အထည် ၁၄၃၁ အိတ်၊ ၁၉၁ ဖာ၊ သက်န်း ၁၃၀၀ စုံ၊ မိသားစုသုံးပစ္စည်းစုံ ဘူး အကြီး၊ အသေး ၇၂၂၇ ဘူး၊ ရိက္ခာထုပ် ၂၇၀၀ အိတ်၊ တမူးမြို့နယ်အတွက် နိုင်ငံတော်သမ္မတကြီးမှ လှူဒါန်းတဲ့ ဉာဏ်တော် ၉ လက်မအရွယ် ဗုဒ္ဓဆင်းတုတော် ၇၀၀ ဆူနဲ့ ကုန်ပစ္စည်းမျိုးစုံတို့ကို ခရိုင်ကြီးကြပ်မှုကော်မတီမှ အဆက်မပြတ် တင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မကွေးမြို့တွင် တောင်သူအချို့ ကြယ်ပဲစမ်းသပ်စိုက်ပျိုး

မကွေးမြို့၊ နတ်မောက်လမ်းရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ဆီထွက်သီးနှံ ဗဟိုသုတေသနစိုက်ပျိုးရေးခြံ တမာပိုးသတ်ဆေးစက်ရုံမှ တောင်သူများအတွက် ကြယ်ပဲ (Star Sacha Inchi) ပျိုးပင်ပေါက်များကို တစ်ပင် ၅၀၀ ကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကြယ်ပဲ၏ ဇာတိမြေမှာ တောင်အမေရိကတိုက် ပီရူးနိုင်ငံ အမေဇုန် (Amazon) ဒေသမှ ဖြစ်ကြောင်း၊ နွယ်ပင်အမျိုးအစားဖြစ်ပြီး၊ တစ်ကြိမ်စိုက်ထားရုံနှင့်အရွက်၊ အညွှန့်၊ အသီး၊ အစေ့များကို ပုံစံမျိုးစုံဖြင့် စားသုံးနိုင်ကြောင်း လူ့ခန္ဓာကိုယ်၌ မရှိမဖြစ်လိုအပ်သော သက်စောင့်ဓာတ် Omega 3.6.9 နှင့် A-E ဗီတာမင် ကြွယ်ဝစွာပါဝင်သော ပဲမျိုးဖြစ်ကြောင်း မျိုးစေ့ပျိုးထောင်ပြီး၊ မျိုးသက် ၄၅ ရက်တွင် မြေချ စိုက်ပျိုးနိုင်ကြောင်း၊ တစ်ပင်နှင့်တစ်ပင် ၉ ပေကွာ၊ တစ်လိုင်းနှင့် တစ်လိုင်း ၉ပေကွာ တိုင်ထောင် စင်ထိုးပေးရမည်ဖြစ်ကြောင်း၊ တစ်ဧက အပင် ၅၀၀ ဝန်းကျင်စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး ခြောက်လမှရှစ်လအကြာတွင် အသီးကိုစတင်ဆွတ်ခူးနိုင်ပြီး တစ်နှစ် သုံးကြိမ် အသီးခူးနိုင်ကြောင်း တစ်ကြိမ်စိုက်ခြင်းဖြင့် ၃၅ နှစ်မှ နှစ် ၅၀ အကြား ရှင်သန်ပြီး ပြုစုရာတွင် ဓာတ်မြေဩဇာမသုံးရဘဲ သဘာဝမြေဩဇာကိုသာ သုံးရမည်ဖြစ်ကြောင်း EI Shaddai ကုမ္ပဏီတာဝန်ယူပြီး ကြယ်ပဲမျိုးစေ့ ဖြန့်ဖြူးခြင်းနှင့် အသီးများ ပြန်လည်ဝယ်ယူခြင်းကို အာမခံစာချုပ်ဖြင့် ဝယ်ယူပေးကြောင်း၊ ကြယ်ပဲသည် ရေပုံမှန်လောင်းခြင်းဖြင့် ရာသီမရွေးစိုက်ပျိုးနိုင်သော မျိုးစေ့ဖြစ်ကြောင်း အရောင်းတာဝန်ခံ ဦးလှကြီးက ရှင်းပြသည်။

"မကွေးတိုင်းဒေသကြီးအတွင်း တောင်တွင်းကြီးမြို့နယ် ရန်ပယ်ချောင်းရိုးမှာ ၁၀ ဧကလောက် စိုက်ထားတယ်။ ပခုက္ကူနယ်မှာလည်း အခင်းဖွဲ့စိုက်ပျိုးကြတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာတော့ ဧက ၂၀၀ ကျော်လောက်စိုက်ထားပြီး နှမ်းသိမ်း ပြီးရင် တချို့တောင်သူတွေက ကြယ်ပဲစိုက်ဖို့စိတ်ဝင်စားကြတယ်။ တစ်ပိုင်တစ်နိုင်စိုက်လာသူတွေလည်း တွေ့ရတယ်။ထိုင်းနိုင်ငံ မဲဆောက်ကလယ်သမားတွေကတော့ အကောင်းဆုံးစပါးမျိုးသန့်၊ မျိုးကောင်းတွေကို လယ်ထဲစိုက်ပြီး ကြယ်ပဲကို လယ်ကန်သင်းဘောင်ပေါ်မှာ စိုက်ကြတယ်၊ ရေအပေးရ သက်သာတယ်။ သွပ်ကြိုးတန်းတွေတန်းထားတယ်။ အဲဒီ အတိုင်းပဲ သီးနေတယ်။ သူတို့က စက်မှုလယ်ယာဆိုတော့ ကျွဲနွားအန္တရာယ်လည်း မကြောက်ရဘူး အခင်းဖွဲ့စိုက်မယ်ဆိုရင် အစိုဓာတ်ရဖို့လိုတယ်။ ကျွဲနွားတိရစ္ဆာန်တွေရဲ့ နှောင့်ယှက်မှုကို ကာကွယ်နိုင်ဖို့လိုတယ်။ သဘာဝမြေဩဇာကိုပဲ ကျွေးရမယ်။ ကြယ်ပဲဆီဟာ နှမ်းဆီ၊ ပဲဆီတို့ထက်မြင့်တယ်။ နှလုံးသွေးကြောကျဉ်းတာတို့ အဆီပိတ်တာတို့မဖြစ်ဘူး၊ ကျန်းမာရေးအတွက် ကောင်းတယ်" ဟု သူကပြောသည်။

ကြယ်ပဲမျိုးစေ့ တစ်ကီလိုလျှင် ကျပ်ငွေသုံးသိန်းခန့်ရှိပြီး၊ တစ်ကီလိုတွင် မျိုးစေ့ ၆၅၀ ပါဝင်သည်။ ကြယ်ပဲမျိုးစေ့နှင့် ပျိုးပင်များ နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးစုံစမ်းလိုလျှင် တာဝန်ခံဦးလှကြီး တမာပိုးသတ်ဆေးရုံ ဖုန်း -၀၉၃၃၄၀၉၇၈၄ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

**နေလင်းသူရိန်**

## ရေကြီးပြီး လမ်းတံတားများကျိုးပျက်မှုကြောင့် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုရပ်တန့်



စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၏ တမူး-ကလေးကားလမ်းပိုင်းသည် ဇူလိုင်လ ၂၈ ရက်နေ့မှ စတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ကာ ချောင်းရေစီးကြမ်းမှုကြောင့် တံတား ၄ စင်းဖြစ်တဲ့ တွိဗန်တံတား၊ ကမ္ဘကြီးတံတား၊ ကနန်တံတား၊ ခမ်းပတ်တံတားများမှာ ပျက်ဆီးချို့ယွင်းမှုများဖြစ်ပေါ်ပြီး ယာဉ်များသွားလာ နိုင်ခြင်းမရှိတဲ့အတွက် ကုန်သွယ်မှုရပ်တန့်သွားတယ်လို့ တမူးနယ်စပ်ကုန်သွယ်ရေး မှသိရပါတယ်။ကုန်သွယ်မှုရပ်တန့်မှုကြောင့် မြန်မာ-အိန္ဒိယနယ်စပ်ရှိ နန့်ဖာလုံဈေးကိုလည်း နှစ်ပတ်ကျော်သည်ထိ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း၊ နန့်ဖာလုံဈေးသူဈေးသားများထံမှ စုံစမ်းသိရှိရပါတယ်။ပြည်တွင်းမှ ပုံမှန်တင်သွင်းလေ့ရှိတဲ့ အစားအသောက်အသီးအနှံများကို သယ်ယူရန်မှာ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့စဉ်က စစ်ကိုင်းတိုင်းအတွင်းရှိ တံတားများပျက်စီးကျိုးကျခဲ့သဖြင့် ကုန်သည်များအနေနဲ့ ကုန်သွယ်ရန် အခက်အခဲဖြစ်နေ တယ်လို့တမူးမြို့ရှိကုန်သည်တစ်ဦးထံမှ သိရပါတယ်။ကုန်သွယ်မှုတွေရပ်ထားတာ ဇူလိုင်လ ၂၆ ရက်နေ့ကတည်းကဖြစ်ပြီး အိန္ဒိယဘက်ကကုန်သည်တွေအနေနဲ့ အခု တစ်ယောက်စနှစ်ယောက်စ တော့ပြန်လာနေကြပြီလို့ သိရပါတယ်။ လောလောဆယ် ရေကြီးမှုကြောင့် ကုန်ဈေးနှုန်းတွေ တက်သွားတာမျိုးတော့မရှိသေးဘူးလို့ သိရပါတယ်။ ရေကြီးရေလျှံမှုများကြောင့် လမ်းများပျက်စီးခြင်း၊ ကုန်ပစ္စည်းများ ပြတ်လပ်ခြင်းတို့ကြောင့်သာ နန့်ဖာလုံဈေးကို ယာယီပိတ်ထားခဲ့ရပြီး သက်ဆိုင်ရာလမ်းပန်းဆက်သွယ်ရေးတာဝန်ရှိသူများနဲ့ ချိတ်ဆက်ပြီးဈေးအမြန်ဆုံး ပြန်ဖွင့်နိုင်အောင် ဆက်လက်လုပ်ဆောင်သွားမယ်လို့ နန့်ဖာလုံဈေးမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

**ခင်မိုးသူ**

## မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ဩဂုတ်လ ၈ ရက်မှ ၁၄ ရက်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၉၆၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၅၁၁ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၁၀၁၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့နိုင်မှုများမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၁၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၄၅ တန်ကျော်၊ ကဏန်း ၂၀ တန်ကျော်နဲ့ ပုစွန် ၂ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၄၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၂၁၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၂၂၄ တန်ကျော်၊ ငါးလေးခြောက် ၁၃ တန်ကျော်၊ ပုစွန် ၁ တန်ကျော်၊ ကင်းမွန် ၂ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၂၆၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၆၃၁ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၁၂၀၅ တန်ကျော်၊ ငါးမှုန့် တန် ၈၄၀၊ အေးခဲကဏန်းပျော့ ၆၄ ကျော်၊ ပုစွန် ၆၆ တန်ကျော်၊ ပုစွန်ခြောက် ၁၀ တန်ကျော်၊ငါးခြောက် ၆ တန်ကျော်၊ ကင်းမွန်ခြောက် ၁ တန်ကျော်၊ ကဏန်းသေး(အသေ)၃ တန်ခန့်၊ ကင်းမွန် ၁ တန်ကျော်နဲ့ သဲကဏန်း အနည်းငယ်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၂၂၈ တန်နီးပါးပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ကယ်ဆယ်ရေးကို အကြောင်းပြ၍ အကောက်ခွန်မဲ့ပစ္စည်းများ တင်သွင်းလာသည်ကို စစ်ဆေးတွေ့ရှိ

ရေဘေးကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာတဲ့ ယာဉ်ပေါ်မှ အကောက်ခွန်မဲ့ တင်ဆောင်လာသော ကားအလှဆင်ပစ္စည်းများကို Mobile Team အဖွဲ့က စစ်ဆေးတွေ့ရှိခဲ့တဲ့သတင်းကို ဖတ်လိုက်ရတော့ ဖြူစင်တဲ့ ကုသိုလ်အမှုပြုလုပ်တာကို ဘာကြောင့် တရားမဝင်လို့ဘဲပြောပြော မှောင်ခိုလုပ်တယ်ပဲဆိုဆို အနက်ရောင်မဆိုးသင့်ဘူး၊ အဖြူကို အနက်မဆိုးသင့်ပါလို့ တီးတိုးရေရွတ်မိလိုက်ပါတယ်။

ဖြစ်စဉ်ကတော့ ဩဂုတ်လ ၁၇ ရက် ဝ၆း၀၀ ချိန်မှာ ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ ပဒေသာရပ်ကွက်ရှိ xxxx ထမင်းဆိုင်ရှေ့မှာ ရေဘေးသင့်ပစ္စည်းများ တင်ဆောင်လာတဲ့ ယာဉ် 3F/xxxx ပေါ်မှ အကောက်ခွန်မဲ့ ပစ္စည်းများချနေကြောင်း သတင်းပေးပို့ချက်အရ ဘုရားကြီးရဲစခန်းမှစခန်းမှူး ဦးစီးအဖွဲ့က သက်သေများနဲ့အတူ သွားရောက်စစ်ဆေးတားဆီးပြီး Mobile Team အဖွဲ့ကို အကြောင်းကြားလာခြင်းဖြစ်ပါတယ်။ Mobile Team အဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးဦးစီးတဲ့အဖွဲ့က ရေဘေးလှူဒါန်းမှုနဲ့ မဆိုင်တဲ့ အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ ကားအလှဆင်ပစ္စည်း ၁၀ မျိုး၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၁ ဒသမ ၀၈၀ သိန်း တန်ဖိုးအား ဘုရားကြီးရဲစခန်းမှ လွှဲပြောင်းလက်ခံရယူခဲ့ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်၍ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။

သိမ်းဆည်းရမိတဲ့ အကောက်ခွန်ပစ္စည်းတွေကတော့ Vigo Hilux ယာဉ်အလှဆင် Fog Lamp Cover ၉ ထုပ်၊ကားတံခါးလက်ကိုင်ကွင်း ၂၈ ထုပ်၊ နောက်ဖုံးတံခါး လက်ကိုင် ၁၀ ထုပ်၊ဆီတိုင်ကီအဖုံးအခု ၂၀၊ ဘိုးဘား (ဝိုက်/အခြမ်း) ၇ စုံ၊ ရေကာ ၆ စုံ၊ ရှေ့ဖုံး(ဘောနက်) ၆ ခု၊ရှေ့မီးခွက်ကာဘာ ၆ ခု၊ နောက်ဘန်ပါ ၂ ခု ၊ဘောနက်နှာပေါက် ၁၅ ခုတို့ဖြစ်ပါတယ်။

အဆိုပါယာဉ်ဟာ နောက်တစ်စီးနဲ့အတူ ဩဂုတ်လ ၁၇ ရက် ဝဝး၁၅ ချိန်မှာ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်မှာ ယာယီအခြေပြုထားတဲ့ Mobile Team အဖွဲ့ လရ-၂ကို ဖြတ်သန်းဝင်ရောက်သွားခဲ့တဲ့ မြဝတီမှ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ရေဘေးသင့်ပြည်သူများအား လှူဒါန်းမယ့် ရေဘေးကယ်ဆယ်ရေးယာဉ်နှစ်စီးထဲမှ တစ်စီးဖြစ်ပါတယ်။

အထက်အညာဒေသမှာလည်း ရေဘေးကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်တဲ့ကားမှာ တမလန်းသစ်များ သယ်ယူမှုကို ဒေသအာဏာပိုင်များက စစ်ဆေးတွေ့ရှိခဲ့တယ်ဆိုတဲ့သတင်းကိုလည်း ဖတ်လိုက်ရတဲ့အတွက် ကုသိုလ်ရေးမှာ အကုသိုလ်မပါစေဖို့ အဖြူကို အနက်မဆိုးကြစေဖို့ရေးသားလိုက်ရပါတယ်။

**MIRT**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ယခုသီတင်းပတ်အတွင်း ရေထွက်ကုန်အများဆုံးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းက ဩဂုတ်လ ၈ ရက်မှ ၁၄ ရက်ထိ သီတင်းပတ်အတွင်း ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၀၇၇ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၁၀၂ သန်းဖိုး တင်ပို့ခဲ့သဖြင့် ယခုသီတင်းပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၀၂၅ သန်းဖိုးလျော့နည်း တင်ပို့ခဲ့တာတွေ့ရပါတယ်။

ယခုသီတင်းပတ်မှာ အများဆုံး တင်ပို့တဲ့ ရေထွက်ကုန်ပစ္စည်းကတော့ ရေချိုငါးမြစ်ချင်း တန် ၇၀ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၆၈ သန်းဖိုး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ အခြားတင်ပို့ခဲ့တဲ့ ပစ္စည်းများကတော့ လယ်ယာထွက်ကုန်ပစ္စည်းဖြစ်တဲ့ ကြက်သွန်နီ ၆ တန်၊ ဆီးသီးခြောက် ၁၅ တန်၊ မန်ကျည်းစေ့ ၄၆ တန်နဲ့ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် ၃ တန်တို့ကို တစ်ဘက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

## ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများရှိသော်လည်း ကုန်သွယ်မှုလုပ်ငန်းများ ပြတ်တောက်မသွားအောင်ဆောင်ရွက်လျက်ရှိ

မောင်တောခရိုင်၊ မောင်တောမြို့တွင် ဇူလိုင်လ ၂၉ ရက်နေ့ကတိုက်ခတ်ခဲ့တဲ့ ဆိုင်ကလုန်း မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့တယ်လို့ မောင်တောကုန်သွယ်ရေးစခန်းရဲ့ ဩဂုတ်လ ၂ ရက်နေ့က ဒေဝါနဒီ အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးစည်းအဝေးမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့ပါတယ်။ မုန်တိုင်းကြောင့် ပုစွန်ကန်များမှာ ရေနစ်မြုပ်၍ တာဘောင်များပျက်စီးသွားပြီး ဘူးသီးတောင်-မောင်တောကားလမ်းမှာလည်းမြေပြို၍ ကားလမ်းပိတ်နေကြောင်း ယခုရက်ပိုင်းအတွင်း ပြန်ဖွင့်နိုင်အောင်ဆောင်ရွက်လျက်ရှိပါကြောင်း ၊ ယင်းကဲ့သို့ ပျက်စီးဆုံးရှုံးမှုများရှိ နေသော်လည်း ကုန်သွယ်မှုလုပ်ငန်းများ ပြတ်တောက်မသွားအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်းကို အုပ်ချုပ်ရေးမှူးက ဖြည့်စွက်ပြောကြားသွားပါတယ်။ မောင်တောကုန်သွယ်ရေးစခန်းမှာ ဇူလိုင်လ အတွင်းပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၃၉၄ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၃၉၉ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုလျာထားချက်ရဲ့ ၆၄ ဒသမ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။မောင်တောကုန်သွယ်ရေးစခန်းမှ ဇူလိုင်လအတွင်း ပို့ကုန်တင်ပို့မှုအနေနဲ့ ချင်း(အစို)၊ သရက်သီး၊ ရေငန်ပုစွန်၊ကဏန်း၊ ဖိနပ်၊ထွန်းရွှေဝါ၊ သနပ်ခါးခဲ၊ ဆီးယိုထုပ်တို့ကို တင်ပို့နိုင်ပြီး သွင်းကုန်အနေနဲ့ ဒန်ရေတကောင်း ၊ ပလတ်စတစ်ပုံး၊ တီရှပ်၊ ဖိနပ်တို့ကို တင်သွင်းနိုင်ခဲ့တာ တွေ့ရပါတယ်။

**ခင်မိုးသူ**

## မူဆယ်သို့ထွက်ခွာတဲ့ မှန်လုံယာဉ်များပေါ်မှ သိုဝှက်တင်ဆောင်လာတဲ့ အမဲသားခြောက်များ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့သည် ဩဂုတ်လ ၁၅ ရက်မှ ၁၉ ရက်အတွင်း မူဆယ်သို့ ထွက်ခွာလာတဲ့ ခရီးသည်တင်မှန်လုံယာဉ်များအားစစ်ဆေးရာ ခရီးသည်တင်မှန်လုံယာဉ်များပေါ်မှ သိုဝှက်တင်ဆောင်လာတဲ့အမဲသားခြောက် ၄၇ ထုပ်ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ ခရီးသည်တင်မှန်လုံယာဉ်များပေါ်မှ အမဲသားခြောက်များအား အဖွဲ့စုံဖြင့် မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ထားတယ်လို့ သိရပါတယ်။

**MIRT**

## အကောက်ခွန်မဲ့ သယ်ဆောင်လာတဲ့တစ်ဖက်နိုင်ငံထုတ် ငါးစာအိတ်ရှစ်အိတ် သိမ်းဆည်းရမိ

တာချီလိတ် Mobile Team ဦးစီးမှူး ဦးစီးတဲ့အဖွဲ့ဟာ Mobile Team တာဝန်ထမ်းဆောင်နေစဉ် တာချီလိတ်မှ မိုင်းဆတ်သို့ သွားရောက်မယ့် ယာဉ်အမှတ် 2H/xxxx Vigo ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်မှာ အကောက်ခွန်မဲ့ သယ်ဆောင်လာတဲ့ တစ်ဖက်နိုင်ငံထုတ် ငါးစာအိတ်ရှစ်အိတ်ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါတယ်။ အဆိုပါသိမ်းဆည်းရမိပစ္စည်းများကို အဖွဲ့စုံနဲ့ စစ်ဆေးပြီး တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ရန် လွှဲပြောင်းအပ်နှံသွားမယ်လို့ သိရပါတယ်။ **MIRT**

## ယာဉ်မှတ်ပုံတင်ထားခြင်းမရှိသော Concrete Mixer Truck နှစ်စီးသိမ်းဆည်းရမိ

ဩဂုတ် ၁၅ ရက် ၂၃း၂၀ ချိန်ခန့်မှာ ယာဉ်အမှတ် တပ်ဆင်ထားခြင်းမရှိသလို တရားဝင် စာရွက်စာတမ်းလည်း တင်ပြနိုင်ခြင်းမရှိတဲ့ ယာဉ်မှတ်ပုံတင်မထားတဲ့ Nissan LIDX UD တစ်စီး၊ Concrete Mixer Truck နှစ်စီး၊ ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၈၀၀ စီ၊ စုစုပေါင်း ကျပ်သိန်း ၁၆၀၀ တန်ဖိုးကို နောင်ချို Asia World ယာယီအခြေပြု Mobile Team အဖွဲ့က သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ပြောင်းအိတ်များနဲ့ ဖုံးအုပ်သိုဝှက်သယ်ဆောင်လာတဲ့တမလန်းသစ်များနဲ့ မြန်မာကျပ်ငွေများအား ဖမ်းဆီးရမိ

ဩဂုတ်လ ၁၄ ရက် ၀၇း၅၀ ချိန် မန္တလေးမှ မူဆယ်ဘက်သို့ မောင်းနှင်လာသော ၂၂ ဘီးယာဉ်အား နောင်ချို ယာယီအခြေပြု Mobile Team အဖွဲ့က ရပ်တန့်စစ်ဆေးစဉ် ပြောင်းဖူးစေ့အိတ်များဖုံးအုပ်သိုဝှက် တင်ဆောင်လာတဲ့ တမလန်းသစ်များကို စစ်ဆေးတွေ့ရှိခဲ့ရတယ်လို့ သိရပါတယ်။ ယာဉ်ခေါင်းခန်းကို စစ်ဆေးရာမှာ မြန်မာကျပ်ငွေ သိန်းနှစ်ဆယ့်ရှစ်သောင်းခြောက်ထောင်ကျပ်ကို ထပ်မံတွေ့ရှိရတယ်လို့သတင်းရရှိပါတယ်။

တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ရန် သယ်ဆောင်လာတဲ့ တမလန်းသစ်များကို စနစ်တကျရေတွက်ပြီး သစ်တောဦးစီးဌာန နောင်ချိုသို့လည်းကောင်း၊ ၂၂ ဘီးယာဉ်နဲ့ မြန်မာကျပ်သိန်းနှစ်ဆယ်ကျော်ကို အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း၊ လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲများဖွင့်လှစ်အပ်နှံသွားမယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိ တမလန်းခါးရွေ ၁၀ ဒသမ ၇၇၅၄ တန်၊ ၅၃၈၇၇၀၀၀ ကျပ်နဲ့ Prime Mover Head with Trailer ၁ စီး၊ ကျပ်သိန်း ၁၀၀၀၊ ပြောင်းဖူးစေ့အိတ် ၁၄၀၊ ကျပ် ၁၄ သိန်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ်သိန်း ၁၅၇၃ ဒသမ ၆၃၀ ရှိတယ်လို့သိရပါတယ်။ **MIRT**

## ပြည်ပနိုင်ငံသို့တင်ပို့မည့် အေးခဲအသားများကို လရ-၁ အဖွဲ့မှ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့က မန္တလေးမှ မူဆယ်ဘက်သို့ ထွက်ခွာလာတဲ့ ယာဉ်များကို စစ်ဆေးရာ GI Group ခရီးသည်တင်ယာဉ်အမှတ် 8J/xxxx နဲ့ 4 I/xxxx ပေါ်မှ ခရီးသည်တင်ပစ္စည်းများကြား သိုဝှက်သယ်ဆောင်လာတဲ့ ပြည်ပနိုင်ငံသို့ တင်ပို့မယ့် တရားမဝင် ကန့်သတ်ကုန် အေးခဲအမဲသား ၄၁ အိတ်၊ အေးခဲအမဲသား ၅ ပုံးနဲ့ အေးခဲအမဲဝမ်းတွင်းသား ၄ ထုပ်တို့ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းနိုင်တယ်လို့သိရပါတယ်။ စစ်ဆေးတွေ့ရှိတဲ့ တရားမဝင်တင်ပို့မည့် အကောက်ခွန်မဲ့ ကန့်သတ်ကုန်အေးခဲသားများအား အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး အဖွဲ့စုံဖြင့် နောင်ချိုမြို့စည်ပင်သာယာရေးဦးဌာနသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့တယ်လို့ သိရပါတယ်။ **MIRT**

## အပိုသယ်ဆောင်သည့် တရားမဝင်ကုန်ပစ္စည်းများနဲ့ ကန့်သတ်ကုန်ပစ္စည်းများ သယ်ဆောင်လာတဲ့ စက်လှေတစ်စီးအား တားဆီး




မြိတ်ကုန်သွယ်ရေး စခန်းနယ်မြေမှာ စက်လှေအချို့ဟာ ကော့သောင်း Mobile Team သို့ ဝင်ရောက်စစ်ဆေးခံခြင်းမပြုဘဲ တရားမဝင်ပစ္စည်းများတင်ဆောင်၍ လည်းကောင်း၊ တရားဝင်ပစ္စည်းများနဲ့ ရောနှောတင်ဆောင်၍ လည်းကောင်း မြိတ်မြို့ ပတ်ဝန်းကျင်ရှိ ပုဂ္ဂလိကပိုင် ဆိပ်ခံ/တံတားအချို့မှာ ညပိုင်းအချိန်များ၌ ပစ္စည်းများ အတင်အချ ပြုလုပ်နေကြောင်း စုံစမ်းသိရှိရတဲ့အတွက် မြိတ်ကုန်သွယ်ရေးစခန်းက စောင့်ကြည့်လေ့လာလျက် ရှိနေပါတယ်။

ဩဂုတ်လ ၁၂ ရက်နေ့ ၁၉း၄၅ ချိန်မှာ မြိတ်မြို့မှ ၁၂ မိုင်ခန့်အကွာ ကျွဲကူး ကျောက်ဖျာမြစ်အတွင်းရှိ xxxx ကုမ္ပဏီပိုင် ဆိပ်ခံတံတားမှာ ဆိုက်ကပ်ထားတဲ့ အောင်စိန်မြတ် စက်လှေအား သံသယဖြစ်ဖွယ် အခြေအနေများကြောင့် မြိတ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစီးသော Mobile Team အဖွဲ့က စစ်ဆေးမှုပြုလုပ်ခဲ့ပါတယ်။

စစ်ဆေးမှုပြုလုပ်ရာမှာ လိုင်စင်/ID မှာ ကြေညာ/ဖော်ပြထားသော ဘိလပ်မြေ၊ စားအုန်းဆီနဲ့ ကြာဆံထုပ်များအပြင် အခွန်တိမ်းရှောင်၍ စားအုန်းဆီ အပိုများ သယ်ယူလာတဲ့ အပြင် လိုင်စင်/ID မရှိဘဲ အချိုရည်များ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများနဲ့ ကန့်သတ်ကုန် Singer Beer နဲ့ဘီယာချန်းများ သယ်ဆောင် လာတာကို စစ်ဆေးတွေ့ရှိခဲ့ရတယ်လို့ သိရပါတယ်။

လိုင်စင်/ID မပါဘဲ တင်သွင်းသယ်ယူလာတဲ့ ကုန်ပစ္စည်းတွေကတော့ ဘီယာချန်းပါကင် ၅၀၀၊ ဆင်းဂါးဘီယာပါကင် ၅၀၀၊ အချိုရည် (Cola/Fanta) ပါကင် ၂၀၀နဲ့ ဆိုင်ကယ်အပိုပစ္စည်းမျိုးစုံပါကင် ၁၅၀၊ခန့်မှန်းတန်ဖိုး စုစုပေါင်း ကျပ် ၂၁၃ သိန်းကျော်ဖိုးရှိပါတယ်။

လိုင်စင်/ID ပါရှိသော်လည်း ကြေညာ/အခွန်ပေးဆောင်ထားတာထက်ပိုမိုတင်သွင်းသယ်ယူလာတဲ့ ကုန်ပစ္စည်းတွေကတော့ စားအုန်းဆီ ၃၉၀၀၀ ကီလိုဂရမ်၊ ကြာဆံခြောက် ၃၃၀၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုး ကျပ် ၅၉၅ ဒသမ ၆၁၀ သိန်းဖိုးရှိစားအုန်းဆီများကို မလေးရှားနိုင်ငံ ပီနန်ဆိပ်ကမ်းမှ တင်ဆောင်လာတာဖြစ်ပါတယ်။ ဘိလပ်မြေ၊ ကြာဆံ၊ အချိုရည်၊ ဆိုင်ကယ်အပိုပစ္စည်းများနဲ့ ဘီယာများကို ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းမှ တင်ဆောင်လာကြပြီး အပြည်ပြည်ဆိုင်ရာ ရေလမ်းကြောင်း အသုံးပြုကာ ညအချိန် ကော့သောင်း Mobile Team အား ရှောင်ကွင်းပြီး မြိတ်မြို့သို့ သယ်ဆောင်လာတာလို့သိရပါတယ်။

သိမ်းဆည်းရမိ တရားမဝင် အကောက်ခွန်မဲ့ ပစ္စည်းများနဲ့ စက်လှေတို့အား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက် ခွန်အမှုတွဲဖွင့်၍ အရေးယူထိန်းသိမ်းသွားရန် စီစဉ်နေတယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## စားသုံးရန်မသင့်တဲ့ ပြည်ပနိုင်ငံထုတ် စားသောက်ကုန်များအား စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့သည် ဩဂုတ်လ ၁၉ ရက်နေ့တွင် မူဆယ်မှ မန္တလေးသို့ ထွက်ခွာလာတဲ့ ယာဉ်များကို စစ်ဆေးရာ ဆုလာဘ်ရှင်ခရီးသည်တင်ယာဉ်နဲ့ ရှမ်းမင်းသားခရီးသည်တင်ယာဉ်နှစ်စီးပေါ်မှ ခရီးသည်ပစ္စည်းများကြား သိုဝှက်တင်ဆောင်လာတဲ့ ပြည်ပနိုင်ငံထုတ် မုန့်ဖာငါးဖာနဲ့ အချိုရည် ၁၀ ကတ်ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိပြည်ပနိုင်ငံထုတ် မုန့်ဖာနဲ့ အချိုရည်များသည် အကောက်ခွန်မဲ့ စားသုံးရန်မသင့်တဲ့ ကုန်ပစ္စည်းဖြစ်ပြီး အကောက်ခွန်အမှုတွဲ ဖွင့်ကာ Mobile Team အဖွဲ့ဝင်ဌာနကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် မီးရှို့ဖျက်ဆီးဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ **MIRT**

## သက်တမ်းလွန်ထောက်ခံချက်များနဲ့ သယ်ဆောင်လာတဲ့ ဆိတ်များအား မန္တလေး-လားရှိုးရထားပေါ်မှ သိမ်းဆည်းရမိ

မန္တလေးမှ လားရှိုးဘက်သို့ မောင်းနှင်လာတဲ့ မီးရထားပေါ်မှာ ဆိတ်များသယ်ဆောင်လာတယ်လို့ သတင်းရရှိတဲ့အတွက် နောင်ချို ယာယီအခြေစိုက် Mobile Team အဖွဲ့သည် နောင်ချိုဘူတာမှာ သွားရောက် စောင့်ဆိုင်းခဲ့ပါတယ်။ဩဂုတ်လ ၁၂ ရက်နေ့ ၁၁း၀၀ နာရီချိန် နောင်ချိုဘူတာကို ဆိုက်ရောက်လာတဲ့ မန္တလေး-လားရှိုး ၁၃၁ Up ရထားပေါ်မှာ ဆိတ်ကောင်ရေ ၁၇၀ အား တန်ဆာလုပ်သယ်ဆောင်လာတာကို စစ်ဆေးတွေ့ရှိရပါတယ်။မန္တလေးမြို့ဟောင်းဘူတာမှ သီပေါမြို့ထိ တန်ဆာခပြုလုပ်ထားတာကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စာရွက်စာတမ်းများ တောင်းခံစိစစ်ရာမှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ ဖေဖော်ဝါရီလ ၂ ရက်နဲ့ မေလ ၁၂ ရက် ရက်စွဲပါကုသရေးဦးစီးဌာနရဲ့ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်များသာ တွေ့ရှိရပါတယ်။ သက်ဆိုင်ရာဌာနများရဲ့ တိုင်းကျော်ပြည်နယ်ကျော် သယ်ယူခွင့် အပါအဝင် အခြားစာရွက်စာတမ်း၊ အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိခဲ့ပါဘူး။ အထက်ပါဆိတ် ၁၇၀ ကောင် (ခန့်မှန်းတန်ဖိုး ကျပ် ၁၁၉ သိန်း)ကို နိုင်ငံဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အပ်နှံထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ID မဲ့နဲ့ ID ထက်ပိုမိုတင်ဆောင်လာတဲ့ စားသောက်ကုန်များအား လရ-၂ အဖွဲ့မှ စစ်ဆေးတွေ့ရှိ

ပဲခူးတိုင်းဝေါမြို့နယ် ညောင်ခါးရှည်အခြေပြု Mobile Team လရ-၂ အဖွဲ့က ကျိုက်ထို-ဝေါ-ပဲခူးသို့ ပြေးဆွဲလျက်ရှိတဲ့ မှန်လုံယာဉ်များနဲ့ ယာဉ်ငယ်များကို စစ်ဆေးရာ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဂျူတီယာဉ်အမှတ် 2J/xxxx ၁၂ ဘီး(UD)ပေါ်မှ အကောက်ခွန်ပေးဆောင်ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ၆၅ Pkg ပါကြာဆံထုတ် Instant Rice Vermicelli (1 x 30pcs x 6 pkgs) အားစစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့ပါတယ်။အလားတူ Hilux X/xxxxယာဉ်ပေါ်မှလည်း ၃၀၀ ml နဲ့ ၂၅ ml ပါ ပဲနို့အချိုရည် ၉၀ pkg ကိုစစ်ဆေးတွေ့ရှိ သိမ်းဆည်းနိုင်ခဲ့ပါတယ်။ ယာဉ်နှစ်စီးပေါ်မှ စစ်ဆေးတွေ့ရှိစားသောက်ကုန်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၂၂ သိန်းခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းပြီး ဖြစ်တယ်လို့ သိရပါတယ်။ **MIRT**

# ကောလာဟာလ ဩဂုတ်လနဲ့ အဖျားခတ်သွားတဲ့ ဘဏ်မုန်တိုင်း

| မယ်သီတာ |



မြန်မာနိုင်ငံအတွက် ဩဂုတ်လဆိုတဲ့ရှစ်လပိုင်းဟာ တကယ့်ကို အရေးပေါင်းများစွာနဲ့ကြုံတွေ့ခဲ့ရတဲ့လလို့ ပြောမယ်ဆိုရင် မှားမယ်လို့မထင်ခဲ့ပါဘူး။ ဇူလိုင်လကုန်ပိုင်းလောက်ကစပြီး ရှစ်လပိုင်းဆိုတဲ့ ဩဂုတ် လအဝင်မှာပဲ မုတ်သုံကာလအဝင် ပြင်းထန်လှတဲ့ မုတ်သုံမိုးရဲ့ ထိုးနှက်ချက်ကြောင့် အညာဒေသတစ်ခွင် ရေလွှမ်းမိုးမှုတွေဖြစ်ပေါ်ခဲ့ရပါတယ်။ အဲဒီ အညာဒေသမှာဖြစ်ပေါ်ခဲ့တဲ့ရေလွှမ်းမိုးမှုတွေဟာ မကြုံစဖူး ထူးကဲလှတဲ့အတွက် ဘယ်သူမှထိုင်ကြည့်မနေနိုင်တဲ့အဖြစ်ကို ရောက်ခဲ့ရပါတယ်။

တစ်တိုင်းပြည်လုံး အုံးအုံးကျွက်ကျွက်နဲ့ ရေဘေးဒုက္ခသည်တွေအပေါ် ကိုယ်ချင်းစာနာစိတ်နဲ့ သွား ရောက်လှူဒါန်းခဲ့ကြတဲ့မြင်ကွင်းဟာ တကယ့်ကို အဆိုးထဲက အကောင်းလို့ ဆိုရမှာပါ။ ပူပြင်းခြောက်သွေ့လှတဲ့အထက်အညာဒေသဟာ ပင်လယ်ပြင်ကြီးလိုဖြစ်သွားခဲ့ရသလို ရေကျသွားပြန်တော့လည်း ကျွဲလူးအိုင်ထဲရောက်နေသလိုဖြစ်ခဲ့ရတဲ့ ဒုက္ခကလည်း မသေးလှပါဘူး။

အထက်အညာဒေသမှာ ရေကျသွားလို့ မပြီးသေးခင်မှာပဲ အဲဒီကဆင်းလာတဲ့ရေတွေဟာ မြန်မာနိုင်ငံရဲ့မြစ်ဝကျွန်း ပေါ်ဒေသဆီကို ဦးတည်သွားခဲ့ပြန်တာကြောင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာရှိတဲ့ မြို့တွေအားလုံး ရေလွှမ်းမိုးမှုနဲ့ကြုံခဲ့ရသလို အောက်မြန်မာပြည်ကြီးတစ်ခုလုံးမှာလည်း မြစ်ရေတက်ရေတစ်ဖွေးဖွေးကွင်းကျယ် အဝေးဝေးဆိုသလို ပင်လယ်ပြင်ကြီးကို ငေးကြည့်ရသလို တစ်မျှော်တစ်ခေါ်ကျယ်ပြန့်လှတဲ့ ရေပြင်ကျယ်ကြီးနဲ့ ရင်ဆိုင်ရပြန်ပါတယ်။

မြစ်ဝကျွန်းပေါ်ဒေသက ပြည်သူတွေဟာ ရေကြီးမှုကို နှစ်စဉ်ကြုံတွေ့နေရပေမယ့် အောက်ရေ ကြောင့် ရေကြီးတာမျိုးမဟုတ်ဘဲအထက်ရေကြောင့်ရေကြီးမှုကိုတော့ ဒီနှစ်မှသာကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။ ရေကြီးရင် အေအီးပျော်တယ်ဆိုတဲ့ ငယ်ငယ်တုန်းက ရေကြီးတိုင်းအော်ဆိုခဲ့တဲ့စာသားလေးကို သတိရလို့ ရေရွတ်မိပေမယ့် ဒီတစ်ခါတော့ ရေကြီးရင်အေအီးမပျော်တော့ဘဲ ဝိသမသမားကုန်သည် လုပ်ငန်းရှင်တွေသာ ပျော်ခဲ့တာကို တွေ့ရပြန်တော့ မြန်မာပြည်သူတွေအတွက် ရင်မောမိပြန်ပါတယ်။

ပြည်သူတွေက ရေဘေးဒုက္ခကို ခါးစည်းခံစားနေရချိန်မှာ တချို့သောကုန်သည်တွေကတော့ ဒီလို ဒုက္ခကို အခွင့်ကောင်းယူပြီး ရေဘေးအတွက် တင်သွင်းလာတဲ့ပစ္စည်းတွေနဲ့ရောပြီး ကယ်ဆယ်ရေးနဲ့ မဆိုင်တဲ့ပစ္စည်းတွေ တင်သွင်းလာတာကို တွေ့ရပါတယ်။ ဒါဟာ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်ပြီး အများဒုက္ခကို ကိုယ့်သုခလို့ ထင်မှတ်နေကြတဲ့ဝိသမသမားတွေပဲဖြစ်ပါတယ်။ ဒါတွေကို နိုင်ငံတော်အနေနဲ့တားဆီးလို့ရသင့်သလောက်ရပေမယ့် တားဆီးလို့မရတာတွေလည်း ရှိနိုင်ပါသေးတယ်။ ဒါပေမယ့် ကုန်သည်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေဟာလည်း ပြည်သူတွေပါပဲ။ စီးပွားရေးသမားတွေဟာ စီးပွားရေးသမားတွေ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကို အပြည့်အဝလိုက်နာမှသာ ကိုယ့်အတွက်လည်း အကျိုးရှိမှာဖြစ်သလို တိုင်းပြည်အတွက် ပြည်သူအတွက် အကျိုးရှိမှာဖြစ်ပါတယ်။

အဲဒီလို တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၂ခုက ပြည်သူတွေ ရေဘေးဒုက္ခနဲ့ကြုံတွေ့နေချိန်မှာ နိုင်ငံ တော်အစိုးရရဲ့နိုင်ငံရေးအခြေအနေတွေဟာလည်း အပြောင်းအလဲတွေဖြစ်ခဲ့ရပါတယ်။ နိုင်ငံရေးအပြောင်းအလဲနဲ့ ပြည်သူတွေရဲ့ ရေဘေးဒုက္ခကို အာရုံရောက်နေချိန်မှာ နိုင်ငံတော်အတွက် ကြီးမားတဲ့ဆုံးရှုံးမှုကြီးတစ်ခုကို ရင်ဆိုင်ရနိုင်မယ့် သတင်းတစ်ပုဒ်က ဖေ့စ်ဘုတ်လို့ခေါ်တဲ့ လူမှုကွန်ရက်ထက်မှာ တစ်မုဟုတ်ချင်း ပျံ့နှံ့ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ဘဏ်ကြီးနှစ်ခု ပိတ်သိမ်းတော့မယ်ဆိုတဲ့သတင်းက တစ်ခဏချင်းမှာပဲ ပြည်သူတွေကြားမှာ စိမ့်ဝင်သွားခဲ့ပါတယ်။

အဲဒီလို စိမ့်ဝင်သွားမှုနဲ့အတူ ဘဏ်တိုးကို အရင်းလုပ်ပြီးစားနေသူတွေ၊ ဘဏ်ထဲမှာ ငွေပမာဏ အများအပြားထည့်သွင်းထားသူတွေဟာ နေ့ချင်းဆိုသလို ဘဏ်မှာရှိတဲ့ငွေတွေအားလုံးကို ထုတ်ယူကြပါတော့တယ်။ ဘဏ်တွေကို ယုံကြည်မှုနဲ့အပ်နှံထားတဲ့ပြည်သူတွေဟာ လွန်ခဲ့တဲ့ ၂၀၀၃ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ငွေကြေးဖြစ်ရပ်ကြောင့် စိုးရိမ်လွန်ကဲမှုအပြည့်နဲ့ လာရောက်ထုတ်ယူခဲ့ကြပါတယ်။

ပြည်သူတွေဟာ ပုဂ္ဂလိကဘဏ်တွေမှာသူတို့အပ်နှံထားတဲ့ငွေတွေကိုထုတ်ယူပြီး ငွေကြေးအရ ခိုင်မာမှုရှိတဲ့ အစိုးရဘဏ်မှာ အပ်နှံခဲ့ကြသလို တချို့သောပြည်သူတွေကလည်း ငွေထက် ပိုမိုခိုင်မာတဲ့ ရွှေဘက်ကိုဦးတည်ခဲ့ကြပါတယ်။ တချို့သောပြည်သူတွေကလည်း ကျပ်ငွေထက်ရော ရွှေထက်ပိုမိုခိုင်မာတဲ့ အမေရိကန်ဒေါ်လာဘက်ကို ခြေဦးလှည့်ခဲ့ကြပါတယ်။

အဲဒီလို ခြေဦးလှည့်ခဲ့ကြတဲ့နောက်ဆက်တွဲအကျိုးဆက်ကတော့ ပြည်တွင်းငွေလဲနှုန်းတွေ မြင့်တက် လာပြီး ပြည်တွင်း ရွှေဈေးတွေပါ ဆက်တိုက်ဆိုသလိုမြင့်တက်ခဲ့ရပါတယ်။ ရွှေဈေးမြင့်တက်လာတာက သာမန်လက်လုပ်လက်စားပြည်သူတွေအတွက် ထိခိုက်မှုမရှိပေမယ့် အမေရိကန်ဒေါ်လာဈေးမြင့်တက် လာတာဟာ ပြည်သူတွေကို အထိနာစေတဲ့ဖြစ်ရပ်ပါပဲ။ ရေဘေးကြောင့် သွင်းကုန်တွေမြင့်တက်လာတဲ့အတွက် ကုန်သွယ်မှု လိုငွေပြနေချိန်မှာ အမေရိကန်ဒေါ်လာဈေးဟာ သာမန်ရှိသင့်တာထက် မြင့်တက် နေခဲ့ပါတယ်။ ဒါပေမယ့်လည်း ခုလိုမျှော်လင့်မထားတဲ့ဖြစ်ရပ်ကြောင့် အမေရိကန်ဒေါ်လာဈေးဟာ ၁၃၀၈ကျပ်အထိ အမြင့်ဆုံးကို ရောက်ရှိခဲ့သလို ပြည်တွင်း ရွှေဈေးဟာလည်း ကျပ် ၇၇၀၀၀၀ အထိ အမြင့်ဆုံးရောက်ရှိခဲ့ပါတယ်။

ကမ္ဘောဇဘဏ်နဲ့ အေဂျီဒီဘဏ်တို့ ပိတ်သိမ်းတော့မယ်ဆိုတဲ့သတင်းတကယ်မှန်ရဲ့လား။ စဉ်းစားကြည့်ပါ။ မြန်မာနိုင်ငံမှာ ပုဂ္ဂလိကဘဏ်ကြီး ၂၃ခုကို ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံတကာနှင့်ငွေကြေးဆက်သွယ်ဆောင်ရွက်မှုများပြုလုပ်နိုင်ရန် လမ်းဖွင့်ပေးခဲ့ပါတယ်။ အဲဒီလိုလမ်းဖွင့်ပေးခဲ့ပြီးနောက်ပိုင်းမှာ ပုဂ္ဂလိက ဘဏ်တွေဟာ အချိန်နဲ့တစ်ပြေးညီတိုးတက်လာခဲ့တာကို အားလုံးမြင်တွေ့ခွင့်ရနေမှာပါ။ ဒါပေမယ့်လည်း နိုင်ငံရေးမတည်ငြိမ်မှုနဲ့အတူ ရွေးကောက်ပွဲကာလနီးကပ်လာချိန်မှာ တိုက်ဆိုင်လာတဲ့ဖြစ်ရပ်တွေကြောင့် စီးပွားရေးသမားတွေရဲ့လှည့်ကွက်ထဲကို ဝင်ရောက်လာတာကတော့ ဘဏ်တွေပဲဖြစ်ပါတယ်။

အဲယားပုဂံလေကြောင်းလိုင်းကို ရပ်နားလိုက်တာ၊ ကြံ့ခိုင်ရေးပါတီအတွင်း အပြောင်းအလဲတွေ ဖြစ်ပေါ်ခဲ့တာ၊ သူရဦးရွှေမန်းကိုတာဝန်မှရပ်နားလိုက်တာ အဲဒီအချက်တွေကို အခြေခံပြီး စီးပွားရေးသမားတွေက အင်အားပြင်းထန်တဲ့မုန်တိုင်းတစ်လုံးကို ဖန်တီးခဲ့ပါတယ်။ အဲဒီမုန်တိုင်းကတော့ ဘဏ်တွေပိတ် သိမ်းမယ်ဆိုတဲ့မုန်တိုင်းပါ။ ဒီမုန်တိုင်းကို ပြည်သူတိုင်းမခံစားရဘူးဆိုပေမယ့် ကောလာဟာလဆိုတာ မှန်တတ်တယ်ဆိုတဲ့ စိုးရိမ်လွန်ကဲတဲ့ပြည်သူတွေကတော့ ဘဏ်ကငွေတွေထုတ်ပြီး ရွှေဝယ်၊ ဒေါ်လာဝယ်နဲ့ အလုပ်ရှုပ်သွားစေတာကတော့အမှန်ပါ။

ဘဏ်တွေ အနေနဲ့ကလည်း အားလုံး စည်းကမ်းနဲ့အညီ သတ်မှတ်ထားတဲ့ ဘောင်အတွင်းမှာပဲ သတ်မှတ်ထားတဲ့ အချိုးအတိုင်း သွားနေတာဖြစ်တဲ့အတွက် ခုလို ရုန်းရုန်းဖြစ်လာတဲ့ ကိစ္စမှာတော့ ကောလာဟာလသာဖြစ်တယ်လို့ ပြောချင်ပါတယ်

ဒါပေမယ့်လည်း ပြည်ထောင်စုမြန်မာနိုင်ငံ ဗဟိုဘဏ်က လက်ဦးမှုရယူပြီး အဲဒီမုန်တိုင်းကို လေပြေ လေညင်းအသွင်ဖန်တီးခဲ့ပါတယ်။ ဘဏ်တွေပျက်တော့မယ်ဆိုတဲ့သတင်းက အမှန်မဟုတ်၊ ကောလာဟာလသာဖြစ်တဲ့ အကြောင်းနဲ့ အမှန်တကယ် ဖျက်သိမ်းခဲ့မယ်ဆိုရင်တောင် ဗဟိုဘဏ်က တာဝန်ယူပါတယ်ဆိုတဲ့ ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဦးဆက်အောင်ရဲ့ပြောစကားကြောင့် ပြည်သူတွေရဲ့ စိတ်တွေ အေးငြိမ်းခဲ့ရပါတယ်။

"အခုလောလောဆယ်ဖြစ်နေတဲ့သတင်းတွေမှာ ဘဏ်တချို့ကိုပိတ်သိမ်းမယ်ဆိုတဲ့သတင်းတွေက မမှန်ပါဘူး။ အဲဒီလိုပိတ်ဖို့ကိုလည်း ဗဟိုဘဏ်က စီစဉ်ထားခြင်းမရှိပါဘူး။ ပြီးတော့ ဘဏ်တွေအနေနဲ့ကလည်း အားလုံးစည်းကမ်းနဲ့အညီ သတ်မှတ်ထားတဲ့ဘောင်အတွင်းမှာပဲ သတ်မှတ်ထားတဲ့အချိုးအတိုင်း သွားနေတာဖြစ်တဲ့အတွက် ခုလို ရုန်းရုန်းဖြစ်လာတဲ့ကိစ္စမှာတော့ ကောလာဟာလသာဖြစ်တယ်လို့ ပြောချင်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂလိကဘဏ်ကြီး ၂၃ခုဟာ ဗဟိုဘဏ်ရဲ့ကြီးကြပ်မှုအောက်မှာပဲရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် ပုဂ္ဂလိကဘဏ်တွေအနေနဲ့ ဘဏ်လုပ်ငန်းများဆောင်ရွက်ရာမှာ သတ်မှတ်ထားတဲ့အချိုးအတိုင်းစည်းကမ်းနဲ့အညီဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ဒီလိုဖြစ်ပေါ်ခဲ့တဲ့သတင်းတွေဟာ မမှန်ကန်တဲ့အတွက် ပြည်သူတွေအနေနဲ့ ကောလာဟာလတွေကို စဉ်းစားဆင်ခြင်ပြီးမှ ယုံကြည်ကြ ဖို့လိုပါတယ်။

"ကျွန်တော်တို့ကတော့ ဘဏ်တွေက တကယ်လို့ ပြဿနာတစ်ခုခုဖြစ်လာပြီဆိုရင် အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းပေးသွားမှာပါ။ ဘဏ်တွေအနေနဲ့လည်း သူတို့ကိုယ်တိုင်း Interbank Market ကနေလည်း ဆွဲလို့မရတော့ဘူးဆိုရင် ဗဟိုဘဏ်ကနေပြီး အပြည့်အဝနောက်ကနေ Back up လုပ်ပေး သွားမှာပါ" ဟု နေပြည်တော်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင် က ထပ်မံပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်မတို့ကတော့ စိုးရိမ်လွန်ကဲတယ်ပဲပြောပြော။ ကိုယ့်ပိုက်ဆံဆိုတော့ ဆုံးရှုံးမှာကြောက်တာပေါ့။ အဲဒါကြောင့် သွားထုတ်လိုက်တာ။ ဒီနေ့က သောကြာနေ့လည်းဖြစ်တယ်။ စနေတနင်္ဂနွေကလည်းကြားထဲမှာ ခံနေတယ်ဆိုတော့ အစိုးရဘဏ်မှာ သွားအပ်ထားလိုက်တယ်။ ဒါပေမယ့် သတင်းတွေမှာက ဒီလိုဖြစ်ရင် ဗဟိုဘဏ်က ရှင်းပေးမယ်ဆိုတဲ့အတွက် နည်းနည်းတော့ စိတ်အေးရတာပေါ့လေ"ဟု အေဂျီဒီဘဏ်မှာ ငွေလာထုတ်သည့် ဒေါ်မြမြက ပြောကြားခဲ့သည်။

ပုဂ္ဂလိကဘဏ်များအနေဖြင့် ငွေကြေးများလည်ပတ်ရာတွင် ပြည်သူများ၏အပ်ငွေများနှင့် လုပ်ငန်း ရှင်များအား ပြန်လည်ထုတ်ချေးငွေများအပေါ်တွင်သာရပ်တည်နေရသဖြင့် ယခုကဲ့သို့ ငွေများအလုံးအရင်းနှင့် ပြန်လည်ထုတ်ယူပါက ဘဏ်တွင် ငွေကြေးပြတ်လပ်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ရကြောင်း၊ ယင်းကဲ့သို့ ဘဏ်များတွင် ငွေကြေးပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ပါက ဗဟိုဘဏ်မှ တာဝန်ယူဖြေရှင်းပေးမည် ဖြစ်သဖြင့် ပြည်သူများအနေဖြင့် စိုးရိမ်လွန်ကဲမှု မဖြစ်ပေါ်ကြစေလိုကြောင်းဖြင့် အေဂျီဒီဘဏ်ခွဲမှာ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါသည်။

ယခုကဲ့သို့ ဘဏ်လုပ်ငန်းများ လှုပ်ခတ်စေရန် ရည်ရွယ်လုပ်ဆောင်နေသော ကောလာဟလများနှင့် ပတ်သက်၍ "အခုနောက်ပိုင်း အီလက်ထရွန်နစ်အက်ဥပဒေဆိုတာလည်း ရှိနေပြီဖြစ်တဲ့အတွက် ကိုယ်တိုင်နစ်နာသူက ဒီလိုကောလာဟလကြောင့် အခက်အခဲပြဿနာတွေ ဖြစ်လာ တယ်ဆိုရင် တင်ပြတိုင်ကြား လို့ရပါတယ်။ နစ်နာသူကပြည်ထဲရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဌာနတွေကို ဆက်သွယ်ဆောင် ရွက်ခွင့်ရှိပါတယ်" လို့မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေရေးကြေးရေးနှင့် သတင်းစစ်ဆေးရေးနှင့် လေ့လာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်သန်းက ဖြည့်စွက်ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ဘဏ်လုပ်ငန်းနှင့် ဆက်နွယ်ဆောင်ရွက်သူများအနေဖြင့် စိတ်ပူပန်စရာမရှိဘဲ ဆက်လက်ဆောင်ရွက်နိုင်ကြောင်းကို "နောက်တစ်ခုအရေးကြီးတာက အခုလိုမျိုး ကောလာဟလတွေဖြစ်ပြီး ဘဏ်တွေအနေနဲ့ ငွေကြေးအကျပ်အတည်းတွေ ဖြစ်ပေါ်လာရင် ဘဏ်တွေအနေနဲ့ ဗဟိုဘဏ်ကိုတောင်လာစရာမလိုပါဘူး။ Interbank Market ကနေပြီး တခြားဘဏ်တွေက ငွေချေးလို့ရပါသေးတယ်။ Interbank Market ကလည်း ချေးလို့မရဘူး၊ တခြားဘဏ် တွေကလည်းပေးလို့မရဘူးဆိုရင်တောင် ပူစရာမလိုပါဘူး။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်တွေလိုအပ်တဲ့ငွေကိုချေးပေးမှာဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါသည်။

ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်များတွင် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ထွက်ပေါ်လာသော ဘဏ်အချို့ပိတ်သိမ်းမည်ဟူသည့် ကောလာဟလများကြောင့် ပြင်ပဘဏ်လုပ်ငန်းများတွင် ငွေသွင်းငွေထုတ်မှု ဂယက်များဖြစ်ပေါ်လာပြီး ယင်းဂယက်များကြောင့် နောက်ဆက်တွဲပြဿနာများ မဖြစ်ပေါ်လာစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ချက်များ ပြုလုပ်လျက်ရှိကြောင်း နိုင်ငံပိုင်သတင်းစာများမှာ ဖော်ပြထားခဲ့ပါသည်။

ဇူလိုင်လကုန် ဩဂုတ်လလယ်ရောက်တဲ့အထိ မိုးသက်မုန်တိုင်းရဲ့အရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်း လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့ရသလို ဩဂုတ်လလယ်ပိုင်းမှာ တိုက်ခတ်လိုက်တဲ့အပြင်းထန်ဆုံးမုန်တိုင်းတစ်လုံး ဖြစ်တဲ့ဘဏ်မုန်တိုင်းကတော့ ကုန်းတွင်းပိုင်းကို ဖြတ်ကျော်ဝင်ရောက်ပြီး အားပျော့ပျက်ပြယ်သွားခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီမုန်တိုင်းရဲ့အကျိုးသက်ရောက်မှုကတော့ စိုးရိမ်စိတ်လွန်ကဲသူတွေအတွက် အထိနာစေတဲ့အဖြစ်လို့ပဲ ပြောရမှာဖြစ်တယ်လို့ ဆိုလိုက်ချင်ပါသည်။

# စင်ကာပူနှင့် ရန်ကုန်မြို့အကြား မြန်မာအမျိုးသားလေကြောင်း ပျံသန်းပြေးဆွဲမှုစတင်

၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့နှင့် စင်ကာပူတို့အကြား လေကြောင်းခရီးစဉ်ကိုပျံသန်းပြေးဆွဲခြင်းဖြင့် မြန်မာအမျိုးသားလေကြောင်း (MNA) သည် ၂၂ နှစ်ကြာ ရပ်နားထားခဲ့သည့် အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းကို ပြန်လည်စတင်ခဲ့ပါသည်။




MNA မှ ရန်ကုန်-စင်ကာပူခရီးလမ်းကြောင်းအား ဦးစားပေးရွေးချယ် ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဤလမ်းကြောင်း၌ လေကြောင်းလိုင်းများ၏ ဖြည့်ဆည်းလုပ်ကိုင်နိုင်စွမ်းမှာလိုအပ်သည် ထက်ကျော်လွန်လျက်ရှိကြောင်း၊ သို့ဖြစ်၍ မကြာသေးမီကာလများအတွင်းရွှေမြန်မာလေကြောင်းလိုင်းသည် ဤခရီးလမ်းကြောင်း၌ ပျံသန်းပြေးဆွဲခြင်း ရပ်သိမ်းသွားသကဲ့သို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည်လည်း ၎င်း၏လုပ်ကိုင်နိုင်စွမ်းကို လျှော့ချမှုများ ပြုလုပ်ခဲ့ကြောင်း၊ စင်ကာပူလေကြောင်းလိုင်းများနှင့် ယှဉ်ပြိုင်မှုမြင့်မားသည့် ခရီးလမ်းကြောင်းအတွင်း MNA အနေဖြင့် များစွာကြိုးပမ်းအားထုတ်ရမည်ဖြစ် ကြောင်းစသည်ဖြင့် လေ့လာဆန်းစစ်သူများ၏ပြောဆိုမှုအားစင်ကာပူသတင်းဌာနများက ဖော်ပြပါသည်။ လက်ရှိကာလ၌ MAI နှင့် MNA လေကြောင်းလိုင်းတို့အပြင် စင်ကာပူအခြေစိုက်လေကြောင်းလိုင်းများဖြစ်သော Singapore Airlines, SilkAir, Tigerair နှင့် ဩစတေးလျအခြေစိုက် Qantas လေကြောင်း၏ လက်အောက်ခံ Jetstar Asia တို့မှလည်း စင်ကာပူနှင့် မြန်မာနိုင်ငံအကြား လေကြောင်းခရီးသည်များ သယ်ယူပို့ဆောင်ခြင်းကို လုပ်ကိုင်လျက်ရှိပါသည်။

စင်ကာပူနိုင်ငံရှိလေကြောင်းပို့ဆောင်မှုဆိုင်ရာ အတိုင်ပင်ခံ အဖွဲ့အစည်းတစ်ရပ်ဖြစ်သော CAPA Singapore မှ သုတေသီအရာရှိချုပ် Mr. Brendan Sobie က စင်ကာပူသို့ ခရီးစဉ်များပျံသန်းရာတွင် MNA အနေဖြင့် အခြားသောမြန်မာလေကြောင်းလိုင်းများနည်းတူစိန်ခေါ်မှုများစွာကို မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတကာလေကြောင်းဈေးကွက်၌ လူသိနည်းပါးသေးသည့် လေကြောင်းလိုင်းအသစ်တစ်ခုဖြစ်နေခြင်းက အဓိကအချက်ဖြစ်ကြောင်း၊ ရှေ့လာမည့်လများ၌ MNA မှ ဝင်ရောက်လုပ်ကိုင်ရန်စီစဉ်ထားသည့် အာရှ အရှေ့ မြောက်ဒေသဈေးကွက်တွင်လည်း အလားတူကြုံတွေ့ရဖွယ်ရှိကြောင်းဖြင့် ပြောဆိုပါသည်။

မြန်မာအမျိုးသားလေကြောင်း၏ အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းကမူ မြန်မာနိုင်ငံသို့ ခရီးသွားများလာရောက်မှုမှာ လျင်မြန်စွာတိုးတက်လျက်ရှိကြောင်း၊ ယခုနှစ်အတွက် နိုင်ငံခြားခရီးသည်ဦးရေမှာ ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်း ခန့်ပိုမိုလျက် ၄ ဒသမ ၅ သန်းအထိလာရောက်ဖွယ်ရှိသည်ဟု ခန့်မှန်းရကြောင်း၊ ဤသို့တိုးတက်မှုမှာဆက်လက်ဖြစ်ပေါ်နေဦးမည်ဟု ပညာရှင်များက ရှုမြင်ထားကြကြောင်း၊ မိမိတို့အနေဖြင့် ယခုအချိန်အခါသည် မြန်မာနိုင်ငံသို့ ခရီးသည်များ လာရောက်ရန် လိုလားချက်မြင့်တက်နေမှုအခွင့်လမ်းကိုရယူလျက် ဒေသတွင်းသို့လုပ်ငန်းများချဲ့ထွင်ဆောင်ရွက်ရန် အသင့်လျော်ဆုံးဖြစ်သည်ဟုမှတ်ယူပါကြောင်း၊ ဒေသတွင်းယှဉ်ပြိုင်လုပ်ကိုင်ရာ၌ စိန်ခေါ်မှုများရှိနေသော်လည်း မိမိတို့၏ဖောက်သည်များအားမြန်မာနိုင်ငံနှင့်ပတ်သက်၍ အတွေ့အကြုံကောင်းများကို ရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေကြောင်းဈေးကွက်မှာ တိုးတက်မှု နှေးကွေးနေဆဲဖြစ်ကြောင်း၊ လွန်ခဲ့သော ၁၈ လတာကာလအတွင်းမြန်မာနိုင်ငံ၌ ဝန်ဆောင်မှုအသစ်များကို မည်သည့်နိုင်ငံခြားလေကြောင်းလိုင်းကမှ စတင်လုပ်ကိုင်ခြင်းမရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံသို့ ခရီးစဉ်များပျံသန်းလျက်ရှိသော လက်ရှိပြည်ပလေကြောင်းလိုင်း ၂၂ ခုအနက်မှ အချို့သည်လည်း ပြီးခဲ့သည့် လအနည်းငယ်အတွင်း ၎င်းတို့၏ လုပ်ငန်းစွမ်းဆောင်မှုကိုလျှော့ချခဲ့ကြကြောင်း၊ ပြည်တွင်း၌ပြေးဆွဲနေသော လေကြောင်းလိုင်းအချို့မှာလည်း ပြည်ပဈေးကွက်သို့ တိုးချဲ့လုပ်ကိုင်နိုင်ရန် စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်း စသည်ဖြင့် လေကြောင်းပို့ဆောင်ရေး သုတေသီများ၏ ပြောကြားမှုအား စင်ကာပူအခြေစိုက် တူဒေးသတင်းဌာနမှ ရေးသားဖော်ပြပါသည်။ မြန်မာနိုင်ငံ၌ နိုင်ငံတကာခရီးစဉ်များ ပျံသန်းလျက်ရှိသည့် လေကြောင်းလိုင်းများတွင် MAI သည် အခြားသောပြည်ပလေဆိပ်များစွာသို့ ပျံသန်းပို့ဆောင်မှုများ လုပ်ကိုင်လျက်ရှိသော်လည်း ရွှေမြန်မာလေကြောင်းလိုင်းသည် ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့အကြား ခရီးစဉ်တစ်ခုတည်းကိုသာ ပြေးဆွဲလျက်ရှိပါသည်။

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ဩဂုတ်လဆန်းပိုင်းတွင် စင်ကာပူ အမျိုးသားခရီးသွားလာရေးကိုယ်စားလှယ်များအသင်း၏စီစဉ်မှုဖြင့် စင်ကာပူနိုင်ငံ ရှိအိတ်စပိုခန်းမများ၌ ကျင်းပခဲ့သော NATAS Holidays 2015 ခရီးသွားပြပွဲတွင် ဝင်ရောက်ပြသခဲ့ပြီး မြန်မာနိုင်ငံသားများ ဆုံဆည်းလေ့ရှိသည့် ပင်နီဆူလာပလာဇာ၌လည်းခရီးစဉ်စတင်ပျံသန်းမှု မိတ်ဆက်ပွဲကိုပြုလုပ်ခဲ့ပါသည်။ ရန်ကုန်နှင့် စင်ကာပူအကြားလေကြောင်းခရီးစဉ်များကို Boeing 737-800NG အမျိုးအစား လေယာဉ်အသစ်ဖြင့် အပတ်စဉ်စနေနေ့မှအပကျန်ရက်များတွင် ပျံသန်းပေးမည် ဖြစ်ရာရန်ကုန်မှ နေ့စဉ် နံနက် ၁၀း၁၅ နာရီတွင်ထွက်ခွာမည်ဖြစ်ပြီး စင်ကာပူမှ ဒေသစံတော်ချိန် ၁၆း၀၀ နာရီ၌ပြန်လည်ထွက်ခွာမည်ဖြစ်ပါသည်။ ခရီးသွားလာသူများအနေဖြင့် Business, Premium Economy နှင့် Economy ဟူ၍ အတန်းအစား ၃ မျိုးကိုရွေးချယ်စီးနင်းနိုင်မည်ဖြစ်သည်။ ခရီးစတင်ပျံသန်းမှု အထိမ်းအမှတ်အဖြစ်အတန်းအစားပေါ်မူတည်၍ အသွားအပြန်ခရီးစဉ်တစ်ကြောင်းလျှင် ရန်ကုန် မှစတင်သည့် ခရီးစဉ်အတွက် ၂၃၉ စင်ကာပူဒေါ်လာမှ စတင်၍လည်းကောင်း၊ စင်ကာပူမှလိုက်ပါသည့်ခရီးစဉ်အတွက် ၂၈၉ စင်ကာပူဒေါ်လာမှ စတင်၍လည်းကောင်းအထူးဈေးနှုန်းများဖြင့် လိုက်ပါနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့။**

## ပြောင်း

### ပြောင်းတင်ပို့မှု အနည်းငယ်လျော့ကျ

ဩဂုတ်လ ဒုတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃ ဒသမ ၄၃၈ သန်းတန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ ၁၁၄၆၀ တန်တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ပြောင်းတန်ချိန် ၁၄၆၀၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ပြောင်းတင်ပို့မှု အနည်းငယ်လျော့ကျသွားခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ပြောင်းအဝင်နည်းနေသော်လည်း တရုတ်ဘက်က ပုံမှန်ဝယ်လိုအားရှိနေတာ တွေ့ရပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို မိမိဘက်ဈေး ၃၈၂၄၇၅ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၇၇၉၈၄ ကျပ်သို့ ဈေးပြန်လည်ကျဆင်းသွားခဲ့ပါတယ်။၁၀၀၀ ကီလိုကို တစ်ဖက်နိုင်ငံဈေး ၁၉၆၀ ယွမ်အရောင်းအဝယ်ရှိကြောင်း၊ တစ်ရက်လျှင် ပြောင်းကားစီးရေ ၇၀-၉၀ စီးခန့် ဝင်ရောက်နေကြောင်း ယခင်တစ်ပတ်က မန္တလေး-မူဆယ်ကုန်စည်သယ်ယူခနှုန်းမှာ ပြောင်းတစ်ပိဿာကို ၅၃-၅၂ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၅၃-၄၃ ကျပ်သို့ ဈေးကျဆင်းသွားကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## သကြား



### မူဆယ်မှ သကြားဖြူ တန် တစ်ထောင့်ရှစ်ရာကျော်တင်ပို့

ဩဂုတ်လ ၈ ရက်မှ ၁၄ ရက်တာကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန် မှ ကန်ဒေါ်လာ ၁ ဒသမ ၁၀၆ သန်းတန်ဖိုးရှိ သကြားဖြူ ၁၈၄၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်ထက် သကြားဖြူ ၆၇၁ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။တရုတ်ဝယ်လက်ရှိချိန်ဆိုလျှင် မန္တလေးဈေးကွက်မှာ သကြားကို အကြမ်းရော အနုပါ ပို့ရတာအဆင်ပြေတယ်လို့ မြန်မာနိုင်ငံသကြားဒိုင်မှ သိရပါတယ်။ လက်လီသကြား ဈေးအနည်းငယ် ပြန်ကျသွားပြီး ယခင်သကြားတစ်ပိဿာပေါက်ဈေး ၁၂၀၀-၁၂၅၀ ကျပ်ရှိရာမှ ယခု ၁၁၅၀-၁၂၀၀ ကျပ်ကြား ရှိတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သတင်း ရရှိပါတယ်။

**မြင့်မြင့်မာ**

| ၁၇-၈-၂၀၁၅ မှ ၂၁-၈-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| Sr.No. | Forms | Copies | Total Value (US$) |
| 1 | Form A | 246 | 14,455,974.711 |
| 2 | Form D | 28 | 1,330,980.880 |
| 3 | Form E | 71 | 2,967,857.720 |
| 4 | Korea GSP | 4 | 282,842.330 |
| 5 | Form AK | 52 | 2,955,910.180 |
| 6 | Form AJ | 6 | 220,045.700 |
| 7 | Form AI | 41 | 1,789,932.910 |
| 8 | Form AANZ | 1 | 2,448.200 |
| 9 | Form DFTP | - | - |
| Grand Total | | 449 | 24,005,992.631 |

## ရော်ဘာ

### ဩဂုတ်လ ဒုတိယပတ်မှာ ရော်ဘာဈေးကျ

ဩဂုတ်လ ဒုတိယပတ်ဖြစ်တဲ့ ၈ ရက်မှ ၁၄ ရက်နေ့ထိကာလအတွင်းမှာ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေး ဇုန်မှရော်ဘာ RSS-3 တန် ၃၅၀၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၄၈၃ သန်းဖိုးကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၀၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်ရော်ဘာဈေးက ယခင်တစ်ပတ်ထက် ဈေးကျလာတာတွေ့ရပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၇၇၂၅၇၄ ကျပ်ရှိရာမှ ခုတစ်ပတ်မှာ ၁၇၅၁၇၆၁ ကျပ်သို့ လျော့ကျသွားခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။ ယမန်နှစ်ကာလတူ ပေါက်ဈေးကတော့ ၁၅၆၂၂၄၅ ကျပ်ဖြစ်ပါတယ်။

ယခုဘဏ္ဍာနှစ် မေလဆန်းကစပြီး ဈေးတက်ခဲ့တဲ့ ရော်ဘာဈေးဟာ ဩဂုတ်လ ဒုတိယပတ်မှာ ဈေးကျလာ တာတွေ့ရပါတယ်။ မေလဆန်းက RSS-3 တစ်တန်ကို ၁၄၉၅၈၄၁ ကျပ်ရှိရာမှ ဩဂုတ်လ ပထမပတ်မှာ ၁၇၇၂၅၇၄ ကျပ်အထိ ဈေးတက်ခဲ့ပြီး၊ ဩဂုတ်လ ဒုတိယပတ်မှာ ၁၇၅၁၇၆၁ ကျပ်သို့ ဈေးပြန်ကျသွားခဲ့ကြောင်း မူဆယ် ကုန်စည်ဒိုင်ရဲ့ ထုတ်ပြန်တဲ့ ဈေးနှုန်းများအရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

### ဂျပန်၊ ကိုရီးယား၊ မလေးရှားနဲ့ တရုတ်နိုင်ငံများသို့ ရော်ဘာ တန်ခုနစ်ရာကျော်တင်ပို့

ဩဂုတ်လ ၉ ရက်နေ့ ၁၅ ရက်နေ့ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၇၀၂ သန်းဖိုးရှိ ရော်ဘာ ၇၄၈ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ တင်ပို့ခဲ့တဲ့ နိုင်ငံတွေနဲ့ပမာဏကတော့ ဂျပန်နိုင်ငံကို MSR-20 ၂၁၅ တန်ကျော်၊ ကိုရီးယားနိုင်ငံကို MSR-20 ၁၀၁ တန်ခန့်၊ မလေးရှားနိုင်ငံကို RSS-2 တန် ၂၅၀၊ တရုတ်နိုင်ငံကို ရော်ဘာသစ်ခွဲသား ၁၈၂ တန်ခန့်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၃၉၇ တန် ပိုမို တင်ပို့နိုင်ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးကတော့ အပြောင်းအလဲသိပ်မရှိပါဘူး။ နိုင်ငံတကာ ဈေးအတက်အကျ သိပ်မရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးမှာလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ ၈၅၀-၉၅၀ |

**ယဉ်ယဉ်အေး**

### ဗီယက်နမ်ရော်ဘာလုပ်ငန်းကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ဖို့ တိုက်တွန်း



ရော်ဘာစိုက်ပျိုးတာကိုချည်း အားစိုက်မနေဘဲ ရော်ဘာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ မဟာဗျူဟာ တစ်ရပ် ချမှတ်ဆောင်ရွက်ဖို့ ဗီယက်နမ် ရော်ဘာလုပ်ငန်းအုပ်စု (VietNam Rubber Group) ကို ဒုတိယဝန်ကြီးချုပ် ဗူဗန်နင်းက တိုက်တွန်းကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

ရော်ဘာအသင်း ပြန်လည်ဖွဲ့စည်းရေးလုပ်ငန်းများ တိုးတက်မှုနဲ့ပတ်သက်ပြီး ဩဂုတ် ၁၇ ရက်က ဟိုချီမင်းစီးတီးမှာ ပြုလုပ်တဲ့ အစည်းအဝေးမှာ နင်းကယခုလို ပြောကြားခဲ့တာဖြစ်ပါတယ်။

ရော်ဘာလုပ်ငန်းက ၂၀၁၂ ခုနှစ်ကစပြီး တစ်ဟုန်ထိုးကျဆင်းခဲ့ပြီးဖြစ်တဲ့အတွက် ကမ္ဘာ့ရော်ဘာနဲ့ ရော်ဘာစေးဈေးနှုန်းတွေ မတည်မငြိမ်ဖြစ်တဲ့ဒဏ်မှ ပြည်တွင်းရော်ဘာလုပ်ငန်းကို ကာကွယ်ဖို့ရည်ရွယ်ပြီး မဟာဗျူဟာချမှတ်ဆောင်ရွက်ဖို့ နင်းကတိုက်တွန်းပါတယ်။

"ဗီယက်နမ် ရော်ဘာလုပ်ငန်းစုနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ရော်ဘာလုပ်ငန်းဖွံ့ဖြိုးရေး မဟာဗျူဟာချမှတ်နိုင်အောင် လေ့လာထားဖို့လိုပါတယ်"လို့ ပြောကြားခဲ့သလို ရော်ဘာလုပ်ငန်းကဏ္ဍက ဈေးနှုန်းအပေါ်ကိုချည်း မှီခိုနေရတဲ့ အခြေအနေကိုလျှော့ချနိုင်အောင် နည်းလမ်းရှာကြဖို့လည်း ဝန်ကြီးချုပ်က တိုက်တွန်းပါတယ်။

ထုတ်ကုန်များရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်ဖို့၊ ထုတ်လုပ်မှုနဲ့ စွမ်းဆောင်ရည်မြှင့်တင်ဖို့အတွက် ဦးစားပေးဆောင်ရွက်ဖို့လိုကြောင်း နင်းက ပြောပါတယ်။ ထုတ်လုပ်ရာမှာလည်း ခေတ်မီနည်းပညာကိုအသုံးချဖို့တိုက်တွန်းပါတယ်။ ဒီလုပ်ငန်းတွေက ခက်ခဲတာမှန်ပေမယ့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းတွေဖြစ်ကြောင်း သူက ပြောပါတယ်။

လုပ်ငန်းစု ပြန်လည်ဖွဲ့စည်းတည်ဆောက်ရေးနဲ့ ပတ်သက်ပြီး ပြောကြားရာမှာ တတိယသုံးလပတ်အတွင်း အဖွဲ့ဝင်ကုမ္ပဏီတွေရဲ့ တန်ဖိုးကို တွက်ချက်ပြီး ပုဂ္ဂလိကသို့ လွှဲပြောင်းရေးလုပ်ငန်းကို ယခုနှစ်မှာအပြီးသတ်ဆောင်ရွက်ဖို့ တိုက်တွန်းပြောကြားပါတယ်။ ကုမ္ပဏီကြီးငါးခုရဲ့ တန်ဖိုးသတ်မှတ်ချက်တွေကို မကြာမီထုတ်ပြန်ပေးတော့မှာဖြစ်ကြောင်း လုပ်ငန်းစုက ပြောပါတယ်။

မည်သည့်အခက်အခဲမျိုးကို ကြုံတွေ့ရသည်ဖြစ်စေ အစိုးရထံ အစီရင်ခံပြီး ဖြေရှင်းဆောင်ရွက်နိုင်ဖို့ အကူအညီတောင်းခံနိုင်ကြောင်းနဲ့ မတည်ငွေရင်းစွမ်း ဆောင်ရည်အမြင့်ဆုံးသို့ ရောက်ရှိနိုင်ရေးအတွက် လမ်းညွှန်မှုနဲ့အညီ ဆောင်ရွက်ဖို့လိုအပ်ကြောင်း သူကပြောပါတယ်။

သစ်လုပ်ငန်းဆင့်တက်ပြုပြင်မှုနဲ့ မြေငှားရမ်းခ အပါအဝင် ယခုနှစ်မှာ ဗီယက် နမ်ရော်ဘာလုပ်ငန်းစုရဲ့ ဝင်ငွေက ဗီယက်နမ်ဒေါင် ၂၁ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၈၆ ဒသမ ၂၃ သန်း) ရရှိမယ်လို့ ခန့်မှန်းထားပါတယ်။

**ဉာဏ်တင်**

# လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များအား စားသုံးသူများမှ ဘေးအန္တရာယ်ကင်းရှင်း စွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချခြင်း

|ကျော်မြင့်|

**အာဆီယံဂျီအေပီ (ASEAN GAP)**

အာဆီယံဒေသတွင် လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်များကို စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းပြီး နောက်ပိုင်းကိုင်တွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကောင်းမွန်သော ဆောင်ရွက်ချက်များ (Good Agriculture Practices-GAP) သတ်မှတ်ချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များပါဝင်သော အာဆီယံအတွင်းရေးမှူးချုပ်ရုံး (ASEAN Secretariat) အဖွဲ့က ၂၀၀၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ ကောင်းမွန်သော ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သစ်သီး ဝလံနှင့် ဟင်းသီးဟင်းရွက်များကိုစားသုံးသူများက ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရေး၊ သဘာဝရင်းမြစ်များကို ရေရှည်တည်တံ့ထိန်းသိမ်းရေး၊ အာဆီယံဒေသအတွင်း သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်များကို ကူးသန်းရောင်းဝယ်ရေး၊ အပြည်ပြည်ဆိုင်ရာ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် အဆင်ပြေချောမွေ့စေရေးတို့ဖြစ်ပါသည်။ အာဆီယံဂျီအေပီ (ASEAN GAP) တွင် အောက်ဖော်ပြပါ အဓိကအချက်များ ပါဝင်ကြောင်း သိရှိရသည်။

၁။ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချစွာစားသုံးနိုင်ရေး (Food safety)

၂။ သဘာဝပတ်ဝန်းကျင်အားစီမံခန့်ခွဲခြင်း (Environmental management)

၃။ ပါဝင်ဆောင်ရွက်သည့် အလုပ်သမားများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်လုံခြုံရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များ ( Worker health, safety and welfare)

၄။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၏ အရည်အသွေးကောင်းမွန်ရေး ( Quality of fresh produce)

**ကမ္ဘာတစ်ခုလုံးအတွက် ဂျီအေပီ (Global GAP)**

၂၀၀၇ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ဥရောပတွင် စိုက်ပျိုးထုတ်လုပ်၊ ရိတ်သိမ်းထုပ်ပိုးသယ်ယူခြင်း လုပ်ငန်းအဆင့်ဆင့်အတွက် ကောင်းမွန်သည့် ဆောင်ရွက်ချက်များ (Eurep GAP) ကို ကမ္ဘာတစ်ခုလုံး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်အတွက် ကောင်းမွန်သည့်အချက်များကိုကမ္ဘာတစ်ခုလုံးအတွက် ဂျီအေပီ **(Global GAP)**ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ သည်။ ကမ္ဘာတစ်ခုလုံးအတွက် ဂျီအေပီ (Global GAP) ကို စတင်ဆောင် ရွက်ခဲ့သော အခြေခံဇာစ်မြစ်မှာ ဥရောပစူပါမားကက်လုပ်ငန်းကွင်း ဆက် (European supermarket chains) များတွင် ပါဝင်သည့် အုပ်စုတစ်ခုမှ တီထွင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

၁။ စိုက်ပျိုးထုတ်လုပ်သူများက ကမ္ဘာတစ်ခုလုံးအတွက် စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်အတွက် သတ်မှတ်ချက်များအား မဖြစ်မနေလက်ခံ လိုက်နာကျင့်သုံးခြင်းဖြင့် စားသုံးသူများသည် အစားအစာများအပေါ် ယုံကြည်စိတ်ချစွာ စာသုံးနိုင်သည်ဟု ယုံကြည်မှုတိုးတက်မြင့်မားလာစေရန် ဦးတည်မျှော်မှန်းထားသည်။

၂။ အစားအစာများအပေါ် ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရေးနှင့် ယင်းအစားအစာထုတ်လုပ်မှုအဆင့်ဆင့်ကို နောက်ကြောင်းပြန်စစ်ဆေးဆုံးဖြတ်နိုင်ရန် (Traceability)။

၃။ ယင်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သော အလုပ်သမားများအတွက် ကျန်းမာရေး၊ ဘေးအန္တရာယ်လုံခြုံရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ပါဝင်သည်။

**ကမ္ဘာတစ်ခုလုံးအတွက် ဂျီအေပီ (Global GAP)** ကို ၂၀၀၇ ခုနှစ် စက်တင်ဘာမှစပြီး အစားအစာဝန်ဆောင်မှုပေးသော ဥရောပမှ လက်လီရောင်းချသည့်လုပ်ငန်း ၃၄ ခု၊ ဂျပန်နိုင်ငံမှ ၁ ခု၊ စုစုပေါင်း ၃၅ ခုမှ ဆောင်ရွက်သည်ဟု သိရှိရသည်။ **ကမ္ဘာတစ်ခုလုံး အတွက် ဂျီအေပီ (Global GAP)** သည် ပုဂ္ဂလိက၏ သတ်မှတ်ချက်သက်သက် (Private standard) သာဖြစ်သည်ဆိုသောအချက်ကို မှတ်ယူနားလည်ရန် ဖြစ်ပါသည်။

လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် (Fresh fruits and vegetables)များ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ (HORTICULTURAL MARKETING) အဖြစ် သတ်မှတ်ပြီး Marketing extension Guide-5 စာစောင်တွင် ဖော်ပြထားသည်ကို လေ့လာသိရှိရပါသည်။ လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ ဟုပြောပါက တန်ဖိုးမြင့်မားသောသီးနှံ (high-value crop) နှင့် တန်ဖိုးနည်းသော သီးနှံ (low -value crop)ဟု ခွဲခြားပြောဆိုကြပါသည်။ ဥပမာ-ချဉ် ပေါင်ရွက် (Roselle) သည် တန်ဖိုးနည်းသောသီးနှံဖြစ်ပြီး၊ ပန်းဂေါ်ဖီ (Cauliflower)၊ ဂေါ်ဖီထုပ် (Cabbage)၊ စပ်မျိုးခရမ်းချဉ် (Hybrid tomato)၊ ကညွတ် (Asparagus) တို့သည် တန်ဖိုးများသော သီးနှံအဖြစ် ပြည်တွင်းဈေးကွက်တွင် စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ကြသည်။

စိုက်ပျိုးထုတ်လုပ်သည့်ခြံသမားများ၊ တောင်သူလယ်သမားများ သည် ချဉ်ပေါင်ရွက်စိုက်ခင်းပေါ် ဖျက်ပိုး (pests) များကျရောက်ပါကလည်း စီးပွားရေးထိခိုက်သည်အထိ မဖြစ်ပေါ်သောကြောင့် ဂရုပြုလေ့မရှိကြပါ။ သို့သော် တန်ဖိုးများသောသီးနှံဖြစ်သည့် ပန်းဂေါ်ဖီ (Cauliflower)၊ ဂေါ်ဖီထုပ် (Cabbage)၊စပ်မျိုးခရမ်းချဉ် (Hybrid tomato)တွင် ဖျက်ပိုး (pests) မကျရောက်စေရန်နှင့်ကျရောက်ပါကလည်း အာနိသင်ပြင်းသော ပိုးသတ်ဆေးများသုံးစွဲပြီး နှိမ်နင်းကြပါသည်။ အချို့သောဖြစ်ရပ်များတွင် ဈေးကွက်သို့တင်ပို့ရန် ရိတ်သိမ်းခါနီး ဖျက်ပိုးကျရောက်ဖျက်ဆီးမည်ကို စိုးရိမ်သဖြင့် ပိုးသတ်ဆေးများဖျန်းပြီး မကြာမီအတွင်း ရိတ်သိမ်းရောင်းချကြသဖြင့် စားသုံးသူများအတွက် ပိုးသတ်ဆေးအကြွင်းအကျန်ပါဝင်မှု များပြားသောကြောင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရေး (Food safety) မဖြစ်ပေါ်တော့ပါ။

အချို့သောဖြစ်ရပ်များတွင် မုန်လာဥပင်ကိုနုတ်ပြီး မုန်လာဥတွင် ကပ်ပါလာသော မြေစေးများကိုဆေးကြော၍ မုန်လာဥ ၃ လုံးပါအတွဲ၊ မုန်လာဥ ၅ လုံးပါအတွဲများစည်းပြီး ဈေးကွက်သို့တင်ပို့ရောင်းချကြပါသည်။ အဓိကကျသောအချက်မှာ မည်သည့်ရေအမျိုးအစားကို သုံးပြီး ဆေးကြောသလဲဆိုသောအချက်ဖြစ်ပါသည်။ သောက်သုံး၍ရသောရေဖြင့် ဆေးကြောခြင်းသည်သာ အကောင်းဆုံးဖြစ်သော်လည်း လမ်းဘေးမြောင်းအတွင်းမှ စီးဆင်းနေသော ရေ၊ ကျွဲနွားများဖြတ်သန်းနေသော ချောင်းရေများတွင် ဆေးကြောမှုများရှိကြပါသည်။ သန့်ရှင်းစင်ကြယ်မှု (Hygienic) သည်လည်း အရေးပါသော အချက်များဖြစ်ပါသည်။

လတ်ဆတ်သောသစ်သီးဝလံများကို မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပြီး မြန်မာ့စိန်တလုံးသရက်သည် အာရှဈေးကွက် အပြင် ဥရောပဈေးကွက်အထိ ခြေဆန့်နိုင်တော့မည်ဟု The Commerce Journal ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့ထုတ်၊ အတွဲ ၁၅၊ နံပါတ် ၃၀ တွင် ဖတ်ရှုသိရှိရပါသည်။ Good Agricultural Practices - GAP နည်းစနစ်များ ကျင့်သုံးခြင်း၊ ထောက်ခံချက်ရယူခြင်း၊ တင်ပို့ရောင်းချခြင်းများကို ဆောင်ရွက်သွားမည်ဟု သိရှိရသည်။

လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် (Fresh fruits and vegetables)များကို စိုက်ပျိုးထုတ်လုပ်ရောင်းချရာတွင် စားသုံးသူများအတွက် ဘေး အန္တရာယ်ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရေး (Food safety) အတွက်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဥရောပဈေးကွက်အထိ မြန်မာ့စိန်တလုံး သရက်ကို တင်ပို့ရောင်းချနိုင်ရေးအတွက်ပါ တွန်းအားပေးဆောင်ရွက်ရန် လိုအပ်လာပါကြောင်း ဖော်ပြအပ်ပါသည်။

**ထိုင်းနိုင်ငံတွင် (QGAP) နှင့် ထိုင်းဂျီအေပီထောက်ခံချက် (Thai GAP certification)**။ ယင်းကို ထိုင်းနိုင်ငံအစိုးရကဆောင်ရွက်သည်။ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အတွက် အရည်အသွေးနှင့် စားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချစွာစားသုံးနိုင်ရေး၊ (Food safety) အတွက် ထောက်ခံချက် (Q certification program) ကို ထိုင်းနိုင်ငံအစိုးရက ဆောင်ရွက်သည်။ စိုက်ပျိုးရေးဌာနမှ တာဝန်ခံ၍ ထောက်ခံချက်များပြုလုပ်ပေးသည်။ အရည်အသွေးနှင့် ပတ်သက်၍ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်အတွက် ထောက်ခံချက်(QGAP) ထွက်ကုန်များအားပြုပြင်ထုပ်ပိုးမှုအတွက် ထောက်ခံချက် (Q packing house) အရည်အသွေးကောင်းသော ထွက်ကုန်များ ရောင်းချသော ဆိုင် (Q Shop) တို့ဖြစ်ကြောင်း သိရှိရသည်။

မလေးရှားနိုင်ငံတွင် လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ထောက်ခံချက် (Malaysia-SALM certification) ကို စိုက်ပျိုးရေးဌာန ( DOA) မှ တာဝန်ခံ၍ ၂၀၀၂ ခုနှစ်မှစတင်ပြီး ထောက်ခံချက်များ ပြုလုပ်ပေးသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစိမ်းရောင်အစားအစာများနှင့် စိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်အတွက် ထောက်ခံမှုစနစ်ကို ပြဌာန်းသတ်မှတ်ထား သည်ဟုသိရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်အတွက် ကောင်းမွန်သော ဆောင်ရွက်ချက်များ (China GAP) က ကမ္ဘာ တစ်ခုလုံး စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်အတွက် ကောင်းမွန်သည့် သတ်မှတ်ချက် (**Global GAP**) နှင့် ပေါင်းစပ်၍ ဖွံ့ဖြိုးတိုးတက်အောင် တရုတ် အစိုးရကဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

**အိန္ဒိယဂျီအေပီ**။ အိန္ဒိယနိုင်ငံမှ စိုက်ပျိုးရေးနှင့်ပြုပြင်မှုအဆင့်ဆင့် ပြုလုပ်ရ သောအစားအစာထွက်ကုန်များ ပြည်ပသို့ တင်ပို့မှုအတွက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သည့်အဖွဲ့သည် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်ရန် **အိန္ဒိယဂျီအေပီ** သတ်မှတ်ချက်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ သတ်မှတ်ချက်များ နှင့်ပတ်သက်၍ အဓိကရည်ရွယ်ချက်များတွင် ပါဝင်သည့်အချက်တစ်ချက်မှာ တစ်ကမ္ဘာလုံး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့် သတ်မှတ်ချက် **ကမ္ဘာတစ်ခုလုံးအတွက် ဂျီအေပီ (Global GAP)** ကိုအသိအမှတ်ပြုပြီး ယင်းသတ်မှတ် ချက်ကိုဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံမှထုတ်လုပ်သူများသည် စိုက်ပျိုးရေး ထွက်ကုန်များကို ဥရောပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်ဖြစ်သည်ဟု သိရှိရပါသည်။

Reference: A practical Manual for [producer and exporters from ASIA( Regulations, standards and certification for Agricultural exports, FAO, RAP publication2007/13.

Horticultural marketing, Marketing Extension Guide-5, by Grahame Dixie, Rome 2005, FAO

## ရပ်စောက်မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေး

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ဦးစိုးအောင် ဦးစီးသော ဝန်ထမ်းများသည် ဇူလိုင်လ ၂၄ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ရတနာသီရိခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးလက်ကမ်း စာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ပြည်သူလူထုများ၊ ဈေးသူဈေးသားများ၊ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သော ဥပဒေများဖြစ်ပေါ်ပုံ၊ ဥပဒေတွင်ပါရှိသည့် စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ပြစ်မှု ၊ ပြစ်ဒဏ်များ၊ ရှမ်းပြည်နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးအတွက် လက်ရှိဆောင်ရွက်နေသော အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောဆွေးနွေးခြင်း၊ စားသောက်ကုန်များနှင့် ပတ်သက်၍ အမှတ်တံဆိပ်မပါသော စားသောက်ကုန်များ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် ကုန်ဆုံးရက်စွဲမပါဝင်သည့် စားသောက်ကုန်များ၊ ဓာတုဆိုးဆေးများ ပါဝင်သော စားသောက်ကုန်များ၏ ဘေးထွက်ဆိုးကျိုးများ၊ ဖြစ်ပွားစေနိုင်သော ရောဂါများ၊ နောက်ဆက်တွဲ ဆိုးကျိုးများအား အကျယ်တဝင့် ဟောပြောဆွေးနွေးခြင်းများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**မွန်မွန်သီတာထွန်းမြင့် (တောင်ကြီး)**

## စင်ကာပူနိုင်ငံတွင် စားသုံးသူရေးရာကိစ္စများ ဆောင်ရွက်မည့် သီးသန့်အစိုးရအေဂျင်စီ ဖွဲ့စည်းဆောင်ရွက်သွားမည်

စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေ (တရားမျှတသောကုန်သွယ်မှု) အက်ဥပဒကို ပြန်လည်ပြင်ဆင်ပြီး စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပိုမိုခိုင်မာစေရန် ဆောင်ရွက်သွားမည်ဖြစ်ရာဥပဒေကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ကုန်သည်များအား အရေးယူဆောင်ရွက်နိုင်ရန် သီးသန့်အစိုးရအေဂျင်စီ တစ်ခုကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လက်ရှိကာလတွင် စင်ကာပူနိုင်ငံ၌ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အေဂျင်စီများစွာမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အစိုးရအနေဖြင့် စားသုံးသူများ၏အကျိုးစီးပွားကို ပြည့်စုံလုံလောက်စွာ အကာအကွယ်ပေးနိုင်ရန် သီးသန့်အစိုးရဌာနအဖွဲ့ အစည်းသစ်တစ်ခုကို ဖွဲ့စည်းတည်ထောင်ပြီး စုံစမ်းစစ်ဆေးမှုနှင့် တွန်းအားပေးဆောင်ရွက်မှုလုပ်ငန်းများကို ဆောင်ရွက်မည့် အခွင့်အာဏာပေးအပ်ဆောင်ရွက်သွားရန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

ဥပမာအားဖြင့် Spring Singapore သည် ကလေးများအတွက်အသုံးပြု သောထုတ်ကုန်များဖြစ်သည့် ကလေးကစား စရာနှင့် အဝတ်အထည်စသည်တို့ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော်လည်း ကလေးနှင့် သက်ဆိုင်သော အခြားထုတ်ကုန်များ ဖြစ်သည့် ကလေးစီး ကားထိုင်ခုံများကို ယာဉ်ထိန်းရဲ၏ ကြီးကြပ်ကွပ်ကဲမှုအရ ဆောင်ရွက်လျက်ရှိပါသည်။

အလားတူစွာပင် ဆေးဝါးနှင့် အခြားဆေးဝါး ထုတ်ကုန်များ၊ အလှကုန်များမှာ ကျန်းမာရေးသိပ္ပံအာဏာပိုင်က အရေးယူဆောင်ရွက်လျက်ရှိပါသည်။ စင်ကာပူနိုင်ငံ၏ ဈေးကွက်အတွင်း ထုတ်ကုန်အသစ်များမှာ နေ့စဉ်နှင့်အမျှ ထွက်ပေါ်လျက်ရှိရာ အချို့သောထုတ်ကုန်အသစ်များမှာ လက်ရှိအရေးယူဆောင်ရွက်နေသော အာဏာပိုင်အဖွဲ့အစည်းများ၏ ကွပ်ကဲမှုအောက်မှ လွတ်ကင်းသွားမည်ကို စိုးရိမ်ဖွယ်ဖြစ်ပါသည်။ ထို့ကြောင့် စားသုံးသူထုတ်ကုန်များအားလုံးအား ခြုံငုံ၍ ကြီးကြပ်ကွပ်ကဲမည့် သီးသန့်အစိုးရ အေဂျင်စီတစ်ရပ်ပေါ် ထွက်လာခြင်းသည် စင်ကာပူနိုင်ငံ၏ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအတွက် ကောင်းမွန်သောအနေအထားဖြစ်လာမည်ဖြစ်ပြီး စင်ကာပူနိုင်ငံ စားသုံးသူအဖွဲ့အစည်းအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

## မွန်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ပူးပေါင်းဆောင်ရွက်



မော်လမြိုင်မြို့၊ အမှတ် (၉)နှင့် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းတို့မှာ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနဲ့အတူ ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်းသိရှိရပါတယ်။

မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနဟာ မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားတဲ့ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီရဲ့ ဦးဆောင်မှုနဲ့ ဆောင်ရွက်တဲ့ သဘာဝပတ်ဝန်းကျင် အသိပညာပေး လုပ်ငန်းစဉ်များတွင် အတူပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်း လုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိပါတယ်။ ဩဂုတ်လ ၁၄ ရက်နေ့ ၊ နံနက် ၁၀း၀၀ နာရီအချိန်က အထက (၉) မော်လမြိုင် မှာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာလှလှမော်နဲ့ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း ၄၀၀ ဦးနဲ့ သီရိမြိုင်ရပ်ကွက်ရှိ အ. ထ. က(၁၁)မော်လမြိုင်၌ နေ့လည် ၁၃း၀၀ နာရီမှာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းနဲ့ ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသား၊ စုစုပေါင်း ၂၅၀ ဦးတို့အား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကိုကျင်းပခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ ဆွေးနွေးဟောပြောပွဲများမှာ ပြည်နယ်သစ်တော၊ သတ္တုဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝင်းမော်ဦးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ပြောကြားပြီး သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က သစ်တောသစ်ပင်များအကြောင်းကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမောင်မောင်လွင်က ပတ်ဝန်းကျင်ကျန်းမာရေးကိုလည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယလက်ထောက်ဦးစီးမှူး ဦးသက်နိုင်က ပတ်ဝန်းကျင်နှင့် ကြွတ်ကြွတ်အိတ်များ အကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်နှင့် ဒုဦးစီးမှူး ဦးချိုဝင်းတို့က စားသုံသူ အကာအကွယ်ပေးရေး သိကောင်းစရာများ၊ ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ တားမြစ်ထားသည့် အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများတို့ကို ဆွေးနွေးအသိပညာပေး ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍လည်း ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ရဲ့ လမ်းညွှန်မှုများနဲ့ ပြည်နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဆွေးနွေးဟောပြောပွဲများကို ဆက်စပ်ဌာနများနဲ့ အတူပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

CHO WIN (MON CONSUMER)

## ကျန်းမာပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်ရန် စားသုံးရန်မသင့်သော အစားအစာများကို ရှောင်ကြဉ်ကြပါစို့

ယခုကာလသည် ကလေးများကျောင်းဖွင့်ချိန်ကာလဖြစ်သောကြောင့် ကျောင်းသားမိဘများအနေဖြင့် မိမိတို့၏ သားသမီးများအတွက်သော် လည်းကောင်း၊ လူကြီးမိဘများအတွက်သော်လည်းကောင်း ကျန်းမာရေးအတွက် သတိထားရန် လိုအပ်ပါတယ်။ ဈေးကွက်အတွင်း ရောင်းချနေသော ပလတ်စတစ်အိတ် ပတ်ထားသည့် အမည်မသိ အစားအစာများ၊ အသားကင်များကြောင့်သော် လည်းကောင်း၊ဆီကဲ့သို့သော အဆီအမျိုးမျိုးသုတ်လိမ်းပြီး မီး သို့မဟုတ် လျှပ်စစ်မီးဖြင့်ဖုတ်ခြင်း၊ ကင်ခြင်း၊ပြုတ်၍ စားခြင်းတို့ကြောင့် လူကို အန္တရာယ်ဖြစ်စေပါတယ်။ ထို့အတူ လူတို့၏ DNA ကို ဖျက်ဆီးနိုင်သော ဓာတုဓာတ်များပါဝင်မှုများခြင်းကြောင့် ကင်ဆာရောဂါ အလွယ်တကူဖြစ်စေနိုင်သလို အစားအစာများကို ကြာရှည်ခံစေသော ဓာတုအရောင်တင်ဆေးနှင့် ကြာဆံများသည် အလူမီနီယံဓါတ်ပါဝင်ခြင်းကြောင့် အသည်းကို ဒုက္ခပေးနိုင်ပါတယ်။အသားများကို ဆီသုတ်၍ မီးကင်စားခြင်းကြောင့် ယင်းအကင်တွင် အထူးသဖြင့် ဟိုက်ဒရိုဆိုက်ကလင်းအမီနို(HCA)နှင့် ပိုလီတီတစ်ဟိုက်ဒရိုမက်တစ် ဟိုက်ဒရိုကာဗွန်ဓါတ်(PAH)များ ပါဝင်မှုကြောင့် ကင်ဆာဖြစ်နိုင်ခြေများကြောင်းသိရပါတယ်။အိမ်နီးချင်းနိုင်ငံမှ ဝင်လာတဲ့ အေးခဲအသားများ၊ ရက်လွန်အသားများ၊ ပလတ်စတစ်ဖြင့် ပတ်ထားသော အသားတုများကြောင့် အသည်းကင်ဆာအဖြစ်နှုန်းများပြီး အသက်ဆုံးရှုံးရကြပါတယ်။ဈေးကွက်အတွင်း ရောင်းချလျက်ရှိတဲ့ အချိုရည်နှင့်ဂျယ်လီများကို အလွန်အကျွံစားသုံးမိပါက နှလုံးရောဂါ၊ အဝလွန်ရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ ခံတွင်းကင်ဆာနှင့် အသည်းကင်ဆာများ ဖြစ်ပွားနိုင်ကြောင်း သိရပါတယ်။ အိမ်နီးချင်းနိုင်ငံများမှ အများဆုံး တင်သွင်းသော ကလေးသူငယ်တွေကြိုက်တဲ့ ဂျယ်လီများမှာ ထည့်သွင်းအသုံးပြုထားတဲ့ ဂျယ်လီပေါင်ဒါမှာ ဆစ်ထရစ်အက်ဆစ်နှင့် တာရှည်ခံဆေးအဖြစ် ဆိုဒီယမ်ဘင်ဆိုနိတ် ဓာတုဗေဒဓါတ်ပေါင်းတို့မှာ ကင်ဆာရောဂါကိုဖြစ်ပွားစေနိုင်သဖြင့် လုံးဝမကျွေးသင့်ကြောင်းသိရပါတယ်။လူ၏ ခန္ဓာကိုယ်၌ရှိသော အသည်းသည် ကိုယ်ခန္ဓာတစ်ခုလုံး၏ အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်းအပြင် ခန္ဓာကိုယ်အတွင်း၌ရှိသော ဗိုင်းရပ်(စ်)ပိုးများကိုလည်း တိုက်ခိုက်နှိမ်နင်းပေးသောကြောင့် အသည်းကို သေချာစွာ ဂရုစိုက်ရမှာဖြစ်ပြီး ကြာရှည်ခံသောအစားအစာများ၊စည်သွပ်ဗူးများ၊ အချိုရည်ဗူးများသည် အသည်းအတွက် အန္တရာယ်ဖြစ်စေတာကြောင့် စားသုံးရန်မသင့်ကြောင်း သိရပါတယ်။ ဒ့ါအပြင် ဓာတုနည်းဖြင့် ဖော်စပ်ထားတဲ့ အနောက်တိုင်းဆေးဝါးများနှင့်တရုတ်ဆေးများကို ဆရာဝန်ညွှန်ကြားချက်ပါမှသာ သောက်သုံးသင့်ပြီး အဆီက အသည်း၏လုပ်ငန်းများကို ပျက်စီးစေတဲ့အတွက်ကြောင့် အဆီများများစားခြင်းကိုလည်း ရှောင်ကြဉ်သင့်ကြောင်း၊ ကျန်းမာပျော်ရွှင်တဲ့ လူ့ဘဝကို သက်တမ်းကုန်ဆုံးသည့်အချိန်အထိ ဖြတ်သန်းနိုင်စေဖို့ ရှာဖွေတင်ပြရခြင်းဖြစ်ပါတယ်။

**နန်းသီတာ၊ တောင်ကြီး**

Vol: 15, No.32 Monday August 24 2015



# ရွှေဘိုခရိုင်တွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရဲ့ ကြီးကြပ်လမ်းညွှန်မှုနဲ့အညီ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဆောင်ရွက်ခြင်းကို ရွှေဘိုခရိုင်ဦးစီးမှူး ဦးဆောင်တဲ့ဝန်ထမ်းများက ဝက်လက်မြို့နယ်နှင့် ရွှေဘိုမြို့နယ်စာသင်ကျောင်းများတွင် ပညာပေးဟောပြောမှုများ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ် မုဆိုးခြုံ အ. ထ. က ခွဲ ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။ ၎င်းနောက် ခရိုင်ဦးစီးမှူး ဦးကျော်ငွေက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာများ၊ ဦးခင်မောင်ဆွေက အန္တရာယ်ရှိအသားမှုန့်၊ ဟင်းချိုမှုန့်နှင့် မှုမမှန်တဲ့ စားသုံးဆီများအကြောင်း၊ ဝက်လက်မြို့နယ် တာဝန်ခံဦးသိန်းဝင်းက စားသုံးရန်မသင့်သော အန္တရာယ်ရှိမုန့်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းများအကြောင်း အသိပညာပေးဟောပြောခဲ့ပါတယ်။ အဆိုပါ ဟောပြောပွဲတွင် ကျောင်းအုပ် ဆရာမကြီးဒေါ်ငြိမ်းသန္တာလွင်နဲ့ ဆရာ၊ ဆရာမ ၂၈ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၁၇၀ ဦး၊ စုစုပေါင်း ၂၁၉ ဦး တက်ရောက်ခဲ့ပါတယ်။ ဆက်လက်၍ ဝက်လက်မြို့နယ် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူ မြို့တော်ဟောင်းတည်ရှိရာ ဟန်လင်းကျေးရွာရှိ အ. ထ. က ခွဲစာသင်ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးတင်အေးနဲ့ ဆရာ၊ ဆရာမ ၂၅ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၃၅၄ ဦး ၊ ကျောင်းမုန့် ဈေးတန်းရှိ ဈေးသည် ၆ ဦး၊ စုစုပေါင်း ၃၈၅ ဦး တက်ရောက်ခဲ့ပါတယ်။ ၎င်းနောက် ဩဂုတ်လ ၁၇ ရက်နေ့တွင် ရွှေဘိုမြို့နယ် လုံးတော် အ. လ. ကခွဲနဲ့ ပလိုင်း အ. ထ. က ခွဲများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ရာ ဦးခင်မောင်ဆွေက စားသုံးသူ အကာအကွယ်ပေးရေး အသိပညာများအကြောင်း၊ ဦးသန့်ဇော်လင်းက အန္တရာယ်ရှိ ဝန်ဆောင်မှုနဲ့ အန္တရာယ်ရှိ Entertainment များအကြောင်း၊ ဒေါ်ဝင်းဝင်းသန်းက အန္တရာယ်ရှိ စားသောက်ကုန်ပစ္စည်းများမှ ကွမ်း၊ ဆေးလိပ်၊ အရက်၊ ဘီယာအကြောင်း၊ ဒေါ်ထွေးထွေးအေးက စားသုံးရန်မသင့်သော မုန့်မျိုးစုံများအကြောင်း ရှင်းလင်းဟောပြောပါတယ်။ ၎င်းဟောပြောပွဲများတွင် လုံးတော် အ. လ. က ခွဲ၌ ကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းနိုင်ဦးနဲ့ ဆရာ၊ ဆရာမ ၁၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၂၂၁ ဦး၊ စုစုပေါင်း ၂၃၁ ဦး၊ ပလိုင်း အ. ထ. က ခွဲ၌ ကျောင်းအုပ်ဆရာကြီး ဦးဝေနှင့် ဆရာ၊ ဆရာမ ၂၄ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၆၀၀ ဦး၊ စုစုပေါင်း ၆၂၅ ဦး၊ တက်ရောက်ကြပါတယ်။ ဟောပြောပွဲ တက်ရောက်လာကြတဲ့ ဆရာ၊ ဆရာမများနဲ့ ကျောင်းသား၊ ကျောင်းသူများအား ရွှေဘိုခရိုင်ဦးစီးမှူး ရုံးဝန်ထမ်းများက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိမှတ်ဖွယ်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ ကြောင်းသိရှိရပါတယ်။

**သန့်ဇော်လင်း (ရွှေဘို)**

# ညောင်ရွှေမြို့နယ် အင်းလေးဒေသ နန်းပန်ကျေးရွာတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ



ရှမ်းပြည်နယ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးအောင်ကျော်ညွှန့် (ဒုတိယညွှန်ကြားရေးမှူး)နဲ့ ဝန်ထမ်းများသည် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောဆွေးနွေး ပွဲများ စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ ဩဂုတ် ၁၆ ရက်က ညောင်ရွှေမြို့နယ် နန်းပန်ကျေးရွာမှာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ကျေးလက်အထောက်အကူပြု ကော်မတီဝင်များ၊ ဆရာ/ဆရာမများ၊ အိမ်ရှင်မများ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်များ၊ ခွင့်မပြုဓာတုဆိုးဆေးပါဝင်ကြောင်း ကြေညာခဲ့သည့်စာရင်းများကို ကျေးရွာပြည်သူများ သိရှိစေရန် ဖြန့်ဝေပေးခဲ့ပါသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူး ဦးအောင်ကျော်ညွှန့်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအကြောင်း၊ စားသုံးသူတို့၏ အခွင့်အရေးများ၊ စားသောက်ကုန်များတွင် သုံးစွဲသော ဓာတုဆိုးဆေးများ၏ အန္တရာယ်၊ ရှမ်းပြည်နယ်အတွင်း စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီ၊ ထုတ်ကုန်များလုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားမှု အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဦးမင်းအောင်က အိမ်ရှင်မများအတွက် စားသောက်ကုန်ပစ္စည်း စတင်ထုတ်လုပ်၊ ထုပ်ပိုးသည့် အဆင့်မှ စားသုံးသည်အထိ စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်သော သိကောင်းစရာများကိုဟောပြော ဆွေးနွေးခဲ့ပါသည်။

**နန်းသီတာ၊တောင်ကြီး**

# မုံရွာမြို့ပေါ်ရှိ စာသင်ကျောင်းမုန့်ဈေးတန်းများ စားသုံးသူရှုထောင့်အရ ကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်း ဦးစီးသည့် ဝန်ထမ်း ၁၀ ဦးနှင့် မုံရွာမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဌာနမှူး ဒေါက်တာဒေါ်မြင့်မြင့်အေး၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူ ၂ ဦး၊ တိုင်းဒေသကြီး ကျန်းမာရေးပညာပေးရေးဌာနခွဲမှ တာဝန်ရှိသူ တစ်ဦးတို့သည် ၂၀၁၅ခုနှစ် ဩဂုတ်လ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများတွင် ရောင်းချလျက်ရှိသော အစားအသောက်များ ဘေးအန္တရာယ် ကင်းရှင်းရေး အတွက် ကျောင်းမုန့်ဈေးတန်းများကို စားသုံးသူအကာအကွယ်ပေးရေး ရှုထောင့်အရ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရာတွင် ကျောင်းသား၊ ကျောင်းသူများကို ဆွဲဆောင်ရန် အရောင်အသွေးအမျိုးမျိုးဖြင့် ဝယ်ချင်စဖွယ် စားချင်စဖွယ်ဖြစ်အောင် အရောင်ဆိုးဆေးများ အလွန်အကျွံ အသုံးပြုထားသော ပြည်တွင်း၊ ပြည်ပထုတ်မုန့်များ၊ အချဉ်ပေါင်းများ၊ ရေခဲထုပ်များ၊ ရောင်စုံဂျယ်လီများ၊ တုတ်ထိုးချိုချဉ်များ အများအပြား ရောင်းချနေသည်ကို တွေ့ရှိရ၍ ၎င်းမုန့်များကို ကလေးငယ်များ စားသုံးပါက လတ်တလောအနေဖြင့် အာရုံစူးစိုက်မှု နည်းပါးခြင်း၊ ခန္ဓာကိုယ် ဖွံ့ဖြိုးကြီးထွားမှုနှင့် ဉာဏ်ပညာဖွံ့ဖြိုးမှုအတွက် အန္တရာယ်ရှိသည့်အပြင် ရေရှည်စားသုံးပါက ကင်ဆာကဲ့သို့ သောရောဂါများ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် ၎င်းမုန့်များ ရောင်းချ မည့်အစား ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သည့် သစ်သီးဝလံများ၊ မိရိုးဖလာမုန့်များ ရောင်းချသင့်ကြောင်းနှင့် အသင့်စားခေါက်ဆွဲများ၊ ကြာဆံများ၊ အစားအသောက်အပူများကို ပလတ်စတစ် ခွက်များဖြင့် အလွယ်တကူ ထည့်သွင်းရောင်းချခြင်းသည် အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မရောင်းချသင့်ကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။

မုံရွာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဌာနမှူးဒေါက်တာ ဒေါ်မြင့်မြင့်အေးက ကျောင်းသား၊ ကျောင်းသူကလေးငယ်များသည် အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် ကလေးငယ်များဖြစ်သောကြောင့် ကလေးငယ်များ အဓိကစားသုံးသော အစားအစာများကိုရောင်းချသည့် ကျောင်းဈေးသည်များအနေဖြင့် အစားအသောက်အန္တရာယ်ကင်းရှင်းရေး အသိပညာများ သိရှိထားရန် များစွာလိုအပ်သည့်အပြင် ဈေးသည်များ၏ ကျန်းမာရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးမှာလည်း အရေးကြီးကြောင်း၊ ကျန်းမာရေး စစ်ဆေးရန်လိုအပ်ပါက မိမိဌာနတွင် လာရောက်စစ်ဆေးနိုင်ပါကြောင်း၊ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ရောင်းချသင့်ကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဌာနမှ ခွင့်မပြုဆိုးဆေးပါဝင်သောကြောင့် စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့်အစားအသောက်များရောင်းချမှု ရှိမရှိ စစ်ဆေးသည့်အပြင် အချဉ်ပေါင်း ပြုလုပ်ရာတွင် အရောင်ဆိုးဆေး အသုံးမပြုသော်လည်း သစ်သီးများကို ကျွတ်ဆတ်နေစေရန် အရောင်ချွတ်ဆေးများဖြင့်စိမ်၍ ရောင်းချခြင်းသည် စားသုံးသူများကို အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် မရောင်းချသင့်ကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။ တိုင်းဒေသကြီး၊ ကျန်းမာရေးပညာပေးရေးဌာနခွဲမှလည်း ပြည်သူလူထုလက်စွဲ ကျန်းမာရေးအသိပညာပေး စာအုပ်များ၊ နံရံကပ် စာစောင်များကိုလည်း ဖြန့်ဝေခဲ့ပါသည်။

ဆက်လက်ဆွေးနွေးရာတွင် မိမိတို့အဖွဲ့အနေဖြင့် ဈေးသည်များ၏ အားနည်းချက်၊ ကျောင်းသား၊ ကျောင်းသူများ၏ ဝယ်လိုအားများကို အဓိကထား စစ်ဆေးခဲ့ပြီး၊ အချို့ကျောင်းများတွင် ကလေးကစားစရာပစ္စည်းများ၊ မဲများ၊ ဆေးလိပ်နှင့် ကွမ်းများ မရောင်းချစေရန် တားမြစ်ထားခြင်းနှင့် ကျောင်းကျန်းမာရေးကော်မတီများဖြင့် စစ်ဆေးသည်များရှိခြင်းကြောင့် ကောင်းသော အစဉ်အလာများဖြစ် ကြောင်း၊ ကျောင်းကျန်းမာရေးကော်မတီများမရှိသေးသော ကျောင်းများမှလည်း ကော်မတီများဖွဲ့စည်း၍ မိမိတို့အဖွဲ့ စစ်ဆေးသကဲ့သို့ အဆက်မပြတ် စစ်ဆေးသင့်ကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။

ယခုကဲ့သို့ စာသင်ကျောင်းမုန့်ဈေးတန်းများကို စစ်ဆေးရာတွင် မိမိတို့ဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဌာနမှူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တာဝန်ရှိသူများ ကျန်းမာရေးပညာ ပေးရေးဌာနခွဲမှ တာဝန်ရှိသူများနှင့် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ ပါဝင်သောအဖွဲ့များဖြင့် စစ်ဆေးခြင်းဖြင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးပြီး ဖြစ်သည့်အပြင် ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ဌာနခွဲ၏ လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ရာ ရောက်ပါသည်။ ဆက်လက်၍လည်းစားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး စစ်ဆေးဆောင်ရွက်သွားမှာ ဖြစ်ပါသည်။

**နှင်းနှင်းခိုင် (မုံရွာ)**

# Jaguar Land Rover မြန်မာမှ အထူးလျှော့ဈေးနှုန်းများ ပါဝင်သည့် 3 Year Peace of Mind အစီအစဉ်သစ်ဖြင့် ဝန်ဆောင်မှုစတင်




မြန်မာနိုင်ငံတွင် Jaguar Land Rover မော်တော်ယာဉ်များအား တရားဝင် ဖြန့်ချိခွင့်ရရှိထားသည့် Capital Automotive Limited သည် ၎င်းကုမ္ပဏီမှ ရောင်းချလျက်ရှိသည့် Jaguar Land Rover အမှတ်တံဆိပ် မော်တော်ယာဉ်များကို ဝယ်ယူအားပေးသူများအား 3 Year Peace of Mind ဟူသည့် အစီအစဉ်ဖြင့် ဝန်ဆောင်မှုကို စတင်လိုက်ပြီဖြစ်သည်။

အဆိုပါ 3 Year Peace of Mind တွင် သုံးနှစ်စာအပိုပစ္စည်းများ အခမဲ့ လဲလှယ်ပေးခြင်းအာမခံ၊ စက်ပိုင်းဆိုင်ရာ၊ လျှပ်စစ်ပစ္စည်းဆိုင်ရာ အခမဲ့ဝန်ဆောင်မှုအစီအစဉ်(သို့မဟုတ်) ကီလိုမီတာ ၇၂၀၀၀ အထိ အာမခံပေးခြင်းအစီအစဉ်များပါဝင်ကြောင်း သိရသည်။

သုံးနှစ်စာအပိုပစ္စည်းများ အခမဲ့ လဲလှယ်ပေးခြင်းအာမခံတွင် Jaguar Land Rover ကားများအား သုံးနှစ်အာမခံ သို့မဟုတ် ကီလိုမီတာ တစ်သိန်း အာမခံပေးခြင်းအစီအစဉ်ပါဝင် ကြောင်း သိရသည်။

ထို့ပြင် ယင်းအစီအစဉ်တွင် ပါဝင်သည့် စက်ပိုင်းဆိုင်ရာ၊ လျှပ်စစ်ပစ္စည်းဆိုင်ရာ အခမဲ့ဝန်ဆောင်မှု အစီအစဉ်တွင် လုပ်အားခ၊ အင်ဂျင်ဝိုင်၊ အပိုပစ္စည်းနှင့် မော်တော်ယာဉ်ကို ထုတ်လုပ်စဉ်က အသုံးပြုခဲ့သည့်အရည်အသွေးအတိုင်း ပြုပြင်ထိန်းသိမ်းခြင်းတို့ပါဝင်ကြောင်း သိရသည်။

Jaguar Land Rover ၏ အဆိုပါအစီအစဉ်အား ဩဂုတ်လ ၂၁ရက်နေ့မှစတင်မည်ဖြစ်ပြီး အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည့်အစီအစဉ်အား စက်တင်ဘာလကုန်အထိ လည်းကောင်း၊ 3 Year Peace of Mind အစီအစဉ်ကို ယခုနှစ်ကုန်အထိ လည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အခုလို အရမ်းကောင်းမွန်တဲ့ ဝန်ဆောင်မှုကို ပြည်တွင်းက Jaguar Land Rover ကားပိုင်ရှင်တွေကို ပေးအပ်နိုင်တဲ့အတွက် အရမ်းပဲ ဂုဏ်ယူမိပါတယ်။ Jaguar and Land Rover အမှတ်တံဆိပ်တွေဟာ မြန်မာပြည်ရဲ့ကားဈေးကွက်မှာ ပိုမိုအောင်မြင်မှုရရှိလာမယ်ဆိုတာ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် Jaguar Land Rover သည် မြန်မာနိုင်ငံ၏ အရောင်းပြခန်းအတွက် အထွေထွေမန်နေဂျာအသစ်ကိုလည်း ခန့်အပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ အထွေထွေမန်နေဂျာအသစ်ဖြစ်သူ Mr. John Brich သည် မော်တော်ယာဉ်လုပ်ငန်းတွင် နိုင်ငံတကာ အတွေ့အကြုံ ၃၅ နှစ်ရှိထားသူဖြစ်ပြီး Jaguar and Land Rover ကဲ့သို့သော အဆင့်မြင့် မော်တော်ယာဉ် အမှတ်တံဆိပ်ကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်ကြောင်း သိရသည်။

Capital Automotive Company သည် Jaguar and Land Rover ကားများကို တရားဝင်တင်သွင်းဖြန့်ချိခွင့်ရရှိသည့်ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ် ဇွန်လမှစတင်ကာ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

Jaguar and Land Rover ကားအရောင်းပြခန်းကို ရန်ကုန်မြို့၊ အင်းစိန်လမ်းမပေါ်(သမိုင်းလမ်းဆုံအနီး)တွင် ဖွင့်လှစ်ထားရှိပြီး မည်သူမဆို လာရောက်လေ့လာ ဝယ်ယူနိုင်ကြောင်းသိရသည်။ ထို့အပြင် Instock အနေဖြင့် ကားအရောင်းပြခန်းတွင် ကား ၂၄ စီးရှိနေပြီး ထပ်မံရောက်ရှိလာမည့် ကားများလည်းရှိနေကြောင်း သိရသည်။

အဆိုပါ Jaguar and Land Rover ကားများကို အမေရိကန်ဒေါ်လာ ၈၀၀၀၀ ကျော်မှ အမေရိကန်ဒေါ်လာ ၂၅၈၅၀၀ တန်ဖိုးရှိသည့်ကားများအထိ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**



## Colgate-Palmoliveက မြန်မာနိုင်ငံရှိရေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်း

Colgate-Palmolive သည် မြန်မာနိုင်ငံရှိရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ရာ ကျပ်သိန်း ၃၂၀တန်ဖိုးရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု အသုံးအဆောင်များဖြစ်သည့် ကိုးလ်ဂိတ်သွားတိုက်ဆေးနှင့် သွားတိုက်တံများ (Super Flexi and Deluxe Child) နှင့် Protex ဆပ်ပြာတို့ပါဝင်ကြောင်း ကိုးလ်ဂိတ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Colgate-Palmolive ၏ မြန်မာနိုင်ငံတွင်းရှိ ဝန်ထမ်းများက ရေဘေးသင့်ဒေသ ၁၄ ခုသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပစ္စည်းများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

Colgate-Palmolive၏ ဒါရိုက်တာဖြစ်သူ Mr. Drugesh Chugh က "ကျွန်တော်တို့အနေနဲ့ ရေဘေးသင့်ဒေသမှာရှိတဲ့ ပြည်သူတွေနဲ့ထပ်တူ ခံစားရပါတယ်။ ကျွန်တော်တို့ကိုးလ်ဂိတ်အနေနဲ့ လူမှုအသိုင်းအဝိုင်းအတွက် လိုအပ်တဲ့ကူညီပံ့ပိုးမှုတွေ ပြုလုပ်ဖို့ စိတ်ပိုင်းဖြတ်ထားတဲ့အတွက် အခုလို လှူဒါန်းမှုမှတစ်ဆင့် ပြည်သူတွေကို ထောက်ပံ့ဖို့ အမြဲအဆင်သင့်ရှိနေတယ်ဆိုတာကို ပြသလိုက်နိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ကိုးလ်ဂိတ်အနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ကလေးငယ်နဲ့ မိသားစုတွေအတွက် ကျောင်းသားကလေးငယ်တွေကို သွားတိုက်ဆေးများပေးအပ်ခြင်း၊ သွားနှင့်ခံတွင်း ပညာပေးအစီစဉ်တွေကို စာသင်ကျောင်းတွေမှာ ဆက်လက်လုပ်ဆောင်နေတဲ့အပြင် ဆရာ၊ ဆရာမတွေအနေနဲ့ ကျောင်းသားတွေကို သွားတွေကို ဘယ်လို ဂရုစိုက်ရမယ်ဆိုတာ သင်ကြားပေးနိုင်ဖို့ သွားနှင့်ခံတွင်းကျန်းမာရေးသင်ထောက်ကူပစ္စည်းတွေကို ဆရာ၊ ဆရာမတွေကိုပေးအပ်ခြင်း စတဲ့သွားနှင့်ခံတွင်းဆိုင်ရာ အသိပညာပေးလုပ်ဆောင်မှုတွေကို တက်ကြွစွာအကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒီနှစ်ထဲမှာ မြန်မာနိုင်ငံရှိ ကျောင်းသူ၊ ကျောင်းသားပေါင်း သုံးသိန်းနီးပါးကို ကိုးလ်ဂိတ်သွားတိုက်ဆေးတွေ ပေးဝေခဲ့ပါတယ်"ဟု MrChugh က ဆက်လက်ပြောကြားသည်။

**မယ်သီတာ**

## အသုံးပြုပြီး အကွာရာနိမ့်ကားများအဝယ်ရှိပြီး ယာဉ်ဟောင်းအပ်နံ့စလစ်များ ဈေးမြင့်လာ

ဩဂုတ်လနှောင်းပိုင်း ရန်ကုန်မြို့ကားဈေးကွက်၏ အခြေအနေမှာ အရောင်းအဝယ်များ အေးနေပြီး ကားအရောင်းစင်တာများနှင့် ကားပွဲစားတန်းများတွင် အမေးသာများကြောင်း သိရသည်။

ကားဈေးကွက်ထဲတွင် အရောင်းအဝယ်ထင်သလောက် မဖြစ်ကြသော်လည်း စလစ်ဈေးနှုန်းများနှင့်အပ်ကားဈေးနှုန်းများလည်း ယခင်ကထက် ဈေးပိုတက်လာကြောင်း ဝါရင့်ဝယ်ရောင်း အကျိုးဆောင်ကိုမြင့်ကျော်က ပြောသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ပြည်တွင်း ဒေါ်လာလဲလှယ်နှုန်းမြင့်တက်လာပြီး တရားဝင်သတ်မှတ်နှုန်းထားပေါက်ဈေးလည်း မြင့်တက်နေသဖြင့် လတ်တလော ယာဉ်မှတ်ပုံတင်အသစ်ပြုလုပ်ရန် စိတ်မဝင်စားသော်လည်း အပ်ကားများ ရှားပါးလာသဖြင့် ဈေးတက်လာရခြင်းဖြစ်ကြောင်း၊ စလစ်ကိုင်ထားသူများကလည်း ရှားပါးမှုအကြောင်းပြပြီး နှစ်သိန်း သုံးသိန်းဆွဲတင် ဈေးခေါ်လာသဖြင့် စက်မှုဇုန်နှင့် နှစ် နှစ်ဆယ်သက်တမ်း အပ်ကားစလစ်များ ယခုတစ်ပတ်တွင် သိန်း ၇၀ နီးပါး ဖြစ်လာကြောင်းသိရသည်။

ကားလောကထဲတွင်လည်း ကဏ္ဍပေါင်းစုံမှ သတင်းများထွက်ပေါ်နေသဖြင့်နံပါတ်အနက်ကိုယ်ပိုင်ကား များအမှန်တကယ် ညွှန်ကြားချက်မထွက်လာမီ အချိန်မီစေရန်တက်သုတ်ရိုက်ပြီး နံပါတ်အနီတက္ကစီအဖြစ်ပြောင်းနေကြကြောင်း၊ သို့ဖြစ်၍ အရောင်းပါးနေသည့်ကြားထဲစင်တာများနှင့် ခြံများထဲရှိ ပရိုဘောက်နှင့် အေဒီဗင်ကားများ ယခင်က အရောင်းနှေးသော်လည်း ယခုကာလအကြားသတင်းများကြောင့် အရောင်းအဝယ်ရှိကြောင်း၊ အင်ဂျင်ပါဝါသေးကားများ တင်သွင်းရာတွင်လည်း ယခုအခါ ကားပါကင်ထောက်ခံချက်မှာ ဈေးကျဆင်းလာသဖြင့် လွယ်လင့်တကူ ဝယ်ယူနိုင်သော်လည်း ကားပါကင်စစ်ဆေးမှုဒဏ်ကြေးများရှိသဖြင့် နောက်ဆုံးအကွာရာစိတ်ဝင်စားမှုနည်းသွားပြီး အမှန်တကယ်လိုအပ်သူများသာ အကွာရာတစ်တန်း၊ နှစ်တန်းနိမ့်ကားများအားပေါက်ဈေးဖြင့် ဝယ်ယူစီးနင်းလာကြကြောင်း တစ်နှစ်၊ နှစ်နှစ်သုံးစွဲပြီး ကားများ လတ်တလောပြန်လည်အဝယ်ရှိလာကြောင်း ဝါရင့်ဝယ်ရောင်းအကျိုးဆောင်များမှ ပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၀၉) | 5H | ၉၅ သိန်း | 1 .3 ဓါတ်ဆီ |
| ၂။ | နီဆန်း (နုတ်) (၂၀၀၉) | ယာယီ | ၁၀၅ သိန်း | 1.5 ဓာတ်ဆီ |
| ၃။ | မတ်(ခ်)တူး (ရွှေငါး/၂၀၀၁) | ၃ဃ | ၁၂၅ သိန်း | 2 .0 ဓာတ်ဆီ |
| ၄။ | ဒီမီယို (၂၀၁၀) | ယာယီ | ၁၀၂ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | ဟွန်ဒါဖစ် (အဲဝေဗ့်) (၂၀၀၉) | 5G | ၁၄၀ သိန်း | |
| ၆။ | ပရိုဘောက် (၂၀၀၇) | EE | ၈၆ သိန်း | 1 .5 ဓာတ်ဆီ |
| ၇။ | ပရိုဘောက် (SUCCEED) (၂၀၁၀) | ယာယီ | ၁၂၀ သိန်း | |
| ၈။ | စူပါကပ်စတန် (97) | 8G | ၁၂၀ သိန်း | ဒီဇယ် |
| ၉။ | မြန်မာမီနီ | 5D | ၅၅ သိန်း | |

**SN**

သင့်ကျန်းမာရေး

# ရေကြီးရေလျှံဒေသ၊ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ

ဒေါက်တာလွင်သန့်

မြန်မာနိုင်ငံအတွင်း ဇူလိုင်လနောက်ဆုံးပတ်က ဆိုင်ကလုန်းမုန်တိုင်း "ကိုမန်" ရဲ့အဝန်း အဝိုင်းထဲကျရောက်ခဲ့လို့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို "သဘာဝဘေးအန္တရာယ်ကျ ရောက်သောဒေသများအဖြစ်" ကြေညာခဲ့တယ်။ ယခုအခါ ရေကျသွားပြီဖြစ်လို့ မိမိတို့နေရပ်ဒေသများ ရှင်းလင်းသန့်စင်ကာ နေထိုင်သွားဖို့စီစဉ်လာကြရခြင်းကြောင့်ဖြစ်တဲ့ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါတို့ ကူးစက်ရောဂါအနေနဲ့ ကျရောက်ဖို့ရှိနေပါတယ်။

**ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းခြင်း**

ငှက်ဖျားရောဂါဟာ ငှက်ဖျားပိုးသယ်ဆောင်တဲ့ ခြင်ကိုက်လို့ကူးစက်ဖြစ်ပွားရပါတယ်။ ငှက်ဖျားပိုးသယ်ဆောင်တဲ့ခြင်ဟာ ခြင်မဖြစ်ပြီး၊ ညဘက်မှာကိုက်လို့ အကိုက်မခံရအောင် ခြင်ဆေးရည်လိမ်းခြင်း၊ ခြင်ဆေးခွေထွန်းခြင်း၊ ခြင်ဆေးရည်စိမ် ခြင်ထောင်နဲ့အိပ်ရပါမယ်။ ငှက်ဖျားရောဂါဟာ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်တယ်။ ငှက်ဖျားရောဂါကင်းစင်တဲ့ဒေသများဆီ ငှက်ဖျားဒေသများက လူနာများ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများဆီရောက်ရှိလာလို့ ယင်းမှခြင်ကိုက်ခြင်းဖြင့် လူကောင်းများ ကူးစက်နိုင်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်မှာ ရောဂါဖြစ်ပွားရင် ကလေးသေဆုံးခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်းများဖြစ်ပြီး၊ ကလေးများမှာဖြစ်ရင် ရောဂါပြင်းထန်တတ်တယ်။

**ငှက်ဖျားရောဂါလက္ခဏာများ**

ချမ်းတုန်ပြီးဖျားခြင်း၊ ငှက်ဖျားဒေသမှလူနှင့် ဆက်စပ်မှုရှိခြင်း၊ ရောဂါပြင်းထန်ပါက အကူအညီလိုခြင်း၊ လမ်းမလျှောက်နိုင်၊ ဆေးမသောက်နိုင်ဖြစ်အောင် မှိန်းနေခြင်း၊ အော့အန်ခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်း၊ သေဆုံးခြင်းအထိဖြစ်နိုင်ပါတယ်။

**ငှက်ဖျားရောဂါဖြစ်ပွားတယ်လို့** သံသယရှိရင် သက်ဆိုင်ရာကျန်းမာရေးဌာန၊ ဆရာဝန်ထံသို့ သတင်းပို့ရမယ်။

**ငှက်ဖျားရောဂါဖြစ်ပွားခြင်းကနေကာကွယ်ဖို့**

ခြင်မကိုက်အောင် နေထိုင်ရမယ်၊ ဥပမာခြင်ထောင်နဲ့အိပ်ခြင်း၊ ခြင်ဆေးရည်စိမ်ခြင် ထောင်သုံးရမယ်။ ညအခါ ခြင်မကိုက်အောင် အဝတ်အစား လုံလုံခြုံခြုံဝတ်ရမယ်။ အဝတ်အစားနဲ့လွတ်နေတဲ့ ခြေ၊ လက်၊ မျက်နှာတို့ ခြင်မလာဆေးလိမ်းထားသင့်တယ်။ ခြင်နှိမ်နင်းခြင်းအပိုင်းမှာ ခြင်၊ ပိုးလောက်လန်း ခိုအောင်းနိုင်တဲ့ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းထားရမယ်။ ရပ်ကွက်ကျေးရွာအနီးရှိ ခြုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရမယ်။ မီးရှို့ရလျှင် မီးရှို့ရမယ်။ ရပ်ကွက်ကျေးရွာအနီး စိမ့်စမ်းများ၊ ချောင်းများမှာ ရေစီးရေလာကောင်းဖို့ ဆောင်ရွက်ထားရမယ်။ ပိုးလောက်လန်းစားငါး (ဒေါင်းငါး)များ ရေကန်များမှာမွေးထားသင့်ပါတယ်။

**သွေးလွန်တုပ်ကွေးရောဂါ**

သွေးလွန်တုပ်ကွေးရောဂါဟာ အသက်သုံးနှစ်မှအသက် (၁၂)နှစ်ထိ ဖြစ်ပွားနိုင်တယ်။ ပိုမိုဖြစ်ပွားတတ်တယ်။ သွေးလွန်တုပ်ကွေးရောဂါဟာ အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်လို့၊ ကြိုတင်ကာကွယ်ယူထားဖို့ လိုအပ်ပါတယ်။

**သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများက** ရုတ်တရက်ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ မျက်စိအောင့်ခြင်း၊ အန်ခြင်း၊ အနီစက်များဖြစ်ပေါ်ခြင်းဖြစ်ပြီး နှစ်ရက်မှသုံးရက်အတွင်း အဖျားကြီးပြီး အလွန်အမင်းအန်ခြင်း၊ အန်ရင်အညိုရောင်ရှိခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ မှိန်းနေခြင်း၊ ခြေဖျား လက်ဖျား အေးစက်ခြင်းစတဲ့ လက္ခဏာများဖြစ်လာပါက အနီးစပ်ဆုံးဆေးရုံ၊ ဆေးခန်းများသွားရောက်ပြသသင့်ပါတယ်။

**သွေးလွန်တုပ်ကွေးရောဂါဟာ** သွေးလွန်တုပ်ကွေးပိုး(Dengue Virus)ပါတဲ့ ခြင်ပုန်းခေါ်ခြင်ကျား ကိုက်ခြင်းကတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါဖြစ်တယ်။ ခြင်ကျားဟာ ရေကြည်ရေသန့်မှာ ပေါက်ပွားတတ်ပြီး နေ့အခါမှာ ကိုက်တတ်တယ်။

**လိုက်နာရမည့်အချက်များ**

ရေသိုလှောင်တဲ့ရေကြည်၊ ရေအိုးများ၊ ရေလှောင်ကန်များကိုသုံးပြီး ပြန်ပိတ်ရမယ်။ ဘုရားစင်၊ နတ်စင်များမှပန်းအိုးများနဲ့ အလှပန်းအိုးများကို ရေနေ့စဉ်တိုက်ချွတ်လဲ ပေးရမယ်။ မိုးရေဝင်နိုင်တဲ့ဘူးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့၊ ပလတ်စတစ်အိတ်၊ အုန်းမှုတ်ခွက်များ မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းများ စသည်တို့ပြုလုပ်ကာ ရှင်းလင်းထားရမယ်။ တစ်ကိုယ်ရည်သန့်ရှင်းရေး အပြင် အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းရေးကောင်းစွာ ထားရှိရမယ်။ လေကောင်းလေသန့်နဲ့ အလင်းရောင်ရရှိဖို့ ပြတင်းပေါက်အားလုံးဖွင့်ထားရမယ်။ ကလေးများအိပ်တဲ့အခါတိုင်း နေ့ညမရွေးခြင်ထောင်နဲ့အိပ်ရမယ်။ ခြင်လုံဇကာ တပ်ထားရမယ်။ ကလေးများကို ခြင်မကိုက်အောင် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ပေးရမယ်။

**ကြိုတင်ကာကွယ်ခြင်း**

ခြင်လောက်လန်းနှိမ်နင်းခြင်း၊ လိုအပ်ပါကဆေးမှုတ်ခြင်း (DDT) -၊ ဆေးဖြန်းခြင်း(Parat)၊ ရေဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း၊ ခြင်စားငါးမွေးခြင်းတို့အပြင် ပိုးလောက်လန်း စားငါး(ဒေါင်းငါး)၊ မွေးခြင်းစတဲ့ သွေးလွန်တုပ်ကွေးကာကွယ်ရေးစနစ်သုံးရမယ်။ ကာကွယ်တိုက်ဖျက်ရာမှာ ပူးပေါင်းပါဝင်ကြရတယ်။ သံသယဝင်ပါက ဆေးရုံ၊ ဆေးခန်းများဆီ အချိန်မီပို့ဆောင်ကာ ဆရာဝန်ရဲ့ညွှန်ကြားချက် ကုသချက်ခံယူရပါမယ်။

**ကာကွယ်ဆေး။** ကာကွယ်ဆေး မပေါ်သေးပါ။

**ကုသဆေး**

ကုသဆေး မပေါ်သေးပါ။ သွေးလွန်တုပ်ကွေးသက်သာစေဖို့ ဓာတ်ဆားရည်သောက်ခြင်း၊ ပဋိဇီဝဆေးတိုက်ကျွေးခြင်း၊ ဒရစ်ချိတ်ခြင်း၊ ဆေးထိုးခြင်းလိုအပ်ပါက သွေး(သို့)သွေးရည်ကြည် (Plasma) သွင်းပေးခြင်းစတဲ့ လူနာရဲ့လိုအပ်တဲ့ ကုသမှုများ၊ ကုသမှုခံယူနိုင်ပါတယ်။

အထူးသဖြင့် ရေကြီး၊ ရေလျှံဒေသများမှာ ရေပြန်ကျသွားရင် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ၊ ကူးစက်မှုရှိလာနိုင်တာကြောင့် ခြင်ကိုက်ခြင်းမှ ကင်းဝေးအောင် ဆင်ခြင်ပါ။

# ကမ္ဘာတစ်ဝန်းတွင် အစားအစာလုံခြုံစိတ်ချရမှုရှိရေးသည် သေရေးရှင်ရေးတမျှ အရေးကြီးလာဟု ဥရောပကော်မရှင်ဆို

ကမ္ဘာတစ်ဝန်းလုံးတွင် အစားအစာ လုံခြုံစိတ်ချရမှုရှိရေးသည် သေရေးရှင်ရေးတမျှ အရေးကြီးလာကြောင်း ဥရောပကော်မရှင်၏လေ့လာတွေ့ရှိချက်များအား ကိုးကား၍ ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

လာမည့် ၂၀၃၀-၂၀၅၀တွင် ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ကိုးထောင်သို့ရောက်ရှိလာမည်ဖြစ်ရာ အဆိုပါတိုးတက်လာမည့် လူဦးရေအတွက် အစားအစာလုံခြုံစိတ်ချရမှုရှိရေးသည် အရေးကြီးလာခြင်းဖြစ်ကြောင်း ဥရောပကော်မရှင်၏တွဲဖက်လေ့လာရေးစင်တာမှ ထုတ်ပြန်ကြေညာခဲ့သည်။

ဥရောပကော်မရှင်၏ တွဲဖက်လေ့လာရေးစင်တာသည် ဥရောပကော်မရှင်မှ အစားအစာကျွမ်းကျင်သူပညာရှင်များဖြင့် အဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းကာ အဆိုပါအစားအစာလုံခြုံစိတ်ချရမှုဆိုင်ရာကိစ္စများအား လေ့လာစေခဲ့ခြင်းဖြစ်သည်။

မြင့်တက်လာသည့်လူဦးရေတိုးနှုန်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲလာမှု များ၊ စိုက်ပျိုးမြေများအား ချဲ့ထွင်ရာတွင် အကန့်အသတ်ရှိလာမှုများနှင့် အစားအစာပမာဏပိုမိုလိုအပ်လာမှုများတို့ကိုလေ့လာတွက်ချက်၍ ယခုကဲ့သို့ထုတ်ပြန်ကြေညာရခြင်းဖြစ်သည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါလိုအပ်ချက်များသည် ကမ္ဘာကြီးကို ထပ်မံခြိမ်းခြောက်လာမည့် အန္တရာယ်တစ်ခုပင်ဖြစ်ကြောင်း၊ ယင်းအန္တရာယ်ကို ယခုအချိန်ကတည်းကပင် ကြိုတင်ကာကွယ်နိုင်ရေးအတွက်စီမံချက်များ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းတို့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်ခေါင်းပါးမှု၊ လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များနှင့် ကုန်ပစ္စည်းထုတ်လုပ်မှု၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များသည် ဆက်စပ်ပတ်သက်နေသဖြင့် ယင်းကိစ္စရပ်များအား ညှိနှိုင်းဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ ယင်းတို့ကိုဖြေရှင်းရာတွင် နည်းစနစ်တကျဖြေရှင်းရန်လည်း လိုအပ်ကြောင်း၊ အဆိုပါလေ့လာရေးအဖွဲ့၏ တင်ပြချက်တွင် ဖော်ပြထားသည်။

အစားအစာ လုံခြုံစိတ်ချရမှုရှိရေးသည် ကမ္ဘာကြီးတစ်ခုလုံးကို စနစ်တကျ ခြိမ်းခြောက်လာခြင်းဖြစ်သကဲ့သို့ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ပထဝီနိုင်ငံရေးနှင့် ဥစ္စာဓနကြွယ်ဝမှုတို့ကိုပါခြိမ်းခြောက်လာမည့် အရေးကိစ္စတစ်ခုပင်ဖြစ် ကြောင်း ဥရောပကော်မရှင်က ထုတ်ပြန်ကြေညာ ခဲ့သည်။

**မယ်သီတာ**


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၄-၈-၂၀၁၅ မှ ၃၀-၈-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေး၊ လူမှုရေးတို့တွင် မိမိစိတ်တိုင်းကျဖန်တီးနိုင်ရန် ကြိုးစားနေသော်လည်း ကြန့်ကြာမှုနှောင့်နှေးမှုများဖြစ်နေတတ်သည်။ ပဲ၊ ပြောင်း၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်းများလုပ်ငန်းတို့တွင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အကျိုးရှိလာနိုင်ပါသည်။ မည့်သည်ပညာမဆိုအောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးတွင် ကြီးမားသောဝေဒနာမစွဲကပ်တတ်ပါ။ ကုသမှုပြုလျှင်ပျောက်ကင်းလွယ်တတ်ပါသည်။ အချစ်ရေးအိမ်ထောင်ရေးတွင် ကြိုးစားဆောင်ရွက်နေရတတ်သည်။

**ယတြာ။ သံဃာတော်အား သိင်္ကန်ထပ်ပေးပါ။**




**တနင်္လာသားသမီးများအတွက်** မိတ်ဆွေအပေါင်းအသင်းများသည်နှင့်အမျှလူမှုရေးတွင် လည်းကောင်း စီးပွားရေးတွင်လည်းကောင်း အပေါင်းအသင်းဆံ့နေတတ်ပါသည်။ သင့်အခက်အခဲကိုငွေအား၊ လူအားဖြင့်အကူအညီပေးလာတတ်ပါသည်။ ဆီထွက်သီးနှံများနှင့် အဖျော်ယမကာတို့ အကျိုးပေးကောင်းလာတတ်ပါသည်။ သွက်လက်ဖျတ်လတ်နေသော ဉာဏ်ရည်ကြောင့် ပညာရေးတွင် အောင်မြင်မှုရလာတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် မထင်မှတ်သောဝေဒနာ ရရှိတတ်သည်။ အချစ်ရေးကံကောင်းတတ်ပါသည်။ အိမ် ထောင်ရေးတွင် သားသမီးများအတွက် အဓိကဖြစ်နေတတ်သည်။

**ယတြာ။ သံဃာတော်အား ဝါဆိုသင်္ကန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** နည်းပညာသစ်ဖြင့်လုပ်ကိုင်ရသောလုပ်ငန်းများတိုး တက်ခိုင်မာမှုရှိလာရန်နှင့် အမြတ်အစွန်းပိုမိုရရှိရန်ကြိုးတင်တွက်ဆနေရတတ်သည်။ ဇိမ်ခံပစ္စည်းများ၊ စက်မှုလုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းများအောင်မြင်၍ စီးပွားဖြစ်ထွန်းမှုရှိနေလိမ့်မည်။ ပညာရေးတွင် ဆရာများနှင့်သင်ယူကြိုးစားနေရတတ်သည်။ ကျန်းမာရေးတွင် အစားအသောက်ကြောင့် ဥပဒ်ဖြစ်တတ်သော သဘောရှိနေလိမ့်မည်။ အချစ်ရေးတွင် စိတ်တိုင်းကျသောချစ်သူကိုတွေ့ရလိမ့်မည်။ အိမ်ထောင်ရေးကံသင့်တင့်မှုရှိနေတတ်ပါသည်။

**ယတြာ။ ဘုရားတွင် ရွှေသင်္ကန်းကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် လိုက်လျောညီထွေနေတတ်သောကြောင့် အရောင်းအဝယ်ကုန်သွယ်မှုလုပ်ငန်းများ ကျွမ်းကျင်လာတတ်သည်။ ဂီတအနုပညာနှင့် ပတ်သက်သော တူရိယာပစ္စည်းရောင်းဝယ်ခြင်း၊ ဆေးရေးပန်းချီ၊ ကျောက်စီပန်းချီကားချပ်များ ရောင်းဝယ်ခြင်းဖြင့် စီးပွားဖြစ်ထွန်းမှုအားကောင်းပါလိမ့်မည်။ ကျန်းမာရေးတွင် ခြေကုန်လက်ပန်းကျခြင်း၊ ထုံထိုင်းနာကျင်ခြင်း၊ နေထိုင်ရအီလည်လည်ဖြစ်ခြင်းတို့ ခံစားရတတ်သည်။ အချစ်ရေးတွင် တည်ကြည်ပြတ်သားသောသဘောရှိနေမည်။ အိမ်ထောင်ရေးအထင်လွဲမှုများရှိလာနိုင်ပါသည်။

**ယတြာ။ ကျောင်း၊ ကန်၊ ဇရပ် ဆေးသုတ်လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** စိတ်နှလုံးသားဖြူစင်အေးချမ်းစွာရှိနေတတ်သော်လည်း စီးပွားရေးလောကတွင် အပြိုင်အဆိုင်များကိုယှဉ်ပြိုင်ဖြေရှင်း နေရတတ်သည်။ ရွှေ၊ ငွေ၊ ကြေးနီအမျိုးမျိုးရောင်းဝယ်ရေးစသည်တို့နှင့် အကျိုးပေး ကောင်းနေတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင် ရာထူး တက်ရန် ခေတ္တ စောင့်ရလိမ့်မည်။ မိမိကိုယ်တိုင်အပင်ပန်းခံ၍လုပ်ငန်းများ လုပ်ကိုင်နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ်ဖောက်ပြန်မှုဒဏ်ကိုခံစားရတတ်သည်။ အချစ်ရေး ကံကောင်းနေမည်။ အိမ်ထောင်ရေးတွင် တစ်ယောက်တစ်မျိုးဖြစ်တတ်သည့် သဘောရှိနေလိမ့်မည်။

**ယတြာ။ စာအုပ်စာပေလှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** အရာရာကို သံသယစိတ်ထားတတ်သောသဘော ရှိနေလိမ့်မည်။ ဆုံးဖြတ်ချက်ပြတ်သားလျှင် စီးပွားရေးလုပ်ငန်းတို့အောင်မြင်တိုးတက်မှုရတတ်သည်။ လုပ်ငန်းအတွေ့အကြုံ ရင့်ကျက် လာမှုတို့ကြောင့် စီးပွားရေး၊ လူမှုရေးတို့တွင် အခက်အခဲမရှိကျော် လွှားနိုင်သောစွမ်းရည်များရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် အစားအသောက်၊ အနေအထိုင်ဆင်ခြင်သင့်ပါသည်။ စီးပွားရေးနယ်ပယ်တွင် ဆရာသမားနှင့်အထက်လူကြီးတို့ချစ်ခင်မှုရရှိလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။

**ယတြာ။ ကုဋီကိုဆေးကြောသန့်စင်ပေးပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမှုများနေမည်။ ငွေကြေးရရှိမလိုလိုနှင့် ကြန့်ကြာမှုများရှိ နေတတ်သည်။ ဓာတ်သတ္တုပိုင်းဆိုင်ရာလုပ်ငန်းများ အထူးအောင် မြင်မှုရရှိ၍ ဝင်ငွေအားကောင်းလာတတ်ပါသည်။ ကျန်းမာရေး အနေဖြင့် အင်အားကုန်ခန်းသော ဝေဒနာ၊ နာတာရှည်ပုံစံမျိုး ရောဂါရတတ်သည်။ ရင်ထဲတွင် နေမကောင်းတတ်ပါ။ မိတ်ဆွေကောင်းများနှင့် ဆုံရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်မှုရှိနေမည်။

**ယတြာ။ ဆေးဝါးလှူပေးပါ။**

# Vietjet အား IATA မှ အပြည်ပြည်ဆိုင်ရာပျံသန်းမှုများအတွက် IOSA အသိအမှတ်ပြုလက်မှတ် ချီးမြှင့်







Vietjet သည် ၎င်း၏သာလွန်ကောင်းမွန်သည့် ပျံသန်းမှုဆိုင်ရာစံနှုန်းများအတွက် အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးအဖွဲ့ (International Air Transport Association-IATA) မှချီးမြှင့်သည့်ပျံသန်းမှုဆိုင်ရာ ဘေးကင်းလုံခြုံမှုအဆင့်အသိမှတ်ပြုလက်မှတ်ကို ရရှိခဲ့သည်။

အဆိုပါကြေညာချက်ကို ဟိုချီမင်းမြို့တွင်ပြုလုပ်သည့် Vietjet ၏ ပထမနှစ်ဝက်အတွက် စီးပွားရေးစွမ်းဆောင်မှုဆန်းစစ်ခြင်းနှင့် ကျန်ရှိနေသေးသည့် ၂၀၁၅ နှစ်ဝက်အတွက် မဟာဗျူဟာစီမံကိန်းဆိုင်ရာများ ဆွေးနွေးသည့် အခမ်းအနားတွင် ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားတွင် Vietjet သည် ဗီယက်နမ်နိုင်ငံ၏ မကြာသေးခင်နှစ်များကပြုလုပ်ခဲ့သည့် စီးပွားရေးနှင့် လူမှုရေးတိုးတက်ရေး စဉ်ဆက်မပြတ် လုပ်ဆောင်မှုများအတွက် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် Nguyen Tan Dung ချီးမြှင့်သည့် ဂုဏ်ပြုဆုလက်မှတ်ကိုလည်း လက်ခံရရှိခဲ့သည်။

အဆိုပါကြီးမားသည့် အောင်မြင် မှုများသည် Vietjet လေကြောင်းလိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတွင် သိသာထင်ရှားသည့် မှတ်တိုင်တစ်ခုဖြစ်သည်။ IOSA certification အသိမှတ်ပြုလက်မှတ်သည် IOSA စံနှုန်း သတ်မှတ်ချက်လက်စွဲတွင်ဖော်ပြထားသည့် လေကြောင်းလိုင်းများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ အခြေခံအချက်များနှင့်အညီ ပျံသန်းပြေးဆွဲနိုင်သည့် လေကြောင်းလိုင်းများ၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ လက်မှတ်တစ်ခုဖြစ်သည်။

"Vietjetရဲ့ အဓိကဦးစားပေးတဲ့အချက်ဟာ ဘေးကင်းလုံခြုံရေး အာမခံချက်ပဲဆိုတာကို IOSA အသိအမှတ်ပြုလက်မှတ်ကသက်သေပြလိုက်တာပါပဲ။ ဒါဟာဘာကို အသေအချာထင်ဟပ် ပြသနေသလဲဆိုတော့ တစ်ကမ္ဘာလုံးမှာရောဒေသတွင်းမှာပါ လေကြောင်းလုပ်ငန်းတိုးတက်မှုဟာ အရှိန်အဟုန်ကြီးမားသည်ထက် ကြီးမားလာပါတယ်။ လေယာဉ်အသစ်ထပ်မံဝယ်ယူတာတွေ၊ ပျံသန်းမှုကွန်ရက် တိုးချဲ့တာတွေ၊ ခရီးသည်နဲ့ကုန်စည်ပို့ဆောင်ရေး ချဲ့ထွင်မှုတွေဟာ မကြာသေးခင် နှစ်များကစပြီး ပိုမိုတိုးတက်လာတာ တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ခိုင်မာတဲ့ သန္နိဋ္ဌာန်တွေနဲ့အတူ ခရီးသွားလာသူတွေ လေယာဉ်စီးနင်းမှု ပိုမိုများပြားလာအောင်၊ ပျော်ရွှင်မှုရရှိအောင်၊ သက်သောင့်သက်သာရှိအောင်၊ ကျွန်တော်တို့ခရီးသည်တွေ ပိုမိုဘေးကင်းလုံခြုံအောင် နိုင်ငံတကာအဆင့်မီ ဘေးကင်းလုံခြုံရေးစံနှုန်းတွေကို အမြဲလိုက်နာဆောင်ရွက်နေပါတယ်"ဟု Vietjet၏ အုပ်ချုပ်မှုဒါရိုက်တာ Luu Duc Khanh ကပြောသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း အချိန်မီဖော်ဆောင်နိုင်ရေးအတွက် အခက်အခဲများနှင့် စိန်ခေါ်မှုများရှိနေသော်လည်း Vietjet သည် ဂုဏ်ယူဖွယ်စီပွားရေးလုပ်ဆောင်မှုရလဒ်များကို ၂၀၁၅ ခုနှစ်၏ ပထမခြောက်လတွင် လုပ်ဆောင်နိုင်ခဲ့ပြီး ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ၂၀၅ ရာ ခိုင်နှုန်းအထိတိုးတက်လာခဲ့ပြီး ဝင်ငွေ အားဖြင့် ဗီယက်နမ်ဒေါင် ၅ ဒသမ ၇ ထရီလီယံ(အမေရိကန်ဒေါ်လာ ၂၅၈ သန်း) ရရှိခဲ့ပြီး Vietjet၏ မျှော်မှန်းထားသည့် အကျိုးအမြတ်ပမာဏကို ရရှိခဲ့သည်။

ထို့အပြင် Vietjet ၏ သယ်ယူပို့ဆောင်မှုအဆင့်မှာလည်း ၉၀ ရာခိုင်နှုန်းခန့်ရှိပြီး ခရီးသည် လေးသန်းကျော်ကို ခရီးစဉ် ၂၅၇၈၈ ခုဖြင့် ပို့ဆောင်ပေးနိုင်ခဲ့ပြီး အချိန်နှင့်တစ်ပြေးညီစွမ်းဆောင်နိုင်စွမ်းအချိုးမှာလည်း ၈၃ရာခိုင်နှုန်းတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ Vietjet သည် ဗီယက်နမ်နိုင်ငံ၏ လေကြောင်းသယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းတွင် ၇၀ ရာ ခိုင်နှုန်းဖြင့် အောင်မြင်စွာပါဝင်လျက်ရှိသည်။

Vietjet သည် လက်ရှိတွင် A320 နှင့် A321 အပါအဝင် လေယာဉ် ၂၆ စင်းဖြင့် ဗီယက်နမ်နိုင်ငံတစ်ဝန်းနှင့် အာရှ-ပစိဖိတ်ဒေသတွင်းရှိ ထိုင်း၊ စင်ကာပူ၊ တောင်ကိုရီးယား၊ တရုတ် (တိုင်ပေ)၊ ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့သို့ ပြည်တွင်းနှင့် နိုင်ငံတကာခရီးစဉ် ၃၃ ခုကို ပြေးဆွဲလျက်ရှိသည်။ Vietjet သည် လူသန်းပေါင်းများစွာကို လေကြောင်းဖြင့် ခရီးသွားလာနိုင်ရန်ကူညီပေးခဲ့ပြီး လေကြောင်းဖြင့် ခရီးသွားလာခြင်းကို ဗီယက်နမ်တွင်သာမက နိုင်ငံတကာ၌ပါ ရေပန်းစားလာအောင် ပြုလုပ်ခဲ့သည်။

Vietjet ၏ ၂၀၁၅ခုနှစ် ပထမခြောက်လအတွင်း ဈေးကွက်ဆိုင်ရာ အောင်မြင်မှုစွမ်းဆောင်ရည်ကြောင့် ဗီယက်နမ်နိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍသည် ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ၂၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။

**မယ်သီတာ**

## မူဆယ်မှတစ်ဆင့် တရုတ်ပြည်သို့ ဖရဲပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ ၁ ရက်မှ ၁၅ ရက်အတွင်း ကန်ဒေါ်လာ ၄၁၇၅၉ တန်ဖိုးရှိ ဖရဲသီး ၃၈၃ တန်တင်ပို့ခဲ့ရာ ဇူလိုင်လအတွင်းက တင်ပို့ခဲ့တဲ့ ဖရဲသီးတန်ချိန် ၂၄၉ တန်ထက် ပိုမိုတင်ပို့ခဲ့တာကို တွေ့ရပါတယ်။ ချင်းပြည်နယ်နဲ့ ကယားပြည်နယ်က လွဲပြီး ဖရဲ သခွားကို နိုင်ငံတစ်ဝန်း စိုက်ပျိုးကြပြီး စစ်ကိုင်း၊ မန္တလေးနဲ့ ပဲခူးတိုင်းဒေသကြီးတို့တွင် စိုက်ဧက အများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံ ဖရဲ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့မှ သိရပါတယ်။

မူဆယ် သစ်သီးဝလံကုန်စည်ဒိုင်သို့ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ဖရဲလာရောက်ရောင်းချတဲ့ ကားစီးရေတစ်ရက်လျှင် အစီး ၄၀၀ မှ ၅၀၀ ကျော်ထိရှိပြီး နေ့စဉ် ဝင်/ထွက်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

# မြို့ကြီးများ၏ ၂၄-၈-၂၀၁၅ မှ ၂၈-၈-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၄-၈-၂၀၁၅) | အင်္ဂါ(၂၅-၈-၂၀၁၅) | ဗုဒ္ဓဟူး(၂၆-၈-၂၀၁၅) | ကြာသပတေး(၂၇-၈-၂၀၁၅) | သောကြာ(၂၈-၈-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| မန္တလေးမြို့ | ၄၀% ၃၃°C/၉၃°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | ၄၀% ၃၃°C/၉၂°F | ၈၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| မြစ်ကြီးနား | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| လားရှိုး | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၉၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၂°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| လွိုင်ကော် | ၄၀% ၂၈°C/၈၃°F | ၅၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၅°C/၇၇°F | ၅၀% ၂၆°C/၇၈°F |
| တောင်ကြီး | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၁°C/၆၉°F | ၅၀% ၂၁°C/၇၀°F |
| မော်လမြိုင် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၈°C/၈၂°F | ၇၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၂°F |
| ဘားအံ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၇°C/၈၁°F | ၇၀% ၂၇°C/၈၀°F | ၆၀% ၂၇°C/၈၁°F |
| တောင်ငူ | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F |
| မုံရွာ | ၄၀% ၃၁°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | ၃၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F |
| ပုသိမ် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| မြိတ် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F |
| စစ်တွေ | ၈၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| မကွေး | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| ဖလမ်း | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၂°F |

## အာသံပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ကျေးရွာပေါင်း ၂၈၀ ကျော် ရေလွှမ်းမိုး၊ လူပေါင်း နှစ်သိန်းနီးပါး ထိခိုက်

အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ ကျေးရွာပေါင်း ၂၈၀ ကျော်ရေနစ်မြုပ်ခဲ့ပြီး လူပေါင်း နှစ်သိန်းနီးပါး ရေဘေးဒုက္ခနှင့်ကြုံတွေ့ခဲ့ရကြောင်းဖြင့် အိန္ဒိယတိုင်းမ်သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

ဩဂုတ်လ ၁၉ရက်နေ့မှစတင်၍ အဆက်မပြတ် မိုးများရွာသွန်းခဲ့သဖြင့် မြစ်ရေများလျှံတက်ကာ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။

ရေလွှမ်းမိုးမှုများကြောင့်လယ်မြေဧက ဟက်တာပေါင်း ၁၂၆၀၀ ထိခိုက်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးကို တွက်ချက်၍ မရသေးကြောင်း အာသံပြည်နယ် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

လေးရက်ဆက်တိုက် မိုးရွာသွန်းမှုများကြောင့် အာသံပြည်နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ဗြဟ္မပုတ္တရမြစ်ရေလျှံတက်ကာ ယခုကဲ့သို့ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟု အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးစခန်းပေါင်း ၄၅ ခု ဖွင့်လှစ်ကာကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး အဆိုပါ ကယ်ဆယ်ရေးစခန်းများတွင် လူပေါင်း ၁၇၅၀၀ ကျော် နေထိုင်လျက်ရှိသည်ဟု ဆိုသည်။

ယခုလက်ရှိအချိန်အထိ ဗြဟ္မပုတ္တရမြစ်သည် စိုးရိမ်ရေမှတ်အထက်တွင်ပင် ရှိနေဆဲဖြစ်ပြီး မြစ်ရေပြန်လည်ကျဆင်းမည့်ရက်ကို ခန့်မှန်း၍မရသေးကြောင်း၊ မိုးဆက်လက်ရွာသွန်းနေသဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိနေကြောင်းဖြင့် အဆိုပါအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် အာသံပြည်နယ်အတွင်း ဖြတ်သန်းသွားလာလျက်ရှိသည့် အဓိကလမ်းမကြီး ၁၁ ခုပျက်စီးခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ရသည်ဟု ဆိုသည်။

ရေလွှမ်းမိုးမှုကြောင့် ယခုလောလောဆယ်တွင် သေဆုံးသူမရှိသေးကြောင်း၊ ရေလွှမ်းမိုးမှုများကြောင့် မြေပြိုကျမှုများ ဖြစ်ပေါ်လျက်ရှိနေကြောင်းဖြင့် ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

**မယ်သီတာ**

## တိုင်ဖွန်း ဂိုနီနှင့်အက်ဆာနီတို့ ဆက်လက်ရွေ့လျားလျက်ရှိ ဂိုနီအရှိန်ကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်း



ပစိဖိတ်သမုဒ္ဒရာအတွင်းတွင် ဂိုနီနှင့် အက်ဆာနီဟူသည့် တိုင်ဖွန်းမုန်တိုင်းညီနောင် ဖြစ်ပေါ်လျက်ရှိရာ အဆိုပါမုန်တိုင်းနှစ်လုံးအနက် တိုင်ဖွန်းမုန်တိုင်းဂိုနီသည် ဖိလစ်ပိုင်နိုင်ငံနှင့် အနီးကပ်ဆုံးသို့ရောက်ရှိလာခဲ့ကြောင်း မိုးလေဝသဗျူရို၏ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါမုန်တိုင်းဂိုနီသည် ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့၏အနီးသို့ ရောက်ရှိနေပြီဖြစ်ပြီးနောက် ၄၈ နာရီအတွင်း နိုင်ငံအတွင်းသို့ဖြတ်ကျော်ဝင်ရောက်မည်ဖြစ်ကြောင်း မိုးလေဝသ ဗျူရိုက ထုတ်ပြန်ကြေညာခဲ့သည်။

အထူးသဖြင့်ဖိလစ်ပိုင်နိုင်ငံ၏ ကျွန်းတစ်ကျွန်းဖြစ်သည့် အော့တဂွန်ကျွန်းတွင် ဆောက်လုပ်ဆဲအဆောက်အအုံတစ်ခုပြိုကျခဲ့သဖြင့် အလုပ်သမားနှစ်ဦးသေဆုံးခဲ့ရကြောင်း၊ မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မြေပြိုမှုများ၊ ရေလွှမ်းမိုးမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ရကြောင်း၊ အိမ်ခြေ ၄၀၀ ကျော်ခန့်မှာ ရေနစ်မြုပ်လျက်ရှိကြောင်းဖြင့် ဖိလစ်ပိုင်နိုင်ငံ ဒေသဆိုင်ရာ ရဲတပ်ဖွဲ့နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအဖွဲ့မှ ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်း ဂိုနီကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် မိုးသက်မုန်တိုင်းများ ကျရောက်လျက်ရှိရာ ဩဂုတ်လ ၂၂ ရက်နေ့နှင့် ၂၃ရက်နေ့အထိ မိုးများ ဆက်လက်ရွာသွန်းနိုင်ကြောင်း၊ ဩဂုတ်လ ၂၂ ရက်နေ့အထိ သေဆုံးသူ ၇ဦးရှိပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း၊ မုန်တိုင်းဂိုနီသည် တစ်နာရီလျှင် ၁၉၅ ကီလိုမီတာအထိ တိုက်ခတ်နိုင်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ ကလာရင်ကျွန်း၏အရှေ့မြောက်ဘက်သို့ ဝင်ရောက်တိုက်ခတ်မည်ဟု ခန့်မှန်းထားကြောင်း ဖိလစ်ပိုင်မိုးလေဝသဗျူရိုမှ သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် တရုတ်(တိုင်ပေ)ရှိ နိုင်ငံခြားသားခရီးသွားများ အများဆုံးလာရောက်သည့် ကျွန်းတစ်ကျွန်းဖြစ်သည့် Green and Orchid ကျွန်းကိုပိတ်ထားခဲ့သည်။ အဆိုပါကျွန်းသည် နေ့စဉ်နိုင်ငံခြားသားပေါင်း ၁၇၀၀ခန့် လာရောက်လေ့ရှိသော ကျွန်းတစ်ကျွန်းဖြစ်သည်။

အဆိုပါမုန်တိုင်းဂိုနီသည် ကိုရီးယားဘာသာဖြစ်ပြီး ငွေငန်းဖြူ (Swan) ဟု အဓိပ္ပာယ်ရကြောင်းဖြင့် Yahoo သတင်းတွင်ဖော်ပြထားသည်။ ယင်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံသို့ ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ဝင်ရောက်တိုက်ခတ်မည့် မုန်တိုင်း အလုံးပေါင်း ၂၀ အနက် ကိုးလုံးမြောက် အင်အားပြင်းထန်သည့် မုန်တိုင်းပင်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.32 Monday August 24 2015



# ပြည်ပမှဒိုင်များငှားရမ်းခြင်းနှင့်ပတ်သက်၍ ဥက္ကဋ္ဌ ဦးဇော်ဇော် ထုတ်ဖော်ပြောကြား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပလျက်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှီးထွက်ပြိုင်ပွဲများတွင် ပြည်ပဒိုင်များ ငှားရမ်းအသုံးပြုခြင်းသည် ပြည်တွင်းဒိုင်များ၏ စွမ်းဆောင်ရည်များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ထုတ်ဖော်ပြောကြားလိုက်သည်။ ကျင်းပလျက်ရှိသည့်ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှီးထွက်ပြိုင်ပွဲ၏ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ပြည်ပဒိုင်များအား ငှားရမ်းအသုံးပြုလျက်ရှိသည်။

"ပြည်ပဒိုင်တွေကိုဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှီးထွက်ပြိုင်ပွဲရဲ့ဆီမီးဖိုင်နယ်ပွဲကနေ ဖိုင်နယ်ပွဲအထိ ငှားရမ်းတယ်ဆိုတာက ပြည်တွင်းဒိုင်တွေရဲ့စွမ်းဆောင်ရည်ကြောင့်မဟုတ်သလို ဝေဖန်မှုတွေကြောင့်လည်း မဟုတ်ပါဘူး။ တစ်ပွဲချင်းစီအလိုက် အရေးကြီးတဲ့ပြိုင်ပွဲတွေဖြစ်တာကြောင့် ပိုပြီးကောင်းမွန်အောင် ပြည်ပဒိုင်တွေကို ငှားရမ်းအသုံးပြုတာ ဖြစ်ပါတယ်။ ပြည်ပဒိုင်တွေကို ငှားရမ်းအသုံးပြုတာကလည်း ကျွန်တော်တို့ တစ်နိုင်ငံတည်း မဟုတ်ပါဘူး။ ကိုရီးယားမှာကျင်းပတဲ့ပွဲတွေကိုဂျပန်ဒိုင်လူကြီးတွေ တာဝန်ယူတာရှိသလို နိုင်ငံတကာမှာလည်း ပြည်ပဒိုင်တွေကို ငှားရမ်းအသုံးပြုနေတာတွေရှိပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ရှင်းပြခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှီးထွက် ပြိုင်ပွဲဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်နှစ်ပွဲအတွက် မလေးရှားနိုင်ငံမှ ကွင်းလယ်ဒိုင်လူကြီး ဆူဟိုင်ဇီဘင်ဆူကရီကို ငှားရမ်းအသုံးပြုခဲ့ခြင်းဖြစ်ပြီး ၎င်း၏စွမ်းဆောင်ရည်များနှင့်ပတ်သက်ပြီး ပြိုင်ပွဲဝင်အသင်းများမှနည်းပြများ၏ အကောင်းမြင်သော သုံးသပ်ချက်များရရှိခဲ့သည်ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်လက်အောက်ရှိ ဒိုင်ကော်မတီအဖွဲ့ဝင်များက မှတ်ချက်ပြုသည်။ ယခုလက်ရှိတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများတွင် တာဝန်ယူလျက်ရှိသည့်ပြည်တွင်းဒိုင်များ၏ ဆုံးဖြတ်ချက် လွဲမှားမှုများကြောင့် ပြည်တွင်းကလပ်အသင်းများ၏ ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည်။

# အရည်အချင်းပြည့်မီပါက မည်သူမဆို ပွဲထွက်ခွင့်ရရှိမည်ဟု ရန်ကုန်နည်းပြချုပ် ပြောကြား



ရန်ကုန်ယူနိုက်တက် အသင်း၏ နည်းပြချုပ် ဒီမီယိုဒရက်ရက်ဆစ်က ရာသီဥတုဆိုးရွားမှုကြောင့် ကွင်းမျက်နှာပြင်ပျက်စီးနေသော်လည်း အကောင်းဆုံးကစားသွားခဲ့သည့် မနောမြေ အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့၏ပွဲအပြီးတွင် အရည်အချင်းပြည့်မီပါက မည်သူမဆိုပွဲထွက်ခွင့်ရရှိမည်ဟု ပြောကြားခဲ့သည်။

"ရန်ကုန်အသင်းမှာရှိတဲ့ လူငယ်တွေအားလုံးဟာ အရည်အချင်းရှိသူတွေပါ။ သူတို့မှာ မျှော်လင့်ချက်တွေ အများကြီးရှိပါတယ်။ လေ့ကျင့်ရေးကွင်းမှာ အကောင်းဆုံးဖြစ်အောင်လုပ်ပြနိုင်ရင် ဘယ်သူမဆို ပွဲကစားခွင့်ရလာမှာပါ။ လူငယ်တွေအနေနဲ့ရုပ်ပိုင်းစိတ်ပိုင်းမှာ အသင့်ရှိလာပြီဆိုရင် ပွဲထွက်ခွင့်ရဖို့ မဝေးတော့ပါဘူး။ ပထမပွဲထွက်ခွင့်ရနေတဲ့ စီနီယာကစားသမားတွေရဲ့အရည်အချင်းကို ဒီနေ့မီရင် လူငယ်တွေ ဒီနေ့ပွဲထွက်ခွင့်ရမှာပါ"ဟု နည်းပြချုပ်က ဆို သည်။

မနောမြေနှင့်ပွဲတွင် ရန်ကုန်အသင်းသည် လူငယ်ကစားသမားသုံးဦးဖြစ်သည့် သန်းပိုင်၊ ကျော်ထူးနှင့် သီဟဇော်တို့ကို လူစားလဲကစားစေခဲ့သည်။ အလယ်တန်းလူ သီဟဇော်အတွက် ယခုပွဲသည် ရန်ကုန်စီနီယာအသင်းတွင် ပထမဆုံးအကြိမ် ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၁၅ပွဲကစားပြီးချိန်တွင် ရမှတ် ၄၃မှတ်ရရှိထားပြီး လက်ကျန်ပွဲကစားရန် ခုနစ်ပွဲသာကျန်တော့ချိန်တွင် လူငယ်ကစားသမားများကို ပွဲထုတ်ခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့ခြင်းဖြစ်သည်။

# ရေဘေးအလှူရန်ပုံငွေပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်အသင်းတို့ ခြေစမ်းကစားမည်



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ညှိနှိုင်းကမ်းလှမ်းမှုအဖြစ် နယူးဇီလန်လက်ရွေးစင် ဘောလုံးအသင်းသည် မြန်မာ့လက်ရွေးစင်အသင်းနှင့် စက်တင်ဘာ ၇ ရက်နေ့တွင် ရန်ကုန်မြို့သို့ ခြေစမ်းပွဲ လာရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ခြေစမ်းပွဲမှရရှိသော ကွင်းဝင်ကြေးများနှင့် လှူဒါန်းမှုများအား ရေဘေးဒဏ်ခံမိသားစုများသို့ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ရာ အဆိုပါခြေစမ်းပွဲဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် နယူးဇီလန်နိုင်ငံသံရုံးမှ Deputy Head of Mission ဖြစ်သူ မစ္စတာစတီဖင်ဝမ်တို့သည် ဩဂုတ်လ ၁၇ရက်က ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

နယူးဇီလန်လက်ရွေးစင်ဘောလုံးအသင်းသည် ဩဂုတ်လ ၃၁ ရက်နေ့မှစတင်ကာ ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရန် လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် နယူးဇီလန်သံရုံးမှ တာဝန်ရှိသူများသည် နယူးဇီလန်အသင်းနှင့် မြန်မာအသင်းတို့ ခြေစမ်းပွဲမှရရှိသော ကွင်းဝင်ကြေးအားလုံးအပြင် အခြားလှူဒါန်းမှုများကိုလည်း ရေဘေးသင့်ပြည်သူများထံ လှူဒါန်းသွားရေး၊ ခြေစမ်းပွဲမကစားမီ မြန်မာ့လက်ရွေးစင်ဟောင်းများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၊ နယ်ပယ်အသီးသီးမှ ထင်ရှားသူများ၊ ယူ-၂၀၊ ယူ-၂၃ ကစားသမားများ ပါဝင်ကစားကြမည့်ခြေစမ်းပွဲများ၊အခြားအနုပညာတင်ဆက်ဖျော်ဖြေမှုများနှင့် ပရိသတ်များအား ဖျော်ဖြေရေး၊ ရုပ်သံတိုက်ရိုက်ထုတ်လွှင့်ရေး၊ ခြေစမ်းပွဲလက်မှတ်များ ကြိုတင်ရောင်းချရေးနှင့် အခြားသော ခြေစမ်းပွဲဖြစ်မြောက်ရေး လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အစီအစဉ်အား နယူးဇီလန်တာဝန်ရှိသူများကသဘောတူလက်ခံခဲ့ကြပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြကြောင်း သိရသည်။

မြန်မာ ယူ၂၀၊ ယူ၂၃ အသင်းတို့မှ ကစားသမားများ ပါဝင်လာကြသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလတွင် ယူအေအီးလက်ရွေးစင်အသင်းနှင့် ခြေစမ်းပြီးနောက် နယူးဇီလန်လက်ရွေးစင်အသင်းနှင့် စက်တင်ဘာ ၇ ရက်YTC ကွင်းတွင် ထပ်မံခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာ-နယူးဇီလန် ခြေစမ်းပွဲလက်မှတ်ရောင်းချမှု အစီအစဉ်များနှင့် အခြားသော သတင်းအချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီ ဆက်လက် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

♦

# အာဆီယံယူ–၁၉ပြိုင်ပွဲကို ပြည်တွင်းရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

ဩဂုတ်လ ၂၂ရက်နေ့မှစတင်ကျင်းပမည့် အာဆီယံယူ-၁၉ချန်ပီယံရှစ်ပြိုင်ပွဲကို ပြည်တွင်းရုပ်သံလိုင်းများမှ တစ်ဆင့် ပြသမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ထုတ်ပြန်ကြေညာခဲ့သည်။

လာအိုနိုင်ငံ၊ ဗီယန်ကျန်းမြို့တွင်ကျင်းပမည့် အဆိုပါအာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၁၉ဘောလုံးအသင်းသည် ပွဲဦးထွက်ပွဲစဉ်အဖြစ် စင်ကာပူအသင်းနှင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပွဲကို အုပ်စုနှစ်စုခွဲထားပြီး အုပ်စု(က)တွင် လာအို၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဩ စတြေးလျအသင်းတို့ပါဝင်ပြီး အုပ်စု(ခ) တွင် မြန်မာ၊ စင်ကာပူ၊ ဗီယက်နမ်၊ အရှေ့တီမော၊ မလေးရှားအသင်းတို့ ပါဝင်ကြောင်း သိရသည်။

မြန်မာအသင်းသည် အဆိုပါပွဲ၏ အကြိုခြေစမ်းပွဲအဖြစ် ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့ရသည်။

ပထမခြေစမ်းပွဲအဖြစ် ကမ္ဘောဒီးယား ယူ-၁၉ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသလို ထိုင်း ယူ-၁၉အသင်းနှင့် ဒုတိယခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာတွင်လည်း သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

မြန်မာယူ-၁၉ အသင်း၏ နည်းပြချုပ်အဖြစ် ဂျာမန်လူမျိုးဂတ်ဆီဇီကပင် တာဝန်ယူလျက်ရှိသည်။

## မြန်မာအသင်းပါဝင်သည့်အုပ်စု(ခ)ပွဲစဉ်များ

| | | | |
|---|---|---|---|
| ၂၃-၈-၁၅ | စင်ကာပူ | - | မြန်မာ |
| | မလေးရှား | - | အရှေ့တီမော |
| ၂၅-၈-၁၅ | အရှေ့တီမော | - | ဗီယက်နမ် |
| | မလေးရှား | - | စင်ကာပူ |
| ၂၇-၈-၁၅ | ဗီယက်နမ် | - | မလေးရှား |
| | မြန်မာ | - | အရှေ့တီမော |
| ၂၉-၈-၁၅ | မလေးရှား | - | မြန်မာ |
| | စင်ကာပူ | - | ဗီယက်နမ် |

# လူမှုရေးလုပ်ငန်းများ၌ အလှူငွေအများဆုံး ထည့်ဝင်သည့်

## အားကစားသမားစာရင်းတွင် အင်္ဂလိပ်လူမျိုး ဒိုင်ဗင်ချန်ပီယံ တွမ်ဒါလေ ပါဝင်လာ

ကမ္ဘာ့ဒိုင်ဗင်ချန်ပီယံ အင်္ဂလိပ်လူမျိုး တွမ်ဒါလေသည် လူမှုရေးလုပ်ငန်းများ၌ အလှူငွေအများဆုံး ထည့်ဝင်သည့် အားကစားသမားစာရင်း၌ ပါဝင်လာခဲ့ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

လူမှုရေးလုပ်ငန်းများတွင် အလှူငွေထည့်ဝင်သည့် အားကစားသမားများ အနက် ပေါ်တူဂီလူမျိုး စီရော်နယ်ဒိုက ပထမနေရာတွင် ရပ်တည်နေပြီး အမေရိကန်တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံက ဒုတိယနေရာတွင် ရပ်တည်နေခဲ့သည်။

အသက် ၂၁ နှစ်အရွယ်သာရှိသေးသည့် တွမ်ဒါလေသည် ဖခင်ဖြစ်သူ ရောဘတ်ဒါလေကွယ်လွန်ပြီးနောက် လူမှုရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။




တွမ်၏ဖခင်ဖြစ်သူ ဒါလေသည် ပြီးခဲ့သည့် ၂၀၁၄ခုနှစ် အတွင်းက ဦးနှောက်ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ ဖခင်ဖြစ်သူ ကွယ်လွန်ပြီးနောက် တွမ်သည် ဦးနှောက်ကင်ဆာရောဂါဖောင်ဒေးရှင်းကို ထူထောင်ခဲ့ပြီး ရန်ပုံငွေများ မတည်လှူဒါန်းပေးခဲ့သည်။


တွမ်က ၎င်း၏လူမှုရေးလုပ်ငန်းများ လုပ်ဆောင်ရခြင်းနှင့်ပတ်သက်၍ "ကျွန်တော့်အဖေဟာ ဦးနှောက်ကင်ဆာရောဂါနဲ့ ကွယ်လွန်ခဲ့ပါတယ်။ အဲဒီရောဂါကြီးဟာ ကျွန်တော့်အဖေတစ်ယောက်ထဲကိုသာ မဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာရှိတဲ့လူတိုင်းကို မိဘမဲ့တွေဖြစ်စေသလို၊ သားသမီးတွေကိုလည်း ဆုံးရှုံးစေတဲ့ဖြစ်ရပ်ဆိုးတွေနဲ့ကြုံတွေ့စေပါတယ်။ ဒါကြောင့် ကျွန်တော့် အဲဒီရောဂါခံစားနေရတဲ့ ဝေဒနာသည်တွေကို ကူညီတဲ့အနေနဲ့ ဒီဖောင်ဒေးရှင်းကို ထူထောင်ဖြစ်တာပါ" ဟု ပြောကြားခဲ့သည်။

အဆိုပါစာရင်းတွင် တွမ်သည် နံပါတ် ၁၆နေရာတွင်ရပ်တည်နေပြီး နပန်းသမား ဂျွန်ဆီနာက တတိယ၊ စကိတ်မယ်ကင်ယူနာက စတုတ္ထနှင့် ဘရာဇီးဘောလုံးသမားနေမာက ပဥ္စမနေရာတွင်ရပ်တည်နေကြောင်း သိရသည်။

# ပွဲဦးထွက် ဂရင်းဆလင်းဖလား ဂျက်ဆန်ဒေးဆွတ်ခူး ပြိုင်ပွဲများစွာ တေ့လွဲလွဲပြီးမှ ရယူနိုင်ခဲ့ခြင်းဖြစ်

ဩစတြေးလျ ဂေါက်သီးသမား ဂျက်ဆန်ဒေးသည် ပြိုင်ပွဲပေါင်းများစွာ၌ ရမလို ရမလိုဖြစ်နေပြီးမှ တေ့လွဲလွဲခဲ့ရသော ဂရင်းဆလင်း ဆုဖလားကို ပီဂျီအေ ချန်ပီယံရှစ်ပြိုင်ပွဲတွင်ရယူပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်သည်။ ယခုရာသီ၏ နောက်ဆုံး ဂရင်းဆလင်းပြိုင်ပွဲတွင် ဂျက်ဆန်ဒေးမှာ စုစုပေါင်းရိုက်ချက် ၂၆၈ (၆၈၊ ၆၇၊ ၆၆၊ ၆၇) စံချိန်တင် လျှော့ရိုက်ချက် ၂၀ ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

တတိယနေ့ ပွဲစဉ်ပြီးကတည်းက ဒုတိယနေရာမှ အနီးဆုံးပြိုင်ဘက် ဂျော်ဒန်စပိုက်ကိုနှစ်ချက်အသာဖြင့်ဦးဆောင်နေသော ဂျက်ဆန်ဒေးမှာ နောက်ဆုံးနေ့တွင်လည်း ၆၇ချက်(ဘာဒီခုနစ်ကြိမ်) ရိုက်နိုင်ခဲ့ပြီး ၆၈ ချက်ရိုက်ခဲ့သော စပိုက်ကို သုံးချက်အသာဖြင့် ဗိုလ်စွဲကာဆုကြေး ဒေါ်လာ ၁



ဒသမ ၈ သန်း ဆွတ်ခူးခဲ့သည်။

နောက်ဆုံးကျင်းအမှတ်၁၈ အပြီးတွင် စိတ်လှုပ်ရှားမှုကို ထိန်းချုပ်နိုင်ခြင်းမရှိသော ဂျက်ဆန်ဒေးမှာ ဝမ်းသာမျက်ရည်ကျခဲ့ပြီးသမီးငယ်နှင့်ကိုယ်ဝန်လွယ်ထားရသည့် ဇနီးသည်တို့က နှစ်သိမ့်အားပေးခဲ့ရသည်။

ဂျက်ဆန်ဒေးက ၎င်း၏လက်ရှိလက်စွမ်းကို မည်သူမျှမရပ်တန့်နိုင်ဟုလည်း ကြုံးဝါးခဲ့သည်။ ယခုရာသီ တတိယမြောက် ဂရင်းဆလင်းအိပ်မက်ပျက်ပြယ်ခဲ့ရသော ဂျော်ဒန်စပိုက်မှာလည်း မက်အီရှိုင်း၏ ကမ္ဘာ့အဆင့်တစ်နေရာကို လွှဲပြောင်းရယူနိုင်ခဲ့သည်။

ဂရင်းဆလင်းပြိုင်ပွဲများ၌ ၂၀၀၀ ခုနှစ် ဗြိတိန်သျှအိုးပင်းချန်ပီယံ တိုက်ဂါးဝုဒ်က လျှော့ရိုက်ချက် ၁၉ ချက်ဖြင့် စံချိန်တင်ထားခဲ့သည်။

ယခုအခါတွင် ဂျက်ဆန်ဒေးက လျှော့ရိုက်ချက်အချက် ၂၀ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ အသက်၂၇နှစ်ရှိ ဂျက်ဆန်ဒေးမှာ ၂၀၀၆ ကတည်းက ဆုကြေးစားဖြစ်လာပြီး ပီဂျီအေတိုးဖလားလေးလုံး ဆွတ်ခူးနိုင်ခဲ့သော်လည်း ဂရင်းဆလင်းဖလား ရရှိရန်မူ ၆ နှစ်နီးပါးစောင့်ဆိုင်းခဲ့ရသည်။

## ရော်ဂျာဖလားတင်းနစ်ပြိုင်ပွဲတွင် အနိုင်ရရှိပြီးနောက် အန်ဒီမာရေး ကမ္ဘာ့အဆင့်နှစ်သို့ ပြန်လည်တက်ရောက်လာ

စကော့တလန်တင်းနစ်ချန်ပီယံ အန်ဒီမာရေးသည် ပြီးခဲ့သည့် ရော်ဂျာဖလား တင်းနစ်ပြိုင်ပွဲအပြီးတွင် ကမ္ဘာ့အဆင့်နှစ်သို့ ပြန်လည်တက်ရောက်လာခဲ့ကြောင်း သိရသည်။ အန်ဒီမာရေးသည် ၂၀၀၉ ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်နှစ်နေရာကို ရယူထားနိုင်ခဲ့သော်လည်း ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင်မူ ကမ္ဘာ့ အဆင့်များပြန်လည်ကျဆင်းလာခဲ့သည်။

၎င်းသည် ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင့်လေးသို့ ကျဆင်းခဲ့ကာ ၂၀၁၄ခုနှစ်တွင် ကမ္ဘာ့အဆင့် ၆သို့ ဆက်လက်ကျဆင်းခဲ့သည်။ အန်ဒီမာရေးသည် ကမ္ဘာ့အဆင့်တစ်နေရာတွင် ရပ်တည်လျက်ရှိသည့် နိုဗက်ဂျိုကိုဗစ်ကို ရှစ်ပွဲတိတိရှုံးထားဖူးသဖြင့် ကမ္ဘာ့အဆင့်တစ်နေရာကို ရယူနိုင်ရေးမှာ အလှမ်းကွာဝေးလျက်ပင်ရှိသည်။

ဂရင်းဆလင်းချန်ပီယံ နှစ်ကြိမ်ရရှိထားသည့် အန်ဒီမာရေးသည် ဝင်ငွေအကောင်းဆုံး ကစားသမားစာရင်းတွင်လည်း ပဥ္စမနေရာတွင် ရပ်တည်နေပြီး ၎င်း၏ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၈,၉၂၅,၉၅၀ ရှိကြောင်း သိရသည်။ ဆားဘီးယားနိုင်ငံသား နိုဗက်ဂျိုကိုဗစ်သည် ၂၀၁၁ခုနှစ်ကတည်းက ကမ္ဘာ့အဆင့်တစ်နေရာကိုရယူထားနိုင်ခဲ့ပြီး ယခု ၂၀၁၅ခုနှစ်အထိ ကမ္ဘာ့အဆင့်တစ်နေရာကို ငါးနှစ်တိုင်တိုင်ရယူထားခဲ့ကြောင်း သတင်းများက ဖော်ပြသည်။




# ခြေနှစ်ဖက်မဲ့ အပြေးသမား ပစ္စတိုးရီးယပ်စ် ထောင်ဒဏ် ၁၀လကျခံပြီး ထောင်မှလွတ်မြောက် ကျန်သည့်ပြစ်ဒဏ်များကို ဦးလေး၏အိမ်တွင် နေအိမ်အကျယ်ချုပ်ဖြင့် နေရမည်

ခြေနှစ်ဖက်မဲ့ အပြေးချန်ပီယံ အော်စကာပစ္စတိုးရီးယပ်စ်သည် ထောင်ဒဏ် ၁၀ လကျခံပြီးနောက် ကျန်သည့်ပြစ်ဒဏ်များကိုဦးလေးဖြစ်သူ၏နေအိမ်တွင် နေအိမ်အကျယ်ချုပ်ဖြင့် နေရမည်ဖြစ်ကြောင်း တောင်အာဖရိကတရားရေး ဝန်ကြီး မိုက်ကယ်မာဆူသာက ထုတ်ဖော်ကြေညာခဲ့သည်။

ပစ္စတိုးရီးယပ်စ်သည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က နေအိမ်၏ရေချိုးခန်းအတွင်း ရှိနေသည့် ၎င်း၏အတူနေချစ်သူ ရီဗာကို သေနတ်ဖြင့် မသေမချင်း ပစ်သတ်ခဲ့သည်။ သို့သော် အဆိုပါအမှုကို လူသေမှုအဖြစ်သာ သတ်မှတ်ခဲ့သဖြင့် ပစ္စတိုးရီးယပ်စ်ကို ထောင်ဒဏ်ငါးနှစ်သာကျခံစေရန် တောင်အာဖရိကတရားရုံးက အမိန့်ချမှတ်ခဲ့သည်။

တောင်အာဖရိကဥပဒေအရ အန္တရာယ်မပေးနိုင်သော ထောင်သားများအား ၎င်းတို့ပြစ်ဒဏ်၏ ၆ ပုံ ၁ ပုံကို အကျဉ်းထောင်အတွင်း၌ ကျခံပြီးလျှင် ကျန်ရှိသည့်ပြစ်ဒဏ်အား နေအိမ်အကျယ်ချုပ်ဖြင့် ဆက်လက်ကျခံရမည်ဖြစ်၍ ပစ္စတိုးရီးယပ်စ်သည် ဩဂုတ်လ ၂၁ရက်နေ့တွင် ထောင်မှလွတ်မြောက်လာခဲ့ပြီဖြစ်သည်။

ပစ္စတိုးရီးယပ်စ်သည်မြို့တော် ပရီတိုးရီးယားရှိဦးလေးဖြစ်သူ၏ သုံးထပ်ဇိမ်ခံစံအိမ်တွင် အကျယ်ချုပ်ကျခံရမည်ဖြစ်သည်။ သို့ရာတွင် လူမှုရေးပွဲလမ်းများနှင့် အရေးကြီးသည့် မိသားစုအခမ်းအနားများတက်ရောက်ရန်ရှိလျှင်မူ ပြင်ပသို့ ခေတ္တထွက်ခွင့်ရမည်ဖြစ်သည်။ တောင်အာဖရိကရဲတပ်ဖွဲ့သည် ၎င်း၏ လှုပ်ရှားမှုများအား ခြေရာခံမိစေရန်အတွက် ၎င်း၏ခန္ဓာကိုယ်တွင် ခြေရာခံ ကိရိယာများ တပ်ဆင်ထားမည်ဖြစ်သည်။

တောင်အာဖရိကတရားရုံးမှ ပစ္စတိုးရီးယပ်စ်ကို ထောင်မှလွှတ်ပေးရန် ဆုံးဖြတ်သည့်နေ့သည် ၎င်း၏ချစ်သူရီဗာ၏မွေးနေ့နှင့် တိုက်ဆိုင်နေပြီး ရီဗာ၏မိဘများက ရီဗာ၏မွေးနေ့အထိမ်းအမှတ်များ ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။

ရီဗာ၏မိသားစုကလည်း တရားရုံး၏ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်းပြောကြားခဲ့သည်။ ရီဗာ၏ မိခင်ဖြစ်သူက "တောင်အာဖရိကတရားရုံးဟာ တကယ်ကို မျှတတဲ့ဆုံးဖြတ်ချက်ကို ချမှတ်လိုက်တာပါ"ဟု ပြောကြားခဲ့သည်။

ရီဗာ၏မိသားစုရှေ့နေဖြစ်သူ တီနာကိုအန်းကလည်း ရီဗာ၏မိဘများသည် တရားရေးဝန်ကြီး၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်းထောက်ခံပြောကြားခဲ့သည်။

ပစ္စတိုးရီးယပ်စ်သည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ရက်နေ့ ချစ်သူများနေ့တွင် ၎င်း၏အတူနေချစ်သူ ရီဗာကို သေနတ်ဖြင့်ပစ်သတ်ခဲ့ပြီး ၎င်းကိုယ်တိုင်ကလည်း သတ်မိခဲ့ကြောင်း ဝန်ခံခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် ၂၀၁၄ ခုနှစ်နိုဝင်ဘာလအတွင်းက ထောင်ဒဏ်ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

# ခြစားမှုနှင့်ပတ်သက်နေသည့် စပွန်ဆာကုမ္ပဏီများအား ဖီဖာမှတွေ့ဆုံ

ဖီဖာအတွင်းဖြစ်ပေါ်နေသည့် ခြစားမှုနှင့်ပတ်သက်သည့် ကိစ္စရပ်များအား ဖြေရှင်းရန် စပွန်ဆာကုမ္ပဏီများအား ဖီဖာအဖွဲ့ချုပ်မှ တွေ့ဆုံခဲ့ကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်နှင့် ဆွစ်ဇာလန်ရဲတပ်ဖွဲ့တို့ ပူးပေါင်းထားသည့် စုံစမ်းရေးအဖွဲ့ အဆိုပါအမှုကို ထုတ်ဖော်ခဲ့ပြီး ဖီဖာသို့ စပွန်ဆာပေးထားသည့် ကုမ္ပဏီများသည် ခြစားမှုများနှင့်ပတ်သက်နေသည်ဟု ယူဆထားသဖြင့် အဆိုပါကုမ္ပဏီများနှင့်တွေ့ဆုံရန်စီစဉ်ရခြင်းဖြစ်သည်ဟုဆိုသည်။

ဖီဖာသို့ စပွန်ဆာပေးထားသည့် ကုမ္ပဏီများအနက် ကိုကာကိုလာ၊ အဲဒီးဒတ်စ်၊ မက်ခ်ဒေါ်နယ်၊ ဗီဇာနှင့် AB InBev တို့ကို ခေါ်ယူတွေ့ဆုံခဲ့ခြင်းဖြစ်သည်။ အဆိုပါခြစားမှုတွင် ဖီဖာမှတာဝန်ရှိသူကိုးဦးကို ဖမ်းဆီးထားကာ စစ်ဆေးလျက်ရှိသည်။

# အာဆီယံ-အိန္ဒိယ
# ylay;i,faqmif&Gfa&;

|မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)|

အိန္ဒိယနိုင်ငံသည် တောင်အာရှတွင် ပထဝီအနေအထားအရ အကြီးမားဆုံးတိုင်းပြည်ဖြစ်ပြီး ကမ္ဘာပေါ်တွင် သတ္တမအကြီးဆုံးနိုင်ငံဖြစ်သည်။ The World Almanac and Book of Facts 2004 အရ အိန္ဒိယနိုင်ငံတွင် လူဦးရေ ၁၀၆၅ သန်းခန့်ရှိသည်။ လွန်ခဲ့သော ၁၀ နှစ်အတွင်းက လူဦးရေရာခိုင်နှုန်းသည် ပျမ်းမျှအားဖြင့် ၁၈ ရာခိုင်နှုန်းရှိသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆင်းရဲနှုန်းအမြင့်မားဆုံးနိုင်ငံဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် ၄၄ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ လူဦးရေ ၅၉၉ သန်းမှာတစ်နေ့လျှင် တစ်ဒေါ်လာအောက်သာရသည်။ အိန္ဒိယနိုင်ငံအကျယ်အဝန်းမှာ ၁၂၆၉၃၄၅ စတုရန်းမိုင်ရှိသည်။ အနောက်ဖက်တွင် ပါကစ္စတန်၊ မြောက်ဘက်တွင် တရုတ်၊ နီပေါ၊ ဘူတန်ရှိသည်။ အရှေ့ဘက်တွင် မြန်မာ၊ ဘင်္ဂလားဒေ့ရှ် တို့ရှိသည်။ မြို့တော်မှာ နယူးဒေလီဖြစ်သည်။ အစိုးရအမျိုးအစားမှာ ဖက်ဒရယ်သမ္မတနိုင်ငံဖြစ်သည်။ အိန္ဒိယတွင် ပြည်နယ် ၂၈ ခုရှိသည်။ ဟိန္ဒူ ၈၂ ရာခိုင်နှုန်း၊ မူဆလင် ၁၂ ရာခိုင်နှုန်းရှိသည်။ ငွေကြေးမှာ ရူပီးဖြစ်သည်။ စာတတ်မြောက်နှုန်းမှာ ၅၉ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။

GNP Per Capita (ပျမ်းမျှနှစ်စဉ်တိုးတက်မှုနှုန်း) ၄ ဒသမ ၂ ရာခိုင်နှုန်း (၁၉၉၀-၂၀၀၀ခု) ရှိသည်။ GDP ၏ အချိုးအရ စိုက်ပျိုးရေးက ၂၇ ရာခိုင်နှုန်း (၂၀၀၀ခု)၊ GDP ၏ အချိုးအရ ပို့ကုန်များမှာ ၈ ဒသမ ၉ ရာခိုင်နှုန်း (၂၀၀၀ခု) ရှိသည်။ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း HDI မှာ သုည ဒသမ ၅၇၁ (Medium) 1999 ရှိသည်။

လျင်မြန်စွာတိုးပွားလာသော အိန္ဒိယ၏ လူဦးရေသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ဟန့်တားရုံမျှမက သဘာဝအရင်းအမြစ်များအပေါ်တွင် ဖိအားပေးမှုကို မြင့်တက်စေသည်။ အိန္ဒိယသည် ဗြိတိသျှအုပ်ချုပ်မှုကို အချိန်အတော်ကြာဆန့်ကျင်ပြီးနောက် ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သည်။ အိန္ဒိယသည် နှစ်များစွာဆိုရှယ်လစ်ဒီမိုကရက်တစ်နိုင်ငံဖြစ်ခဲ့သည်။ သို့သော် ၁၉၈၀ နောက်ပိုင်းနှင့် ၁၉၉၀ နောက် ပိုင်းကာလတွင် အိန္ဒိယသည် ယင်း၏ဆိုရှယ်လစ်စီးပွားရေးနှင့် နိုင်ငံရေးဇောင်းပေးခြင်းမှ စတင်ရွေ့ပြောင်းခဲ့ပြီး ဈေးကွက် အရင်းရှင်စနစ်ကို ကျင့်သုံးခဲ့သည်။ ၁၉၉၀ ခုနှစ်ကတည်းက ယင်း၏တစ်ဦးကျ တိုးတက်မှုနှုန်းသည် သိသိသာသာအရှိန်ရလာခဲ့သည်။

စိုက်ပျိုးရေးသည် စီးပွားရေးတွင် အရေးအပါဆုံးဖြစ်ပြီး လုပ်သားအင်အား၏ လေးပုံ သုံးပုံ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍသည် GDP ၏ ၂၈ ရာခိုင်နှုန်းရှိသည်။ ၁၉၆၀ နောက်ပိုင်းနှင့် ၁၉၇၀ နှစ်လွန်ကာလစောစောပိုင်းတွင် မြစိမ်းရောင်တော်လှန်ရေး (Green Revolution) ဆောင်ရွက်ပြီးနောက် စိုက်ပျိုးထုတ်လုပ်မှုသည် နှစ်စဉ်တိုးတက်မှုနှုန်း ၃ ရာခိုင်နှုန်းဖြင့် စတင်မြင့်လာခဲ့သည်။ ဤသည်မှာ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် ဆည်မြောင်းစနစ်များ ကောင်းမွန်လာမှုကြောင့်ဖြစ်သည်။ သည်အတွက်ကြောင့် အိန္ဒိယနိုင်ငံသည် သီးနှံထုတ်လုပ်ရာတွင် ပြည်တွင်းလုံလောက်မှုရရှိလာခဲ့သည်။ စုစုပေါင်းသီးနှံထုတ်လုပ်မှုသည် ၁၉၈၄ ခုနှစ်တွင် တန်ချိန် ၁၅၀ သန်းသို့မြင့်တက်လာခဲ့သော်လည်း ၂၀၁၀ ခုနှစ်မတိုင်ခင် အိန္ဒိယသည်လူဦးရေအပြည့်အဝ ကျွေးမွေးရန် နှစ်စဉ်အစားအစာ အစေ့တန်ချိန် ၂၈၀ သန်းလိုအပ်လိမ့်မည်။ ၁၉၆၀ ခုနှစ်ကတည်းက အများပိုင်လုပ်ငန်း ဆောင်ရွက်သော ကုန်ထုတ်လုပ်မှုကုမ္ပဏီများသည် သံမဏိ၊ စက်ကိရိယာ၊ လျှပ်စစ်နှင့်ပို့ဆောင်ရေး၊ စက်ပစ္စည်းဓာတုဗေဒပစ္စည်းများ တည်ရှိနေသော်လည်း ဝါဂွမ်းနှင့် ဂုန်လျှော်ဆိုင်ရာ အထည်အလိပ် ထုတ်လုပ်မှုသည် အရေးပါဆုံး စက်မှုလုပ်ငန်း ဆောင်ရွက်မှု ဖြစ်နေသည်။ ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် အစိုးရပိုင်လုပ်ငန်းများစွာကို ပုဂ္ဂလိကလက်ထဲသို့ လွှဲပြောင်းပေးခဲ့သည်။ ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် အိန္ဒိယအစိုးရက ဆောင်ရွက်ခဲ့သော အရေးကြီးသည့် ကနဦးဆောင်ရွက်မှုများတွင် မက်လုံးပေးစနစ်ဖြင့် ဦးစားပေးသော စက်မှုလုပ်ငန်းများ ကုန်သွယ်မှုတို့တွင် တစ်ဖြည်းဖြည်း စည်းမျဉ်းများ လျှော့ချခြင်းလည်းပါဝင်သည်။ နည်းပညာများ လွှဲပြောင်းပေးခြင်းကို အားပေးခြင်း၌ ရည်ရွယ်ထားသော ပေါ်လစီများလည်း ပါဝင်သည်။

GNP သည် ၁၉၈၀ နောက်ပိုင်းတွင် ပျမ်းမျှ သုံးရာခိုင်နှုန်း နှင့် တိုးတက်ခဲ့ရာမှ ၁၉၉၀ နောက်ပိုင်းကာလတွင် ၆ ဒသမ သုည ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ အထူးသဖြင့် တယ်လီကွန်မြူနီကေးရှင်းဆိုင်ရာ အခန်းကဏ္ဍကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ အီလက်ထရောနစ်နှင့် ကွန်ပျူတာလုပ်ငန်းများအတွက် ပို့ကုန်များလျှော့ပေါ့ပေးခြင်း၊ တို့ကို ဆောင်ရွက်ခဲ့သည်။ ဆော့ဖ်ဝဲလ်လုပ်ငန်းများအပါအဝင် ပိုမိုမြင့်မားလာသော နည်းပညာများသည် လွန်ခဲ့သောနှစ်အနည်းငယ်က သိသိသာသာ တိုးတက်လာခဲ့သည်။ လူဦးရေ တိုးတက်မှုနှုန်း မြင့်မားနေသော်လည်း စီးပွားရေးတိုးတက်မှုသည် ဆင်းရဲမွဲတေမှုကို ဆန့်ကျင်သောတိုက်ပွဲတွင် အိန္ဒိယနိုင်ငံအား အောင်မြင်မှုရရှိစေခဲ့သည်။

၂၀၀၅ ခုနှစ် ဧပြီလ တစ်ရက်နေ့တွင် စတင်မည့် ဘဏ္ဍာနှစ်အတွက် အိန္ဒိယဘတ်ဂျက်သည် နိုင်ငံ၏အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဆောင်ရွက်ရန် မလုံလောက်ကြောင်း၊ မော်ဂန်စတန်လေမှ စီးပွားရေးပညာရှင် အကြီးအကဲ စတီဝင်ရော့က ပြောကြားခဲ့သည်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက် နေ့ကထုတ်ပြန်ခဲ့သော ဘတ်ဂျက်တွင် အစားအစာနှင့် ဓာတ်မြေသြဇာတိုးမြင့်ထုတ်လုပ်ရေး၊ ကျန်းမာရေးအသုံးစရိတ်မြှင့်တင်ခြင်း၊ ချည်မျှင်နှင့် နိုင်ငံပိုင်ကုမ္ပဏီများ စွမ်းအားမြှင့်တင်ရေးတို့ ပါဝင်ခဲ့သည်။ ရန်ပုံငွေစီမံကိန်းများသို့ အကြွေးရောင်းအား ၆၅ ရာခိုင်နှုန်း တိုးမြှင့်ခဲ့မှုကြောင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု ထိခိုက်မည်ကို စိုးရိမ်စရာဖြစ်ခဲ့သည်။

သို့သော် အိန္ဒိယတွင် စုဆောင်းမှုနိမ့်ကျပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အားနည်းခြင်းကြောင့် အစိုးရဘတ်ဂျက်သည် စီးပွားရေးကိုအား ကောင်းစေမည်ဟု မထင်ကြောင်းပြောကြားသည်။ အိန္ဒိယဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများသည် စီးပွားရေး ကျဆင်းသွားဖွယ်မရှိဟု မျှော်လင့်ထားကြသည်။ စီးပွားရေးတိုးတက်မှုသည် ၂၀၀၄ ခုနှစ်တွင် ၉ ဒသမ ၅ ရာခိုင်နှုန်းမှ ၈ ဒသမ ၈ ရာခိုင်နှုန်း သို့လျော့ကျသွားခဲ့သည်။

အိန္ဒိယနိုင်ငံသည် အာရှတွင်စတုတ္ထမြောက်အကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ယခုနှစ်အတွင်း လမ်း၊ တံတား၊ ဆိပ်ကမ်းဆောက်လုပ်ရေးလုပ်ငန်းအတွင်း GDP ၏ ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ သုံးစွဲမည်ဖြစ်ရာ တရုတ်နိုင်ငံ GDP ၏ ၂၀ ရာခိုင်နှုန်းသုံးစွဲမှုနှင့် နှိုင်းယှဉ်ပါက နည်းလွန်းကြောင်း ရော့ကပြောကြားသည်။ ဤသို့ဖြင့် အိန္ဒိယနိုင်ငံသည် လမ်း၊ တံတား၊ ဆိပ်ကမ်းများကဲ့သို့ အခြေခံအဆောက်အအုံများ တိုးမြှင့်ခြင်းအတွက် ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံတိုးမြှင့်သုံးစွဲသွားရန် စီစဉ်ထားသည်ဟု ရော့ကပြောကြားသည်။ တစ်ဖန် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံအနေဖြင့် လာမည့် ၁၀ နှစ်အတွင်း လမ်း၊ တံတား၊ လေဆိပ်နှင့် အခြားအခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၅၀ ဘီလီယံလိုအပ်သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် အစိုးရအနေဖြင့် ပို့ဆောင်ရေးအကျပ်အတည်းကြုံနေမှုကို လျှော့ချရန်နှင့် စီးပွားရေးတိုးတက်မှုနှစ်စဉ် ၈ ရာခိုင်နှုန်းခန့်ရှိရန်အတွက် အခြေခံအဆောက်အအုံများတိုးတက်ရန် လိုလားသည်ဟု ဆိုသည်။

အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ပမာဏမှာ အာဆီယံ၏ အခြားသောဆွေးနွေးဖက်နိုင်ငံများနှင့် နှိုင်းယှဉ်သော် နည်းပါးနေဆဲဖြစ်သော်လည်း ကုန်သွယ်ရေးဆက်ဆံမှုမြင့်မားတိုးတက်လာမည့် အလားအလာများကို တွေ့မြင်နေရသည်။ အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့၏ ပထမဆုံးအကြိမ်ထိပ်သီးညီလာခံကို ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနွမ်ပင်၌ ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့က ကျင်းပခဲ့သည်။ လွန်ခဲ့သော ၁၀ နှစ်က ကဏ္ဍအလိုက်ဆွေးနွေးဖက်နိုင်ငံအဖြစ် ဆက်ဆံရေးစတင်ခဲ့ပြီးနောက် ဆယ်စုနှစ်တစ်ခုအကြာတွင် ထူးခြားသောသမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆီယံပေါင်းစည်းရေးဆိုင်ရာ အစပျိုးအစီအစဉ် (Intitative for ASEAN Integration) အကောင်အထည်ဖော်ရာတွင် အကူအညီများပေးသွားရန် အိန္ဒိယနိုင်ငံက အာဆီယံခေါင်းဆောင်များနှင့် ဆွေးနွေးရာတွင် သဘောတူညီမှုရရှိခဲ့သည်။ ပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းမှုများ၏ အဓိကနယ်ပယ်အဖြစ် သတင်းအချက်အလက် နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) ကို အတည်ပြုခဲ့သည်။

အာဆီယံ-အိန္ဒိယ ထိပ်သီးညီလာခံတွင် အာဆီယံနှင့် အိန္ဒိယတို့ သည် သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ဆေးဝါးထုတ်လုပ်ရေးနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုခင်းများ (ဥပမာအားဖြင့် လူမှောင်ခိုလုပ်ငန်း၊ မူးယစ် ဆေးဝါးသယ်ဆောင်မှု၊ လက်နက်မှောင်ခိုမှု၊ ငွေမည်းကိုငွေဖြူအဖြစ်သို့ ခဝါချမှု၊ အကြမ်းဖက်မှု၊ ပင်လယ်ဓားပြတိုက်မှု၊ စီးပွားရေးရာဇဝတ် မှုများ၊ အင်တာနက် ရာဇဝတ်မှုများ) တိုက်ဖျက်ရေးလုပ်ငန်းရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ဤသို့ဖြင့် အိန္ဒိယနိုင်ငံသည် အာဆီယံဒေသဆိုင်ရာ ဖိုရမ် (အေအာရ်အက်ဖ်) ၏ တက်ကြွသောအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး ကယ်ဆယ်ရေးနှင့်ရှာဖွေရေးလုပ်ငန်းများ၊ ပင်လယ်ဓားပြနှိမ်နင်းရေးနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ အပါ အဝင် နယ်ပယ်အသီးသီးရှိ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင် နိုင်ခဲ့သည်။ အာဆီယံအိန္ဒိယလူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ရေး အစီအစဉ်အရ အာဆီယံနိုင်ငံများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် လေ့ကျင့်သင်ကြားပေးမည့် နေရာဌာန ၁၀၀ကို သတ်မှတ်ခဲ့ပြီးဖြစ်သည်။

ဒြပ်ဝတ္ထုပိုင်းဆိုင်ရာ သိပ္ပံပညာနှင့်ဇီဝနည်းပညာ၊ သတင်းအချက်အလက်နည်းပညာနှင့် အာကာသနည်းပညာတို့တွင် အာဆီယံနှင့်အိန္ဒိယနိုင်ငံတို့အကြားပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ ဇီဝနည်းပညာ ပူးပေါင်းဆောင်ရွက်မှု၏ ဦးတည်ရာမှာ စားနပ်ရိက္ခာဖူလုံရေး ဖြစ် သည်။ အိုင်တီပူးပေါင်းဆောင်ရွက်မှုမှာမူ အာဆီယံနိုင်ငံများ၏ လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားလာစေရန် ဦးတည်သည်။ အာကာသနည်းပညာသည် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့၏ ပူးပေါင်း ဆောင်ရွက်မှု၏ ကနဦးအစီအစဉ်တစ်ရပ်မှာ အိန္ဒိယနိုင်ငံ ဒါရာဒန် နှင့် အာမီဒါဘက်မြို့တို့ရှိ အာကာသနည်းပညာဌာနများတွင် အာဆီယံနိုင်ငံများမှ သိပ္ပံပညာရှင် ၁၀ ဦးကို လေ့ကျင့်ပေးရန်ဦး တည်ခဲ့သည်။

စင်စစ်သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံ လုပ်ငန်းနယ်ပယ်ပူးပေါင်းဆောင်ရွက်မှု၏ ဗဟိုအချက်အချာမှာ စီမံခန့်ခွဲမှု၊ နည်းပညာနှင့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာလုပ်ငန်းစီမံကိန်းများပင် ဖြစ်သည်။ ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ ဆေးဝါးကုသခြင်း (Telemedicine) နှင့် ကာကွယ်ဆေးသစ်များ ဆေးဝါးသစ်များအား တီထွင်ဖော်ထုတ်ခြင်းတို့တွင် အိန္ဒိယနှင့် အာဆီယံပူးပေါင်းဆောင်ရွက်မှုများ မြင့်တက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် အာဆီယံနှင့် လွတ်လပ်သော ကုန်သွယ်ရေးဇုန်နယ်မြေတစ်ရပ်ကို လာမည့် ၁၀ နှစ်အတွင်းထူထောင်ရန် ထိပ်သီးညီလာခံတွင် အဆိုပြုခဲ့သည်။ ၂၀၀၂ ခုနှစ်အစောပိုင်းက ဘရူနိုင်းနိုင်ငံတွင်ကျင်းပခဲ့သော အာဆီယံ-အိန္ဒိယအစည်းအဝေးတစ်ရပ်တွင် သဘောတူညီခဲ့သည့်အတိုင်း ပူးတွဲအထူးလုပ်ငန်းအဖွဲ့က အာဆီယံ-အိန္ဒိယ လွတ်လပ်သောကုန်သွယ်ရေးဇုန်နယ်မြေ ထူထောင်ရေးလမ်းပြမြေပုံတစ်ရပ်ကို ရေးဆွဲခဲ့သည်။ ဤသို့ဖြင့် အိန္ဒိယနိုင်ငံ၏ "အရှေ့ဘက်သို့မျှော်" မူဝါဒသည် တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသအကြား ဆက်ဆံရေးကဏ္ဍအသစ်ကို ဖွင့်လှစ်နိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

# မြန်မာ့ရော်ဘာအရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA) နှင့် အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (IRRDB) တို့ပူးပေါင်း၍ "မြန်မာ့ရော်ဘာအရည်အသွေးမြှင့်တင်ရေးနှင့်ထုတ်လုပ်ရေး နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မင်္ဂလာခန်းမတွင် ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် UMFCCI မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အလုပ်အမှုဆောင်များ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့်ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (IRRDB) မှ အထွေထွေအတွင်းရေးမှူး Dr.Abdul Aziz က ရော်ဘာထုတ်လုပ်မှုတွင် တွေ့ကြုံရမည့်အခက်အခဲများ၊ RSS၊ TSR ရော်ဘာပြားများထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသော ရော်ဘာလုပ်ငန်းရှင်များက သိလိုသည့် အချက်အလက်များ မေးမြန်းဆွေးနွေးပါသည်။

ထို့နောက် ရော်ဘာလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာမှ ပုဂ္ဂိုလ်များနဲ့ မလေးရှားရော်ဘာဘုတ်အဖွဲ့ (Malaysia Rubber Board) မှ Mr. Abu Hasan Sabribin Zawawi နဲ့ Mr. Syuhaizat Md ALi တို့သည် ရော်ဘာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**MS-YGN**

# Intermach Myanmar/Subcon Myanmar 2015 ပြပွဲ

၂၀၁၅ ခုနှစ်၊ စက်တင်ဘာ လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် Inter-mach Myanmar/Subcon Myanmar 2015 ပြပွဲကို ပြည်တွင်းကုမ္ပဏီဖြစ်သော Care Freight Services Ltd. မှ တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သတင်း ရရှိပါသည်။

Intermach Myanmar/ Subcon Myanmar 2015 ပြပွဲသို့ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ကိုရီးယား၊ မလေးရှား၊ ပါကစ္စတန်၊ စင်ကာပူ၊ စပိန်၊ ထိုင်း၊ နယ်သာလန်၊ ယူကေ၊ အမေရိကန်၊ ဗီယက်နမ် စသည့်နိုင်ငံများမှ ကုမ္ပဏီပေါင်း ၁၀၀ ကျော်ခန့်မှ Machine Tools & Accessories, Mold & Dies Production Machinery Welding Equipment Automotive, Sheet Metal Fabrication Machinery & Accessories, Hydraulic, Pneumatic Equipment, Industrial Automation & Robotics, Logistics & Transport Equipment & Systems, Material Handling Equipment ဆက်စပ်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်း (Gift Items) များကို လာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

# CTQM(လှည်းကူး) ဝင်းအတွင်းရှိ ရော်ဘာအသင်းဓာတ်ခွဲခန်းသို့ ပညာရှင်များလာရောက်ခြင်း

လှည်းကူးမြို့နယ်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေး နှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာန (CTQM) ဝင်းအတွင်းရှိရော်ဘာအသင်းဓာတ်ခွဲခန်းကို နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းအဖြစ်အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် မလေးရှားနိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှပညာရှင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူ ရေးရာ ဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) မှ တာဝန်ရှိသူများ၊ ရော်ဘာအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သော အဖွဲ့သည် ဩဂုတ်လ ၂၀ ရက်နေ့ နံနက် ၁၀း၃၀ နာရီတွင် CTQM (လှည်းကူး) သို့ လာရောက်ခဲ့ကြပါသည်။ အဆိုပါအဖွဲ့ကို CTQM (လှည်းကူး) ၏ ဌာနမှူး ဦးဇော်ဝင်းကကြိုဆိုခဲ့ပြီး၊ ဌာန၏လုပ်ငန်းဆောင်ရွက်မှုများကို



Power point ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက်ယင်းအဖွဲ့သည် CTQM (လှည်းကူး) ရှိ ဓာတ်ခွဲခန်း အသီးသီးသို့ လှည့်လည်ကြည့်ရှုပြီး သိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာ ဓာတ်ခွဲခန်းမှူးများက ပြန်လည်ဖြေကြားခဲ့ပါသည်။ အဆိုပါပညာရှင်များသည် မြန်မာနိုင်ငံ ရော်ဘာအသင်း၏ဓာတ်ခွဲခန်းကို နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းအဖြစ်အဆင့်မြှင့်တင်ရာတွင် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန်အတွက် International Rubber Research and Development Board (IRRDB) မှ တာဝန်ရှိသူများ မလာရောက်မီကြိုတင်လာရောက်စစ်ဆေးခြင်းဖြစ်ကြောင်း သတင်းရရှိပါတယ်။

**အိအိချော-လှည်းကူး**

# PROPAK Myanmar Exhibition 2015 ပြပွဲ

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) ခန်းမတွင် PROPAK Myanmar Exhibition 2015 ပြပွဲကို ထိုင်းနိုင်ငံအခြေစိုက် Bangkok Exhibition Services (BES) မှ ဦးစီး၍ ပြည်တွင်းကုမ္ပဏီများဖြစ်သော Information Matrix Co., Ltd. နှင့် NMT Ltd. တို့မှ တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

အဆိုပါ PROPAK Myanmar Exhibition 2015 ပြပွဲသို့ နိုင်ငံပေါင်း ၂၀ နိုင်ငံရှိ ကုမ္ပဏီပေါင်း ၁၀၀ ကျော်ခန့်မှ စားသောက်ကုန်နှင့် ဖျော်ရည်၊ ဆေးဝါးပစ္စည်းများ၏ ထုပ်ပိုးမှုဆိုင်ရာ နည်းပညာများအတွက် လိုအပ်သော ထုတ်ကုန်ပစ္စည်းများ၊ ထုပ်ပိုးမှုဆိုင်ရာပစ္စည်းများနှင့် ထုတ်လုပ်ရေးစက်ပစ္စည်းများ၊ ဖျော်ရည်ထုပ်ပိုးမှုပစ္စည်းများ၊ ဆေးဝါး ဆိုင်ရာထုတ်လုပ်ရေးစက်ပစ္စည်းများနှင့် ထုပ်ပိုးမှုပစ္စည်းများ၊ စက္ကူထုပ်ပိုးပစ္စည်းများ၊ သားငါးထုပ်ပိုးပစ္စည်းများကို လာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

# Italian Products Expo 2015 ပြပွဲ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် Italian Products Expo 2015 ပြပွဲကိုပြည်တွင်းကုမ္ပဏီဖြစ်သော Care Freight Services Ltd. မှ တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

Italian Products Expo 2015 ပြပွဲသို့ အီတလီနိုင်ငံမှ ကုမ္ပဏီပေါင်း ၁၀၀ ကျော်ခန့်မှပရိဘောဂပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံး ပစ္စည်းများ၊ အီတလီစားသောက်ကုန်နှင့် ဆက်စပ်ပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများ (Gift Items) များကို လာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# အာဆီယံစွမ်းအင်ကွန်ရက်တွင် ပါဝင်နိုင်ရေးအတွက် မလေးရှားက အဆင့်သင့်ဖြစ်

အာဆီယံ လျှပ်စစ်စွမ်းအားကွန်ရက် (Asean Power Grid) အစီအစဉ်အရ နိုင်ငံစုံ လျှပ်စစ်စွမ်းအားချိတ်ဆက်နိုင်ရေးအတွက် မလေးရှားနိုင်ငံက အားလုံးအဆင်သင့်ဖြစ်နေပေမယ့် အခြားနိုင်ငံများမှာအဆင်သင့်မဖြစ်နိုင်သေးတာကြောင့် ဒီအစီအစဉ်ကို ဆိုင်းငံ့ထားရဦးမှာဖြစ်ကြောင်း ဘာနားမားသတင်းမှာ ဖော်ပြထားပါတယ်။

အဆိုပြုထားတဲ့ အစီအစဉ်ကို အကောင်အထည်ဖော်နိုင်အောင်ဆောင်ရွက်မယ်ဆိုရင် စွမ်းအင်ရရှိနိုင်တဲ့ အရင်းအမြစ်တွေကို တိုးမြှင့်ဖို့နဲ့ ဝယ်လိုအားကိုဖြည့်ဆည်းရာမှာလုံလောက်ပြီးကြာရှည်ခံတဲ့စွမ်းအင်ဖြစ်ဖို့အတွက် လျှပ်စစ်စွမ်းအားရရှိရေးစီမံကိန်းတွေ ကို ချမှတ်ဆောင်ရွက်နေသူတွေရဲ့ သဘောထား အယူအဆတွေကို ပြောင်းလဲပေးဖို့လိုမှာဖြစ်ကြောင်း စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းပညာနဲ့ ရေရရှိရေးဝန်ကြီးဒါတွတ်ဆဲရီ ဒေါက်တာမက္ကဇင် အွန်ကီလီကပြောပါတယ်။

“အာဆီယံစွမ်းအင်ကွန်ရက် ထူထောင်ရေးကို ကြိုးပမ်းရာမှာ အာဆီယံနိုင်ငံတွေ အကျိုးစီးပွားဖြစ်ထွန်းစေမယ့် နည်းလမ်းတွေကို နှစ်ပေါင်းများစွာ လေ့လာထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် အချင်းချင်းအပြန်အလှန်ချိတ်ဆက်မှုရှိနေတဲ့ နိုင်ငံအချို့မှလွဲပြီး အများစုမှာ စွမ်းအင်ကိုအလုံအလောက်မရရှိသေးပါဘူး။ ဒီလို ရရှိအောင် လျှပ်စစ်စွမ်းအားရရှိရေး စီမံကိန်းရေးဆွဲသူတွေရဲ့ သဘောထားအယူအဆတွေကို ပြောင်းလဲဖို့လိုပါတယ်။ လက်ရှိသုံးစွဲနေတဲ့ ပစ္စည်းကိရိယာတွေနဲ့ နည်းလမ်းတွေက ပြည်တွင်းမှာရှိတဲ့ အရင်းအမြစ်တွေကိုအသုံးပြုနေရာမှာ ရွေးချယ်နိုင်ခွင့်တွေကို ကန့်သတ်ထားတဲ့အတွက် ယခုဖြစ်ပေါ်နေတဲ့ အခြေအနေကနေ ရုန်းထွက်နိုင်ဖို့ စဉ်းစားရပါမယ်”လို့ ဩဂုတ်လ ၁၇ ရက်နေ့က ကျင်းပတဲ့ လျှပ်စစ်ထုတ်လုပ်ရေး အပြည်ပြည်ဆိုင်ရာကောင်စီရဲ့ အာရှအိုရှင်းနီးယားဒေသဆိုင်ရာ ကောင်စီဖွင့်ပွဲအခမ်းအနားမှာ သူက ပြောပါတယ်။

မလေးရှားနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့က နယ်စပ်ဖြတ်ကျော်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများကို ရေးဆွဲထားပြီးဖြစ်ပေမယ့် ယခုအချိန်ထိ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပါဘူး။

ဒီစီမံကိန်းတွေ အကောင်အထည်ဖော်ရာမှာ ကြုံတွေ့ရမယ့် ပြဿနာတွေကို နှစ်နိုင်ငံဝန်ကြီးများဆွေးနွေးခဲ့ပြီး နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ကို ထူထောင်ထားပြီးဖြစ်ကြောင်း သူကပြောပါတယ်။

# အေအီးစီတွင် ဆောင်ရွက်မယ့် အလုပ်သမား လွတ်လပ်စွာစီးဆင်းမှုအစီအစဉ်ကို အဖွဲ့ဝင်နိုင်ငံတို့လက်ခံ

ယခုနှစ်နှောင်းပိုင်းမှာ ထူထောင်တော့မယ့် အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) မှ ကျွမ်းကျင်လုပ်သား လွတ်လပ်စွာစီးဆင်းမှုအစီအစဉ်ကို အကောင်အထည်ဖော်ဖို့ အဆိုပြုချက်ကို အဖွဲ့ဝင်နိုင်ငံတွေက အပြုသဘောနဲ့ တုံ့ပြန်မှုရှိကြောင်း ဘာနားမား သတင်းမှာ ဖော်ပြပါတယ်။ ဒါပေမယ့် ဒီအဆိုပြုချက်ကို အောင်မြင်အောင်အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျွမ်းကျင်မှုဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုအစီအစဉ်ကို ဆောင်ရွက်ဖို့ အရေးကြီးကြောင်းအဖွဲ့ဝင်နိုင်ငံတွေက ပြောပါ တယ်။



ဒီအစီအစဉ်ကို အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ပညာရှင်အုပ်စုတွေကို တိုးချဲ့ခန့်ထားရာမှာ အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုမှာဖြစ်ကြောင်း Singapore Human Capital Leadership Institute ရဲ့ အမှုဆောင်အရာရှိချုပ် ဝေါင်းဆူယင်းက ပြောပါတယ်။

“ဒါပေမယ့် ဒီကနေ့ကျွန်တော်တို့ရောက်ရှိနေတဲ့နေရာကနေ အနာဂတ်မှာအရောက်သွားဖို့ရည်မှန်းထားတဲ့ အခြေအနေကိုရောက်ဖို့ဆိုရင် အများကြီးကြိုးစားရဦးမှာ ဖြစ်ပါတယ်။ အရေးကြီးတဲ့အချက်ကတော့ အတတ်ပညာရှင်တွေနဲ့ ပတ်သက်လို့ စဉ်းစားတဲ့အခါ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက တစ်နိုင်ငံချင်းအလိုက် မစဉ်းစားဘဲ အဖွဲ့လိုက် အခြေခံနဲ့ရှုမြင်ရမှာ ဖြစ်ပါတယ်။ ဘယ်နိုင်ငံက ဘယ်စီးပွားရေးလုပ်ငန်း၊ အလုပ်အကိုင်နဲ့ကျွမ်းကျင်မှုတွေမှာ အကောင်းဆုံးဖြစ်တယ်ဆိုတာကို စဉ်းစားရမှာဖြစ်ပါတယ်” လို့ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ဝေါင်းက ပြောပါတယ်။

အေအီးစီကဏ္ဍရှစ်ရပ်မှာ ကျွမ်းကျင်လုပ်သားတွေလွတ်လပ်စွာစီးဆင်းနိုင်အောင် စီစဉ်ပေးဖို့ရည်မှန်းချက်ထားပါတယ်။ အဲဒီရှစ်ရပ်က အင်ဂျင်နီယာ၊ သူနာပြု၊ ဗိသုကာလုပ်ငန်း၊ တိုင်းတာရေး၊ ငွေစာရင်း၊ သွားဘက်ဆိုင်ရာ ဆရာဝန်နဲ့ ဆေးဘက်ဆိုင်ရာလုပ်ငန်းကဏ္ဍတွေ ပါဝင်ပါတယ်။ အဲဒီလုပ်ငန်းတွေအပြင် အာဆီယံဒေသမှာ ဘုံသုံးစွဲနေတဲ့ ဘာသာစကားမရှိတဲ့အတွက် ဘာသာစကားကျွမ်းကျင်မှုကလည်း အရေးပါတဲ့ အချက်တစ်ချက်ဖြစ်ကြောင်း ဝေါင်းက ပြောပါတယ်။

“ဥပမာအားဖြင့် ပြည်နယ်အသီးသီးမှာ ဒေသိယဘာသာစကားအမျိုးမျိုး ကွဲပြားနေပေမယ့် မန်ဒရင်းတရုတ်ဘာသာစကားကို ဘုံအသုံးပြုတဲ့အတွက် ဒီလိုကွဲပြားခြားနားမှုကြောင့် လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းမှုကို တရုတ်နိုင်ငံမှာ အဟန့်အတားမဖြစ်စေနိုင်ပါဘူး” လို့ သူမက ပြောပါတယ်။

## အာဆီယံကုမ္ပဏီများ အခက်အခဲများနဲ့ ပိုမိုကြုံတွေ့

စားသုံးမှုဖွံ့ဖြိုးနှုန်းနဲ့ စားသုံးသူယုံကြည်မှုနှုန်းကျဆင်းခြင်းနဲ့ ပြိုင်ဆိုင်မှုပြင်းထန်ခြင်း စတဲ့ အခြေအနေတွေကြောင့် ဖိလစ်ပိုင်အပါအဝင် အရှေ့တောင်အာရှဒေသရှိ ကုမ္ပဏီတွေအနေနဲ့ ယခုအချိန်မှာ အခက် အခဲအကျပ်အတည်းများနဲ့ ပိုမိုရင်ဆိုင်နေရကြောင်း စတန်းဒတ်အင်ပူးဝါးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြထားပါတယ်။ အာဆီယံဒေသရှိ ထိပ်တန်းကုမ္ပဏီများရဲ့ ကြွေးမြီက ယခုနှစ် မတ်လအကုန်မှာ အမေရိကန်ဒေါ်လာ ၁၆၅ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်အကုန်မှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ အထိရောက်ရှိနိုင်ကြောင်း စတန်းဒတ်အင်ပူးဝါးက နောက်ဆုံးထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

“ကြွေးမြီပေးဆပ်နိုင်မှု အရည်အသွေးကျဆင်းမှုက ၂၀၁၆ ခုနှစ်အထိ ထပ်မံကျဆင်းမယ်လို့ ကျွန်တော်တို့ ခန့်မှန်းပါတယ်။ ငွေကြေးသုံးစွဲမှုနဲ့ အမြတ်အစွန်းခွဲဝေမှုတွေကလည်း ကျဆင်းနေပြီး ငွေကြေးစီးဝင်မှုက ငွေကြေးစီးထွက်မှုကို အမီမလိုက်နိုင်လောက်ဘူးလို့ ကျွန်တော်တို့ခန့်မှန်းပါတယ်”လို့ ဖော်ပြထားပါတယ်။

ငွေကြေးတန်ဖိုးကျဆင်းမှုက ပိုမိုဆိုးရွားလာနိုင်တယ်လို့လည်းခန့်မှန်းထားပါတယ်။ အကျပ်အတည်းကဒေသအတွင်းမှာ လောလောဆယ်ဖြစ်ပေါ်လာနိုင်မယ့်အခြေအနေမရှိပေမယ့် ဈေးကွက်အပေါ်ယုံကြည်မှု ရုတ်တရက်ကျဆင်းသွားပြီး ငွေဖြစ်လွယ်မှုအခြေအနေကပါ ထပ်ဆင့်ဖြစ်ပေါ်လာမယ်ဆိုရင် လွန်ခဲ့တဲ့ ၁၂ လကအခြေအနေထက် ပိုမိုဆိုးရွားပြီး လျင်မြန်စွာပျံ့နှံ့သွားနိုင်ကြောင်း ခန့်မှန်းထားပါတယ်။

# အေပက်စီးပွားရေးလုပ်ငန်းခေါင်းဆောင်များက ဒေသဆိုင်ရာ ချေးငွေဗျူရိုကို ထောက်ခံ

အာရှ-ပစိဖိတ် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ချေးငွေဆိုင်ရာ သတင်းအချက်အလက် မျှဝေဖို့အတွက် ဒေသဆိုင်ရာချေးငွေဗျူရိုထူထောင်ရေးကို အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး စီးပွားရေးလုပ်ငန်း အကြံပေးကောင်စီ (Asia Pacific Economic Co-operation Business Advisory Council-ABAC) က ထောက်ခံကြောင်း ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြပါတယ်။

အထူးသဖြင့် ကုမ္ပဏီတစ်ခုက ဒေသအတွင်းရှိ နေရာအသီးသီးမှာ လုပ်ငန်းများဆောင်ရွက်တဲ့အခါ အဆိုပါစီးပွားရေးလုပ်ငန်းရဲ့ ချေးငွေဆိုင်ရာ နောက်ကြောင်းသမိုင်းကို ဘဏ်များက လွယ်ကူစွာ ဆုံးဖြတ်နိုင်ရန်အတွက် ဒေသဆိုင်ရာ ချေးငွေဗျူရိုက အကူအညီပေးနိုင်အောင် ဆောင်ရွက်ပေးဖို့ ရည်မှန်းထားပါတယ်။

အာရှဒေသမှာရှိတဲ့ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းတွေ သူတို့ရဲ့မူလနယ်မြေကထွက်ပြီး လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ငွေကြေးရနိုင်မယ့် အရင်းအမြစ်တွေမရှိဘဲဖြစ်နေတတ်ကြောင်း ABAC ရဲ့ ဘဏ္ဍာရေးနဲ့ စီးပွားရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဟီရိုယူကီ ဆူဇူကီက ပြောပါတယ်။ ဒီလို အသေးစားစီးပွားရေးလုပ်ငန်းတွေအတွက် ငွေကြေးရရှိနိုင်မယ့် ရင်းမြစ်တွေကို တိုးချဲ့ဆောင်ရွက်ပေးတဲ့အပြင် အဖွဲ့ဝင်နိုင်ငံတွေအတွင်းဖြစ်ပေါ်နေတဲ့ အခြေခံအဆောက်အအုံကွာခြားချက်တွေကို ပေါင်းကူးပေးမယ့် ဘဏ်လုပ်ငန်းဆိုင်ရာ စီမံချက်တွေကိုလည်း ဆောင်ရွက်ပေးမှာ ဖြစ်ကြောင်း ဆူဇူကီးကပြောပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး (PPP) စင်တာများနဲ့ အေပက်အဖွဲ့ရဲ့ PPP ကျွမ်းကျင်သူ အကြံပေးအဖွဲ့များက ပြေလည်အောင်ဆောင်ရွက်ပေးနိုင်ခဲ့ပေမယ့် အခြေခံအဆောက်အအုံစီမံကိန်းတွေမှာရင်းနှီးမြှုပ်နှံသူတွေပါဝင်အောင်ဆောင်ရွက်စရာတွေ အများကြီးကျန်နေသေးကြောင်း ဆူဇူကီးကပြောပါတယ်။

လောလောဆယ်မှာ အေပက်ဘဏ္ဍာရေးဝန်ကြီးတွေက အပြီးသတ်ရေးခဲ့ပြီးဖြစ်တဲ့ Cebu Action Plan ကို စက်တင်ဘာမှာ ကျင်းပမယ့် အစိုးရအရာရှိများရဲ့ စီဘူးအစည်းအဝေးမှာ ထုတ်ဖော်ကြေညာသွားမှာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ဗန်ကောက်ဗုံးပေါက်ကွဲမှုက ထိုင်းစီးပွားရေးကို ခြိမ်းခြောက်

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရဲ့ အချက်အချာကျတဲ့နေရာမှာရှိတဲ့ ဟိန္ဒူဘုရားရှိခိုးကျောင်းမှာ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး လူ ၂၂ ဦး သေဆုံးကာ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်းနဲ့ ဒီပေါက်ကွဲမှုက အလူးအလဲ ရုန်းကန်နေရတဲ့ ထိုင်းစီးပွားရေးအတွက် အလားအလာကောင်းတဲ့ ကဏ္ဍတစ်ခုဖြစ်တဲ့ ထိုင်းခရီးသွားလုပ်ငန်းကဏ္ဍကို ပြင်းထန်တဲ့ ထိုးနှက်ချက်ပင်ဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။



လူစည်ကားချိန်မှာ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ၂၄ နာရီမပြည့်မီ ဩဂုတ်လ ၁၈ ရက်နေ့က အချို့ခရီးသွားလုပ်ငန်း အော်ပရေတာများက ခရီးစဉ်များကို ဖျက်သိမ်းခဲ့ပါတယ်။

ဟောင်ကောင်က "အနီရောင်သတိပေးချက်" ထုတ်ပြန်ပြီး အရေးတကြီးကိစ္စမဟုတ်ပါက ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ခရီးမသွားရန် သတိပေးထားပါတယ်။

"ဒီပေါက်ကွဲမှုက ခရီးသွားလုပ်ငန်းကို ဂယက်ရိုက်ခတ်နိုင်ပါတယ်။ ဒါပေမယ့် ဒီအချိန်ကအလုပ်အကိုင်တွေပါးတဲ့အချိန်ဆိုတော့ ဒီပေါက်ကွဲမှုကြောင့် ဂျီဒီပီကိုဘယ်လောက်ထိခိုက်မှုရှိမယ်ဆိုတာကိုတော့ ပြောရခက်ပါတယ်။ ဂယက်ရိုက်ခတ်မှုဘယ်လောက်ရှိတယ်ဆိုတာကို အောက်တိုဘာလမှ ပြတ်ပြတ်သားသားသိရပါမယ်။ အဲဒီအချိန်လောက်ဆိုရင် နိုင်ငံခြားသားခရီးသွားတွေက ဒီကိစ္စကိုမေ့မေ့လျော့လျော့ဖြစ်ပါစေလို့ပဲ ဆုတောင်းရတော့မှာပါ" လို့ ထိုင်းဘဏ္ဍာရေးဝန်ကြီး ဆွမ်မိုင်ဖာဆီးက သတင်းထောက်တွေကိုပြောပါတယ်။

ဖောက်ခွဲ တိုက်ခိုက်မှုကြောင့် သေဆုံးသူများအနက် နိုင်ငံခြားသားကိုးဦးပါဝင်ပြီး ဘာကြောင့် တိုက်ခိုက်ရတယ်ဆိုတာကို ယခုထိ မသိရသေးပါဘူး။

ယခင်နှစ်က နိုင်ငံရေးဆူပူမှုတွေ လပေါင်းများစွာဖြစ်ပွားမှုကြောင့် မေလအတွင်းက စစ်တပ်ကအာဏာသိမ်းမှုဖြစ်ပွားပြီးနောက်ပိုင်း နိုင်ငံခြားသားခရီးသွားတို့က ထိုင်းနိုင်ငံကို ခရီးသွား ဖို့ ရှောင်ကြဉ်ကြပါတယ်။

ဒါပေမယ့် နိုင်ငံအတွင်းရှိ ကျော်ကြားလှတဲ့ ကမ်းခြေဒေသတွေနဲ့ နိုက်ကလပ်တွေရှိရာ ဒေသတွေကို နိုင်ငံခြားသားတွေ ပြန်လည်ဝင်ရောက်လာကြပြီး ၂၀၁၅ ခုနှစ် ပထမနှစ်ဝက်မှာ နိုင်ငံခြားသား ခရီးသွားဝင်ရောက်မှုက ၂၉ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ပြီး ၁၄ ဒသမ ၉ သန်းထိ ရောက်ရှိခဲ့ပါတယ်။

# စင်ကာပူရဲ့ ၂၀၁၄ ခုနှစ် ဂျီဒီပီအရ အက်စ်အမ်အီးများရဲ့ထုတ်လုပ်မှုက ထက်ဝက်ကျော်အထိပါဝင်

စင်ကာပူရဲ့ ၂၀၁၄ ခုနှစ် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှု (ဂျီဒီပီ) အရ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများရဲ့ ထုတ်လုပ်မှုက ၅၀ ရာခိုင်နှုန်းဝန်းကျင်အထိ ပါဝင်ကြောင်း ဩဂုတ်လ ၁၇ ရက်က ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီး လင်းဟင်းကျန်ရဲ့ပြောကြားချက်ကို ကိုးကားပြီး စီအင်န်အေသတင်းဌာနက ပြောပါတယ်။





အက်စ်အမ်အီးနဲ့ အက်စ်အမ်အီးမဟုတ်တဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ဂျီဒီပီမှာပါဝင်မှုအချိုးက ထပ်မံကျဆင်းမှုမရှိခဲ့ကြောင်း ဂျီဒီပီမှာ အက်စ်အမ်အီးများရဲ့ ပါဝင်မှုနဲ့ပတ်သက်ပြီး လွှတ်တော်ကမေးမြန်းချက်ကို စာဖြင့်ရေးသား၍ ဖြေကြားရာမှာ ဝန်ကြီးက ထည့်သွင်းဖော်ပြခဲ့ပါတယ်။

ပဏာမ ခန့်မှန်းချက်များအရ ၂၀၁၅ ခုနှစ် ဒုတိယသုံးလပတ်မှာ စင်ကာပူနိုင်ငံ ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက နှစ်အလိုက်နှိုင်းယှဉ်ရင် ၁ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာ ကြိုတင်ခန့်မှန်းထားတဲ့ ၁ ဒသမ ၇ ရာခိုင်နှုန်းထက်အနည်းငယ်မြင့်တက်ခဲ့ကြောင်း မစ္စတာလင်းက ပြောပါတယ်။ ဒုတိယသုံးလပတ် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကမောင်းနှင်အားက လက်လီလက်ကားရောင်းချမှု၊ ဘဏ္ဍာရေးနဲ့ အာမခံလုပ်ငန်းကဏ္ဍတွေဖြစ်ကြောင်း သူကပြောပါတယ်။

လက်လီလက်ကားနဲ့ ရောင်းဝယ်ရေးလုပ်ငန်းတွေရဲ့ ဖွံ့ဖြိုးမှုက ပထမသုံးလပတ်မှာ ၅ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပေမယ့် ဒုတိယသုံးလပတ်မှာ ၅၇ ရာခိုင်နှုန်းကို ကျဆင်းခဲ့ပါတယ်။ ဒီလိုကျဆင်းခဲ့ရတာဟာ လက်ကားရောင်းဝယ်မှုတွေ ကျဆင်းလာတဲ့အတွက်ဖြစ်ပါတယ်။ ဘဏ္ဍာရေးနဲ့ အာမခံလုပ်ငန်းကဏ္ဍက ပထမသုံးလပတ်မှာ ၇ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ ဒုတိယသုံးလပတ်မှာ ၇ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။ ဒီကဏ္ဍမှာ အဓိကအားဖြင့် တိုးတက်ခဲ့ရတဲ့ အကြောင်းရင်းက Fund Management အပိုင်းများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကြောင့်ဖြစ်ကြောင်း မစ္စတာလင်းက ပြောပါတယ်။

# အာရှရဲ့ အခြေခံအဆောက်အအုံကွာဟချက်ကဒေသဖွံ့ဖြိုးမှုကို ဟန့်တား

အာရှဒေသမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်လာတာကို တွေ့ရပြီး ၁၀ ကီလိုမီတာ (၆ မိုင်)ခရီးကိုယခင်က နာရီဝက်နဲ့ ရောက်အောင်သွားလို့ရပေမယ့် ယခုအခါ နှစ်နာရီလောက် အချိန်ယူနေရကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

အာရှအခြေခံအဆောက်အအုံ တည်ဆောက်ရေးမှာ ရင်းနှီးမြှုပ်နှံဖို့ တရုတ်နိုင်ငံက ဦးဆောင်ပြီး ထောက်ပံ့ရေးဘဏ်တစ်ခု ထူထောင်ခဲ့တာကို ကြည့်ခြင်းအားဖြင့် အာရှဒေသ အောင်မြင်ရေးအတွက် အခြေခံအဆောက်အအုံမှာလိုအပ်နေတဲ့ ကွာဟချက်တွေကိုတွေ့မြင်ရမှာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှ အစပြုပြီး ထိုင်းနိုင်ငံအထိ တည်ရှိနေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အခြေခံအထောက်အကူပြုလုပ်ငန်းတွေရဲ့ လိုအပ်ချက်က ကြီးမားလွန်းတဲ့အတွက် စီးပွားရေး ဖွံ့ဖြိုးမှုနဲ့ လူနေမှုအဆင့်အတန်းကို ခြိမ်းခြောက်နေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံမြို့တော်နဲ့ တခြားမြို့ကြီးတွေမှာ ရုံးတွေနဲ့တိုက်ခန်းတွေတည်ဆောက်နေတဲ့လုပ်ငန်းတွေပြည့်နှက်နေတာကို တွေ့ရပေမယ့် မော်တော်ကားလမ်း၊ မီးရထားလမ်းတွေအတွက် သုံးစွဲငွေကနည်းပါးနေပါတယ်။ ၁၉၉၇ ခုနှစ် ငွေကြေးအကျပ်အတည်းဖြစ်ပြီးနောက်ပိုင်း အရေးကြီးတဲ့ အခြေခံအဆောက်အအုံတွေပျက်စီးပြီး ယနေ့ အထိ နာလန်မထူနိုင်သေးတာကို တွေ့ရပါတယ်။

တကယ်လို့ အခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက်သုံးစွဲမှုကို မြှင့်တင်မပေးနိုင်ဘူးဆိုရင် အနာဂတ်ဖွံ့ဖြိုးမှုကို ဂယက်ရိုက်ခတ်နိုင်ကြောင်း၊ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကိုလည်း ကျဆင်းစေမှာဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ရဲ့ အရှေ့တောင်အာရှဒေသဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ရာမက်ရှ်ဆူးဘရာမာနီယမ်က ပြောပါတယ်။

ဒီကွာဟချက်ကြောင့် တရုတ်နိုင်ငံအစိုးရက ခေါင်းဆောင်ဖြစ်လိုတဲ့ ရည်မှန်းချက် အကောင်အထည်ဖော်ဖို့နဲ့ သံတမန်ဆက်ဆံရေးကျယ်ပြန့်စေဖို့ အခွင့်အလမ်းကိုရရှိစေခဲ့ပါတယ်။ နိုင်ငံပေါင်း ၅၇ နိုင်ငံနဲ့ ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ တရုတ်နိုင်ငံရဲ့ အာရှအခြေခံအဆောက်အအုံ တည်ဆောက်ရေးဘဏ်ရဲ့ အဓိကဦးစားပေးအဖြစ် တရုတ်အစိုးရက မော်တော်ကားလမ်း၊ ရထားလမ်းနဲ့ ပင်လယ်ရေကြောင်း ဆက်သွယ်မှုစီမံကိန်းတွေကို ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။

## ရင်းနှီးမြှုပ်နှံမှုအသစ်များ ရရှိရေးအတွက် အဓိကတွန်းအားအဖြစ် ဗီယက်နမ်အစိုးရက ပုဂ္ဂလိက ကဏ္ဍကို မြှင့်တင်

ပြည်တွင်းနဲ့ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေရန်အတွက် ဗီယက်နမ်အစိုးရက ဈေးကွက်စီးပွားရေးအသွင်ကူးပြောင်းမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဟိုချီမင်းမြို့တော်မှာ ဩဂုတ်လ ၁၇ ရက်နေ့က Forbes မဂ္ဂဇင်းကပြုလုပ်တဲ့ စီးပွားရေးဖိုရမ်မှာ ဒုတိယဝန်ကြီးချုပ် ဗူဗန်နင်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

ဖိုရမ်ရဲ့ အဓိကခေါင်းစဉ်က "Taking the Lead" ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်၊ စွမ်းအားထက်မြက်တဲ့ စီးပွားရေးကဏ္ဍတွေမှာ ဦးဆောင်မှုပေးနိုင်မယ့် အခွင့်အလမ်းများအကြောင်းကို ဆွေးနွေးခဲ့ကြပါတယ်။ ထိပ်ဆုံးနေရာသို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်မယ့် အကြံအစည်နဲ့ရည်မှန်းချက်များကို မျှဝေပေးခဲ့ပါတယ်။

ဗီယက်နမ်စီးပွားရေးက မှန်မှန်ဖွံ့ဖြိုးတိုးတက်နေကြောင်း၊ မေခရိုစီးပွားရေးတိုးတက်မှုရှိတဲ့လက္ခဏာများ၊ သတင်းအချက်အလက် ထိန်းချုပ်မှုနဲ့ အထူးသဖြင့် အခွန်ကောက်ခံမှု၊ အကောက်ခွန်နဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေမှာလည်း တိုးတက်တဲ့လက္ခဏာများကို ပြသလျက်ရှိနေကြောင်း နင်းက ပြောပါတယ်။

ရင်းနှီးမြှုပ်နှံသူတို့အနေနဲ့ ဗီယက်နမ်မှာ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာမှာ အာမခံချက်ရှိစေမယ့် အခွင့်အလမ်းများနဲ့ အခြေအနေများရှိကြောင်း သူကပြောပါတယ်။ ဗီယက်နမ်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက ယခုနှစ်ပထမခြောက်လမှာ ၆ ဒသမ ၂၈ ရာခိုင်နှုန်းရှိခဲ့ရာ လွန်ခဲ့တဲ့ ခြောက်နှစ်အတွင်း အမြင့်ဆုံးတိုးတက်မှုဖြစ်ကြောင်းလည်း သူကပြောပါတယ်။ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ဘတ်ဂျက်ရဲ့ ၃၀ ရာခိုင်နှုန်းနဲ့ ဂျီဒီပီရဲ့ ၄၀ ရာခိုင်နှုန်းရှိတဲ့အတွက် ဗီယက်နမ်စီးပွားရေးဖွံ့ဖြိုးမှုရေရှည်တည်တံ့ဖို့အတွက် ပုဂ္ဂလိကကဏ္ဍက အရေးပါကြောင်း သူကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ဆိုးလ်**

မကြာသေးမီက တောင်ကိုရီးယား ပြည်ပတင်ပို့မှု လုပ်ငန်းများ ကျဆင်းမှုကို မြှင့်တင်နိုင်ရန် အတွက် ပြည်ပပို့ကုန်ရဲ့ ၈၀ ရာခိုင်နှုန်းကိုထုတ်လုပ်ပေးနေတဲ့ စက်မှုဇုန်များရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်သွားရန် လိုအပ်ကြောင်း ဩဂုတ်လ ၂၀ ရက်နေ့ကကျင်းပတဲ့ ဖိုရမ်တစ်ခုမှာ ကုန်သွယ်ရေး၊ စက်မှုနဲ့ စွမ်းအင်ဝန်ကြီး ယွန်းဆန်ဂျစ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ယွန်ဟပ်သတင်းမှာ ဖော်ပြပါတယ်။

**ကွာလာလမ်ပူ**

အာဆီယံ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ (အက်စ်အမ်အီး)များရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုများကို တွင်ကျယ်စွာ ရောင်းချနိုင်ဖို့အတွက် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ အီးကောမတ် သို့မဟုတ် အွန်လိုင်းရောင်းဝယ်မှုကို ဆောင်ရွက်ဖို့လိုကြောင်း အာဆီယံစီးပွားရေးအကြံပေးကောင်စီဥက္ကဋ္ဌ တန်ဆရီမူနီမာဂျစ်ရဲ့ တိုက်တွန်းပြောကြားချက်ကို ကိုးကားပြီး သည်စတားအွန်လိုင်းသတင်းမှာဖော်ပြပါတယ်။

**ဟနွိုင်း**

တတိယသုံးလပတ်စီးပွားရေး အလားအလာနဲ့ ပတ်သက်တဲ့ စစ်တမ်းကို ဗီယက်နမ်စီးပွားရေးလုပ်ငန်း ၃၃၈၉ ခုထံမှ ကောက်ယူခဲ့ရာ ၄၉ ရာခိုင်နှုန်းက အပြုသဘော အမြင်ရှိကြောင်း စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနလက်အောက်ရှိ အထွေထွေစာရင်းရုံးရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

**ဘန်ကောက်**

ထိုင်းနိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံများမှာ စားသုံးဆီထုတ်လုပ်ရေးစက်ရုံတည်ဆောက်ရေးအတွက် ထိုင်းဟင်းရွက်ဆီထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ Thai Vegetable Oil Plc(TVO) က ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများကို လာမယ့်နှစ် ဒုတိယနှစ်ဝက်မှာ အပြီးသတ်ဆောင်ရွက်ပြီး အလားအလာကောင်းပါက စက်ရုံတစ်ရုံ တည်ဆောက်ဖို့ ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ကြောင်း အုပ်ချုပ်မှုဒါရိုက်တာ ဝီတွန်းဆူဝါတာနာကူးဝက် ပြောကြားချက်ကို ကိုးကားပြီး နေရှင်သတင်းမှာ ဩဂုတ် ၂၀ ရက်က ဖော်ပြပါတယ်။

## USA

# အမေရိကန်ပြည်ထောင်စုမှာ အလုပ်သင်လစာကိစ္စဖြေရှင်းဖို့ကြိုးစား

လုပ်ငန်းခွင်ကိုဝင်ဖို့ခြေလှမ်းပြင်နေတဲ့လူငယ်တွေအတွက် အလုပ်သင်အဖြစ်ဆောင်ရွက်မှုက အဖိုးတန်အတွေ့အကြုံတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စုရဲ့ အလုပ်အကိုင်ဥပဒေကို ချိုးဖောက်တယ်ဆိုတဲ့စွပ်စွဲချက်နဲ့ အလုပ်သင်ကာလလုပ်ခမရလို့ တရားစွဲဆိုမှုတွေက မြင့်တက်လျက်ရှိနေပြီး ပြောင်းလဲမှုတွေပြုလုပ်ဖို့ ကျွမ်းကျင်သူတွေက နှိုးဆော်ပေးလျက်ရှိပါတယ်။

ယခင်ရက်သတ္တပတ်က ကုမ္ပဏီတွေရဲ့ အလုပ်သင်ဟောင်းတွေက သရုပ်ဆောင်နဲ့ ဖက်ရှင်ဒီဇိုင်းနာနှစ်ဦးဖြစ်တဲ့ မာရီကိတ်နဲ့ အက်ရှလေအိုလ်ဆင်တို့ကို တရားစွဲဆိုခဲ့ပါတယ်။

နောက်တစ်ခါ တစ်ရက်ကို နာရီ ၅၀ Dualstar Entertainment Group အတွက် အလုပ်လုပ်ခဲ့ပေမယ့် လုပ်ခမရတဲ့အတွက် ရှာဟစ်စတာလာလာနီက ကုမ္ပဏီကို တရားစွဲဆိုခဲ့ပါတယ်။

၂၀၁၁ ခုနှစ်နောက်ပိုင်းကစပြီး အလုပ်သင်တွေက တရားစွဲဆိုတဲ့အမှုတွေပေါ်ထွက်ခဲ့ပါတယ်။ ဒီအမှုတွေအနက် မီဒီယာနဲ့ အင်တာတိန်းမင့် ကုမ္ပဏီဖြစ်တဲ့ Viacon Inc က အလုပ်သင်ဟောင်းတွေကို အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ သန်းပေးဖို့သဘောတူခဲ့ပါတယ်။

အလုပ်သင်တွေကို လုပ်ခမပေးဘဲခန့်ထားခဲ့ရင် ပုဂ္ဂလိကကဏ္ဍကုမ္ပဏီတွေကလိုက်နာရမယ့် စည်းကမ်းချက်တွေကို အမေရိကန်ပြည်ထောင်စုအလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ခိုင်းတဲ့အလုပ်က ပညာပေးတဲ့အလုပ်၊ အကျိုးရှိတဲ့အလုပ်ဖြစ်ရပါမယ်။

ဒီအလုပ်ကနေ အလုပ်ရှင်က အကျိုးအမြတ် ရယူခြင်း မရှိရပါဘူး။ ဒါပေမယ့် ချမှတ်ထားတဲ့စည်းမျဉ်းတွေကတရားမျှတမှုမရှိသေးလို့ ပြောင်းလဲရမယ်လို့ အမေရိကန်ပြည်ထောင်စုအလုပ်သမားဝန်ကြီးဌာန စီးပွားရေးပညာရှင်အကြီးအကဲဟောင်း ဗိုင်ယာနာဖူဂေါ့ရှိုသ်က ပြောပါတယ်။

## EU

# ဂရိကယ်တင်မှုချေးငွေ ပထမအရစ်ကို ယူရိုဇုန်ဝန်ကြီးများ အတည်ပြု

ဂရိကယ်တင်မှုချေးငွေအတွက် ရည်ရွယ်ဆောင်ရွက်ထားတဲ့ ပြုပြင်ပြောင်းလဲရေး သဘောတူစာချုပ်ကို ယူရိုဇုန် အဖွဲ့ဝင်နိုင်ငံများရှိ ပါလီမန်များက ထောက်ခံမှုပေးခဲ့ပြီးနောက် ပထမအရစ်ကယ်တင်မှု ချေးငွေယူရို ၈၆ ဘီလီယံ (အမေရိကန် ဒေါ်လာ ၉၅ ဘီလီယံ)ကို ယူရိုဇုန်ဘဏ္ဍာရေး ဝန်ကြီးတို့က တရားဝင်အတည်ပြုပေး လိုက်ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။




ဂရိနိုင်ငံက လောလောဆယ် ကယ်တင်မှုချေးငွေ ယူရို ၂၃ ဘီလီယံ ရရှိမှာဖြစ်ပြီး ဒီချေးငွေထဲကနေ ဩဂုတ်လ ၂၀ ရက်နေ့မှာ ဂရိနိုင်ငံက ဂရိဗဟိုဘဏ်ကိုပေးဆပ်ရမယ့် ကြွေးမြီယူရို ၃ ဒသမ ၄ ဘီလီယံကိုပေးဆပ်နိုင်တော့မှာဖြစ်ကြောင်း သက်ဆိုင်ရာသတင်းရပ်ကွက်မှ သိရပါတယ်။

ဥရောပ တည်ငြိမ်ရေးယန္တရား (European Stability Mechanism-ESM) အုပ်ချုပ်မှုဒါရိုက်တာတင်သွင်းတဲ့ဂရိနိုင်ငံ အားငွေကြေးအကူအညီပေးရေး အဆိုပြုချက်ကို ESM ဘုတ်အဖွဲ့ဝင် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများက အတည်ပြုခဲ့ကြောင်း ဘုတ်အဖွဲ့ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ဘုတ်အဖွဲ့ထဲမှာ ယူရိုဇုန် ၁၉ နိုင်ငံက ဘဏ္ဍာရေးဝန်ကြီးတွေပါဝင်ပါတယ်။ ယခုပေးလိုက်တဲ့ပထမသုတ်ချေးငွေက ဂရိနိုင်ငံအတွက်ခေတ်သစ်တစ်ခုစတင်ဖို့ မီးစိမ်းပြလိုက်တာဖြစ်ကြောင်း အီးယူကော်မရှင်နာ ဗားဒစ်ဒွမ်ဘရော့စကီက ပြောပါတယ်။

ပထမအရစ်ရရှိမယ့် ကယ်တင်မှုချေးငွေများအနက် ယူရို ၁၀ ဘီလီယံကို ဂရိဘဏ်များအတွက် မတည်ငွေရင်းထုတ်ပေးဖို့ သုံးမှာဖြစ်ပြီး ကျန်ယူရို ၁၃ ဘီလီယံအနက် တချို့ကို ဥရောပဗဟိုဘဏ်ချေးငွေ ပြန်ဆပ်ပြီး ကျန်ယူရို ၇ ဒသမ ၁၆ ဘီလီယံကို ပေါင်းကူးချေးငွေအဖြစ်အသုံးပြုမှာ ဖြစ်ပါတယ်။

ပထမသုတ်ချေးငွေထဲက ကျန်ငွေယူရိုသုံးဘီလီယံကို စက်တင်ဘာ သို့မဟုတ် အောက်တိုဘာမှာ ထုတ်ချေးမှာဖြစ်ပါတယ်။ ဒီချေးငွေကို ထုတ်ပေးတဲ့အခါပြုပြင်ပြောင်းလဲမှုတွေကိုအကောင်အထည်ဖော်ပေးတဲ့ အခြေအနေပေါ်မှာ မူတည်ပြီး ထုတ်ပေးမှာဖြစ်တယ်လို့ ပြောပါတယ်။

## East Asia

# ပေါက်ကွဲမှုဖြစ်ပြီးနောက်ပိုင်း တီယန်ကျန်းရှိ တိုယိုတာလုပ်ငန်းများ ရပ်ဆိုင်း

ကြီးမားတဲ့ ပေါက်ကွဲမှုဖြစ်ပွားပြီး လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သည့် တီယန်ကျန်းစက်မှုဇုန်ဆိပ်ကမ်းအနီး ရှိ တိုယိုတာကုမ္ပဏီရဲ့ လုပ်ငန်းများကို ဩဂုတ်လ ၁၁ ရက်နေ့ ကစပြီး ရပ်ဆိုင်းထားကြောင်း တိုယိုတာမော်တာကုမ္ပဏီက ဩဂုတ်လ ၁၆ ရက်နေ့က ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဩဂုတ်လ ၁၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားချိန်မှာ တိုယိုတာမော်တာ စက်ရုံရဲ့ အားလပ်ရက်ဖြစ်သဖြင့် ထိခိုက်မှုဖြစ်ပွားတဲ့နေရာအနီးက တပ်ဆင်ရေးလိုင်းသုံးခုမှာ ယခုအချိန်ထိ စစ်ဆေးမှုများအရ ထိခိုက်မှုမတွေ့ရကြောင်း တိုယိုတာကုမ္ပဏီရဲ့ ကြေညာချက်မှာဖော်ပြထားပါတယ်။

"ဒါပေမယ့် ဒီနေရာကနေ စွန့်ခွာဖို့တိုက်တွန်းထားတဲ့အတွက် ဩဂုတ်လ ၁၇ ရက်နေ့ကနေ ၁၉ ရက်နေ့အထိ Tianjin FAW Toyota Motor Co.,Ltd. ရဲ့ ထုတ်လုပ်ရေးလိုင်းအားလုံးကို ပိတ်ထားပါတယ်"လို့ တိုယိုတာကပြောပါတယ်။ ပျက်စီးဆုံးရှုံးမှုနဲ့ ဒဏ်ရာရရှိမှု သတင်းတွေနောက်ထပ်မရရှိကြောင်း ကုမ္ပဏီက ပြောပါတယ်။ ပေါက်ကွဲမှုဖြစ်ပွားစဉ်မှာ ကုမ္ပဏီဝန်ထမ်း ၅၀ ကျော် ဒဏ်ရာရခဲ့ကြောင်း ကုမ္ပဏီက ၁၄ ရက်နေ့က ပြောပါတယ်။

ဩဂုတ်လ ၁၆ ရက် (တနင်္ဂနွေနေ့) ပေါက်ကွဲမှုဖြစ်ပွားစဉ်က သေဆုံးသူ ၁၁၂ ဦးရှိပြီး ၉၅ ဦးမှာပျောက်ဆုံးနေကြောင်း ရှင်ဟွာသတင်းအေဂျင်စီက ပြောပါတယ်။ သေဆုံးသူဦးရေ ထူးထူးကဲကဲ ထပ်မံမြင့်တက်နိုင်သေးကြောင်းလည်းပြောပါတယ်။

တီယန်ကျန်းက တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းကိုသွားရာ မုခ်ဦးဖြစ်ပြီး တရုတ်နိုင်ငံသို့ တင်သွင်းတဲ့ ကားများအနက် ၄၀ ရာခိုင်နှုန်းကျော်မှာ ထိုမုခ်တစ်ဆင့် ပြည်တွင်းသို့ ဝင်ရောက်ခြင်းဖြစ်ပါတယ်။

## South Asia



# ကြွေးဆုံးများပြားလာမှုအတွက် အိန္ဒိယပုဂ္ဂလိကဘဏ်တို့ စိုးရိမ်

လွန်ခဲ့တဲ့ သုံးလပတ်ကာလ သုံးခုအတွင်း အိန္ဒိယပုဂ္ဂလိက ဘဏ်တွေရဲ့ ကြွေးမြီဆုံးရှုံးမှုက နိုင်ငံပိုင်ဘဏ်တွေနဲ့နှိုင်းယှဉ်ရင် ပိုမိုများပြားလာတာကို တွေ့ရကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဒါကြောင့် အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးနာလန်ထူမှု နှေးကွေးတဲ့အတွက် ဘဏ်တွေရဲ့ကြွေးမြီဆုံးရှုံးမှုက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထိ ရောက်ရှိလာမှာကို စိုးရိမ် နေရပါတယ်။

အိန္ဒိယဘဏ်လုပ်ငန်းကို လွှမ်းမိုးထားတဲ့ နိုင်ငံတော်ဘဏ်တွေကနေ ဈေးကွက်ဝေစုကို ရယူခဲ့ပြီးတဲ့နောက် ICICI ဘဏ်နဲ့ Axis ဘဏ် အပါအဝင် ပုဂ္ဂလိကဘဏ်တွေမှာ ကြွေးမြီဆုံးရှုံးမှုတွေ မြင့်မားလာခဲ့ပါတယ်။ ပုဂ္ဂလိကဘဏ်တွေမှာရှိတဲ့ ကြွေးကျန်တွေက စုစုပေါင်းကြွေးကျန်ရဲ့ ၇၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ကြွေးမြီဆုံးရှုံးမှုတွေကို ထိန်းချုပ်နိုင်ဖို့အတွက် ၂၀၁၄ ခုနှစ်အတွင်းမှာ ကြွေးသစ်ချထားမယ့်အစီအစဉ်ကို ပြန်ထိန်းထားခဲ့ပါတယ်။

လုပ်ငန်းဆောင်ရွက်ရာမှာ လျင်မြန်မှုနဲ့ ငွေလက်ကျန် ရှင်းတမ်းများရှင်းလင်းပြတ်သားမှုတို့ကြောင့် ရင်းနှီးမြှုပ်နှံသူတွေက ပုဂ္ဂလိကဘဏ်တွေကို ကာလရှည်ကြာစွာ သဘောကျခဲ့ကြပါတယ်။ ဒါပေမယ့် ဘဏ်တွေမှာ ကြွေးမြီထူပြောတဲ့ ကုမ္ပဏီတွေ အများအပြားပါဝင်လာတဲ့အတွက် နာလန်ထူမှု နှေးကွေးနေတဲ့ စီးပွားရေးမှာ ဒီလိုအဖြစ်မျိုးက စိုးရိမ်စရာဖြစ်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံသူတွေက ပြောပါတယ်။

ကြွေးဆုံးလို့ သတ်မှတ်ထားတဲ့ ပမာဏက အမေရိကန် ဒေါ်လာဘီလီယံ ၅၀ ရှိတဲ့အနက် အစိုးရဘဏ်တွေမှာ အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံရှိကြောင်း ဘဏ်တွေရဲ့အစီရင်ခံစာတွေအရ သိရပါတယ်။

ဒါပေမယ့်ရိုက်တာသတင်းဌာနက ရရှိထားတဲ့စာရင်းတွေအရ ပုဂ္ဂလိကဘဏ်တွေမှာ ကြွေးမြီနဲ့ ပတ်သက်တဲ့ပြဿနာတွေ လျင်မြန်စွာ ဆိုးရွားလာကြောင်း သိရပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ယွမ်ငွေကြေးတန်ဖိုး ချတဲ့အတွက် ဖြစ်ပေါ်ရတဲ့ ဈေးကွက်ကသောင်းကနင်းဖြစ်မှုက စတော့ဈေးကွက်တွေရဲ့ ရက်သတ္တပတ်အလိုက်ကျဆင်းမှုကို နှစ်နှစ်အတွင်းအဆိုးဆုံးသို့ ရောက်ရှိစေခဲ့ပါတယ်။ ထို့အတူ ငွေကြေးတန်ဖိုးတွေကလည်း ယခုရာစုနှစ်အတွင်း ကျဆင်းမှု ကာလအရှည်ကြာဆုံးဖြစ်ခဲ့ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စတော့ဈေးကွက်တွေရဲ့ အတက်အကျမတည်ငြိမ်မှုကနှစ်နှစ်အတွင်းအမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ စိုးရိမ်မှုတွေမြင့်တက်နေချိန်မှာ အမေရိကန်ပြည်ထောင်စုက စက်တင်ဘာလမှာ အတိုးနှုန်းကို မြှင့်တင်ပေးမယ်ဆိုတဲ့ သတင်းကြောင့် ဒေါ်လာနဲ့ ထားရှိတဲ့ အက်ဆက်တွေကို ဝယ်ယူဖို့ပြောင်းလဲကြိုးပမ်းလာတာကို တွေ့ရပါတယ်။ ရေနံဈေးနှုန်း အပါအဝင်ကုန်စည် ဈေးနှုန်းကျဆင်းမှုနဲ့ ဩဂုတ်လ ၁၁ ရက်နေ့မှာ တရုတ်နိုင်ငံကယွမ်ငွေကြေးတန်ဖိုးကိုရုတ်တရက်လျှော့ချမှုတွေကြောင့် အာရှဒေသရှိ ဗဟိုဘဏ်တွေက ငွေတန်ဖိုးအပြိုင်အဆိုင်ချဖို့ ကြိုးပမ်းလာတာကိုတွေ့ရပါ တယ်။

ဂျပန် ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုကလည်း ငွေကြေးတန်ဖိုးချနေတာနဲ့ ငွေလဲလှယ်နှုန်းကို ကစားလာတာကို သတိပေးစကား ပြောကြားပြီး ဒီလိုတန်ဖိုးချတာတွေမကြာခဏဖြစ်လာရင် တုံ့ပြန်အရေးယူဆောင်ရွက်ရတာခက်ခဲလာလိမ့်မယ်လို့ ပြောပါတယ်။

ဂရိဝန်ကြီးချုပ် အလက်ဇစ်ဆီပရပ်က ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပြီး ရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ ဩဂုတ် ၂၀ ရက်နေ့က ပြောကြားတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေက ဂရိနိုင်ငံရဲ့ အခြေအနေကို စောင့်ကြည့်နေတာကိုတွေ့ရပါတယ်။

**တရုတ်ယွမ်**

ယွမ်တန်ဖိုးက ယခုအချိန်မှာ တစ်ဒေါ်လာကို ၆ ဒသမ ၄၀ ယွမ်နှုန်းမှာရှိနေရာကနေ တရုတ်အစိုးရက ၆ ဒသမ ၈၀ ယွမ်နှုန်းလောက်ထိ လျှော့ချလိမ့်မယ်လို့ တချို့လေ့လာဆန်းစစ်သူတွေကယုံကြည်နေပါတယ်။ တရုတ်နိုင်ငံပို့ကုန်လုပ်ငန်းတွေကို အထောက်အကူဖြစ်ဖို့ဆိုရင် ယွမ်ငွေတန်ဖိုးကို ၁၀ ရာခိုင်နှုန်းလောက်အထိချမယ်လို့ ခန့်မှန်းကြပါတယ်။ ယွမ်တန်ဖိုးကျတဲ့အတွက် ဟောင်ကောင်က ရင်းနှီးမြှုပ်နှံသူတွေကယွမ်အပ်ငွေတွေထုတ်ပြီး တခြားငွေကြေးတွေကို ဝယ်ယူလာတာတွေ့ရပါတယ်။ ယွမ်တန်ဖိုးချပြီးနောက် လောလောဆယ်မှာ ယွမ်တန်ဖိုး ပြန်လည်တိုးမြှင့်သတ်မှတ်ပေးတာကို တွေ့ရပါတယ်။တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးဌာနက ယွမ်ငွေဖလှယ်နှုန်းကို ဩဂုတ် ၂၁ ရက်မှာ သုည ဒသမ ၅၁ ရာခိုင်နှုန်းတိုးမြှင့်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၃၈၆၄ ယွမ်နှုန်း သတ်မှတ်ပေးခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ကမ္ဘာ့ဈေးကွက်မှာ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းနေလင့်ကစား နိုင်ငံခြားရန်ပုံငွေအဖွဲ့တွေက ငွေကြေးတွေကို ပြည်ပသို့ ထုတ်ယူနေတဲ့အတွက် ဩဂုတ်လ ၂၁ ရက်နေ့က ရူပီးငွေကြေးတန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ သုည ဒသမ ၂၇ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၅ ဒသမ ၈၁ ရူပီးနှုန်း ရှိခဲ့ပါတယ်။ သွင်းကုန်လုပ်ငန်းရှင်တွေရဲ့ ဒေါ်လာဝယ်လိုအားမြင့်တက်လာတာနဲ့ ပြည်တွင်းရှယ်ယာတွေရဲ့ ဈေးနှုန်းတွေကျဆင်းလာတာကြောင့်လည်း ရူပီးတန်ဖိုးမြင့်တက်တာကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။

**ဂျပန်ယန်း**

စက်တင်ဘာလမှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေမြှင့်တင်ပေးလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်မှေးမှိန်လာတဲ့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စီးပွားရေးအပေါ် ယုံကြည်မှုမြင့်တက်လာမှုကြောင့် ငွေကြေးရောင်းဝယ်သူတွေက အာရှဈေးကွက်မှာ ဒေါ်လာတွေကိုပြန်လည်ရောင်းချလာတာကိုတွေ့ရပါတယ်။ ဒါကြောင့်ဒေါ်လာယန်း ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၂၃ ဒသမ ၀၇ ယန်းကိုရောက်ရှိခဲ့ပြီး နယူးယောက်မှာ ဖြစ်ခဲ့တဲ့ ၁၂၃ ဒသမ ၃၈ ယန်းနှုန်းနဲ့ ဩဂုတ် ၂၀ ရက်က တိုကျိုမှာဖြစ်ခဲ့တဲ့ ၁၂၄ ယန်းနှုန်းအောက်ကိုကျဆင်းခဲ့ပါတယ်။ ယူရိုငွေကြေးက တစ်ယူရိုကို ၁ ဒသမ ၁၂၇၄ ဒေါ်လာနှုန်းနဲ့ ၁၃၈ ဒသမ ၇၇ ယန်းနှုန်း ရှိခဲ့ပါတယ်။ နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၂၄၁ ဒေါ်လာနှုန်းနဲ့ ၁၃၈ ဒသမ ၆၉ ယန်းနှုန်းထိ ရောက်ရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကုန်သည်တွေက ဩဂုတ် ၂၁ ရက်နေ့ ဈေးကွက်အတွင်း လှုပ်ရှားမှုမရှိတဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး အတက်အကျမရှိ တန့်နေပါတယ်။ ဩဂုတ် ၂၁ ရက် မနက် ၉ နာရီ ၅ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၁၃၅၀ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ ရင်းဂစ်ငွေကြေးတန်ဖိုးက ပေါင်စတာလင်နဲ့ ယူရိုတို့နဲ့ ဖလှယ်ရာမှာ တန်ဖိုးကျဆင်းခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယားတို့ အပြန်အလှန်ပစ်ခတ်မှုကြောင့် ကိုရီးယားကျွန်းဆွယ်ဒေသမှာ တင်းမာမှုတွေမြင့်မားလာတဲ့အတွက် ယခင်နေ့ကနဲ့ နှိုင်းယှဉ်ရင် တောင်ကိုရီးယားရဲ့ ဝမ်ငွေကြေးတန်ဖိုးကျဆင်းခဲ့ပါတယ်။

ဩဂုတ် ၂၀ ရက်နေ့ဈေးပိတ်ချိန်ကနဲ့နှိုင်းယှဉ်ရင် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဝမ်တန်ဖိုးက ၇ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၉၂ ဒသမ ၇၀ ဝမ်နှုန်းရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

ဘန်ကောက်မြို့မှာဖြစ်ပွားခဲ့တဲ့ ဗုံးပေါက်ကွဲမှုက ထိုင်းနိုင်ငံအတွက် အရေးပါနေတဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကိုခြိမ်းခြောက်နေတဲ့အတွက် ထိုင်းဘတ်ငွေရဲ့ဖလှယ်နှုန်းက ယခင်နေ့က တစ်ဒေါ်လာကို ၃၅ ဒသမ ၅၄ ဘတ်နှုန်းရှိခဲ့ရာမှ ဩဂုတ် ၂၁ ရက်နေ့မှာ တစ်ဒေါ်လာကို ၃၅ ဒသမ ၇၀ ဘတ်နှုန်းထိရောက်ရှိပြီး ခြောက်နှစ်အတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဗီယက်နမ်ငွေကြေးဒေါင်ကို ယခုနှစ်အတွင်း တတိယ အကြိမ်မြောက်တန်ဖိုးချ

ဗီယက်နမ်ဗဟိုဘဏ်ရဲ့ ရည်ညွှန်းအတိုးနှုန်းကို ဩဂုတ်လ ၁၉ ရက်နေ့မှာ တစ်ရာခိုင်နှုန်းလျှော့ချခဲ့ရာ ယခုနှစ်အတွင်း တတိယအကြိမ်မြောက်လျှော့ချခဲ့ခြင်းဖြစ်ကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

ဗီယက်နမ်ငွေကြေးအာဏာပိုင်အဖွဲ့က ရည်ညွှန်းဖလှယ်နှုန်း သို့မဟုတ် ဘဏ်အချင်းချင်းဖလှယ်နှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ဗီယက်နမ်ဒေါင် ၂၁၆၇၃ မှ ဗီယက်နမ်ဒေါင် ၂၁၈၉၀ နှုန်းသို့ တန်ဖိုးချပေးခဲ့ပါတယ်။ ဒါပေမဲ့ ငွေကြေးဖလှယ်တဲ့အခါ ဗဟိုဘဏ်ရည်ညွှန်းနှုန်းကိုအခြေခံပြီး အတက်အကျ နှစ်ရာခိုင်နှုန်း သို့မဟုတ် သုံးရာခိုင်နှုန်းထားပြီး ဖလှယ်ခွင့်ပေးခဲ့ပါတယ်။ ယခုခွင့်ပြုထားတဲ့ အတက်အကျကွာဟချက်အရ တစ်ဒေါ်လာကို ဗီယက်နမ်ဒေါင် ၂၂၅၄၇ နဲ့ ၂၁၂၃၃ အကြား ဖလှယ်ခွင့်ပြုထားတာ ဖြစ်ပါတယ်။

မူဝါဒပြောင်းလဲမှုက ချက်ချင်းအကျိုးသက်ရောက်မှုရှိမှာဖြစ်ကြောင်း ဩဂုတ်လ ၁၉ ရက်နေ့မနက်က ထုတ်ပြန်တဲ့ ဗဟိုဘဏ်ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဒီလိုငွေတန်ဖိုးချတာက ယခုနှစ်အတွင်း တတိယအကြိမ်မြောက်ဖြစ်ပြီး စုစုပေါင်းလျှော့ချပေးခဲ့တဲ့ ပမာဏက သုံးရာခိုင်နှုန်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံက ယွမ်ငွေတန်ဖိုးရုတ်တရက်လျှော့ချခဲ့တာကို တန်ပြန်တဲ့အနေဖြင့် ဗီယက်နမ်ဗဟိုဘဏ်က ငွေကြေးဖလှယ်ရာမှာ ရည်ညွှန်းနှုန်းကိုမူတည်ပြီး တစ်ရာခိုင်နှုန်းအတက်အကျခွင့်ပြုခဲ့ရာမှ ဩဂုတ်လ ၂၀ ရက်နေ့မှာ ငွေကြေးတန်ဖိုး လျှော့ချခဲ့တာဖြစ်ပါတယ်။

ယွမ်ငွေတန်ဖိုးမှုနဲ့ အတူ အမေရိကန်ဗဟိုဘဏ်ကလည်း အတိုးနှုန်းမြှင့်တင်ပေးမယ်ဆိုရင် ဂယက်ရိုက်ခတ်မှုဖြစ်ပေါ်လာမှာကို ပြည်တွင်းဈေးကွက်တွေက စိုးရိမ်နေဆဲဖြစ်ကြောင်း ဗဟိုဘဏ်ကပြောပါတယ်။

## စင်ကာပူဘဏ်များအတွက် စိန်ခေါ်မှုအသစ်ရှိ

အခွန်အကောက်ဆိုင်ရာ သတင်းအချက်အလက်မျှဝေဖို့ ကမ္ဘာ့လှုပ်ရှားမှုရဲ့ ဖိအားပေးမှုကို စင်ကာပူအခြေစိုက် ဥစ္စာစနေမန်နေဂျာများ (Wealth Managers) ခံထားရပြီးဖြစ်ပါတယ်။ ယခုအခါမှာ အင်ဒိုနီးရှားနဲ့ အိန္ဒိယအပါအဝင် အာရှနိုင်ငံတွေက အခွန်အကောက်သက်သာတဲ့ စင်ကာပူနိုင်ငံအတွင်းမှာရှိတဲ့ ကြေညာခြင်းမရှိတဲ့ငွေကြေးတွေကို ခြေရာခံဖို့ကြိုးစားလျက်ရှိနေတဲ့အတွက် လတ်တလောခြိမ်းခြောက်မှုကို ရင်ဆိုင်တွေ့ကြုံနေရကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။



၂၀၀၈ ခုနှစ်ဘဏ္ဍာရေးအကျပ်အတည်းကာလအတွင်းကလည်း အခွန်တိမ်းရှောင်မှုကို ကမ္ဘာ့အတိုင်းအတာအရ ဖြိုခွင်းမှု ရှိခဲ့ပါတယ်။ ဒီလိုဖြိုခွင်းမှုကြောင့် ဆွစ်ဇာလန်နဲ့ ဥရောပဘဏ်တွေက သူတို့တန်ဖိုးထားလှတဲ့ ဘဏ်လျှို့ဝှက်လုံခြုံရေးကို စွန့်လွှတ်ခဲ့ရပါတယ်။

အခွန်တိမ်းရှောင်မှုကို တိုက်ဖျက်ဖို့အတွက် နိုင်ငံပေါင်း ၅၁ နိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူညီချက်အရ စင်ကာပူနိုင်ငံကလည်း ၂၀၁၈ ခုနှစ်ကစပြီး နိုင်ငံခြားအခွန်အကောက်အရာရှိတွေနဲ့အတူ ဘဏ်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်မျှဝေပေးဖို့ ကတိကဝတ်ပြုထားပါ တယ်။

ဒါပေမယ့် စင်ကာပူဘဏ်တွေက လတ်တလောစိန်ခေါ်မှုတွေကို ရင်ဆိုင်နေရပါတယ်။ စင်ကာပူမှာရှိတဲ့ အပ်နှံငွေရဲ့ အဓိကအရင်းအမြစ်က အင်ဒိုနီးရှားနိုင်ငံက ဖြစ်ပါတယ်။ယခုအခါ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ နိုင်ငံခြားမှာရှိတဲ့ငွေတွေကို အင်ဒိုနီးရှားနိုင်ငံသို့ ပြန်ပို့ပါက အခွန်လွတ်ငြိမ်းခွင့်ပေးဖို့ စဉ်းစားလျက်ရှိပါတယ်။ အင်ဒိုနီးရှား နိုင်ငံသားတွေ စင်ကာပူမှာ အပ်နှံထားတဲ့ငွေက အမေရိကန်ဒေါ်လာ ၂၂၅ ဘီလီယံရှိကြောင်း အင်ဒိုနီးရှားအစိုးရက ပြောပါတယ်။

# အိန္ဒိယပြည်သူသန်းပေါင်းများစွာရဲ့ ဖိတ်ခေါ်ခြင်းကို ခံရတဲ့ လီမင်ဟို



ကိုရီးယားရဲ့ စူပါမင်းသားတစ်လက်ဖြစ်တဲ့ လီမင်ဟိုကို အိန္ဒိယပြည်သူသန်းပေါင်းများစွာက အိန္ဒိယနိုင်ငံကို လာရောက်ဖို့ ဖိတ်ခေါ်ခဲ့တယ်လို့ ဆိုပါတယ်။

"အိန္ဒိယပြည်သူသန်းပေါင်းများစွာရဲ့ မင်းသားချောလေး လီမင်ဟိုကို ဖိတ်ကြားပါသည်။ အိန္ဒိယကိုလာခဲ့ပါ။ သာယာလှတဲ့အိန္ဒိယပြည်ကြီးက ကြိုနေပါသည်။ သင့်ရဲ့ ဆွဲဆောင်မှုကောင်းတဲ့ သရုပ်ဆောင်ချက်တွေကြောင့် သင့်ကို အိန္ဒိယနိုင်ငံမှ ရုပ်ရှင်ချစ်ပရိသတ်တွေက စောင့်မျှော်နေပါတယ်"ဆိုတဲ့ ပြည်သူ သန်းပေါင်းများစွာရဲ့ စကားသံနဲ့ ရုပ်ပုံပေါင်းများစွာ ပါဝင်တဲ့ဗီဒီယိုကို လီမင်ဟိုထံကို ပေးပို့ခဲ့တာ ဖြစ်ပါတယ်။

အဲဒီဗီဒီယိုခွေကိုလည်း Lee Min Ho: Mission India လို့ အမည်ပေးထားပြီး ဩဂုတ်လ ၈ရက်နေ့ ရက်စွဲနဲ့ လီမင်ဟိုထံကို တရားဝင်ပေးပို့ခဲ့တာ ဖြစ်ပါတယ်။ အဲဒီရုပ်သံဟာ ငါးမိနစ်နဲ့ ၁၄ စက္ကန့်သာ ကြာမြင့်ပေမယ့်နောက်ဆုံး ပြကွက်မှာ မင်းကို ငါတို့ ပြည်သူ သန်းပေါင်းများစွာ စောင့်မျှော်နေတာ ငါးနှစ်၊ ခြောက်နှစ်လောက်တောင် ရှိနေပြီ။ အဲဒါကို မင်းမသိလေရော့သလား"လို့ ရေးသားထားတယ်လို့ ဆိုပါတယ်။ ဒါ့ပြင် လီမင်ဟိုရဲ့ ဖေ့စ်ဘုတ်အကောင့်မှာလည်း ငါတို့မင်းကိုချစ်တယ် လီမင်ဟို၊ မင်းငါတို့ အိန္ဒိယပြည်ကြီးကိုလာခဲ့ပါဆိုတဲ့ စာသားတွေကို လီမင်ဟိုရဲ့ပုံနဲ့ တွဲပြီးတင်ထားတာတွေကိုလည်း တွေ့မြင်ရတယ်လို့ဆိုပါတယ်။ အဲဒီလိုစာသားမျိုးနဲ့ လီမင်ဟိုရဲ့ပုံကိုတွဲပြီး တင်လိုက်တာနဲ့ တစ်ခဏအတွင်းမှာပဲ Like လုပ်သူပေါင်း တစ်သောင်းကျော်အထိ ရောက်ရှိခဲ့တယ်လို့ဆိုပါတယ်။ လီမင်ဟိုဟာ City Hunter, Heirs, Gangnam Blues စတဲ့ဇာတ်ကားတွေနဲ့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ပျိုပျိုအိုအိုတွေကို ဆွဲဆောင်ထားနိုင်တဲ့သူတစ်ဦး ဖြစ်ပါတယ်။ သူဟာ My Everything, Song for You သီချင်းတွေနဲ့လည်း ပရိသတ်ကိုဖမ်းစားထားနိုင်တဲ့သူတစ်ဦးဖြစ်ပါတယ်။ သူဟာ Bounty Hunter ဇာတ်ကားရိုက်ကူးဖို့ လေကျင့်ပြင်ဆင်နေတယ်လို့ဆိုပါတယ်။



## နာကျင်အောင်ပြုမူမိခဲ့တဲ့အတွက် ပြန်လည်တောင်းပန်လိုက်တဲ့ ရက်ပ်ပါအဆိုတော် ဒေါက်တာဒဲလ်

အမေရိကန်ရက်ပ်ပါအဆိုတော် ဒေါက်တာဒဲလ်ဟာ နာကျင်အောင်ပြုမူမိခဲ့တဲ့ သူ့ရဲ့ချစ်သူဟောင်းကို တောင်းပန်စကားဆိုလိုက်ပါတယ်။

ဒေါက်တာဒဲလ်ဟာ အဲဒီလို ကြမ်းတမ်းတဲ့ အပြုအမူမျိုးကို ငယ်စဉ်ကပြုလုပ်ခဲ့တာဖြစ်ပြီး အခု သူ့ရဲ့ အသက် ၅၀ ရောက်မှသာ ပြန်လည်တောင်းပန်ခဲ့တာ ဖြစ်ပါတယ်။

ဒေါက်တာဒဲလ် ရက်ပ်ပါအဆိုတော် ဖြစ်ကာစ ဆယ်ကျော်သက်အရွယ်မှာ ဖြစ်ခဲ့တာပါ။ သူဟာ အဲဒီအချိန်က သူနဲ့ချစ်ကြိုက်ခဲ့တဲ့ သူ့ရဲ့ရည်းစားဟောင်းတွေကို ထိုးကြိတ်ခဲ့တဲ့အထိ မိုက်မဲခဲ့တဲ့အတွက် ပြန်လည်တောင်းပန်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဒေါက်တာဒဲလ်ဟာ ရည်းစား သုံးယောက်ထားခဲ့သလို အဲဒီရည်းစားသုံးယောက်စလုံးကို အနာတရဖြစ်အောင် ထိုးကြိတ်ခဲ့ပါတယ်။ အဲဒီလိုဖြစ်ခဲ့တာဟာ ၁၉၈၀ နဲ့၁၉၉၀ ကြားမှာဖြစ်ခဲ့တာပါလို့ သူက ထုတ်ဖော်ပြောကြားပါတယ်။

"လွန်ခဲ့တဲ့ ၂၅နှစ်လောက်က ကျွန်တော် အရက်မူးတဲ့အခါတိုင်း သူတို့ဆီကို အရောက်သွားတယ်။ သူတို့ဆီရောက်တိုင်း ထိုးကြိတ်ခဲ့တာပဲ။ အဲဒီလို နာကျင်အောင်လုပ်ခဲ့ပေမယ့် သူတို့ကကျွန်တော့်ကို ဘာမှပြန်မလုပ်ခဲ့ဘူး။ အဲဒီဖြစ်ရပ်တွေအတွက် ကျွန်တော်တကယ်ကို တောင်းပန်ပါတယ်။ နှစ်ပေါင်းများစွာကြာမှတောင်းပန်ရတဲ့အတွက်လည်း ကျွန်တော် စိတ်မကောင်း ဖြစ်မိပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ဒေါက်တာဒဲလ်ဟာ သူငယ်စဉ်ကရိုက်နှက်ထိုးကြိတ်ခဲ့တဲ့ အမျိုးသမီးတွေထဲက မစ္စဘရိုင်နီလို့ခေါ်တဲ့အမျိုးသမီးနဲ့ လူမှုကွန်ရက်မှာ ပြန်လည်တွေ့ဆုံခဲ့ရာမှတစ်ဆင့် အခုလိုတောင်းပန်စကား ဆိုလိုက်တာ ဖြစ်ပါတယ်။



## သရုပ်ဆောင်ကြေးအများဆုံးရရှိနေတဲ့ ဂျနီဖာလောရင့်စ်နဲ့ စကားလက်ယိုဟန်ဆန်

ဟောလိဝုဒ်ရဲ့ စူပါတန်းဝင်မင်းသမီးတွေဖြစ်တဲ့ ဂျနီဖာလောရင့်စ်နဲ့ စကားလက်ယိုဟန်ဆန်တို့ဟာ ဟောလိဝုဒ်ရုပ်ရှင်လောကမှာ သရုပ်ဆောင်ကြေးအများဆုံးရရှိနေတဲ့သူတွေဖြစ်ကြတယ်လို့ စီးပွားရေးမဂ္ဂဇင်းတစ်စောင်ဖြစ်တဲ့ Forbes မဂ္ဂဇင်းက ထုတ်ဖော်ရေးသားခဲ့ပါတယ်။

The Hunger Games ရဲ့စူပါစတား သရုပ်ဆောင် ဂျနီဖာလောရင့်စ်ဟာ သရုပ်ဆောင်ကြေး အမေရိကန်ဒေါ်လာ ၅၂ သန်း ရရှိနေပြီး သရုပ်ဆောင်ကြေးအများဆုံးရရှိတဲ့စာရင်းရဲ့ ထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။

စကားလက်ယိုဟန်ဆန်ကတော့ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၅သန်းနဲ့ ဒုတိယနေရာမှာရှိနေပြီး မယ်လစ်ဆာမက်ကာသီကတော့ အမေရိကန်ဒေါ်လာ ၂၃သန်းနဲ့ တတိယနေရာမှာရှိနေတယ်လို့ အဲဒီမဂ္ဂဇင်းက ထုတ်ဖော်ရေး သားခဲ့ပါတယ်။

အသက် ၂၅ နှစ်အရွယ်သာရှိသေးတဲ့ ဂျနီဖာလောရင့်စ်ဟာ ၂၀၀၈ ခုနှစ်ကတည်းက ဟောလိဝုဒ်ရဲ့ရုပ်ရှင်လောကကို စတင်ဝင်ရောက်ခဲ့ပေမယ့် ၂၀၁၄ ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ The Hunger Games:Catching Fire ဇာတ်ကားနဲ့ အော်စကာဆုကိုရရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒီဇာတ်ကားမှာ အော်စကာဆုရရှိခဲ့ပြီး သူ့ရဲ့သရုပ်ဆောင်ကြေးဟာ အံ့ဩစရာကောင်းလောက်အောင် မြင့်တက်ခဲ့ပါတယ်။ တရုတ်မင်းသမီး ဖန်ပင်းပင်းကတော့ အမေရိကန်ဒေါ်လာ ၂၁ သန်းနဲ့ စတုတ္ထနေရာမှာ ရှိနေပါတယ်။ ဟောလိဝုဒ်ရဲ့ ဆွဲဆောင်မှုအရှိဆုံး မင်းသမီးတစ်လက်ဖြစ်တဲ့အိန်ဂျလီနာဂျိုလီကတော့ သရုပ်ဆောင်ကြေး အမေရိကန်ဒေါ်လာ ၁၅ သန်းသာရရှိပြီး အဆင့်ခုနစ်နေရာမှာ ရပ်တည်နေပါတယ်။



## ဟောလိဝုဒ်မင်းသမီးလို့အခေါ်မခံချင်တဲ့ ကိတ်ဘလန်ချက်

ဩစတြေးလျလူမျိုးရုပ်ရှင်မင်းသမီး ကိတ်ဘလန်ချက်က သူ့ကို ဟောလိဝုဒ်ရဲ့မင်းသမီးလို့ ခေါ်ဝေါ်နေတာကိုမနှစ်သက်ဘူးလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ကိတ်ဘလန်ချက်က သူဟာ ဟောလိဝုဒ်ရုပ်ရှင်လောကမှာ ဝင်ဆံ့နေပေမယ့် ဟောလိဝုဒ်ရဲ့ရုပ်ရှင်မင်းသမီးအစစ် မဖြစ်သေးတဲ့အတွက် ခုလိုခေါ်နေတာကို မကြားချင်ခဲ့ဘူးလို့ ဆိုပါတယ်။ အဲဒီလိုပြောကြားနေပေမယ့်လည်း အသက် ၄၈ နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ ကိတ်ဘလန်ချက်ဟာ ဟောလိဝုဒ်ရဲ့ အကျော်ကြားဆုံးစာရင်းမှာရှိနေတဲ့ မင်းသမီးတစ်ဦးပဲဖြစ်ပါတယ်။ ကိတ်ဟာ အော်စကာလုံးဆုသုံးဆုကို ရရှိထားပြီးဖြစ်သလို နိုင်ငံတကာနယ်ပယ်က ပေးအပ်တဲ့ဆုတွေကိုလည်း သိမ်းပိုက်ရယူထားသူဖြစ်ပါတယ်။

"ကျွန်မကို ပရိသတ်တွေက လူမှုကွန်ရက်မှာ ဟောလိဝုဒ်ရဲ့မင်းသမီးလို့ ခေါ်နေကြတာကို ကျွန်မ ခံစားလို့မရပါဘူး။ အဲဒီလိုခေါ်နေတာဟာ ကျွန်မကိုအပြစ်တင်နေတယ်လို့ကျွန်မစိတ်က ခံစားရတယ်။ ဒါကြောင့် ကျွန်မကိုဟောလိဝုဒ်ရဲ့မင်းသမီးလို့ မခေါ်ပါနဲ့လို့ပြောတာပါ"လို့ ကိတ်က ပြောကြားခဲ့ပါတယ်။

ကိတ်ဟာ ၂၀၁၃ ခုနှစ်က ရုံတင်ပြသခဲ့တဲ့ Blue Jasmine ဇာတ်ကားမှာ အကောင်းဆုံးဇာတ်ဆောင်ဆုနဲ့ ရွှေကမ္ဘာလုံးဆုကိုရရှိခဲ့သူတစ်ဦးဖြစ်ပါတယ်။

SUZUKI

Authorized Dealer

# MYO MOTOR

## Car Sale Center





New Suzuki Carry Truck

New Suzuki Carry Truck







ဂျပန်နိုင်ငံမှ MODEL မြင့်မြင့်ကားသန့်သန့်များကို ကြိုတင်၍ အမည်ပေါက်ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးနေပါသည်။
Brand new များကိုလည်းဝယ်ယူရရှိနိုင်ပါသည်။

**Showroom**တွင်လည်း ဂျပန်ကားမျိုးစုံကို မျက်မြင်ဝယ်ယူရရှိနိုင်ပါသည်

**Suzuki Swift** သော့အပိုများနှင့် အပိုပစ္စည်းများ အလွယ်တကူဈေးနှုန်းချိုသာစွာဖြင့်ရရှိနိုင်ပါသည်

ဆက်သွယ်ရန်- ၀၁-၄၀၀၁၂၃၊၀၁-၄၀၀၃၉၉၊၀၁-၅၅၆၆၈၅

Email:myomotor@gmail.com



# COMMERCE INTERNATIONAL



# ယွမ်တန်ဖိုး ကျဆင်းမှုက အရှေ့တောင်အာရှကိုဂယက်ရိုက်ခတ်

အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ရက်အတွင်း ယွမ်ငွေကြေးတန်ဖိုး တစ်ဟုန်ထိုးကျဆင်းမှုကြောင့် တရုတ်နိုင်ငံရဲ့ စီးပွားရေးကို ဆိုးရွားစွာ ထိခိုက်စေရုံသာမက အာရှပစိဖိတ်ဒေသတစ်လွှားရှိ နိုင်ငံများရဲ့ စီးပွားရေးကိုလည်း ထိခိုက်စေခဲ့ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။ ယွမ်တန်ဖိုးကျဆင်းမှုကြောင့် တရုတ်နိုင်ငံ ပို့ကုန်တွေရဲ့ တန်ဖိုးကို သက်သာစေတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှေးကွေးနေတဲ့ တရုတ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေနိုင်မှာဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ ပို့ကုန်က နှစ်အလိုက် နှိုင်းယှဉ်ရင် ဇူလိုင်လမှာ ၈ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ရာ စီးပွားရေးပညာရှင်တွေ ခန့်မှန်းခဲ့တဲ့ ၂ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင် အများကြီး ကျော်လွန်နေတာကို တွေ့ရပါတယ်။ ယခုလို ပို့ကုန်များကျဆင်းတဲ့ အချိန်က တရုတ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း ၇ ရာခိုင်နှုန်းထိ ကျဆင်းနေတဲ့အချိန် ဖြစ်နေတာကို တွေ့ရပါတယ်။

တရုတ်ယွမ်ငွေတန်ဖိုး တစ်ဟုန်ထိုး ကျဆင်းမှုကြောင့်လည်း ဒေသတွင်းရှိ စီးပွားရေးတွေကို ထင်သာမြင်သာရှိအောင် ဂယက်ရိုက်ခတ်ခဲ့တာကို တွေ့မြင်နေရပါတယ်။ တရုတ်နိုင်ငံ ငွေကြေးတန်ဖိုးကျဆင်းမှုကြောင့် သိသိသာသာဂယက် ရိုက်ခတ်မှုကိုခံခဲ့ရတဲ့ နိုင်ငံတွေထဲမှာ စင်ကာပူ၊ မလေးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ ပါဝင်ပါတယ်။ တရုတ်ဗဟိုဘဏ်က ရည်ညွှန်းအတိုးနှုန်းကိုသတ်မှတ်ရာမှာ ယခင်က ၁၀ ရက်အတွင်းဖြစ်ပေါ်ခဲ့တဲ့ တန်ဖိုးကို အခြေခံပြီးသတ်မှတ်ခဲ့ရာမှ ရုတ်တရက် ပြောင်းပြီး ယမန်နေ့ဈေးပိတ်ချိန်က ရှိခဲ့တဲ့ဈေးကို အခြေခံပြီး သတ်မှတ်ခဲ့ပါတယ်။ ဒီလိုသတ်မှတ်ခဲ့တဲ့အတွက် ရရှိတဲ့ရလဒ်က တစ်ရက်အတွင်း ယွမ်တန်ဖိုး ကျဆင်းမှုက ၁၉၉၃ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးနှုန်းအထိကျဆင်းခဲ့တာ ဖြစ်ပါတယ်။

ယွမ်တန်ဖိုးက ပထမနေ့မှာ ၁ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး နောက်တစ်နေ့မှာ ၁ ဒသမ ၁ ရာခိုင်နှုန်း ထိဆက်လက်ကျဆင်းခဲ့ပါတယ်။ ဩဂုတ်လ ၁၄ ရက်နေ့ ရောက်မှသာ ငွေကြေးတန်ဖိုးက တစ်ဒေါ်လာကို ၆ ဒသမ ၃၉ ယွမ်နှုန်းနဲ့ ပြန်ခိုင်မာလာတာကို တွေ့ရပါတယ်။ ဒေသတွင်း ငွေကြေးတွေကလည်း ယွမ်ငွေကြေး နောက်ကနေ လိုက်ပါလာတာကို တွေ့ရပါတယ်။

အမေရိကန်ဒေါ်လာ ခိုင်မာလာမှုနဲ့ စီးပွားရေးဖွံ့ဖြိုးနှုန်း နှေးကွေးမှုတို့ကြောင့် ဒေါ်လာနဲ့ဖလှယ်ရာမှာ အာရှဒေသရှိ ငွေကြေးတွေ အထိနာထားခဲ့ပြီး သွင်းကုန်တွေ ကျဆင်းခဲ့ပါတယ်။ အမေရိကန်နိုင်ငံက အတိုးနှုန်းမြှင့်တင်ပေးမယ့် မျှော်လင့်ချက်ကြောင့် အာရှဒေသမှ ငွေအရင်းအနှီးတွေ အပြင်ကို စီးထွက်လာခဲ့ပါတယ်။

ယွမ်တန်ဖိုး ကျဆင်းမှုကြောင့် တရုတ်ပို့ကုန်တွေရဲ့ ယှဉ်ပြိုင်မှုစွမ်းရည် မြင့်တက်လာတဲ့နည်းတူ ပို့ကုန်တွေရဲ့ယှဉ်ပြိုင်မှုစွမ်းရည်ကိုထိန်းထားနိုင်ဖို့အတွက် တခြားနိုင်ငံတွေကလည်း အလားတူငွေကြေးတန်ဖိုးတွေချလာတာကို တွေ့ရပါတယ်။

ဥပမာအနေနဲ့ ဘတ်ငွေတန်ဖိုးက အလားတူကာလအတွင်း သုည ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၃၆ ဘတ် နှုန်းရှိခဲ့ပါတယ်။ စင်ကာပူဒေါ်လာက ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး ငါးနှစ်အတွင်းအနိမ့်ဆုံးနှုန်းကိုရောက်ခဲ့ပါ တယ်။

ဖိလစ်ပိုင် ပီဆိုက ၄၅ ဒသမ ၈၆ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပါတယ်။ ယွမ်တန်ဖိုး ကျဆင်းမှုကြောင့် မူလကကျဆင်းနေတဲ့ အင်ဒိုနီးရှားရူပြား၊ မလေးရှား ရင်းဂစ်တို့လည်း ထပ်မံကျဆင်းခဲ့ပါတယ်။ **UNT**

## စင်ကာပူနိုင်ငံ စီးပွားရေးအတွက် အရေးကြီးတဲ့အဆင့်ကို ရောက်နေ

နိုင်ငံခြားလုပ်သားများနဲ့ ကုန်ထုတ်လုပ်မှုနဲ့ ပတ်သက်တဲ့ပြဿနာတွေက စင်ကာပူနိုင်ငံအတွက် အရေးကြီးတဲ့ခေါင်းကြီးသတင်းတွေဖြစ်နိုင်ပါတယ်။ ဒါပေမယ့် စင်ကာပူရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှေးကွေးနေတာက အရေးပါတဲ့ စိန်ခေါ်မှုတစ်ရပ်နဲ့ ရင်ဆိုင်ကြုံတွေ့နေရပြီး ယခုအခါမှာ အရေးကြီးတဲ့အဆင့်ကို ရောက်ရှိနေပါတယ်။

လူအင်အားကို မှီခိုမှုနည်းတဲ့ စီးပွားရေးဖြစ်ဖို့ ပိုမိုကောင်းမွန်တဲ့ အလုပ်အကိုင်ဖန်တီးဖို့နဲ့ အရေးပါတဲ့ လုပ်ငန်းကဏ္ဍအားလုံးမှာ အဓိကနေရာက ပါဝင်နိုင်တဲ့ စင်ကာပူနိုင်ငံသားတွေ ပေါ်ထွန်းဖို့အတွက် အလှည့်အပြောင်းကို ဖော်ဆောင်ရတော့မှာဖြစ်ပါတယ်။

တခြားလမ်းကြောင်းတစ်ခုက တခြားဖွံ့ဖြိုးပြီးနိုင်ငံတွေ လိုက်ပါနေတဲ့ လမ်းကြောင်းဖြစ်ပြီး ဒီလမ်းကြောင်းမှာ အလုပ်အကိုင်ရှားပါးမှု၊ လုပ်ခလစာ နည်းပါးမှုနဲ့ အလုပ်လက်မဲ့လူငယ်များ ပြားလာမှုစတာတွေဖြစ်ပေါ်နေတဲ့လမ်း ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံက ပထမပြောကြားခဲ့တဲ့ လမ်းကြောင်းကိုလိုက်မှာဖြစ် ပြီးအစိုးရ၊ သမဂ္ဂများနဲ့ အလုပ်ရှင်များကလည်း ဒီရည်မှန်းချက်ကိုရရှိဖို့အတွက် ကျားကုပ်ကျားခဲကြိုးပမ်းမှာဖြစ်ကြောင်း ယခုရက်သတ္တပတ် စောစောပိုင်းက TODAY သတင်းနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ လူအင်အားဝန်ကြီး လင်ဆွီးဆေးက ပြောပါတယ်။

ဒါပေမယ့် စိန်ခေါ်မှုတွေက မြင့်မားတဲ့အတွက် ဘယ်အရာကိုမှကြိုတင်ပဟော ကိန်းထုတ်ထားလို့မရနိုင်ကြောင်းလည်း သူကပြောပါတယ်။ တကယ်လို့ ခြေလှမ်းတစ်ချက်မှားတာနဲ့ ယနေ့ဖွံ့ဖြိုး ပြီးနိုင်ငံတွေရင်ဆိုင်နေရတဲ့ ပြဿနာမျိုးတွေကိုလည်း စင်ကာပူနိုင်ငံအနေနဲ့ ရင်ဆိုင်တွေ့ကြုံရတော့မှာဖြစ်ကြောင်း သူက ပြောပါတယ်။

စင်ကာပူနိုင်ငံက ယခင်ကလည်း ဒီလိုလမ်းဆုံလမ်းခွမျိုးရောက်ခဲ့ဖူးပြီး နိုင်ငံခြားလုပ်သားများအပေါ် များစွာမှီခိုခဲ့ရတဲ့ ဖွံ့ဖြိုးမှုပုံစံနဲ့ မှန်ကန်စွာ ရွေးချယ်ကျော်လွှားခဲ့ရဖူးကြောင်း သူက ပြောပါတယ်။ ဒါပေမယ့် ဒီပုံစံဟောင်းက ရေရှည်သုံးလို့ မရနိုင်တော့ကြောင်း လည်း သူကပြောပါတယ်။

**UNT**


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

<< August And September Sailing Schedule >>

DATE : 24th August 2015

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | INCHEON | ULSAN | SINGAPORE | MYANMAR YANGON | THAILAND LAEM CHABANG |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.7.2015 | 27.7.2015 | 25.7.2015 | | 22.7.2015 | | 4.8.2015 | 8.8.2015 | |
| | S/O CUT | | | | | | | | 22.7.2015 | 23.7.2015 | 21.7.2015 | | | | | | |
| MV.CITY OF MUMBAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.8.2015 | 9.8.2015 | 10.8.2015 | | | | | 18.8.2015 | 22.8.2015 | 30.8.2015 |
| | S/O CUT | | | | | | | 4.8.2015 | 5.8.2015 | 6.8.2015 | | | | | | | |
| MV.HOEGH CHENNAI V.16 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.8.2015 | 27.8.2015 | 25.8.2015 | | 22.8.2015 | | | 8.9.2015 | |
| | S/O CUT | | | | | | | | 22.8.2015 | 23.8.2015 | 21.8.2015 | | | | | | |
| MV.CITY OF MUMBAI V.23 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.9.2015 | 9.9.2015 | 10.9.2015 | | | | | | 21.9.2015 | 29.9.2015 |
| | S/O CUT | | | | | | | 4.9.2015 | 5.9.2015 | 6.9.2015 | | | | | | | |
| MV.HOEGH CHENNAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.9.2015 | 26.9.2015 | 24.9.2015 | | 21.9.2015 | | 5.10.2015 | 9.10.2015 | |
| | S/O CUT | | | | | | | | 21.9.2015 | 22.9.2015 | 20.9.2015 | | | | | | |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.10.2015 | 9.10.2015 | 10.10.2015 | | | | | 18.10.2015 | 22.10.2015 | 30.10.2015 |
| | S/O CUT | | | | | | | 4.10.2015 | 5.10.2015 | 6.10.2015 | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway El Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။